
www.burmeseclassic.com

# လမင်းမိုမို

## မြင်းမိုရ်တို့၏အတ္တ



www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

မြင့်မိုရ်ကို့၏အတွက်

စာမူခွင့်ပြုချက်အမှတ် - ၄၄၃/၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၂၄/၂၀၀၃ (၄)

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်

တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၁၉)၊ (၁၉)လမ်း၊ ရန်ကုန်။



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# လမင်းမိုမို

## မြင်းမိုရ်
## ထိုဝေါ်
## အတ္တ

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

မျက်နှာသုတ်ပဝါ အား ရေချိုးဝတ်ရုံရှည် ကတ္တီပါ ပြာရောင်နှင့် ရေချိုးခန်းထဲက ထွက်လာသော မိုးမမသည် သူ့အခန်းထဲ လှုစုံတက်စုံ ရောက်နေတာ မြင်လျှင် ခပ်ပြုံးပြုံးနှင့် ...

"ဟဲ့ ... ငါ့အခန်းထဲ လှုစုံလှုချည်လား ..."

ပြောရင်းက မှန်တင်ခုံရှေ့ ဝင်ထိုင်လိုက်ပါသည်။ မိုးမမရဲ့ လက်စွဲတော် အတင့်သည် မိုးမမက ကြိုပြောမထားသော်လည်း ဒီကနေ့ ခေါင်းလျှော်မည့်ရက် ဆိုတာ သူ့ဟာသူ ကြိုသိပြီးဖြစ်၍ ရေချိုးခန်းထဲက ထွက်မလာခင်ကတည်းကပင် ... ဟဲဒရိုင်ယာကို ထုတ်ကာ ပလတ်ပေါက် တပ်ထားပြီးနှင့်ပြီ။

မျက်နှာသုတ်ပဝါတစ်ထည်ကို လက်ထဲ ကိုင်ထားနှင့်ကာ မှန်တင်ခုံရှေ့ ဝင်ထိုင်လိုက်သော မိုးမမနောက်၌ ဝင်ရပ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သုတ်မယ်နော် ... မမ၊ ကန်တော့"

ဆံပင်တို့ကို မျက်နှာသုတ်ပဝါငယ်နှင့် ခပ်ထိုင်းထိုင်းရတဲ့ထိ ပွတ်သုတ်နေရင်း ...

"ဟဲ့ ... အဝါ ...၊ အဲကွန်း ခဏထ,ပိတ်လိုက်စမ်း"

အဝါက မိုးမမရဲ့ လုံချည်ကို မီးပူထိုင်တိုက်နေရာမှ ရီမုတ်ကွန်ထရိုး ထ,ယူကာ အဲကွန်းကို လှမ်း၍ရပ်လိုက်ပါသည်။ ပြီးမှ တိုက်လက်စမီးပူကို ဆက်တိုက်သည်။

အနီကတော့ အခန်းထောင့် မှန်ဗီရိုပုပုထဲက ဒေါက်ဖိနပ်တွေကို တစ်ခုချင်းထုတ်ကာ အဝတ်နှင့် ပွတ်သုတ်နေလေသည်။

"ဟဲ့ ... အနီ ...၊ နင့်အန့်တီ ဒီညနေဝတ်မဲ့ လုံချည်ကို ဟိုမှာ နင့်အစ်မ မီးပူတိုက်နေတာ မတွေ့ဘူးလား"

"တွေ့တယ် ... အန့်တီတင့်"

"ဘာရောင်လဲ"

"အဖြူရင့်"

"အမယ်လေးတော် ... တွင်ပါ၊ အဖြူရင့်လို့ နင့်လက်ထက်မှပဲ၊ ကဲပါ ... အဖြူဆိုရင် အဲဒီဖိနပ် အနီတွေ အညိုတွေ စီးပါ့မလားဟဲ့ ...၊ ဖိနပ်တွေထဲက အဖြူတွေရယ် အနက်တွေရယ်ပဲ ရွေးထုတ်သုတ်။ ရှိသလောက် ဖိနပ်အရန်ခြောက်ဆယ် ခုနစ်ဆယ်ကို နင် အားလုံးသုတ်နေတော့





ဘယ်တော့ ပြီးမလဲ၊ ဘာဏ်လေးထုတ်ပြီး စီးမယ်ထင်တဲ့ ဟာပဲ သုတ်ပေါ့"

မိုးမမက အတင့် စကားဆုံးအောင် ပြုံး၍ နားထောင်နေပြီးမှ အနီ့ဘက် လှည့်ကာ ...

"အနီ ... အနီ ...၊ ဟောဟိုမှာ ...၊ အဖြူလေး၊ ဪ ... ငါ့လက်ညှိုးကို ကြည့်ဟဲ့ ...၊ ဟိုဘက်က အဖြူကိုပြောတာ၊ ခြေခုံပေါ်မှာ အဖြူနဲ့အနက်ကြိုး ပြန်လိမ်ယှက်ထားတာ ..."

"အောက်က အဖြူခံလေးလေ ... နင့်ဒူးခေါင်းနားမှာ"

အတင့် ဝင်အော်လိုက်မှ အနီက ရွေးချယ်လို့ မှန်သွားပါသည်။

"အေး ... အေး၊ အဲဒါ စီးမယ်"

"ကျန်တာတွေ ဗီရိုထဲ စီစီရီရီပြန်ထည့်၊ ခုစီးမဲ့ ဖိနပ်ပဲ သုတ်တော့၊ ခြေခုံပေါ်က ကြိုးပေါ်မှာ ဆီးကွင့်စ်အနက်လေးတွေ အဖြူလေးတွေ ကပ်ထားတယ်နော် ...၊ ဖြည်းဖြည်းသုတ်ဦး ..."

အတင့် တစ်ယောက် ရှိနေတာ မိုးမမ စိတ်ချမ်းသာလှသည်။ အတင့်ဟာ အသက်သုံးဆယ့်ခုနစ်နှစ်၊ ဒီအိမ်မှာ လုပ်သက် ဆယ့်ခုနစ်နှစ် ရှိပေပြီ။ ဆွေမျိုးလို ဖြစ်နေပြီဖြစ်ကာ မိုးမမ ဘာကြိုက်သလဲ ... ဘယ်လိုကျေနပ်သလဲကို မိုးမမနှင့် ထပ်တူနီးပါး လိုက်သိနေလှသူ။

www.burmeseclassic.com



ရှစ်တန်းထိ ပညာတတ်ခဲ့လို့လည်း ချက်ချက်ချာချာ ရှိသည်။ ပညာဆက်မသင်ရပေမဲ့ ထိုးထွင်း သိမြင်ဉာဏ်ရှိကာ ဝေဖန်ပိုင်းခြားတတ်တဲ့ အသိဉာဏ်လည်းရှိ၍ အားကိုးရပါသည်။

အိမ်ကိုရောက်စကတော့ ရိုးရိုးအိမ်ဖော်သဘောပဲဖြစ်ပေမဲ့ တဖြည်းဖြည်း လူရင်းဖြစ်လာတာရော … စီမံခန့်ခွဲဖို့ အားကိုးရတာကြောင့်ရော … အိမ်အလုပ်တွေ မခိုင်းလှတော့ဘဲ သူကတစ်ဆင့် ပြန်ခိုင်းဖို့ အလုပ်သမားတွေ ဝေဝေဆာဆာထားပေးကာ သူ့ကိုတော့ စီမံခန့်ခွဲဖို့နှင့် မိုးမမကိုသာ ပြုစုဂရုစိုက်ဖို့ သီးသန့်ထားပါတော့သည်။

ယုံကြည်စိတ်ချ အားကိုးရသလောက် လခကိုလည်း စပါယ်ရှယ်ပေးထား၍ အတင့်ဟာ သူ့အစ်မရင်းတွေက သူတို့ ဉယျာဉ်ခြံမြေတွေ ပြန်ဝိုင်းကူလုပ်ဖို့ အကြိမ်ကြိမ် လာခေါ်လည်း မပြန်။ ကျောက်စိမ်းနားကပ် ကျောက်စိမ်းဆွဲသီးနှင့် ရွှေလက်ကောက်ပါးပါးတွေ တစ်ဖက်လေးငါးကွင်းဝတ်ကာ ဒီမှာပဲ ဆောတစ်ပန်သက်တစ်ဆုံး နေမည့်သဘော ရှိပါသည်။

ဆယ့်ခုနစ်နှစ် ဆိုတဲ့ အချိန်က မနည်း။ မိုးမမရဲ့ ဘဝဇာတ်လမ်း ပျော်စရာ စိတ်ညစ်စရာ အားလုံးကို သူပါ တောက်လျှောက် ဆောက ဖေးကူခံစားခဲ့ရ၍ မိုးမမကိုလည်း ချစ်ခင်စားနာရှာသည်။ မိုးမမကလည်း အတင့်ကို ညီမလိုပဲ ချစ်ပါသည်။





အတင့်ကိုတင် မဟုတ်။ ထမင်းဟင်းချက်တဲ့ ကုလားမဂျန်နကီး၊ လျှော်ဖွပ်လှည်းကျင်း သန့်ရှင်းရေး ဝိုင်းလုပ်ရသည့် ခင်နီ,ခင်ဝါတို့ ညီအစ်မတို့အပေါ်ဆိုလည်း မိုးမမက ချစ်ခင်တာပင်။ အလုပ်သမားတို့အပေါ် ကိုယ်တိုင်က ကိုယ်ချင်းစာတရားနှင့် မေတ္တာနှင့် ဆက်ဆံတော့ မိုးမမ အိမ်မှာ အလုပ်သမားတို့ မြဲပါသည်။

ဝင်ချည်ထွက်ချည် မစိပ်ပါ။ သူတို့ရွာ သူတို့မိသားစုတွေက အကြောင်းရှိလို့ ခွတ်ပြန်ခေါ်မှပဲ မျက်ရည်စက်လက် ပြန်ပါသွားတတ်ကြကာ လူသစ်ရှာရတတ်ပါသည်။ တစ်ယောက်တစ်ယောက်ကို သုံးလေးနှစ်လောက်တော့ နေသွားကြသူချည်းပင်။

“မမ ရေချိုးတုန်း အန်တီစိန် ဆက်သေးတယ်”

“ဘာတဲ့လဲ အတင့်”

“စိန်ထုပ်ပြဖို့တဲ့ …၊ ဆယ်လုံးစီး ဆယ့်ငါးလုံးစီး နှစ်ဆယ်စီး … လေးဆယ်စီးတဲ့ …၊ အဲဒါ လာပြချင်လို့တဲ့ …”

“အတင့် ဘာပြောလိုက်လဲ”

“ဒီနေ့တော့ လာမပြနဲ့လို့ …၊ ‘ကောင်း’ ရဲ့ မွေးနေ့လို့၊ မမလည်း စိတ်ဝင်စားမှာ မဟုတ်ဘူးလို့၊ နက်ဖြန်မှ လာပြပါလို့၊ ပြီးတော့ … လေးဆယ်စီးတွေ မမ မကြိုက်ဘူး ပြမနေနဲ့လို့”

“အေး … ကောင်းတယ်”

www.burmeseclassic.com



"သြော် ... ဦးနေရောင်လည်း ဆက်သေးတယ် မမ"

"ဘာတဲ့လဲ"

"မမဆီ ဆက်နေတာ၊ ဖုန်းပိတ်ထားလို့တဲ့၊ ညနေ နည်းနည်း နောက်ကျမှ လာခဲ့မယ်တဲ့၊ မမ အော်ဒါလုပ်ခိုင်းထားတဲ့ ကိတ်ကြီးတော့ သူ့တပည့်နဲ့ လွှတ်ပို့ခိုင်းထားပြီတဲ့၊ လာလိမ့်မယ်တဲ့"

"အင်း ... အင်း ...၊ ဟုတ်တယ်၊ ငါ ဖုန်းပိတ်ထားတာ အတင့်ရဲ့ ...၊ ဘုရားကိုသွားတယ်လေ ...၊ ဇီဝိတဒါန ဆေးရုံလည်း သွားတယ်၊ ဘိုးဘွားရိပ်သာလည်း သွားတယ်၊ ကောင်း နာမည်နဲ့ အလှူငွေတွေ လိုက်လှူတာ၊ သြော် ... ဂုဏ်ပြုလွှာတွေတောင် ကားပေါ်က ချမလာမိဘူး ...၊ ဇီဝိတဒါနနဲ့ ဘိုးဘွားရိပ်သာက မှန်ပေါင်သွင်း ဂုဏ်ပြုကတ်ပြားတွေ ရတာ"

"အဝါ ... နင်မီးပွတိုက်တာပြီးရင် ကားပေါ်က ဂုဏ်ပြုမှတ်တမ်းတွေ သွားယူချည်၊ ဘုရားခန်းထဲ ပို့ထား၊ နောက်မှ ငါနေရာလာချမယ်"

"ဟုတ်ကဲ့ ... အန်တီတင့်"

အဝါ အနီတို့ ညီအစ်မက ဆယ့်ခုနစ် ဆယ့်ရှစ် အရွယ်လေးတွေမို့ အတင့်စကား ဆုံးသည်နှင့် ဖင်ပေါ့ပေါ့နှင့် ခြံထဲပြေးပါတော့သည်။





"ငါ့သားလေးရော"

ဘုရပ်ရှိအကျဲနှင့် ဆံပင်တွေကို ဒရိုင်ယာအမှုတ်ခံနေရင်း မိုးမမက သတိတရ မေးပါသည်။

"ခြံထဲမှာပဲလေ ... မမ"

"မနက်က သူထွက်သွားတာ ဘယ်အချိန် ပြန်ရောက်လဲ"

"တစ်နာရီလောက် ပြန်ရောက်တယ် မမ"

"ငါ့သားလေး ထမင်းမှ စားသေးရဲ့လား၊ သူ့ဟာနဲ့သူ တက်ကြွ စီစဉ်ပြီး စားဖို့မေ့နေဦးမယ်"

"စားပြီးပြီ မမ၊ မမသားက ငါးသလောက်ဆီပြန်နဲ့ရတော့ ဘယ်နေမလဲ"

"ဒီနေ့ ငါးသလောက် ချက်တာလား"

"ကြက်သားလေးလည်း ရှိတယ် မမ၊ သူ့ဖို့ကြော်ပြီးမှ ရေနည်းနည်းနဲ့ ပြန်နှပ်ထားတာလေး၊ ထုံးစံအတိုင်းပေါ့ မစားဘူး"

"သူက အဲဒီတိုင်းပဲ ...၊ ကြက်သားပွတ်ကြော်တို့ ဘာတို့ဆိုရင် ကလေးဆော်နဲ့လို့တဲ့လေ၊ ငါးသလောက်စားတော့ ငါ့သားလေး အရိုးစူးနေပါဦးမယ်ဟယ်"

"အမယ်လေး မမရယ်၊ အန်တီတင့် အားလုံးနယ်ပေးပါဆိုလို့ အရိုးထွင်ပြီးမှ ငါးအသားရယ် ထမင်းရယ် ဟင်းဆီပြန်ရယ် ပြန်နယ်ပေးလိုက်တာ၊ ငရုတ်သီးမှုန့်က ထည့်ခိုင်းသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် သူ့ကို အစပ်တွေ သိပ်မကျွေးနဲ့နော် ... ဒီကောင်လေး ခုတလော အစပ်စားတာ များများလာတယ်"

"ငရုတ်သီးမှုန့်လှော်နဲ့ ရှုံလေး ကျေနပ်ရုံ ထည့်ပေးတာပါ၊ နယ်ပြီးမှ ဇွန်းတပ်ပေးလိုက်တာ ... ပန်းကန်ကိုင်ပြီး ဟိုမတ်တတ် ဒီမတ်တတ် စားနေတော့တာပဲ"

"အရိုးစင်ပါတယ်နော်"

"စင်ပါတယ် မမရဲ့"

အနီတစ်ယောက် ပြုံးဖေ့ဖေ့လုပ်တာ မိုးမမ မတွေ့ဘဲ မဲ့ အတင့်က တွေ့လိုက်တာကို အနီ့ကို မျက်လုံးပြူး၍ မျက်ခုံးကြုတ်ပြလိုက်ပါသည်။ မိုးမမ တစ်ယောက်ဟာ သူ့သားကို အချစ်လွန် အသည်းပိုလှတာ မှန်ပေမဲ့ သူ့သား သူချစ်တာ သည်းတာ ချစ်ပါစေ သည်းပါစေ။

ဘယ်လောက် မျက်စိနောက်စရာဖြစ်ဖြစ် သူ့အမေနဲ့ သူ့သား ချစ်ကြတာ ကျက်သရေမင်္ဂလာပဲဟာ။ ပြီးတော့ အတင့်က မိုးမမကိုရော မိုးမမ ခံစားချက်တွေကိုပါ အမြဲမချေးခါး နားလည်လှသူဖြစ်၍ သူ့မမကိုသူ ချစ်လည်းချစ် သနားလည်း သနားသည်။

ကြည့်ပါဦး။

အဖျားကို အလိပ်ကြီးခွေအောင် ကောက်ထားတဲ့ ကျောလယ်ဆံပင်လေးဟာ ဒရိုင်ယာမှုတ်ပြီးကာစ ပျော့အိအိမှာ





ကျနေတော့ မိုးမမကို ဘယ်သူက အသက် ဘယ်လောက်လို့ ခန့်မှန်းမလဲ။

ဆံပင်တင်ထား စည်းထား ထုံးထားလည်းပဲ မိုးမမက လှပနုနယ်လွန်းတာပါပဲ။ သူ့ဘဝမှာ အထိုက်အလျောက် သောကရှိပေမဲ့ ... တစ်အိမ်ထောင်စုလုံးအတွက် လုံလောက်ပိုလျှံအောင် ငွေရှာရသော တာဝန်ကြီး ရှိပေမဲ့ အရင်ဘဝက ဆုတောင်းကုသိုလ် ကောင်းခဲ့လို့ ထင်ပါသည်။

ဆံပင်လေးချပြီး အိမ်နေရင်း ပါတိတ်ဂါဝန်ပွတွေဝတ်ထားတတ်တဲ့ မိုးမမကို ဘယ်သူကမှ အသက်လေးဆယ်လို့ ပြောရဲမှာ မဟုတ်ပါ။ အလွန်ဆုံးမှန်းရ သုံးဆယ်ကျော်စ,ပေါ့။ ငယ်တော့ဘူးလို့ ခန့်မှန်းရလောက်အောင် သဲလွန်စ ရစရာဆို၍ မျက်လုံးတစ်ဝိုက် အပေါ်မျက်ခမ်း အောက်မျက်ခမ်းတို့မှာ အရစ်အကြောင်း မှုန်မှုန်ပျပျလေးတွေဟာ အနားကပ်တိုးပြီး ဖြူးပြိုကြည့်နိုင်မှ မြင်ရပါမည်။

ကျန်တာတော့ အသက်လေးဆယ်လို့ မှန်းနိုင်လောက်စရာ ဘာတစ်ခုမှ မရှိပါ။ လက်ချောင်း လက်ဆစ်လေးတွေ သွယ်ပျောင်းတုန်း။ ဘယ်နေရာမှ အရိုးအဆစ် ပေါ်လွင်ဖုထွက်နေတာ မရှိဘဲ တစ်ကိုယ်လုံး မွတ်မွတ်ကလေး အလောတော် ပြည့်အိကာ ချစ်စဖွယ် နုထွေးတဲ့ မိုးမမပါ။

ပြင်သစ်ဆံထုံးလေး ထုံးထားလျှင်တောင် ကြီးရင့်



www.burmeseclassic.com

www.burmeseclassic.com



မသွား။ ကောင်းနဲ့ ယှဉ်တွဲ အပြင်သွားလို့ကတော့ မသိသူက မောင်နှမပဲ ထင်မှာပင်။ အဲဒီအပြင် ဒီအမေနှင့် ဒီသားဟာ ပခုံးဖက်ကာ ခါးဖက်ကာ လက်ချိတ်ကာ သွားလာတတ်တဲ့အတွက် စုံတွဲမထင်ရင်ပဲ ကံကောင်း။

မိုးမမထက် သုံးနှစ်လောက်ငယ်တဲ့ အတင့်ဟာ သူ့ကိုယ်သူ မိုးမမထက် အရွယ်ရင့်ရော်သည်လို့ နားလည်လက်ခံပြီးသား။ ဝတ်စားဆင်ယင်မှုကြောင့်လည်း ပါလိမ့်မည်ပင်။ မိုးမမက လျှပ်ပေါ်လော်လီမှု မရှိသော ခေတ်မီကြော့ရှင်းသည့် ဝတ်စားဆင်ယင်မှုတို့နှင့် လူကြီးဟန် မပေါက်လှသေးပါ။

"မမ ... ဆံပင်ချမလား ... ထုံးမလား"

"ထုံးလိုက်ပါ့မယ်ဟယ်၊ သားသူငယ်ချင်းလေးတွေ လာကြမှာ ... ငါက ဆံပင်ချထားတာကြီးနဲ့ မကောင်းပါဘူး"

အတင့်က အနုမှဖန်တီးရှင်အလား ပြင်သစ်ဆံထုံးဖွဖွလေးတစ်ခုကို သေသပ်စွာ ထုံးနှောင်ပေးလိုက်ပါသည်။ ကျန်တာတွေသာ မထုံးတတ်ဘဲ နေရမည်။ မိုးမမ ထုံးနေကျ ပြင်သစ်ဆံထုံး အထောင်လိပ်လေးနှင့် နောက်တွဲမှာ ကျစ်ဆံမြီးသေးသေးမျှင်မျှင်တွေ ခွေပတ်ထားတဲ့ပုံ နှစ်မျိုးကိုဖြင့် အတင့် အပိုင်ထုံးတတ်သည်။

မိုးမမက ရယ်ဗလွန် ကာလာစတေး အတောင့်လေးကို လှည့်ထုတ်ကာ မျက်နှာကို ပါးပါးလိမ်းနေပါသည်။ အဲဒီ





မိတ်ကပ်တောင့်လေးဟာ ဝင်းပသော မိုးမမ အသားကို နဂိုနေလေးလိုပဲ မွတ်ချောသိပ်သွားစေသည်။ ကရင်ပတ်ဖ်တွေ ဘာတွေမကြိုက်သော မိုးမမက ကာလာစတေးလိမ်းပြီးလျှင် အပေါ်က ဘောဘီပေါင်ဒါ ကိတ် အနုလေးနှင့် တဖတ်ဖတ် ဖို့ရိုက်ကာ ပြီးစီးသွားပါသည်။

မျက်ခုံးဆွဲ မျက်ရစ် မျက်ခွံခြယ်ကာ နှုတ်ခမ်းနီဆိုးလိုက်ပြီးလျှင် ပြီးပြည့်စုံပြီ။ လက်တွေနှင့် ကိုယ်ခန္ဓာကို ဘော်ဒီလိုးရှင်း ရနံ့သင်းသင်းလေး ဖိပွတ်လူးရင်း ...

"ဘယ်နှနာရီ ရှိပြီလဲဟင် အတင့်"

"ငါးနာရီခွဲပြီးပြီ မမ"

"ဟုတ်လား၊ ဒါကြောင့်ကိုး ...၊ ငါ ဗိုက်နည်းနည်းဆာသလိုပဲ"

"အောက်မှာတော့ ဟိုတယ်က အစားအသောက်တွေ ရောက်နေပြီ မမ၊ ဘူဖေးစားပွဲတောင် ပြင်နေပြီ၊ မမ ဘာစားမလဲ ... သွားခပ်ပေးလာမယ်လေ"

"သားက ဘာတွေမှာထားမှန်းတောင် မသိဘူး ... နေပါစေ၊ အဲဒါတွေတော့ ခြံထဲဆင်းမှပဲ စားပါတော့မယ်၊ ခုလောလောဆယ် ပေါင်မုန့်ထောပတ်သုတ်လေး နှစ်ချပ်လောက် စားချင်တယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရမယ်"

www.burmeseclassic.com



အတင့်က အောက်ထပ်မဆင်းခင် မိုးမမ အခန်းပြတင်းမှ ခြံထဲသို့ လှမ်းကြည့်လိုက်ပါသေးသည်။ ကားဟွန်းသံနှစ်ချက် သုံးချက် ကြားရ၍ လှမ်းစူးစမ်းလိုက်တာပင်။ ဝင်လာသောကားဟာ ဦးနေရောင် တပည့် ကိုကျော်ဦး မောင်းလာသောကားမှန်း သိတာမို့ ...

"ဘာ့သ်ဒေးကိတ်တောင် ရောက်လာပြီ မမ"

"ဟုတ်လား"

မိုးမမက ကလေးသဖွယ် ခပ်မြူးမြူး ပြုံးရယ်ရင်း ...

"ငါ့သားလေး ကြိုက်မှာပဲ၊ ငါ အော်ဒါလုပ်ထားတဲ့ကိတ်က လေးထောင့်ပုံ အောက်က ကိတ်မုန့်သားက ချောကလက်ရောင် ညိုနက်ပေါ့ဟယ်၊ အပေါ်က ကရင်မ်တွေက တစ်ပြင်လုံး အနီရဲ၊ အလယ်မှာ နှင်းဆီဖူးအဖြူရောင်လေး တစ်ဖူးတည်းရယ်၊ သားလေး မွေးနေ့အတွက် ချစ်သောမေမေလို့ ... စာက ဒါပဲ၊ ဘယ်လောက်လှမလဲ နှင်စဉ်းစားကြည့်"

အတင့်က မိုးမမ မျက်နှာကို ပြုံး၍ စိုက်ကြည့်နေမိသည်။ မိုးမမ အပြုံးက လန်းဆန်းကြည်နူးလှ၍ အတင့်ပါရော၍ ပြုံးပျော်နေပါသည်။

သူ့သခင်မ မိုးမမဟာ တစ်ဦးတည်းသောသား "ထက်ကောင်းကင်"ကို ဘယ်လောက်ထိ သည်းသည်းလှုပ် ချစ်





မြတ်နိုးသလဲဆိုတာ အိမ်ကလူတွေအားလုံး သိကြပါသည်။ အားလုံးထဲမှာ အတင့်က ပို၍အသိဆုံး။ သူ့ကြောင့် အဖမဲ့ရတဲ့သားကလေးလို့ သူ့ကိုယ်သူ အပြစ်တစ်ခု တင်ရှိသလို အမြဲခံစားကာ အပြစ်အကြွေးဆပ်သလို လိုတာထက်ပို၍ "ကောင်း"ကို ပြုစုယုယကြင်နာမြတ်နိုး အလိုလိုက် အကြိုက်ဆောင်လွန်းတာ။

ဘေးပတ်ဝန်းကျင်က ဆွေမျိုးတွေက ...

"ကလေးကို ကြည့်အလိုလိုက်နော် မမ၊ အလိုလိုက်လွန်းပြန်ရင်လည်း ကလေး ပျက်စီးသွားမှာ စိုးရိမ်ရတယ်"

ဤသို့ ဝိုင်းဝန်း သတိပေးကြရတဲ့ထိ မိုးမမက "ကောင်း"ကို အရိပ်တကြည့်ကြည့် ထားတာဖြစ်သည်။

"ဟင့်အင်း ... သားလေးဟာ ဘယ်တော့မှ မပျက်စီးစေရဘူး၊ မ,က အလိုလိုက်တယ်ဆိုတဲ့ နေရာမှာ စည်းနဲ့စနစ်နဲ့ အလိုလိုက်တာပါ၊ ချစ်တာ ကြင်နာတာ ပြုစုတာ ယုယတာသာ အတိုင်းအဆမရှိတာ၊ အလိုလိုက်တာမှာတော့ အတိုင်းအဆထားပါတယ်၊ သားကို ပျိုးထောင်တဲ့နေရာမှာ တစ်ဦးတည်းသောသား ဆိုပြီး တစ်ကိုယ်ကောင်းဆန်ဆန် စရိုက်မျိုး မရှိအောင်ကအစ သေချာဂရုစိုက် ပျိုးထောင်လာတာ ...

နောက်ပြီးတော့လေ ... လူတိုင်းပြောနေကြတဲ့ တစ်ဦးတည်းသောသားရဲ့ အမေတွေဟာ ဘယ်တော့မှ ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း မဖြစ်နိုင်ဘူးဆိုတဲ့ အဆိုကိုလည်း တွန်းလှန်ပစ်ဦးမှာ၊ ချွေးမများရရင်လေ တုန်နေအောင်ချစ်ပြီး ဖူးဖူးမှုတ်အလိုလိုက်မှာရှင် ...

မ,ရဲ့သားဟာ သူချစ်တဲ့ မိန်းကလေးကို မအေကို မငဲ့ဘဲ လွတ်လွတ်လပ်လပ် ချစ်ခွင့်ရှိရမယ်၊ ကိုယ့်သားကို ချစ်ပါတယ်ဆိုတဲ့ မိန်းကလေးကိုလေ ... မ,တို့က ကလပ်နဲ့တောင် တင်ထားလိုက်ဦးမှာ ...၊ မ,သားကို မေတ္တာစစ်နဲ့သာချစ် ... မ,တို့က သဝန်တိုတွေ မနာလိုတွေ လုံးဝမရှိပါဘူးမှတ်"

မျက်ခုံးလှုလှုလေး တချီချီနှင့် မိုးမမ အမြဲပြောခဲ့သော စကားတွေပင်။ သူ့စကားနဲ့သူ တည်တယ်လို့လည်း ပြောရမှာပင်။ ကောင်း တစ်ယောက်ဟာ ဆယ့်ခုနစ်နှစ်သား ဆယ်တန်းဖြေမည့်နှစ်မှာ သူနဲ့အတန်းတူ ကောင်မလေးတစ်ယောက်ကို အသည်းအသန် ကြွေပါတော့သည်။

ကိုယ့်အိမ်က ကျူရှင်ဝိုင်းမှာ အတူလာတက်နေသော ထိုကလေးမလေးကို မိုးမမ ဦးစားပေး အရေးပေးပုံမှာ အံ့သြလောက်သည်။ သမီး, သမီး ဆိုတာကို နှုတ်ဖျားကမချ။ ဟိုဟာဝယ်ပေးရ ဒီဟာဝယ်ပေးရ။ စားချင်တာ လုပ်ကျွေးရ။

သားအမိနှစ်ယောက်က ဤမျှသည်းနေတော့ အတင်တို့ ကျန်တစ်အိမ်သားလုံးလည်း နောက်က ဝိုင်းသည်းကြရသည်။





ဤကလေးမလေးဟာ ဒီအိမ်ကြီးမှာ တစ်နှစ်လောက်တော့ သခင်မတစ်ပါးအလား မင်းမူခဲ့ဖူးပါသည်။

ဆယ်တန်းဖြေအပြီး ကျောင်းပိတ်ရက်မှာ "ကောင်း" ဟာ သူ့အဖေရှိရာ စင်ကာပူကို တစ်လလောက် သွားလည်ပါသည်။ အလည်အပတ်ကနေလည်း ပြန်ရောက်ရော ကိုရွှေကောင်းက ထိုကောင်မလေးကို သိပ်စိတ်မဝင်စားတော့ပြီ။ ဟိုမှာသိလာတဲ့ သူ့လိုပဲ မြန်မာပြည် ပြန်ရောက်နေပြီဖြစ်တဲ့ မိန်းကလေးတစ်ယောက်ကို ပြောင်းစိတ်ဝင်စားတော့သည်။

အဲဒီအခါ ဒီတစ်အိမ်လုံးရဲ့ အရင်ကောင်မလေး အပေါ် သည်းမှု ကဲမှုတွေ တိခနဲ ပြတ်ကျရကာ နောက်တစ်ယောက်ကို ပြောင်း၍ သည်းကြ ကဲကြရပြန်ပါသည်။ ဟိုကောင်မလေးဆီက ဖုန်းလာလျှင် ရှိရှိကြီးနှင့်ပင် မိုးမမက "မရှိဘူးကွယ့်၊ အေး ... ဒါပဲ ... ဒါပဲ ..." လုပ်လေရာ တစ်အိမ်လုံးလည်း ဤလေအတိုင်း။

မိုးမမကား သူ့သားချစ်သူတွေကို သူ့သားချစ်သရွေ့ သူပါ ထပ်တူလိုက်ချစ်မည်ဖြစ်ကာ သူ့သားက မေတ္တာမရှိလျှင် သူလည်း မရှိနိုင်တော့ပြီ။

နသန့်ချောစင်ကာ ရုပ်ကလေးက လူချမ်းသာရုပ်၊ မိကောင်းဖခင်သားရုပ်၊ လူယဉ်ကျေးရုပ်၊ အဆင့်မြင့် ရှင်းသန့်ပြတ်ထွက်နေသော "ထက်ကောင်းကင်"ဟာလည်း အတော်ဖြော့



www.burmeseclassic.com

www.burmeseclassic.com



လှငယ်ကလေးသာဝင်။ သွားလေရာမှာ သူကစ, မရှိတ်ရခင် ကောင်မလေးတွေက ဝိုင်းရှိတ်တာ ခံရတဲ့သူလေး ...။

အသားကဖွေးဖွေး၊ အရပ်က အမြင့်ကြီး၊ ပိန်လည်း မပိန် ဝလည်းမဝ။ ဆံပင်လေးတွေကို ကရင်မ်ရောင်လက်၍ နောက်ပြန်ပုံကျကျ ဖြီးတဲ့အခါဖြီး။ ဖွာရရာ ခပ်စင်းစင်းထားတဲ့ အခါထား။ ဘယ်လိုနေနေ "ကောင်း"က ကြည့်လို့ကောင်းလွန်း လှပေသည်။

ပုဆိုးဝတ်တယ်ရယ် မရှိ၊ စတိုင်လ်အောင်;ဘီ ဂျင်း ဘောင်းဘီ ထည်လဲကို အဲရိုးရှပ်၊ ပီယာကာတင်ရှပ် အလဲလဲနှင့် စတိုင်ကျကျ အမေကတွဲ၍ ဆင်တတ်လွန်းရာ ရွယ်တူကောင်လေး တွေကြားမှာ "ကောင်း"ဟာ တစ်ပုံစံ ပြတ်၍ သတ်၍ ထူးခြား ထင်ပေါ် ထွက်နေသည်။

ကောင်မလေးတွေကသာ ကြိုက်ကြတာ မဟုတ်။ ကောင်မလေးတွေရဲ့ အမေတွေကလည်း ဒေါ်မိုးမမရဲ့သား "ထက် ကောင်းကင်" ဆိုသူလေးကို ကြိုက်နှစ်သက်ကြသည်ပင်။ ကြိုက် ပုံချင်းတော့ မတူဘူးပေါ့။ ဟီးထ,နေတဲ့ စီန်တိုက်ကြီးတစ်ခုကို တစ်ဦးတည်းပိုင် ဦးစီးဖွင့်လှစ်ထားကာ အခြေကြီးလှတဲ့ ဒေါ်မိုးမမ ဆိုတာဟာလည်း ရွယ်တူ ရွယ်မတူ တတူ မိန်းမတွေကြားထဲ မသိသူ မရှိရအောင် ဂုဏ်ရှိန်ကြီးမြင့်သည်။

အဲဒီတော့ "ကောင်း"ဟာ တမင်တကာကြီး ရှပ် ရှပ်ပွေပွေရှိသော ကောင်လေးတစ်ယောက်တော့ မဟုတ်။ လိုတာ ထက် ပိုစွံနေတော့ "အချစ်"ဆိုတာကို ရေရေရာရာ နားမလည် ရှာသေးဘူးလို့ပဲ ခွင့်လွှတ်ဖြေတွေးပေးရပါမည်။

ဒုတိယကောင်မလေးနှင့် နှစ်နှစ်နီးပါး တွဲနေကြပြီး တဲ့အခါ ဘာရယ်ကြောင့်လို့ မယ်မယ်ရရ သူကိုယ်တိုင်ပင် သိပုံ မရဘဲ လမ်းခွဲသွားကြပြန်ပါသည်။ အဲဒီတုန်းက ကောင်း အသက် နှစ်ဆယ်။

"တော်ပြီမေမေ ...၊ ဒီတစ်ခါတော့ တကယ်ချစ်တဲ့သူဆို တာ သေချာမှ တွဲတော့မယ်၊ တကယ်တော့ အချစ် ဆို တာကြီးကိုလည်း သားလည်း သေချာသိသေးတာ မဟုတ် ပါဘူး၊ ချစ်တယ် ထင်ပြီး တွဲလိုက် ... မချစ်ဘူးလို့ သိ လာတော့ ကွဲလိုက်ဆိုရင် ဒေါ်မိုးမမသားက လူပွေလေးလို့ နာမည်ထွက်သွားရင် ဒုက္ခပဲနော် မေမေ၊ မေမေပါ သား သမီးမကောင်း မိဘခေါင်း ဖြစ်နေမယ်၊ ရည်းစားမထား တော့ဘူး၊ အလုပ်ပဲ လုပ်တော့မယ်၊ ဒီတစ်ခါ တကယ်ချစ် တာ သေချာမှပဲ"

"ကောင်း"က သူ့အမေနှင့် စကားပြောလျှင် ဤသို့ ချစ်စဖွယ် ကလေးဆန်ဆန် ပွင့်ပွင့်လင်းလင်းလေး ဖြစ်သည်။ ကောင်း' ဒီလိုပြောတော့လည်း မိုးမမက တပြုံးပြုံး ကျေနပ်နေ ခဲ့ပြန်တာပင်။







www.burmeseclassic.com

www.burmeseclassic.com



ခုလောလောဆယ် ကောင်း'က သူငယ်ချင်းနှစ်ယောက် စု၍ တီဗီ၊ ဗီဒီယို၊ ကက်ဆက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသဖြင့်တွေ ရောင်းတဲ့ လျှပ်စစ်အိမ်သုံးပစ္စည်းဆိုင် တစ်ဆိုင်၊ ဈေးကြီးကော်ဖီတွေ ရနိုင်တဲ့ Snack Bar ဆိုင်လေးကတစ်ဆိုင် ဖွင့်လှစ်ထားပါသည်။

အသေးသင်တက်ကာ ဒီနှစ်မှာပဲ ဘွဲ့ရပြီး ဒီနေ့မှာတော့ "ထက်ကောင်းကင်" အသက်နှစ်ဆယ့်တစ်နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။ ခါတိုင်း အိမ်မှာသာ သားအမိနှစ်ယောက်တည်း ကိတ်မုန့်သေးသေးတစ်လုံးနှင့် စတိမျှ ဖယောင်းတိုင်မှုတ်ကာ သူခင်မင်တဲ့ သူငယ်ချင်း လေးငါးယောက်ကို ဆိုင်မှာ လိုက်ကျွေးရုံလောက်ပဲ ဆန္ဒရှိသည့် ကောင်းက ဒီနှစ်မှ ထူးထူးဆန်းဆန်း ...

"Birthday party လေး လုပ်ချင်တယ် မေမေ၊ ခင်ရာမင်ရာတွေ ဖိတ်ပြီး ဘူဖေး ကျွေးချင်တယ်၊ လူသိပ်မများပါဘူး ... သုံးလေးဆယ်ပေါ့"

ဒီလိုတောင်းဆိုလာတော့ မိုးမသည်လည်း ငြင်းစရာ ဘာရှိပါလိမ့်မလဲ။ "ကောင်းတာပေါ့ သားရယ်"ဟု ဝမ်းသာအားရ ထောက်ခံရုံပင်။ သားက နှစ်ဆယ့်တစ်နှစ် ပြည့်တယ်ဆိုတာဟာ အနောက်နိုင်ငံတွေမှာတော့ အရွယ်ရောက်ပြီလို့ အသိအမှတ်ပြု ခံရပြီ ဆိုကာ ဒီပွဲကို သူ့ဟာသူ သူ့စိတ်တိုင်းကျ စီစဉ်နေတော့တာ။





မိုးမမက Birthday cakeမှာပေးတာလေး တစ်ခုသာ ယူပ်ရပါသည်။

"လူတွေ များနေပလား အတင့်"

မိုးမမက အတင့် လာပေးသော ပေါင်မုန့်ကိုစားရင်း ပြတင်းပေါက်၌ အတင့်နှင့်တူတူ ယှဉ်ရပ်ကာ ခြံထဲကြည့်သည်။

"အတော်တောင် ရောက်နေပြီ မမ၊ လူလည်းဖိတ်တာ သိပ်များတာမှ မဟုတ်တာ"

"ဟောတော် ... ဟိုးမှာ ချာတိတ်ကလေး ... ကလေးလေး တစ်ယောက် ဘယ်သူနဲ့ ပါလာတာလဲ၊ ဘောလုံးတွေနဲ့ ဆော့လို့ ... ကြည့်ဦး၊ သားက ဘောလုံးတွေပါ လုပ်ထားသေးတယ် ... ဟင်း ... ဟင်း ..."

"မမရော ... ဆင်းတော့မလား"

"အေး ... ဆင်းလိုက်တာပေါ့၊ ပျော်စရာကြီး"

နေဝင်စပြု၍ ခြံထဲမှာ မီးပွင့်တွေပင် စတင်လင်းလာက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၂

“မင်းဟာကလည်း ကလေးကလားနဲ့ကွာ၊ ကလေးမွေးနေ ကျနေတာပဲ၊ ဘောလုံးတွေ တစ်ပုံတစ်ပင်နဲ့ ဟားဟား”

ကျော်ဇင်က ဟိုနေရာတစ်လုံး ဒီနေရာတစ်လုံး ပြန့်ကျဲကာ မြေပြင်ပေါ် မြက်ခင်းပေါ် နေရာအနှံ့ ဖြစ်နေသည့် ဘောလုံးရောင်စုံတွေကို လိုက်ကန်ရင်း ဆိုပါသည်။

“ဒါတွေအားလုံး ငါလုပ်ထားရတာဟေ့ … ငါ့ကို ဒီကောင် တာဝန်ပေးထားတာ”

“ဟာ … အလုံးနှစ်ရာလောက်တောင် ရှိမယ်ထင်တယ် … ဒါတွေအကုန် ဖိုးအောင် မင်း အကုန်မှတ်ထားရတာလား”

“ဟာ … ဒီလောက်ကြီး မှတ်ရရင် ခုလောက်ရှိ ငါ ပိန် ရှုံ့နေမှာပေါ့၊ လေထိုးတံနဲ့ ထိုးတာ၊ လေထိုးလိုက် ချည်





လိုက်၊ နေ့လယ်ကတည်းက ထိုင်လုပ်နေတာ၊ ခုနကမှ ပြီးတာ၊ မှင်းတို့ကလည်း စောစောစီးစီး လာပြီး လာဝိုင်း မကူဘူး”

“မသိဘူးလေကွာ … ကောင်းက ပြောတော့ စားပွဲကုလား ထိုင်တွေလည်း ဟိုတယ်က လာခင်းကျင်းမယ်၊ စားစရာ တွေလည်း ဟိုတယ်က လာစီစဉ်မယ် … ဘာမှ လုပ်စရာ မရှိဘူးဆိုလို့ လာကူရကောင်းမှန်းလည်း မသိဘူးပေါ့ကွာ၊ ဒီကောင့် မွေးနေ့မှာ ဒီလို ပူဖောင်းကြီးတွေ ကြဲဖြန့်ထား မယ်လည်း ဘယ်ထင်ပါ့မလဲ”

သူငယ်ချင်းတွေရဲ့ တဟိဟိ တဟာစ်ဟာစ် နောက် ပြောင်ရယ်မောနေသံတွေထဲမှာ ကောင်းက အလိုက်သင့်ပြုံးရင်း သူ လှမ်းကြည့်နေသော တစ်နေရာသို့ …

“စည်သူ … စည်သူ၊ ဒီမှာ အကြီးကြီး တစ်လုံးကွ … လာယူ”

လှမ်းအော်ပြောလိုက်၍ သူငယ်ချင်းတစ်စုက လည် ပင်းလိမ်ကာ လှမ်းကြည့်လိုက်မိကြပါသည်။ ဂျင်းရှပ်လက်ရှည် နှင့် ဂျင်းဘောင်းဘီ ဇမ်းဆက်ကလေးကို လူကြီးတစ်ယောက် သဖွယ် ဝတ်ဆင်ထားသော အသက်ရှစ်နှစ်ခန့် ချာတိတ်လေး တစ်ယောက်က ကောင်းထံ ပြေးလာနေရာ ကောင်းက ပူဖောင်း အဖြူရောင် အကြီးစားတစ်လုံးကို ကောက်၍ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်က ဝမ်းသာအားရ လှမ်းယူကာ လက်နှင့်ပုတ်ရင်း ဆော့ရင်း ခပ်ဝေးဝေးသို့ ပြန်ပြေးသွားပါသည်။

"ဩော် ... ကလေးတွေပါ ဖိတ်ထားသေးလို့လား ... မသိပါဘူးကွာ၊ ငါတို့ဆော့ဖို့များလားလို့"

"ကလေးတွေ မဖိတ်ပါဘူး ... ဒီတစ်ယောက်တည်းပါ"

"မင်းတို့ အမျိုးလား"

"မဟုတ်ပါဘူး၊ လာတဲ့ဧည့်သည်နဲ့ ပါလာတာ"

ကောင်းက ခပ်လှမ်းလှမ်းစားပွဲတစ်ခုမှာ တစ်ယောက်တည်းထိုင်နေသော မိန်းမတစ်ယောက်ကို လှမ်းကြည့်လိုက်ပါသည်။ စားပွဲမှာ တံတောင်ဆစ်ထောက်၍ လက်ဆစ်ကွေးလေးပေါ် မေးပြန်ထောက်ထားကာ စည်သူ လှမ်းရှားရာသို့ ငြိုးငေးကြည့်နေသော ထိုမိန်းမသည် နေဝင်စအလင်းရောင်နှင့် ထွန်းညှိစမီးရောင်ဖျော့ဖျော့အောက်တွင် လှပတင့်တယ်နေသည်။

ကောင်း လှမ်းကြည့်ရာဆီ သူငယ်ချင်းတစ်စုပါ ဘာရယ်မဟုတ် လှမ်းကြည့်မိကြကာ ထိုအမျိုးသမီးကို မြင်ကြပါသည်။ တဖွဲဖွဲ ရောက်နေကြပြီဖြစ်သော ဧည့်သည်တွေ အများစုဟာ မွေးနေ့ရှင် "ကောင်း"နှင့် အရွယ်မတိမ်းမယိမ်း ဖြစ်သောယောကျ်ားလေး မိန်းကလေးတွေဖြစ်ကာ ထိုအမျိုးသမီးကတော့ ရွယ်တူလို့လည်း ဆိုမရ။ လူကြီးတစ်ယောက်တော့လည်း မဟုတ်ပြန်။





ကောင်းက သူ့စတိုင်အတိုင်း ခပ်အေးအေး ခပ်ပြုံးပြုံးနှင့် သူတို့အနားက ခွာကာ ထိုအမျိုးသမီးရှိရာ စားပွဲဆီ လျှောက်သွားပါသည်။ ကျောင်းပြီးကြတာ မကြာလှသေး၍ အတွဲမပျက်လှသေးသော ကောင်းရဲ့ သူငယ်ချင်းအရင်းအုပ်စုဖြစ်သည့် သူတို့သုံးလေးယောက်က ကောင်းကိုရော အမျိုးသမီးကိုပါ အမှတ်တမဲ့ လှမ်းကြည့်နေကြရင်း ကိုကိုနိုင်က ...

"အဲဒါ ဘယ်သူလဲကွ၊ ဒီကောင့်အမျိုး ထင်တယ်"

ဖိုးအောင်က ခြေထောက်နားက ဘောလုံးတစ်လုံးကို ကန်လိုက်ရင်း ...

"အမျိုးတွေ မဖိတ်ပါဘူး"

"အဲဒါ ဘယ်သူလဲ ... ငါတို့လည်း မသိပါလား၊ ဒီကို ရောက်နေတဲ့ အားလုံးလိုလိုကို သေချာမရင်းနှီးတောင် အကြမ်းဖျင်းသိတဲ့သူ မြင်ဖူးတဲ့သူချည်းပဲ"

"များသောအားဖြင့်က ကျောင်းတုန်းက သိတဲ့သူတွေချည်းကိုး၊ သူကတော့ အပြင်ကလေ ... ဒီတော့ မင်းတို့ ဘယ်မြင်ဖူးမလဲ"

အားလုံးက ဖိုးအောင်ကို ကြည့်လိုက်မိကြပါသည်။ ဖိုးအောင်က လောလောဆယ်တော့ ကောင်းနှင့် အတွဲဆုံးပင်။ အတွဲဆုံးဆို အလုပ်အတူ တွဲစပ်လုပ်နေတာမို့ နေ့စဉ် အတူတကွရှိ၍ ထိတွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကော သိလား ... ဘယ်သူလဲ"

"ခုန ကလေးရဲ့ အမေလေ"

"ဩော်"

"ဟ ... ကလေးအမေလား"

ကျော်ဇင်တို့ ကိုကိုနိုင်တို့ စိုးသူရတို့ တအံ့တဩ ရေရွတ်ကြပါသည်။ သူတို့ထက် အသက်အရွယ် ကြီးမည်ဆိုတာ ခန့်မှန်းနိုင်ပြီးသားမို့ ကလေးအမေ ဆိုတာဟာ ဒီလောက်ကြီး အံ့ဩစရာ မဟုတ်လှသလို ဖြစ်ပေမဲ့ ထိုစားပွဲပေါ် လက်နှစ်ဖက်လုံးထောက်ကာ ထိုအမျိုးသမီးကို ခပ်စိုက်စိုက် ငုံ့ကြည့်ရင်း "ကောင်း"စကားပြောနေဟန် ပြုံးပြုံးကလေးနှင့် တွဲစပ်လိုက်တဲ့ အခါကျတော့ အံ့ဩချင်စရာလိုလို ဇဝေဇဝါဟန်တို့နှင့် ...။

"ကောင်းနဲ့ ဘယ်လိုပတ်သက်တာလဲ"

ကျော်ဇင်က လွှတ်ခနဲ မေးလိုက်ပါသည်။ အားလုံး လှမ်းကြည့်နေမိသော်လည်း ဖိုးအောင် တစ်ယောက်ကတော့ လှည့်မကြည့်ဘဲ ကျောပေးထားလျက်မှ ...

"အေး"

မေးခွန်းရဲ့ အဖြေဟာ "အေး"လို့ ဖြေရမဲ့စကား မဟုတ်။ ဒါပေမဲ့ ဖိုးအောင်ရဲ့ "အေး"ဟာ အဓိပ္ပာယ်ပြည့်ဝ နေကာ ဖိုးအောင် မျက်နှာက မကြည်မလင် မသာမယာ ဖြစ်နေတာ မြင်လျှင် သူတို့ ရုတ်ချည်းအံ့အားတသင့် ဖြစ်ကုန်ရင်း ...





"ဟာ ... ဖိုးအောင်"

"အေး ..."

ဖိုးအောင် "အေး"တစ်လုံးကိုပဲ လက်ကိုင်ပြုနေပါသည်။ ကျော်ဇင်၊ ကိုကိုနိုင်နှင့် စိုးသူရ တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန်ကြည့်ကာ ...

"ဟာ ... အဲဒါ ဘယ်လိုဖြစ်တာလဲ၊ ဘယ်တုန်းကလဲ ... အရိပ်အမြွက်တောင် မသိရပါလား၊ မင်းသိတာပေါ့ ... ဟုတ်လား ဖိုးအောင်"

"အေး ..."

"မင်းကလည်း 'အေး'တစ်ခွန်းပဲ ပြီးနေတာပဲ"

"အဲဒါကလွဲလို့လည်း ဘာမှ မပြောတတ်တော့ဘူးကွာ"

မိုးတိုးမတ်တတ် သူငယ်ချင်းတို့သည် စားပွဲမှာ ခပ်စိပ်စိပ် နေရာယူ ထိုင်လိုက်ကြကာ ...

"ဟာ ... မဖြစ်သင့်တာပဲ၊ ကလေးကြီးကလည်း ကြီးနေပြီ"

"သူ့ယောက်ျားကကော ..."

တစ်ယောက် တစ်ပေါက် မေးကြပါသည်။

ဖိုးအောင်သည် မပြောချင့် ပြောချင်နှင့်ပင် ...

"ယောက်ျားနဲ့က ကွဲနေတာ"

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းမတားဘူးလားကွာ၊ မဖြစ်သင့်တဲ့ ကိစ္စကြီး"

"စ,ငြိတော့ ငါမှ မသိလိုက်တာ၊ ငါသိတော့ သူတို့ဟာက ခိုင်နေပြီ၊ နောက်မှ ပြန်သိရတာပဲရှိတယ်၊ ဟိုကလေးလေး ကို ဒီကောင့်ကားနဲ့ ဝင်တိုးလိုက်မိတာ၊ အဲဒီမှာ ဇာတ်လမ်း ဖြစ်ပြီး ငြိကုန်တာ"

"ကြာပြီလား"

"သိပ်ဘယ်ကြာမလဲကွာ၊ ကလေးကို ကားနဲ့တိုးမိတာမှ ခုဆို သုံးလလောက်ပဲ ရှိဦးမှာ"

"ဟ ... မြန်ဆန်လှချည်လား၊ အမျိုးသမီးက ဟုတ် ကောဟုတ်ရဲ့လားကွာ၊ ကြားရတာ သိပ်မမိုက်ပါလား"

"အေး ...၊ မင်း အမျိုးသမီးက ဟုတ်ရဲ့လားကွာ ... လို့ ကို ငါပါးစပ်က ထုတ်မေးလိုက်ဖူးတယ်၊ ကောင်း တအား ဒေါကန်တယ်ကွ၊ မင်းတို့လည်း မပြောမိစေနဲ့၊ ငါ အကဲ ခတ်ရသလောက် ဒီကောင် တအားစွဲငြိနေတာ၊ ကိုယ်ဖျက် လို့ မရမဲ့တူတူ ဘာမှ မဝေဖန်တော့ဘဲ ဒီကောင့် သဘော အတိုင်း ငါလည်း လက်ပိုက်ကြည့်နေတာပဲ"

"အန်တီမ, သိလား"

"သိဦးမယ် မထင်ဘူး၊ ဒီနေ့ သူဖိတ်ထားတယ်ဆိုတော့ သူ့အမေကို ပေးသိမလို့ ဖြစ်ရင်လည်း ဖြစ်မှာပေါ့"





"ဟာ ... အန်တီမ, ဘယ်နည်းနဲ့ ကြည်နိုင်ပါ့မလဲ၊ မဖြစ် ဘူးထင်တယ်"

"ဒါ ... သူတို့သားအမိ ကိစ္စပါကွာ"

"ဟာ ... ငါတို့လည်း သိပ်ကြီး လက်ပိုက်ဘေးထွက်နေ လို့ မဖြစ်သေးဘူးလေ ... ဒီကောင့်ထက် အသက်ကြီးတာ အကြောင်းမဟုတ်ပေမဲ့ ဒီအရွယ်ကလေးရဲ့အမေ ဖြစ် နေတာရယ် ... ယောကျ်ားနဲ့က ကွဲနေတာရယ် ... အခြေ အနေတွေက မလှဘူးကွ၊ အန်တီမ, လုံးဝကြည်ဖြူမှာ မဟုတ်ဘူးနော်"

"ပြောတော့ မပြောနိုင်ဘူးကွ၊ အန်တီမ,က ကောင်း တွဲ လာတဲ့ ရည်းစားဆိုရင် အိမ်ကနေ ဆီးကြိုဖူးဖူးမှုတ်နေကျ ပဲဟာ"

"တူသလားကွ၊ အရင်ဟာတွေက ရွယ်တူ တန်းတူ အပျို လေးတွေကွ"

ဖိုးအောင်က ခေါင်းကုတ်ရင်း ...

"မသိဘူးကွာ၊ ဟိုချာတိတ်က ဦးဦးမွေးနေ့မှာ ဘောလုံး တွေ ဘာတွေ ချိတ်ဆွဲမှာလားလို့ တစ်ခွန်းမေးလိုက်တာ နဲ့ ငါ့ကို အလုံးနှစ်ရာလောက် လေထိုင်ထိုးခိုင်းတော့တာ ပဲကြည့်လေ၊ ကောင်း မျက်နှာကို မင်းတို့ကြည့်စမ်းပါ၊ ကြည့်တဲ့ မျက်လုံးတွေက ကြင်ကြင်နာနာ ကြည်ကြည်သို သိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ အရင်က ဆုံဖူးလား၊ စကားပြောဖူးလား"

"နှစ်ကြိမ်လောက် စကားနည်းနည်း ပြောဖူးပါတယ်၊ စကားပြောရတာတော့ ဖြေလည်တယ်၊ နူးနူးညံ့ညံ့ပဲ ... အေးအေးဆေးဆေးပဲ"

အားလုံး သက်ပြင်းကိုယ်စီနှင့် တွေငိုင်ကုန်ကြပါသည်။ တအားကြီးလည်း မကြည့်ရဲကြ။ အားလုံးဟာ ကလေးကြီးဘဝက လွန်မြောက်စ လူပျိုငယ်ကလေးတွေ ဘဝကို ဖြတ်သန်းဆဲ။ အသက်နှစ်ဆယ့်တစ်နှစ် ဆိုသည်မှာ ဘယ်လောက်များ ရင့်ကျက်လူလားမြောက်နေကြပြီမို့လဲ။

ရှစ်နှစ်ရွယ် ကလေးတစ်ယောက်ရဲ့ အမေဆိုသည့် အချက်ကြီးကြောင့် ကောင်း အတွက် ဘာပြောရမှန်းမသိအောင် စိတ်ပျက်လက်ပျက် ရိုးရိမ်ရင်လေးမိကြပါသည်။ ဒီအမျိုးသမီး ကောင်းသည် ဆိုးသည် မသိရသေးဘဲနှင့်ကို မကြည့်မသာ သဘောမကျနိုင်ဘဲ အင်တင်တင်ကြီးတွေ ဖြစ်နေပါသည်။ ကောင်းရဲ့အမေသာဆို ပို၍ဆိုးပေမည်။

သူတို့ တစ်ခဏငြိမ်တိတ်နေကြဆဲ ...

"ဟာ ... ဟာ ... အန်တီမ, ဆင်းလာပြီဟေ့"

"ဟာ ... ဟုတ်တယ်၊ လာနေပြီ ... ဒီဘက်လာနေပြီကွ ပြဿနာပဲ"

ဖိုးအောင်က ခေါင်းကုတ်ကာ ...





"အေးအေးဆေးဆေး နေကြကွာ ... မင်းတို့က တအားမှုပျက်နေရင် ပိုဆိုးတာပေါ့၊ ကောင်းက ပြောမှာလား မပြောမှာလား မသိဘဲ မင်းတို့ကြောင့် အန်တီမ, ရိပ်မိနေဦးမယ်"

ကျော်ဇင်က ဘောလုံးတစ်လုံးကို ကောက်ကာ သက်ထဲ ဟိုလှည့်ဒီလှည့် ဆော့လျက်လည်းကောင်း၊ စိုးသူရက သက်သုတ်ပဝါကို ခေါက်ချည် ဖြန့်ချည် ပုံအမျိုးမျိုး ချိုးလျက်လည်းကောင်း၊ ကိုကိုနိုင်က သူ့ဖိနပ်ကြိုး ငုံ့ချည်သလိုလို မျက်နှာကြီးပါ ငုံ့ဖွက်လျက်လည်းကောင်း၊ သူတို့ရဲ့ ကယောင်ကတမ်းခြင်မှုတွေကို လုပ်မိလုပ်ရာ နည်းလမ်းတွေနှင့် ကာကွယ်ဖုံးဖိဖို့ကြိုးစားနေကြဆဲ ... အနားကို အန်တီမ, ရောက်လာပါသည်။

"ဟဲ့ ... သားတို့ ဘာမှ ,ယူမစားကြသေးဘူးလား"

"စားမယ် အန်တီမ,"

"မဆာသေးလို့ အန်တီမ,"

တစ်ယောက်တစ်ပေါက် လုဖြေသံ ထွက်လာသည်။

"ကောင်း ဘာတွေမှာထားမှန်းတောင် အန်တီ မသိဘူး၊ သူ့ဟာသူ စီစဉ်မယ်ဆိုပြီး စီစဉ်လေရဲ့၊ အန်တီက ကိတ်တစ်ခုပဲ စီစဉ်ပေးရတာ၊ ကောင်း တစ်ယောက်ကော ... ဘယ်နားရောက်နေလဲ"

"ကောင်းလား ... ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



ကျန်သုံးယောက်က တောင်ရှာ မြောက်ရှာ ဟန်ပန်တွေ ပြမူကြတော့မည်ရှိဆဲ ဖိုးအောင်က ခပ်အေးအေးနှင့်ပင် ...

"ဟိုစားပွဲမှာ အန်တီမ, ..."

"ဪ ..."

မိုးမမက ဖိုးအောင် မေးငေါ့သော စားပွဲကို လှမ်းကြည့်ကာ ...

"ဘယ်သူလဲ ...၊ သူ ဘယ်သူနဲ့ ထိုင်နေတာလဲ ...၊ အမေသွားဖို့ သင့်ရဲ့လား ... ဟင် ... ဖိုးအောင်"

မိုးမမက သားသူငယ်ချင်းတို့ကို တရင်းတနှီး နောက်သလို ဆိုသည်။

"ကျွန်တော်လည်း မသိဘူး အန်တီမ"

"ဟင် ... ဖိုးအောင်တောင် မသိဘူးလား၊ သွားတော့ကြည့်ဦးမှပါပဲ ... အဟင်း ..."

မိုးမမသည် အပြုံးတဝေဝေ မျက်နှာနှင့်ပင် ကောင်းရှိနေသော စားပွဲဆီ လျှောက်လှမ်းသွားပါသည်။ သားနှင့်မိန်းကလေးတစ်ယောက် ထိုင်နေသည်ဆိုတာကလွဲ၍ သူ သိပ်သဲသဲကွဲကွဲ မမြင်ပေ။ စားပွဲနှင့် သုံးလေးလှမ်း အလိုကတည်းက အသံလွှင်လွှင်နှင့် ...

"ဟော ... သား ဘယ်မလဲလို့ ကြည့်နေတာ၊ သားက ဒီမှာကိုး"





သူ့အသံကြောင့် ကောင်းရော မိန်းကလေးပါ ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြပါသည်။ ထို့နောက်တော့ ကောင်းက အရင်ထ,ရပ်လိုက်၍ မိန်းကလေးကပါ ထိုင်ရာမှ ထ,ရပ်လိုက်ပါသည်။

"ထိုင် ... ထိုင် ...၊ ထိုင်ပါ သားရဲ့ ...၊ သမီးလည်းထိုင်"

"မေမေလည်း ခဏထိုင်ဦးလေ"

ကောင်းက အမေ့လက်ကို ဆွဲကာ သူ့နံဘေးခုံကို ဆွဲ၍ အသင့်ပြင်ပေးလိုက်ပါသည်။ မိုးမမက ခပ်ပြုံးပြုံး ဝင်ထိုင်လိုက်ပြီးမှ သူနှင့် မျက်နှာချင်းဆိုင်လောက်ခုံမှာ ပြန်ထိုင်ချလိုက်သော မိန်းကလေးကို ဖျတ်ခနဲ အကဲခတ်လိုက်ပါသည်။

ဖြောင့်စင်းသော ကျောလယ်ဆံပင်ကို ဇာပန်းပွင့်လေးပါသော ခေါင်းစည်းကြိုးနှင့် စည်းနှောင်ထားရာ မျက်နှာကလေး ခပ်ရှင်းရှင်း ပေါ်လွင်နေသော မိန်းကလေး ... အင်း ... မိန်းမတစ်ယောက်လို့ ဆိုရမှာပင်။ သားရဲ့မျက်နှာနုနုလေးနှင့် ယှဉ်သော် အတော်ပိုကြီးမှာ သိသာနေတာမို့ မိန်းကလေးဆိုတာထက် မိန်းမလို့ သုံးမှပဲ သင့်လျော်မည်။

ချောမောပြေပြစ်၍ ဆွဲဆောင်မှု ရှိသော မျက်နှာအလှလေးရဲ့ အကြိုအကြားမှာ တစ်စုံတစ်ရာသော ဘာခေါ်မလဲ ... မိစ်မှုလား ... ဝေဒနာလား ... ဒဏ်ရာဒဏ်ချက်လား ... ဘာပြောမှန်း မသိနိုင်သည့် အရာတစ်ခုက အလှလေးထဲမှာ တစ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပျက် ဝင်ရှုပ်နေ၍ အလှလေးဟာ ကြည်လင်သန့်စင် နုံမျစ်မနေဘဲ ခပ်ရင့်ရင့် ရော်နေသည်။

မျက်လုံးတွေ ...။

မျက်လုံးတွေဟာ အင်မတန် ရင့်ကျက်နေလှပြီ။ အပူပင်ကင်းတဲ့ မျက်လုံးများမဟုတ်။ ဘဝမှာ စိတ်သောကတို့ကို ဖြတ်ကျော် ရင်ဆိုင်ဖူးခဲ့ပြီ။ အတော်များများကို သိနေတဲ့မျက်လုံး။ ရင်ဆိုင်နိုင်စွမ်းတဲ့ မျက်လုံး။ ဤရင့်ကျက်ပြီးသား မျက်လုံးတို့ ပိုင်ရှင်ဟာ ဘဝကို အတော်အတန် နားလည်ပြီးခဲ့ပြီမို့ သူဟာ ဘယ်နည်းနှင့်မှ အပျိုကလေး၊ အပျိုကြီးတစ်ယောက် မဟုတ်တာကို မြင်ရုံနှင့် မိုးမမ သိလိုက်ပါသည်။

သေချာပါတယ်။ ဒီမိန်းမဟာ အိမ်ထောင်သည်မိန်းမတစ်ယောက်ပဲ။ မိုးမမက ပြုံးလိုက်ကာ ...

"သားမိတ်ဆွေ အသစ်လား ... မေမေနဲ့ မဆုံဖူးဘူးနော်"

"ဟုတ်ကဲ့ ... သူက မှုံဝတ်ပြာတဲ့ မေမေ"

"နာမည်လေးက လှလိုက်တာ"

"မမ ... ဒါ ... ကျွန်တော့် မေမေ"

သားရဲ့ မိတ်ဆက်ပေးသံမှာ ဘာမှ ထူးခြားတာမပါ။ သို့သော် ...။ မမ ... ဒါ ... ကျွန်တော့် မေမေတဲ့ ...။ လေယူလေသိမ်း အခေါ်အဝေါ်တို့ရဲ့ ရင်းနှီးပိုင်ဆိုင်မှုက မိုးမမကို စစ်ခနဲနေအောင် အပ်နဲ့ထိုး သတိပေးလိုက်သလိုပင်။ အပြုံးမပျက်သော်လည်း မိုးမမ ရင်၌ ဘာကိုမှန်းမသိ ထင့်သွားပါသည်။





"ကောင်း မေမေက ငယ်ငယ်ကလေး ရှိသေးတာပဲ၊ လှလည်း သိပ်လှတာပဲ"

မှုံဝတ်ပြာ အသံက အရေးတယူ ဖားတဲ့အသံမဟုတ်။ ရိုးစင်းငြိမ်းချမ်း၍ နူးညံ့နေပါသည်။ မိုးမမသည် သဲသဲကွဲကွဲ မမြင်ရစဉ်က သမီးလို သုံးနှုန်းမိသော်လည်း ခုတော့ သမီး ခေါ်ဖို့ ဆွံ့နေသည်။ ကိုယ်က လေးဆယ်နှင့် မလိုက်ဖက်အောင် နုနယ်နေတာရယ် ... သူမက အရွယ်ထက်ရင့်ကျက်နေတာရယ်ကြောင့် နှစ်ဦးသားက တအားကြီး မကွာခြားသယောင်ဖြစ်နေပါသည်။

"မှုံဝတ်ပြာလည်း လှတာပဲ၊ ရိုးရိုးရှင်းရှင်းကလေး၊ သားနဲ့ ကျောင်းတုန်းက သူငယ်ချင်းတော့ မဟုတ်လောက်ဘူး ထင်တယ်နော်၊ သားကလည်း မမ,တဲ့၊ မှုံဝတ်ပြာက အသက်ဘယ်လောက် ရှိလို့လဲ"

"ကျွန်မ အသက်သုံးဆယ်ထဲမှာပါ"

"ဩော် ... ဒီထက်ငယ်သေးတယ် ထင်တာ၊ အလုပ်မိတ်ဆွေထင်တယ်"

"သားတို့ ကော်ဖီဆိုင်မှာ မမက ကောင်တာမှာ ထိုင်တာ မေမေ"

www.burmeseclassic.com



"ဩော် ... ဒီလိုကိုး၊ မေမေကလည်း သားတို့ ဆိုင်ဖွင့် ခါစ,လေး နှစ်ခါလောက် ရောက်ဖူးပြီး နောက်မှ မရောက် တော့တာ၊ ဖွင့်ကာစက မတွေ့တော့ ဆိုင်ကမှန်း မသိဘူး ပေါ့၊ ခုမှ တွေ့ဖူးတာ"

"မမ အလုပ်ဝင်တာ တစ်လပဲ ရှိသေးတယ် မေမေ"

"ဩော် ... အဲဒါကြောင့် ..."

မိုးမမက အပြုံးမပျက် ဆက်လက် အကဲခတ်ကာ ဘာစကားတွေ ဆက်ပြောနေရကောင်းမှန်း စဉ်းစားနေဆဲ စားပွဲ အနားသို့ ကလေးတစ်ယောက်က ဘောလုံးတစ်လုံး ကိုင်လျက် ပြေးလာပါသည်။ ကောင်းက ကလေးကို ခပ်ပြုံးပြုံးကြည့်နေကာ မွှဝတ်ပြာကတော့ ခပ်အေးအေးပင် ကလေးထံ လက်နှစ်ဖက်ဆန့် တန်းလိုက်၏။

"သား ... ဗိုက်ဆာပြီလား သား"

ခပ်တိုးတိုး နူးညံ့ညံ့ လှမ်းမေးလိုက်ပါသည်။ မိုးမမ သည် စက္ကန့်မလပ် စိတ်ဝင်စားခြင်းနှင့် ကောင်း၊ မွှဝတ်ပြာ ကလေးငယ် ... သုံးယောက်လုံးကို သတိမလစ်ရအောင် အကဲခတ် နေပါသည်။ နှုတ်ခမ်းပေါ်က အပြုံးကိုလည်း မပျက်စေရပါ။

"ဆာပြီ မေမေ"

"ဆာရင် သားကြိုက်တာ ယူစားလို့ ရတယ်၊ ဟိုနားက စားပွဲပေါ်မှာ ချထားတာတွေထဲက သားကြိုက်တာ ပန်းကန် တစ်ခုထဲ ခပ်ခပ်ထည့်ယူပြီး ဒီစားပွဲမှာပဲ လာစားကွ"





ကောင်းစကားကြောင့် ကလေးက စားပွဲရှည်ထံ လှမ်းကြည့်ကာ တွန့်ဆုတ်ဆုတ် လုပ်နေသည်။

"ဩော် ... သားတစ်ယောက်တည်း မို့လို့လား၊ လာ ... ဦးဦး လိုက်ခဲ့မယ်၊ တူတူသွားယူမယ်"

ကောင်းသည် ရုတ်တရက်ထရပ်ကာ ကလေးကို ခါးလယ်မှ ချီမြှောက်လိုက်ပါသည်။ ကောင်းရဲ့အရပ်ရှည် လက်တံ ရှည်ကြီးထဲ ကလေးက မွေ့ခနဲ မြောက်ပါသွားပါသည်။ ကောင်း သည် ကောင်လေးကို လက်တံတောင်ကွေးတွင် ချီလျက်သားနှင့် စားပွဲဆီ လျှောက်သွားခဲ့သည်။

မိုးမမ နှုတ်ခမ်းက အပြုံးမှာ ဖြုတ်ခနဲ လျော့ကျ သွား၍ ချက်ချင်း သတိထားမိကာ ကမန်းကတန်း ပြန်ပြုံးထား လိုက်ရပါသည်။ မြင်ကွင်းဟာ မယ်မယ်ရရ အကြောင်းပြချက် ရှိဘဲ မလှမပ အထာမကျ ဖြစ်နေသလိုပင်။

ကောင်း ... ဆိုတာ ကိုယ်က ခုထိ ကလေးလေးလို သဘောထားနေတုန်း ... အရိုးထွင်ကျွေးတုန်း ... လူရှေ့သူရှေ့ ချောင် ဖက်မွှေ့နမ်းရှုပ်ရတုန်း ... အမေ့ပေါင်ပေါ် ခေါင်းလာ တင်တုန်း ... ပူဆာချွဲနွဲ့တုန်း ... တတ်နိုင်ရင် မိုးမမ ရင်ခွင်ထဲ ထည့်ဖက်ကာ အတူအိပ်ချင်တုန်း ဖြစ်သော သား။

ခေါ်ရင်တောင် "သား"ဆိုတာထက် "သားလေး" လို့ ခေါ်ဖြစ်တာက များသည်။ အဲဒီ မိုးမမရဲ့ သားကလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



တခြားကလေးတစ်ယောက်ကို ပွေ့ချီသွားတဲ့ မြင်ကွင်းဟာ မိုးမ
မျက်စိထဲ အရုပ်ဆိုး၍ ဘယ်လိုမှ ကြည့်မကောင်း။ မိုးမ
မွဲ့ဝတ်ပြာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ကောင်းတို့ နှစ်ယောက်ထံ လှမ်းငေးကြည့်နေသော
မွဲ့ဝတ်ပြာရဲ့ မျက်လုံးတို့က အရောင့်လက် အရည်လည်နေပါသည်။

"သားလေးက ဒီအရွယ်တောင်ရပြီနော်"

"ရှစ်နှစ် ရှိပါပြီ မမ၊ ကောင်းရဲ့မေမေ ဖြစ်ပေမဲ့ ပြ
ကလည်း ကောင်းရဲ့မိတ်ဆွေ ဆိုပေမဲ့ အန်တီခေါ်ဖို့ အဆ
မပြေတော့ မမပဲ ခေါ်ပါရစေ"

"တို့ လေးဆယ်ပြည့်ပါပြီ"

"ပြာကလည်း သုံးဆယ် ပြည့်တော့မယ်ဆိုတော့ ဆယ်နှ
ပဲကွာတာ၊ အန်တီ ခေါ်နေရင် ရိုင်းရာကျတာပေါ့၊ ပြီးတော
မမက တအားနုတယ်၊ ရွယ်တူလောက်ကိုပဲ ထင်ရပါတယ်"

စကားကို အေးအေးဆေးဆေး ပြောတတ်ပုံရသော
မွဲ့ဝတ်ပြာက မိုးမမကို စိုက်ကြည့်မနေပါ။ စကားသာပြောနေသည်
အကြည့်က တခြားမှာ။ ဒီတော့ မိုးမမက အားမနာပါးမနာ ငို
ကြည့်နေခွင့် ရနေပါသည်။

"သားလေး နာမည်က ဘယ်သူတဲ့လဲ"

"စည်သူပါ"

"သြော် ... သားအဖေကော မပါဘူးလား"





မေးကတည်းက ဘာကိုမှန်းမသိ ကြိုသိနေသလို
မပါမှန်းသိသိနှင့် တစ်စုံတစ်ရာကို မရိပ်မိ ရိပ်မိနှင့် မေးတာပင်။
မွဲ့ဝတ်ပြာက ခေါင်းတစ်ချက် ငုံ့သွားရင်း ...

"သူ့အဖေနဲ့ ပြာက ကွဲနေပါတယ်"

စကားဆုံးလျှင် ခေါင်းပြန်မတ်လာကာ ကောင်းတို့
ဘက်သာ ဆက်ငေးကြည့်နေသည်။ မိုးမမသည် "သြော်" လို့တောင်
ကရုဏာသံ အာမေဋိတ် မလိုက်နိုင်ဘဲ ရင်ထဲ ဒိတ်ဒိတ် ဒိတ်ဒိတ်
နှင့် သွေးတွေ ခုန်ပွက်လာသည်။

"ကြာပြီလား"

"နှစ်နှစ် ရှိပါပြီ"

"သြော် ... သိပ်မကြာသေးပါဘူး၊ ညှိနှိုင်းပါကွယ်"

မွဲ့ဝတ်ပြာက မိုးမမကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။

"ညှိနှိုင်းလို့ မရနိုင်ပါဘူး ... သူက ဆိုးတယ်၊ ဒဏ်မခံ
နိုင်လွန်းလို့သာ ကွဲလိုက်တာပါ၊ လူအထင်အမြင်သေးခံရ
တဲ့၊ လူစောင့်ကြည့်ခံရတဲ့ တစ်ခုလပ်ဆိုတဲ့ ဘဝကို ပြာ
မရချင်ပါဘူး၊ ဒါပေမဲ့ ပေါင်းမဖြစ်လို့ ကွဲလိုက်ရပါတယ်၊
သူ့ဒဏ် တပေပေ တတေတေ ခံပြီး ဆက်ပေါင်းနေရရင်
ကိုယ်အညွန့်တုံးဖို့ပဲ ရှိတာပါ၊ သားဘဝမှာ အဖေဆိုတာ
ရှိစေချင်ပေမဲ့ အဖေ အရက်သမားလူဆိုးကို မြင်နေပြီး
အတုမြင် အတတ်သင်တောင် ဖြစ်လာမှာ စိုးရိမ်ရလို့ ရှေ့
အရှည်ကိုကြည့်ပြီး ဆက်မပေါင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မှုံ့ဝတ်ပြာရဲ့ တရှည်တလျား ရှင်းပြစကားကို မိုးမမက အသက်မရှူသလောက်နီးနီး ငြိမ်သက်နားစွင့်နေပါသည်။

"ဒီလို အဖြစ်မျိုးတွေ ရှိတတ်တာပါပဲ၊ ခုလို အဖေတစ်ကွဲဖြစ်ရတာ လောကမှာ သားတစ်ယောက်တည်း မဟုတ်ပါဘူး၊ ထူးပြီး ကရုဏာမသက်ဘဲ ပုံမှန်ဆက်ဆံပါလို့ ပြောပေမဲ့ ကောင်းက သားကို သိပ်ကရုဏာသက်ပြီး သံယောဇဉ်ကြီးတယ်၊ သားအပေါ် သိပ်ဖေးမကြင်နာတယ်၊ ကလေးကို သူ ကိုယ်ချင်းစာနိုင်လို့ပါလို့ ပြောပါတယ်"

မိုးမမ ခန္ဓာကိုယ်က တင်းတောင့် သွားပါသည်။ သူ့၌ ပြန်ပြောစရာစကား မရှိ။ "ဟုတ်တယ် ... သူကလည်း အဖေနဲ့ ကွဲနေရတာကိုး"လို့ ပြောရမှာလား ... ဒီအမျိုးသမီးကို မိုးမကပါ ကိုယ်နှင့် ကိုယ်ချင်းစာပြီး ကရုဏာမိုး သွန်းဖြိုးရတော့မလား ... ရတ်တရက် ဘာမှ တွေးမရ။

ဘယ်လိုပင် ဖြစ်စေ လင်သားနှင့် ကွဲခဲ့သော မိန်းမတစ်ယောက်ဖြစ်၍ တခြား ကိုယ်လိုမိန်းမတစ်ယောက်ကို ရိုင်းပင်းဖော်ရယ်လို့တော့ ခင်မင်စိတ် ဖြစ်မိသည်။ ကိုယ်က အနည်ထိုင်အခြေကျပြီ။ ယောကျ်ားနှင့် ကွဲရတာ တစ်ခုကလွဲ၍ အနေအထားလည်း မပျက်ရ။ မိဘအိုးဘွား အမွေ ကျောထောက်နောက်ခံတောင့်တင်းလှ၍ တစ်ချိန်လုံး ခေါင်းကိုမော်၍သာ ထားနိုင်ခဲ့သည်။





မှုံ့ဝတ်ပြာကို ကြည့်ရသည်မှာ ကိုယ့်လောက် နောက်ခံမတောင့်တင်းပေ။ ဝတ်ထားသော အပျော့သားပိတ်စ ဝမ်းဆက်သည်ပင်လျှင် ဈေးအကြီးဆုံး အပျော့စ မဟုတ်။ သမန်ကာ လျှံကာ အပျော့စ ဖြစ်သည်။ နားတွင် နီလာတစ်လုံးတည်း နားကပ်သေးသေးနှင့် လက်သူကြွယ်မှာလည်း နီလာတစ်လုံးတည်း လက်စွပ်မြင့်မြင့်လေး တစ်ကွင်း ပါသည်။

ပုံပန်းကျနသော လည်တိုင်လေးမှာ မျှင်တာတာဆွဲကြိုးကလေးက အတိကပ်၍ လက်နေသည်။ ဘိုဆန်အောင်ကျဲကျဲဝတ်ထားတာမျိုး မဟုတ်ဘဲ နဂိုက နည်းနည်းပဲ ရှိတာသည်အလိုအလျောက် ပေါ်လွင်နေသည်။

အတော်ကြာ တိတ်နေပြီးမှ မှုံ့ဝတ်ပြာက ...

"ကောင်း အတင်းဖိတ်လို့ လာခဲ့တာပါ၊ အမှန်က ပြာ မလာချင်ပါဘူး မမ"

"သြော် ... ဒီလို ဘယ်ဟုတ်ပါ့မလဲ ... မိတ်ဆွေသူငယ်ချင်းတွေ ... သားက သူအတော်ခင်တဲ့သူမှ ရွေးဖိတ်တာပါ"

ပြေလည်အောင် ပြောနေသော မိုးမမ လေသံက ထောင့်နေပါသည်။

"ကောင်းက တအားခေါ်တော့ သားကလည်း ကလေးဆိုတော့ မွေးနေ့ပွဲကို လာချင်တယ်၊ တကယ်တော့ မလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင် ပိုကောင်းပါတယ်၊ ကောင်းရဲ့အိမ်၊ ကောင်းရဲ့အသိုင်းအဝိုင်း၊ ကောင်းရဲ့အနေအထား၊ ကောင်းရဲ့မေမေ တို့ကို တွေ့လိုက်တော့ အစက ကိုယ်ကွာခြားတယ် ထင်ထားတာတွေထဲမှာ နောက်ထပ်ကွာခြားမှုတွေ အများကြီး တိုးလာပါတယ်"

မိုးမမကို ဖျတ်ခနဲ ကြည့်လိုက်သော မှုံဝတ်ပြာ မျက်လုံးတို့၌ မျက်ရည်လည်နေသည်ကို မိုးမမ အထင်းသား တွေ့လိုက်ရပါသည်။ မိုးမမသည် အသည်းမာ၍ ရင့်သီးမာကျောတတ်သူ မဟုတ်။ မှုံဝတ်ပြာ အတွက် စိတ်မကောင်း ဖြစ်မိပါသည်။

သို့သော် ... ဤစိတ်မကောင်းခြင်းကို အထိတ်တလန့်ဖြစ်မှု တစ်ခုက လွှမ်းဖုံးခြုံအုပ်ထားသည်။ မိုးမမရဲ့ စကားထဲမှာ အဓိကကျ အရေးကြီးတာ တစ်ချက် မပါဝင်ပေမဲ့ ပါဝင်ပြီးသားအလား ဘွားဘွားပေါ်ကာ နားလည်နိုင်နေစေပါသည်။ မကြားရသေးတဲ့အတွက် ဟုတ်ချင်မှ ဟုတ်မှာပါလို့ ကိုယ့်ကိုယ်ကိုယ် လိမ်လို့ရအောင် မိုးမမက ဉာဏ်မထုံသေးပါ။

မကြားရသေးသမျှ မသဲကွဲသေးတဲ့ အဖြစ်အပျက်ကိုလည်း မကြားရလိုပါ။ မိုးမမသည် နှလုံးသားနေရာ တဆတ်ဆတ် တုန်နေသည်မှာ အသံမြည်ထွက်မတတ် ဖြစ်လာ၍ လက်ဖျားများလည်း အေးစက်လာသည်။





ရှေ့က မှုံဝတ်ပြာ ဆိုတဲ့ အမျိုးသမီးဟာလည်း အညံ့ပဒုံးမ မဟုတ်ပေဘူး။ လောကကြီးကို ကျိုးကြောင်းဆင်ခြင် ဆိုးထွင်းသိမြင်နိုင်သည့် အသိဉာဏ်ကျယ်သော အမျိုးသမီးတစ်ယောက် ဆိုတာ မြင်ရုံနှင့် သိသာသည်။ မိုးမမ စတင်၍ ဆောက်တည်ရာမရ ဖြစ်နေပြီကိုပင် သူ ရိပ်မိနားလည်နိုင်သည်။

တဖြည်းဖြည်းချင်း တစ်စစ ကြိုသိရလျှင် မိုးမမ ဒီထက် ဣန္ဒြေဆည်နိုင်ပေမည်။ ဒီထက်ခေါင်းအေးအေး ရင်ဆိုင်နိုင်ပေမည်။ ခုဟာက လုံးဝကြိုမသိ ကြိုမထင် ကြိုမမျှော်လင့်ထားမိဘဲ ရုတ်တရက် ဗြုန်းစားဒိုင်းစား ဝုန်းခနဲ ကားတိုက်ခံလိုက်ရသလို တိခနဲ ဓားနဲ့ပိုင်းခံလိုက်ရသလို အမှတ်မထင်ဖြစ်၍ မိုးမမ မျက်နှာမှာ ဟန်ဆောင်ယူနေသည့်ကြားက ပျက်ပျက်လာပါသည်။

"ကောင်းက ခုမှ နှစ်ဆယ့်တစ်နှစ် ပြည့်တာနော်"

"အင်း ... ဟုတ်တယ်"

"ယောက်ျားလေး ဒီအရွယ်ဆိုတော့ မိုက်ရူးရဲ ဆန်ချင်တယ်၊ အမှားမဟုတ်ဘူး အပြစ်မဟုတ်ဘူးလို့ ယုံကြည်ရင် လုပ်လို့ရပြီ ထင်နေတယ်"

မိုးမမသည် တိတ်ဆိတ်မနေချင်၍ ရှာကြံဖွတ်တိုးသာ ...

www.burmeseclassic.com



"ကောင်းက ... သားလေးက လိမ္မာပါတယ်၊ တောက်လျှောက် လိမ္မာခဲ့တယ် ... အမေကို ဘယ်တော့မှ စိတ်သောက မပေးခဲ့ဘူး"

"ကောင်းက စိတ်သဘောထားလည်း သိပ်နူးညံ့ပါတယ်၊ ကိုယ့်မောင်အရင်းသာ ဆိုရင်တော့ ဘယ်မိန်းမနဲ့မှ တန်ဖိုးသင့်နိုင်မှာ မဟုတ်ဘူး"

တစ်ဖက်၌သာ ပြောစရာစကားတွေ အရန်သင့်ရှိနေပြီး မိုးမမ၌ ဘာမှမရှိ။ သူကတော့ ဒီကိုလာဖြစ်မည် ဆုံးဖြတ်ကတည်းက ကောင်း အမေနှင့်တွေ့လျှင် ဘာစကားတွေပြောမည်ကို ကြိုတင်စဉ်းစားထားခွင့် ရခဲ့မည်။ မိုးမမ၌တော့ ဘာမှအဆင်သင့်မရှိ။

မိုးမမသည် စားပွဲဆီ ပြန်လျှောက်လာနေသော ကောင်းနှင့် ကလေးငယ်ကိုမြင်လျှင် ထိုင်ရာမှ ထ,ရပ်လိုက်သည်။ သားရဲ့မျက်နှာကို ရင်မဆိုင်ချင်။ ရင်မဆိုင်ရဲသေးပေ။ ကားတစ်စီးဝင်လာရာသို့ ကြည့်ပြီး ...

"ဧည့်သည်တစ်ယောက်လာလို့ ခဏသွားလိုက်ဦးမယ် မှုဝတ်ပြာ၊ နောက်မှ တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့ပါ မမ"

ပန်း၌ မခိုတရို တင်လာသော ပဝါပျော့ကို ဖြုတ်၍ စုကိုင်လိုက်ကာ အချိန်သင့် ဝင်လာသော ဦးနေရောင်ရဲ့ကားဆီသို့ မျက်နှာပျက်ပျက် အမြင်အာရုံပြာပြာနှင့် ကမူးရှူးထိုးလျှောက်လာမိသည်။ ကားထဲမှ ဆင်းလျှောက်လာသော ဦးနေရောင်နှင့် လမ်းခုလတ်၌ ဆုံပါသည်။ သူ့အရိပ်အကဲကို သိရှသော ဦးနေရောင်သည် ချက်ချင်း မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်လို့လဲ မ, ..."

"ကို ... ကိုနေရောင် ... မ,နေမကောင်းလိုက်တာ၊ အန်ချင်တယ်"

"ဟာ ... လာလေ၊ အိမ်ပေါ်တက်နားလေ ... လာ ... လာ"

ဦးနေရောင်ကို အားပြု၍ အိမ်ပေါ် ဒယီးဒယိုင်တက်လာကာ အိမ်ပေါ်ရောက်လျှင် မိုးမမသည် နောက်ဖေးဆောင်သို့ ပြေးပြီး တကယ်ပင် တဝေါ့ဝေါ့ ထိုးအန်မိလေသည်။







www.burmeseclassic.com

www.burmeseclassic.com



## ၃

"အိမ်မှာ နားလည်းပဲ ရတယ် မဟုတ်လား ဆရာ"

ခင်မင်နေသော ပြနေကျ ချက်ကျအပ်ပ် လုပ်နေကျ ဆရာဝန်ကြီးက မိုးမမကို ပြုံးကြည့်ရင်း ...

"ရတာပေါ့ ... ဒေါ်မိုးမမ အိမ်ကလည်း အထူးကုဆေးရုံ တွေထက် ဖက်စစ်လတီတောင် သာသေးတာပဲ၊ ဧည့်သည် မရှုပ်ရင် ပြီးတာပဲ"

မိုးမမက ငြိမ်နေသည်။ အေးအေးဆေးဆေး နေလို့ ရသည်။ နောက်လူကို ငဲ့ဖို့မလို။ ဤသမားတော်ကြီးက ဆေးခန်းကို နှစ်မျိုးနှစ်စား ခွဲထိုင်ပါသည်။ တစ်ယောက်ပြီး တစ်ယောက် ဝင် စနစ်က Consultant Fees တစ်မျိုး။ ဒီဆေးရုံမှာတော့ နာရီဝက်စနစ်နှင့် ဘွတ်ကင်ယူထား၍ Consultant Fees ကတစ်မျိုး။





နာရီဝက်မပြည့်မချင်း ကိုယ့်ကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးနေလို့ရသည်။ ဆက်ထိုင်မနေချင်လည်း အချိန်မပြည့်ခင်ထ,ပြန်လို့ ရသည်။ စိတ်အေးလက်အေး ကိုယ့်ဝေဒနာ ကိုယ့်အခြေအနေကို ပြောဆိုနိုင်၍ ဈေးနှုန်းငါးဆကွာသော ဤစနစ်ကို ရွေးချယ်လာပြမြဲ ဖြစ်သည်။

ဦးနေရောင်က ငိုင်နေသော မိုးမမကို ငဲ့ကြည့်ကာ ...

"ဆေးရုံဆိုတော့ တသီးတသန့် ပိုဖြစ်တယ်၊ အိမ်မှာက ဧည့်သည်တားထားတောင် အနည်းဆုံး အိမ်ဖော်တွေက ဟိုဟာလာပြော ဒီဟာလာပြော ရှိဦးမှာပဲ"

"ဒါပေမဲ့ ... ဆေးရုံက စက်ကိရိယာတွေ အရေးပေါ် သုံးဖို့လိုတဲ့ အနေအထား မဟုတ်ရင်တော့ အိမ်မှာပဲ မ, နေချင်တယ်"

"ဘာဖြစ်လို့လဲ မ,ရဲ့ ..."

"ခုချိန်မှာ မ, ဆေးရုံတက်လိုက်ရင် ..."

မိုးမမက အတန်ကြာခြားပြီးမှ တိုးတိတ်စွာ ...

"သားလေး အထင်လွဲမှာ စိုးရတယ်"

"ဟင် ... ကောင်းက ဘာအထင်လွဲစရာ ရှိလို့လဲ"

"သူ့ကိစ္စကြောင့် မ, ဆေးရုံတက်ပြတယ် ထင်မှာ အစိုးရိမ်ဆုံးပဲ ကိုနေရောင်၊ အပြင်လောကမှာလည်း 'မေမေက နှလုံးရောဂါရှိတယ်'ဆိုတဲ့ စကားမျိုးကို လူငယ်တွေက လှောင်ပြောင်စကားလို လုပ်ပြောတတ်ကြတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မ,ရယ်"

"မ,ဘက်က ဆေးရုံတက်ခြင်းကို လက်နက်တစ်ခုလို သုံးတယ်လို့ သားလေး ထင်သွားမှာ ကြောက်တယ်၊ မ,အိမ်မှာပဲ နားရင် သားလည်း မသိလိုက် မသိဘာသာပဲ၊ မ,အိမ်မှာပဲ နားမယ်"

ဦးနေရောင်က သက်ပြင်းချရင်း သမားတော်ကြီးကို ပခုံးတစ်ချက် တွန့်ပြလိုက်ပါသည်။ သမားတော်ကြီးနှင့် ဦးနေရောင်ဟာ ကျောင်းတုန်းက သူငယ်ချင်းများဖြစ်၍ ရင်းနှီးခင်မင်လှသည်။

သမားတော်ကြီးကလည်း ယဉ်ကျေးမှုအရ ဘာမှ မစုပ်စု။ ခေါင်းတညိတ်ညိတ် လုပ်နေရင်း ...

"ဆေးရုံက စက်ပစ္စည်းကိရိယာ ဘာမှသုံးစွဲဖို့ မလိုပါဘူး အနားယူဖို့ သက်သက်ပဲ၊ ကိုယ်က နှလုံးရောဂါကြီးမှလည်း မဟုတ်တာ၊ နှလုံးက နည်းနည်းအားနည်းတယ် ... ဒါပဲ စိတ်ပန်းလူပန်း စိတ်ရှုပ်စိတ်ညစ် သောကဖြစ်တဲ့ အခါမျိုးတွေမှာ မထူထောင်ဘဲ ခွေသွားတယ် ပျော့သွားတယ် ဒါပါပဲ၊ မစားချင် မသောက်ချင်တာကို ဖျောက်၊ စားရမယ် သောက်ရမယ်၊ အိမ်မှာနေ ဆိုပေမဲ့ ခံတွင်းတွေ့အောင် ရက်စ်တောရဲင့်တွေ ဘာတွေ ထွက်စားလို့ ရပါတယ်"





"အဓိက,က မ, စိတ်ချမ်းသာအောင် နေဖို့ပဲ"

"မှန်တယ် ...၊ ဒါပဲ..."

"ဒါဖြင့် မ, အိမ်မှာပဲ တစ်ပတ်လောက် နားလိုက်မယ်နော် ဆရာ"

"ရတယ် ...၊ အိမ်မှာပဲ နားပါ"

နှစ်ဦးသား သမားတော်ကြီးကို နှုတ်ဆက်ကာ ပြန်ခဲ့ပါသည်။ ဆေးခန်းကို ဦးနေရောင်က သူလည်းလိုက်လိုသည် အခြေအနေသိလိုသည် ဆို၍ ဦးနေရောင် ကားနှင့်သာ လာခဲ့ကြသာ မိုးမမ ကားကို ပြန်လွှတ်ထားပါသည်။

"မ, ဘယ်သွားချင်လဲ ... ဘာစားချင်လဲ"

မိုးမမက ဦးနေရောင်ကို လှည့်ကြည့်မိသည်။ ဦးနေရောင်ဟာ ခုချိန်ထိတော့ မိုးမမ အပေါ် ကောင်းလှသည်။ လိုက်လျောကြင်နာသည်။ ရှင်းရှင်း ပြောရရင်တော့ ရည်းစားဆိုကြပါစို့၊ လူကြီးရည်းစားစုံတွဲမို့ ကလေးတွေနှင့်တော့ မတူပါ။ သူတို့ရဲ့ တစ်ယောက်ကိုတစ်ယောက် တွဲဖက်မှု လိုအပ်မှုတွင် အချစ်သာမက ဆင်ခြင်ဉာဏ်နှင့် ဦးနှောက် အပြည့်ပါသည်။

အမျိုးစုံ ဘက်စုံ လေ့လာ ဆင်ခြင် သုံးသပ်စဉ်းစားပြီးမှ တွဲဖက်မိကြတာပါ။ ဦးနေရောင်ဟာ မုဆိုးဖို။ သူ့ဇနီးဟာ လွန်ခဲ့တဲ့ ကိုးနှစ်ကပင် ကွယ်လွန်ခဲ့သည်။ သူ့ဘက်၌ ရှင်း



www.burmeseclassic.com

www.burmeseclassic.com



တာက သူ့ရဲ့ရောဂါသည် ဇနီးဟောင်းက သူ့အတွက် ကလေး မချန်ရစ်။ ထို့ကြောင့် အသက်လေးဆယ့်ကိုးနှစ်ရှယ် ဦးနေရောင် ဟာ မုဆိုးဖို ဆိုပေမဲ့ လူပျိုကြီးလို ဖြစ်နေသည်။

ဦးနေရောင်နှင့် ခင်မင်သိကျွမ်းတာတော့ ကြာပြီး မိတ်ဆွေတွေသဖွယ် လေးငါးနှစ် ခင်မင်ရင်းနှီးနေပြီးမှ တစ် ယောက်အကြောင်း တစ်ယောက်စိတ်သဘောလည်း ကျွန်တစ် ယောက်ကသိ၊ တစ်ယောက်ရဲ့ အထီးကျန်မှုကိုလည်း ကျွန်တစ် ယောက်က နားလည်။

မိတ်ဆွေရင်းချာလို သူ့ကောင်းရာကောင်းကျိုး ကိုယ် တတ်နိုင်တဲ့ဘက်က နှစ်ရှည်ကြာ အပြန်အလှန် ကူညီပေးအပ်ကြ ရာက တဖြည်းဖြည်း တစ်စစ တစ်ယောက်ကို တစ်ယောက် ထို အပ်လာကြတာပင်။ ရင်းနှီးတဲ့ အသိုင်းအဝိုင်းကလည်း သူတို့ နှစ်ယောက်ကို ကြည်ဖြူစွာ စုံဖက်စေလိုလှသည်။

ဦးနေရောင်က နောက်ကြောင်း ရှင်းပေမဲ့ မိုးမေ မှာက ချစ်လှစွာသော သားလေး ရှိနေသေးရာ မိုးမမဟာ ထိုကို ကို ယောင်လို့ တွေးမိရင်တောင် ခေါင်းထဲက ခါထုတ်ပစ်လိုက် တတ်သူပါ။ သူတို့နှစ်ဦး ဒီအတိုင်း တစ်ယောက်အကျိုး တစ် ယောက် လိုလားသော သံယောဇဉ်မျိုးနှင့်ပင် နေသွားကြလည် ပဲ ဖြစ်တာပါပဲ။





"မ,က သားလေးနဲ့မို့ မစဉ်းစားပါရစေနဲ့ ကိုနေရောင် ရယ်၊ ဒီလိုပဲ ခင်မင်သံယောဇဉ် ရှိသွားကြတာ ကောင်း ပါတယ်၊ သားလေး စိတ်နှလုံးကို မညှိုးငယ်စေချင်လို့ပါ"

ယဉ်ကျေးတဲ့ လူကြီးလူကောင်း ဦးနေရောင်ဟာ လည်း ဤစကားကို စောဒကမတက်ရှာဘဲ နားပူနားဆာ မတိုက် တဲ့ ကူညီကြင်နာ သံယောဇဉ်တို့နဲ့သာ နေပေးခဲ့ရှာတာပါ။ လွန် ခဲ့တဲ့ တစ်နှစ်လောက်ကမှ "ကောင်း"က စတင်ကာ ...

"မေမေ ... အန်ကယ်နေရောင်က မေမေ့ကို မြတ်နိုးနေ တာ ဒီလောက်သိသာတာ၊ မေမေ ထည့်မစဉ်းစားဘူးလား"

သူ့စိတ်ကူးနဲ့သူ သူ့ဘက်က စကားစလာတဲ့အခါ မိုးမမှာ ရှက်သွေးဖျန်း မျက်နှာနီမြန်းလျက် ...

"တော်စမ်းပါ သားရယ်၊ အမေကို စနေရာရှားလို့"

"မဟုတ်ဘူး မေမေ၊ သား အကဲခတ်လာတာ နှစ်နှစ် သုံးနှစ်ရှိပြီ၊ သူက မေမေ့ကို အရိပ်တကြည့်ကြည့် သိပ် ဂရုစိုက်နိုင်တာပဲ၊ သားကနေ လိုတာကူညီလိုက် စောင့် ရှောက်လိုက်၊ သူ့ကို ကြည့်ရတာ သားသိပ်သဘောကျတာ ပဲ၊ ကိုယ့်အမေရဲ့ ကောင်းကျိုးချမ်းသာကို လိုလားစောင့် ရှောက်ပေးနေတာ သိပ်လည်း ကျေးဇူးတင်တာပဲ၊ သားက မြင်ရတာ သူက မေမေ့ အတွက် အရိပ်အာဝါသတစ်ခုလို ဖြစ်နေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ မေမေ လမ်းခွဲတာလည်း ဆယ်နှစ်ရှိပြီ၊ ဘယ်တော့မှလဲ ပြန်ပြီး မပေါင်းစည်းမဲ့တူတူ ... အရိပ် အာဝါသတစ်ခုကို ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောပဲ ဖြစ်ဖြစ် ... ဘဝအတွက် အဖော်သဟဲ သဘောပဲ ဖြစ်ဖြစ် မေမေလိုအပ်တယ် ထင်ရင် သူ့ကို ရွေးသင့်တယ်၊ အန် ကယ်နေရောင်ကတော့ မေမေ့ကို သိပ်ချစ်တာ မျက်လုံး တွေ ကြည့်တာနဲ့ သိသာနေတာပဲ၊ မေမေ့ စိတ်ကိုသာ မသိတာ"

"မေမေက သားလေးကိုပဲ ချစ်တာ၊ မေမေ့ ဘဝမှာ ဘာ ကိစ္စမျိုးပဲ ကြုံကြုံ သားလေးကို ထည့်မစဉ်းစားဘဲ မလုပ် နိုင်ဘူး"

"သားလည်း တစ်နေ့ မိန်းမရသွားမှာနော် မေမေ၊ သား ကလည်း မိန်းမယူဖို့ စဉ်းစားရမှာတောင် မေမေ့ကိုသနား လို့ မစဉ်းစားရဲအောင်ပဲ၊ ဒါပေမဲ့ ... သား တွေးကြည့် တာလေ မေမေက သိပ်နုနယ် အရွယ်တင်သေးတယ်၊ ဟို စိန်ဘာဘူကုလားလို ရိုသဲ့သဲ့ လုပ်ချင်တဲ့ လူမျိုးတွေ ရှိတာလည်း သဘောမကျပါဘူး၊ ဒါကြောင့် ... သားက တော့ မေမေ့ကို အန်ကယ်နေရောင်နဲ့ အရမ်းသဘောတူ နေတာပဲ၊ တကယ်တူတာ၊ သူက လုံးဝလူကြီးလူကောင်း သိပ်ဣန္ဒြေရတယ်၊ သားသဘောကျလို့ မေမေ့ကို ဆွေးနွေး တာ၊ မေမေ လက်ခံနိုင်ရင် ထည့်စဉ်းစားပါဦး"





သားစကားတွေကြောင့် မိုးမမ အိပ်ရေးပင် ပျက်ခဲ့ ရသည်။ သူ့ထံမှာ သံယောဇဉ်ရိပ် တစ်စွန်းတစ်စ ပေါ်လွင်မိလို့ များ အမေကို ချစ်လှတဲ့သားလေးဟာ အခြေပြောရခက်နေသလား အလိုက်သိတဲ့သဘော လမ်းခင်းပေးတာလား။ တကယ်ပဲ သူ ဦးနေရောင်ကို သီးသန့် ခင်မင်သဘောကျတာလား မိုးမမ မတွေးနိုင်ပါ။

ဘယ်လိုပင် ဖြစ်စေ တစ်ခုလပ် မိန်းမခပ်လှလှ တစ်ယောက်ရဲ့ ပတ်ဝန်းကျင်က အန္တရာယ်တွေ၊ မျက်လုံးတွေ၊ စကားတွေကို စက်ဆုပ်ရင်မောနေရသော မိုးမမဟာ သူကိုယ်တိုင် ကိုက ညွှတ်နူးအားကိုး သံယောဇဉ်တွေ ပြိုနေမိပြီဖြစ်သော ဦးနေရောင် အပေါ် သားရဲ့ခွင့်ပြုစကားကြောင့် လက်ခံခေါင်းညိတ် ဖြစ်ခဲ့ပါသည်။

ခေါင်းညိတ်လိုက်တာ တစ်ခုပဲ ထူးခြားပြီး သူတို့ ရဲ့ ဆက်ဆံရေးဟာ အရင်လိုပါပင်။ အလျှင်စလို လက်ထပ်ကြ ဖို့ကိုလည်း မိုးမမက ရှက်ရွံ့နေပါသေးသည်။ ကိုယ်ဟာ ဘယ် လောက်ပဲ နုနယ်အရွယ်တင်တင် အသက်နှစ်ဆယ်ကျော် သား တစ်ယောက်ရဲ့အမေ။ အသက်လေးဆယ်ရွယ် မိန်းမတစ်ယောက်။

အသက်ဆယ့်ရှစ်နှစ်ရွယ် သားဖေဖေနှင့် ခိုးရာလိုက် ပြေးစဉ်ကလို ရင်ခုန်ဖိုလှိုက်ခြင်း မရှိတာ မှန်ပေမဲ့ တည်ငြိမ် ချမ်းမြေ့စွာ တွယ်တာကြည်ညိုပါသည်။ ဦးနေရောင်ဟာ မိုးမမ အတွက် အဖော်ကောင်း အဖော်မွန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မ, ဘာတွေ စဉ်းစားနေလဲ၊ ကိုယ် မေးနေတယ်လေ၊ သိပ်သိပ်လျှောက်တွေးမနေပါနဲ့ မ,ရယ်၊ မ,ဆိုးရိမ်သလောက်လည်း ဟုတ်ချင်မှ ဟုတ်ဦးမှာပါ၊ ကောင်းက ရည်းစားနှစ်ယောက်တောင် ထားဖူး ပြတ်ဖူးတယ်ဆို"

"ခုဟာက အဲဒီတုန်းက ရည်းစားထားသလို ဟုတ်ပုံမရဘူး"

"စောင့်ကြည့်ပါဦး မ,ရယ်၊ ဟုတ်နေရင်လည်း ဆွေးနွေးလို့ ရပါသေးတယ်၊ ကောင်းက အင်မတန် လိမ္မာသိမ်မွေ့တဲ့ ကလေးပဲ"

မိုးမမသည် ရုတ်ချည်း မျက်ရည်လည်လာကာ ...

"အဲလို လိမ္မာပြီး အမေကိုချစ် အမေကို ညာတာများလည်း လို့လည်း မင်း ဒီကလေးအမေကို ဖြတ်လို့ မ,ပြောမထွက်ဘူး ကိုနေရောင်"

"သားက ဖွင့်မပြောသေးဘူးမို့လား၊ သူရည်ရွယ်ချင်မှ ရည်ရွယ်ထားမှာပါ၊ သံယောဇဉ်ဆိုတာကတော့ ဖြစ်တတ်တာပဲလေ၊ သူလည်း သေချာတော့ စဉ်းစားချင့်ချိန်ဦးမှာပါ"

"သားက ဘာမှ မပြောသေးပေမဲ့ မိန်းကလေးဘက်က ပြောသွားတဲ့ စကားတွေက အရှင်းကြီးပဲ ... သားကိုတောင် မိုက်ရူးရဲ ဆန်ချင်တယ်လို့ ပြောသွားသေးတယ်၊ ကွာခြား





မှုတွေ ဘာတွေလဲ ထည့်ပြောသွားတယ် ... သားကြည့်ရတာ ဆုံးဖြတ်ပြီးနေပါပြီ၊ ဟိုကလေးလေးကို ချီသွားတဲ့ ပုံကလည်း သိပ်ရင်းနှီးတာပဲ၊ သူက အ ... အမေကျနေတာပဲ"

မိုးမမက ပြောရင်း ဆို့နင့်လာကာ ငိုချလိုက်ပါသည်။

"ဩော် ... မ,ရယ်၊ စဉ်းစားဖြေရှင်းကြသေးတာပေါ့ကွယ် မငိုပါနဲ့၊ စိတ်ချမ်းသာအောင် နေပါဆိုတာ ဒါချည်းတွေးနေလို့ ဘယ်စိတ်ချမ်းသာပါတော့မလဲ"

"မ,ကို ရွှေတောင်တန်းလမ်း ခဏပို့ပေးပါ ကိုနေရောင်"

မိုးမမက မျက်ရည်တွေသုတ်ကာ ဆိုသည်။

"အလုပ်ကိစ္စတွေ ထားစမ်းပါကွယ်၊ ဆရာဝန် ဘာပြောလိုက်လဲ မ,ရယ်"

"အလုပ်ကိစ္စ မဟုတ်ပါဘူး၊ မ, ဖိုးအောင်နဲ့ တွေ့ချင်တယ်၊ ဖိုးအောင် အသိဆုံးဖြစ်မယ်၊ ဖိုးအောင်က သားနဲ့နီစ္စရှူဝ အတူတူရှိတာ"

ဦးနေရောင်က ဘာမှ မပြောတော့ဘဲ မိုးမမ အလိုကျ ရွှေတောင်တန်းလမ်းကို ကားမောင်းလာခဲ့ပါသည်။ ဖိုးအောင်တို့တိုက်ရဲ့ အောက်မှာပင် ဖိုးအောင်က ရွယ်တူလူငယ်တစ်ယောက်နှင့် စကားရပ်ပြောနေတာ အခန့်သင့် တွေ့ရပါသည်။

"ဟာ ... အန်တီမ,၊ ဘယ်ကိုလာတာလဲ"

www.burmeseclassic.com



ညဘက် ခုနစ်နာရီခွဲ ရှစ်နာရီမှာ သူ့အိမ်ရောက်လာ၍ ဖိုးအောင် ကြည့်ရသည်မှာ လန့်သွားပုံ ရပါသည်။

"အန်တီ ဆေးခန်းလာပြတာပါ၊ ဆေးခန်းကအပြန် သားဆီဝင်လာတာ"

"အန်တီမ, နေမကောင်းဘူးလား"

"နေကောင်းပါတယ်၊ ထူးထူးထွေထွေ ဘာမှ မဖြစ်ပါဘူး၊ လူနည်းနည်း အားနည်းနေတာပါ သားရယ်"

ကောင်းရဲ့ မွေးနေ့ညက မိုးမမ အိမ်ထဲ ဒယီးဒယိုင် ပြန်ဝင်သွားတာကို ကောင်း ဂရုမပြုမိလိုက်ပေမဲ့ ဖိုးအောင်တို့ဝိုင်းကတော့ ဆောင့်ကြည့်နေသူတွေမို့ သိလိုက်ကြပါသည်။ အန်တီမမျက်နှာက ပျက်ယွင်းသွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ပင် ဖြစ်နေတာမို့ ဘာများဖြစ်သလဲ ... တစ်ခုခုဆို သိရအောင် သူတို့အိမ်ထဲ လိုက်ဝင်လာကြပါသေးသည်။

ထိုအိမ်ကြီးမှာ ခြံထဲ အဆင်းအတက် လုပ်သည့် တံခါးပေါင်း များစွာရှိရာ ဖိုးအောင်တို့ကလည်း ထမင်းစားခန်း အပြင်ဘက်ထွက်တဲ့ တံခါးမှ ဝင်ခဲ့မိကြ၍ အိမ်ထဲရောက်သည်နှင့် အန်တီမရဲ့ တဝေါ်ဝေါ် ထိုးအန်နေသံကြီးကို ကြားလိုက်ကြရပါသည်။

ဦးနေရောင်ရော အိမ်က အလုပ်သမား အိမ်သားအားလုံးရော ထမင်းစားခန်းဝမှ တအံ့တဩ စိုးရိမ်တကြီး ရပ်





ကြည့်နေကြကာ ရပ်ကြည့်တဲ့ အုပ်စုထဲ ဖိုးအောင်တို့ပါ ကယောင်ကတန်း ပါဝင်နေပါသည်။ စိတ်အနှောင့်အယှက်ဖြစ်ပြီး မူးနောက်ပျို့အန်သွားတာပဲဆိုတာ မေးစရာမလိုဘဲ ဖိုးအောင်တို့ သိသည်။

အန်ပြီး ထွက်လာသော အန်တီမသည် မျက်နှာနီရဲကာ မျက်ရည် နှာရည်တွေကို တစ်ရှူးနှင့်သုတ်ရင်း ဖိုးအောင်တို့ကို မြင်လျှင် မျက်ခုံးတွန့်ကာ ...

"သားတို့ ...၊ ကောင်းကို သွားပြောမနေကြနဲ့နော်၊ အန်တီ ဘာမှ မဖြစ်ဘူး၊ လေနည်းနည်းခံသွားတယ် ထင်တယ်၊ သူ အလကား စိတ်ပူနေဦးမယ် ... ဘာမှ ပြောမနေနဲ့ ကြားလား၊ အတင့် ... မှာစမ်း၊ သူတို့ကို သေချာမှာစမ်း၊ မောလိုက်တာ"

ဖိုးအောင်တို့ အုပ်စုနှင့် အင်မတန် ရင်းနှီးလှတဲ့ အန်တီတင့်က သူတို့ကို မျက်နှာထိ မျက်နှာထားနှင့်ကို တားမြစ်ပိတ်ပင်တာပင်။ ကောင်းကို လုံးဝမပြောရ ... ခုလည်းမပြောရ၊ နောက်လည်းမပြောရ။ သူတို့ကလည်း ကတိပေးလိုက်ကာ ပေးတဲ့အတိုင်းလည်း ကောင်းကို ပြန်မပြောကြတော့ပါ။

မှုံ့ဝတ်ပြာနှင့် စကားပြောအပြီး စိတ်နောက်ကျိထိခိုက်ကာ ပြေးအန်သည်ဆိုတာ သိရင် ကောင်းလည်း စိတ်မကောင်း ဖြစ်ရုံပဲ ရှိတာပင်။ ကောင်းနှင့် အလုပ်မှာ ဆုံနေသော်လည်း ဒီနေ့ထိ ဖိုးအောင် မပြော။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမ, ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အေး ... ဖိုးအောင်ရယ်၊ အန်တီ သားနဲ့ စကားနည်းနည်း ပြောချင်တာ"

"အိမ်ပေါ်တက်လေ အန်တီမ,"

"အိမ်ပေါ် မတက်တော့ပါဘူးကွယ်၊ သားမိဘတွေလည်း ရှိနေတော့ အန်တီ ပြောရဆိုရ မလွတ်လပ်ပါဘူးကွယ်၊ ဒီနားပဲ ပြောရအောင်ပါ"

"ဒါဖြင့် ပြောပါ အန်တီမ, ... အန်တီမ ဘာပြောချင်လို့လဲ"

"သား သိမှာပါကွယ်၊ အန်တီ ကောင်း အကြောင်း သိချင်တာပါ"

ဖိုးအောင်က ခေါင်းငုံ့သွားကာ ...

"ကျွန်တော် ဘာပြောရမလဲ အန်တီမ"

"အန်တီ မမေးတတ်ပါဘူး၊ သားသိတာ သားပြောနိုင်တာသာ ပြောပြပါ"

"ကောင်း ပြောမပြသေးဘူးလား"

"သူ ဘာမှ မပြောသေးဘူး၊ အဲဒီနေ့ကလည်း သူက မိတ်ဆက်ပေးရုံလေးပဲ၊ မိန်းကလေးဆီကသာ တစ်စွန်းတစ်စ ရိပ်မိရတာ၊ သား သိထားတာ အန်တီလည်း သိပါရစေ၊ ဘာမှ ရေရေရာရာ မသိသေးပါဘူးကွယ်"





"ကျွန်တော် သိသလောက် ပြောပြပါမယ်၊ ကျွန်တော်လည်း အားလုံး အသေးစိတ်တော့ မသိဘူး အန်တီမ,ရယ်၊ ကောင်းက မတိုင်ပင်ဘူး၊ လွန်ခဲ့တဲ့ သုံးလကျော်က ဟိုချာတိတ်ကို ကောင်း ကားနဲ့ လမ်းမှာဝင်တိုးမိတယ်၊ ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ ကလေးက လေးငါးရက်တော့ လမ်းမလျှောက်နိုင်ဘူး ဖြစ်သွားတယ်၊ အဲဒီတုန်းက ကလေးတစ်ယောက်ကို သူ့ကားနဲ့တိုးမိတာ၊ နောက်ရက်တွေ သူ ဆေးခန်းသွားဆက်ပြလေးနေတာ ... ဒါပဲ သိထားပါတယ်၊ တခြား ဘာမှမသိပါဘူး ... လွန်ခဲ့တဲ့ တစ်လကျော်ကမှ ...

ကျွန်တော်တို့ Snack Bar မှာ လူလိုနေတာ သူ ခန့်မယ်ဆိုပြီး မမှုဝတ်ပြာကို သူ ခန့်လိုက်ပါတယ်၊ မမှုဝတ်ပြာ အလုပ်ဝင်နေရင်းကမှ တဖြည်းဖြည်း သူ့ကားနဲ့ တိုးမိတဲ့ ကလေးရဲ့အမေ ဆိုတာ စကားတွေထဲက သိလာရတယ်"

"သူ အလုပ်ဝင်တာ တစ်လကျော်ပဲ ရှိသေးတာပေါ့"

"ဟုတ်ကဲ့"

"အလုပ်ဝင်တော့ သူတို့ ကြိုက်နေကြပြီလား"

"အတိအကျတော့ ကျွန်တော်လည်း မသိဘူး၊ ဒါပေမဲ့ သူတို့ပုံစံကတော့ တအားကို ငြိတွယ်နေကြတယ်၊ အပြန်အလှန် အရမ်းကို ကြင်နာသံယောဇဉ်ကြီးနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံ မြင်ရလို့ ကျွန်တော် သိပ်ဘဝင်မကျလို့ ဒီကောင့်ကို အစ်မေးလိုက် ချော့မေးလိုက် မေးကြည့်ရတာ"

"ဒီတော့ ... !"

"ဒီတော့ ကောင်းက သူ ငြိနေတာ ဝန်ခံတယ်"

"သူ့ပါးစပ်က ဘယ်လိုသုံးနှုန်းသလဲ သား၊ ငါနဲ့ငြိနေတယ်ဆိုတဲ့ စကားလုံးကို ပြောတာလား၊ စကားလုံး အတိအကျက ဘယ်လိုလဲ ..."

"စကားလုံး အတိအကျကတော့ ... ဟုတ်တယ် ... မမကို ငါ သိပ်ချစ်နေပြီတဲ့"

မိုးမမသည် ယိုင်ချင်သလိုဖြစ်ကာ ကားကို မှီထားရပါသည်။

"ငြိတယ် ဆိုတာက ကျွန်တော်တို့ အသုံးအနှုန်းနဲ့ အလွယ်ပြောလိုက်တာပါ၊ သူပြောတာက ချစ်နေပြီလို့ ပြောတာပါ၊ အဲဒီမှာ ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော် ကောင်းကို နှမြောတယ်၊ ဒီမိန်းမက အသက်သုံးဆယ်ရှိပြီ၊ သူ့ကလေးက ရှစ်နှစ်ရှိပြီ၊ သုံးတန်းတောင် တက်နေပြီ၊ ကောင်းတို့ ကျွန်တော်တို့ ဆိုတာ စိတ်ကူးယဉ်ဘုန်း စိတ်ကစားတုန်း အရွယ်ပါ အန်ကယ်"

"ကောင်းကတော့ စိတ်ကစားတာ မဖြစ်နိုင်ဘူးလား မောင်ဖိုးအောင်"

ဦးနေရောင်က တစ်ခွန်း ဝင်မေးလိုက်ပါသည်။





"စိတ်ကစားတာတော့ မကတော့ဘူး အန်ကယ်ရ၊ ကျွန်တော် လက်သင့်မခံနိုင်လွန်းလို့ မျိုးစုံမေးပြီးပြီ၊ ကောင်းကလည်း တကယ့်အချစ်လို့ သူ့ကိုယ်သူ ဆိုတယ်၊ ဟိုအမျိုးသမီးကလည်း သူ့ကို တစ်ခါမှ မချစ်ဖူးတဲ့ ပုံစံနဲ့ ချစ်တာတဲ့"

"ဒါ ... မုံဝတ်ပြာ ပြောတာလား"

"ဟင့်အင်း ... ကောင်း ပြောတာ၊ ကျွန်တော် ဒီအမျိုးသမီးကို ကောင်း အချစ်ကို လက်ခံတဲ့အတွက် သဘောမကျလို့ စကား ဟက်ဟက်ပက်ပက် မပြောဖူးပါဘူး၊ နည်းနည်းပါးပါးပဲ မပြောမဖြစ် ပြောဖူးတယ်၊ နောက်ပိုင်း သူတို့နှစ်ယောက်က Snack Bar ကို သူတို့ တွေ့နေကျနေရာ လုပ်ထားတော့ ကျွန်တော် မြင်နေရမှာစိုးလို့ အဲဒီဆိုင်တောင် သိပ်မသွားဘူး၊ မြို့ထဲက တီဗီဆိုင်မှာပဲ အထိုင်များတယ်၊ ဟိုဆိုင်ကို ကောင်းပဲ သွားတာများတယ် ..."

ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲ ဆက်ဆံရင် ကောင်း သူငယ်ချင်းတွေလည်း သဘောတူတယ် ကျေနပ်တယ် ထင်မှာစိုးလို့ ကျွန်တော် အရောကို မဝင်မိဘူး၊ အန်တီမ, မပြောနဲ့ ... ကျွန်တော်တောင် လက်သင့်မခံနိုင်အောင်ပဲ၊ တော်တော် စိတ်ပျက်တယ်"

ဖိုးအောင်သည် တကယ်ပဲ ရှုံ့မဲ့လို့ အတော်စိတ်ပျက်နေပုံ ပေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမှုဝတ်ပြာက အေးပါတယ်၊ နူးနူးညံ့ညံ့ပဲ၊ ကလက်တာမျိုးတွေ ဘာတွေလဲ မရှိဘူး၊ စိတ်ရင်းလည်း ဆိုးလှပုံတော့ မပေါ်ဘူး၊ သူ့တစ်ကိုယ်ရည် ကောင်းပုံရပါတယ်၊ ကျွန်တော် သဘောမကျတာက သူက ဆိုးနေလို့လည်း မဟုတ်ဘူး၊ မအပ်စပ်ဘူး ... မဖြစ်ထိုက်ဘူး ထင်လို့ ...

နောက် ... ကောင်းကို အချိန်တိုနဲ့ လက်ခံလိုက်တာကိုလည်း မကြိုက်ဘူး၊ ကားတိုက်မိတာမှ ခုမှ သုံးလကျော်တာ၊ ဒီကြားထဲ ပျိုးရဦးမယ်၊ သူ လက်ခံဖို့ စဉ်းစားဖို့ အချိန်ဆွဲရမှာတွေ ရှိသေးတယ်၊ ဒါတွေဟာ သုံးလ မပြည့်ခင် နှစ်လလောက်အတွင်း ဖြစ်သွားတာ၊ မြန်လွန်းတယ်"

မိုးမမသည် မျက်လုံးလေးဝိုင်း၍ ဖိုးအောင် ပြောသမျှကို အံ့အားတသင့် နားစိုက်နေပါသည်။

"အဲဒါနဲ့ ကျွန်တော် မနေနိုင် မထိုင်နိုင် တစ်ခွန်း ဝေဖန်ဖူးတယ်၊ မင်း အမျိုးသမီးကလည်း ဟုတ်ကော ဟုတ်ရဲ့လားကွာလို့ ... ဖြတ်ခနဲ ကောက်လက်ခံလိုက်တာ ကလေးအမေတစ်ယောက် အနေနဲ့ လွယ်လွန်းအားကြီးတယ်လို့၊ အဲဒီတုန်းက ကျွန်တော့်ကို ကောင်း တအားဒေါကန်တယ်_

သူငယ်ချင်းချင်း တစ်ခါမှ မသုံးဖူးတဲ့ အသုံးအနှုန်းတွေနဲ့ ပြောတာ၊ မမှုဝတ်ပြာကို ဒီလို ဘယ်တော့





မပြောဖို့၊ အတော် ဆတ်ဆတ်ခါတာ၊ ကျွန်တော်ကလည်း သူ့ကို ချစ်လို့ နမြောလို့ ဒီလိုပြောမိတာ၊ သူ ဒီလောက်ဖြစ်တော့ စိတ်လည်း ခုမိတယ်၊ ငါ နောက် ဒီကိစ္စနဲ့ပတ်သက်ရင် ဘာမှ မပါတော့ဘူးလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်လိုက်တယ်၊ ဝင်မပါဘူး၊ အဲဒီဆိုင်ကိုလည်း မသွားဘူး၊ လွတ်အောင်နေနေတယ် အန်တီ၊ ကျွန်တော် ဖျက်လို့တော့ မရဘူး ဆိုတာလည်း သိသွားတယ်၊ ကောင်းကို မေတ္တာမပျက်ဘူး ... အဖြစ်အပျက် အပေါ်မှာ မေတ္တာပျက်လွန်းလို့ စိတ်ပျက်လွန်းလို့ ဝင်မပါတော့ဘူး အန်တီ"

"သားရယ် ... ကောင်းကို လုံးဝကြီးတော့ ပစ်မထားပါနဲ့၊ ဖြစ်ချင်ရာဖြစ် မထားပါနဲ့နော်၊ ဝိုင်းကြည့်ပေးပါ၊ အန်တီလည်း ဘာလုပ်ရမှန်း မသိလောက်အောင် ရင်တွေပူထူနေလို့ပါ"

မိုးမမက မျက်ရည်တလည်လည်နှင့် ဖိုးအောင်လက်ကို ကိုင်လှုပ်ကာ တောင်းတောင်းပန်ပန် ဆိုနေပါသည်။

"အဲဒီနေ့က အန်တီမ,ကို ဖွင့်ပြောမလို့ ထင်တာ"

"ကြည့်ရတာ မင်းတို့သူငယ်ချင်း ကောင်း ကိုယ်တိုင်က မပြတ်သားသေးဘူး ထင်ပါရဲ့ကွာ၊ ဒါကြောင့် စကားမကျွံအောင် မပြောသေးလားမှ မသိတာ"

"မထင်ဘူး အန်ကယ်၊ ကျွန်တော့်ကို ကောင်းက ..."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်က စကားမဆက်ဘဲ ငြိမ်နေသည်။

“ကောင်းက ဘာပြောလဲ သား”

“မမွဲ့ဝတ်ပြာကို သူ လက်ထပ်မယ်၊ မမွဲ့ဝတ်ပြာ ဘဝကို သူ စောင့်ရှောက်မယ်လို့ ပြောတယ် အန်တီ၊ ကျွန်တော် သဘောမတူမှန်းသိတော့ သူ ကျွန်တော့်ကိုလည်း သိပ် များများစားစား မပြောဘူး၊ လျှို့လျှို့ဝှက်ဝှက်ပဲ။ ကျွန်တော် တစ်ခုတော့ စိုးရိမ်တယ် အန်ကယ်ရာ၊ သူတို့ ဘယ်သူ့မှ မတိုင်ပင်ဘဲ လက်မှတ်ထိုး လက်ထပ်လိုက်မှာ မျိုးပဲ”

မိုးမမသည် ဆောက်တည်ရာမရ ကြံရာမရသော ကယောင်ကတန်း ဟန်ကလေးနှင့် ဦးနေရောင်ကို အားကိုးတကြီး မော့ကြည့်လိုက်ပါသည်။

“အဲ … အဲသလိုများ လုပ်ပြီးလောက်ပြီလားဟင် … ကိုနေရောင်”

“စိတ်အေးအေးထားပါ မ,ရယ်၊ ကောင်း ဒီလောက်တော့ မိုက်မယ် မထင်ပါဘူး၊ ဘာမှ မလုပ်လောက်သေးပါဘူး၊ တစ်ခုခု ဖွတ်လုပ်မယ်ဆိုတောင် မ,ကို အသိတော့ပေးမှာ ပါ၊ မ,ကို ကောင်းက ဒီလောက်ချစ်တာ”

“စိတ်မအေးနိုင်ပါဘူး ကိုနေရောင်ရယ်၊ သူ သိပ်စွဲလမ်းနေ တယ် ထင်တယ်၊ ဒုက္ခပဲ …၊ သား တကယ်ပဲ သိပ်ချစ်





တယ်ဆိုရင်လည်း သားစိတ်ဆင်းရဲ အသည်းကွဲမှာလည်း မ,စိုးရိမ်သေးတယ်၊ ဒုက္ခပါပဲ၊ ဒီမိန်းမကို သားဆီရောက် အောင် ကုသိုလ်ကံက ဘယ်လိုများ ပို့လိုက်ရတာလဲ”

မိုးမမက တုန်တုန်ယင်ယင် ပြောရင်း မျက်လုံးအိမ် ထောင့်စွန်းမှ မျက်ရည်ကို လက်ကိုင်ပဝါလေး စုချွန်၍ တို့သုတ် နေပါသည်။

“ကျွန်တော့် သူငယ်ချင်းတွေထဲကကော ကျေနပ်အားပေးတာ ရှိလား”

“ကျွန်တော့်ကောင်တွေ ဘာမှ မသိပါဘူး၊ မွေးနေ့က ကျွန် တော်ပြောပြမှ သိကုန်ကြတာ အန်ကယ်၊ ဘယ်သူမှတော့ အားပေးမှာ မဟုတ်ဘူး၊ အားပေးစရာလို့လည်း ကျွန်တော် မထင်ဘူး၊ ဖျက်ကိုဖျက်ရမဲ့ ကိစ္စပါ”

“အေး … မင်းတို့ အန်တီ လိုအပ်တာရှိလာရင်လည်း ဝိုင်းကူညီပေးကြပါဦး”

“စိတ်ချပါ အန်ကယ်”

ဖိုးအောင်က မျက်နှာလေး မှုန်မှုန်နှင့် ခေါင်းညိတ် သည်။ ထိုမျက်နှာလေးကို ကြည့်ကာ မိုးမမက ကောင်း အဖြစ် ကို မကျေမချမ်း ယူကျုံးမရ ဖြစ်မိပါသည်။ သူမရဲ့ သားကလေးမှာ မှ ဤကိစ္စက လာရောက်ကပ်ငြိရသည်လို့ …။

(၅)



www.burmeseclassic.com

www.burmeseclassic.com



## ၄

မှုံ့ဝတ်ပြာသည် ကောင်တာမှာ ထိုင်နေရာက ရှေ့နားက စားပွဲမှာ သူငယ်ချင်းနှစ်ယောက်နှင့် သွားထိုင်စကားပြောနေသော ထက်ကောင်းကင်ကို လှမ်း၍ ငေးကြည့်နေမိပါသည်။ အရပ်ကရှည့်ရှည် ထွားထွားကျိုင်းကျိုင်းနှင့် မျက်နှာကလေးက နုဖတ်နေသော ဤသူငယ်လေးကို သူမ မနှစ်ရက်တာ အမှန်ပါ။

ဒါပေမဲ့ ကောင်းကို မှုံ့ဝတ်ပြာ ချစ်သည်။ လျှပ်တစ်ပြက် ဘယ်လိုဖြစ်မှန်းမသိ ချစ်သွားတာ။ သူကလေးကလည်း နူးညံ့ဖြူစင် လိမ္မာယဉ်ကျေးကာ သိပ်ကို ချစ်ဖို့ကောင်းတာ။ သူ့အမေ ဒေါ်မိုးမမ တစ်ယောက်များဖြင့် ဘယ်လောက်တောင် အသည်းဆတ်ဆတ်တုန် ချစ်ရှာလိမ့်မလဲ။

"အစ်မ _ စားပွဲငါးက ရှင်းမယ်"





စားပွဲထိုးကောင်ကလေး လာပြော၍ မှာကြားသမျှကို သူ ကွန်ပျူတာ၌ ထည့်သွင်းမှတ်သားထားသမျှ တွက်ချက်၍ ခလုတ်နှိပ်လိုက်ပါသည်။ တဂျစ်ဂျစ်မြည်သံနှင့် ငွေရှင်းတမ်းစာရွက်လေး ထွက်လာသည်ကို ဆုတ်ကာ ပေးလိုက်ရင်း ...

"နှစ်ထောင့်နှစ်ရာ့ခြောက်ဆယ်"

နှုတ်ကပါ ပြောလိုက်ပါသည်။ စားပွဲထိုးလေးက ငွေရှင်းတမ်းလေးကို စတီးလင်ပန်းငယ်ပေါ်တင်ပြီး စားပွဲနံပါတ်ငါးဆီ သွားပို့ပါသည်။ ငွေရှင်းပြီး ထ,ထွက်သွားသော စုံတွဲလေးကို မှုံ့ဝတ်ပြာ လိုက်ကြည့်နေမိသည်။

"ရော့ ... မအမ်းရတော့ဘူး ... အစ်မ"

စားပွဲထိုးလေးက ငွေနှစ်ထောင့်ငါးရာ လာပေးပါသည်။ ဆိုင်မှာ လာစားသောက်သည့်သူတွေ အအမ်းမယူတော့ဘဲ တစ်ပ်ပေးသွားကြတာတွေကို ဆိုင်က ဝန်ထမ်းအားလုံး အညီအမျှ ပြန်ခွဲဝေကာ လစာအပြင် အပိုရကြပါသည်။

ဒီဆိုင်ကလေးဟာ ချစ်သူစုံတွဲတွေ အလာများသော ဆိုင်လေး ဖြစ်ပါသည်။ ကောင်လေးတွေဟာ ချစ်သူကောင်မလေးအရှေ့မှာ ငွေဟာ အရေးမပါလှသလိုလို စတိုင်ထုတ်၍ ဖြစ်စေ၊ စားပွဲထိုးလေးတွေကို ကြင်နာသနားကာ သောက်ဆေးမုန့်ဖိုးပေးသည့် စတိုင်မျိုးထုတ်၍ဖြစ်စေ၊ တစ်ပ်ကို အလွယ်တကူ ဖောဖောသီသီ ပေးသွားတတ်ကြပါသည်။

www.burmeseclassic.com



ယောကျ်ားတွေဟာ မရခင်သာ သူ့ချစ်သူမိန်းကလေး အထင်ကြီးအောင် ပြုမူနေထိုင်တတ်ကြပြီး ရပြီးသွားတော့လည်း အထင်သေးစရာပဲဖြစ်ဖြစ် ပြုမူဖို့ ဝန်မလေးတတ်ကြတော့ပြန်ဟု မှုံဝတ်ပြာ မှတ်ချက်ချမိသည်။

သားရဲ့ဖေဖေ ကိုနိုင်ရဲဟာ ရည်းစားဘဝက မှုံဝတ်ပြာကို ချိုသာယုယ၍ နူးနူးညံ့ညံ့ ညင်ညင်သာသာ အထင်ကြီးစရာ လူတစ်ယောက်ပါပဲ။ ရပြီးသွားတဲ့နောက် နှစ်အနည်းငယ် အတွင်းမှာပင် အကျီတစ်ထည်ကို ပြောင်းပြန်လှန် ခေါက်လိုက်သလို လုံးဝဆန့်ကျင်ခြားနားစွာ ခေါက်ရိုးကျိုးသွားလေသည်။

"နိုင်ရဲဟာ နှင့်ကိုရပြီးရင် နှိပ်စက်မှာနော်" လို့ ရည်းစားဘဝက တစ်စုံတစ်ယောက်ကများ ပြောလာခဲ့မည်ဆိုလျှင် မှုံဝတ်ပြာက ဟာသတစ်ခုလို မယုံမကြည် ရယ်သွမ်းသွေးပစ်လိုက်မိမည် သေချာပါသည်။ နောက်ဆုံးကျတော့ အံ့သြစရာပဲ။

"အစ်မ ... စားပွဲနံပါတ်လေး၊ ဆလာမီနှစ်ပွဲ၊ ချောကလက်မစ်လ်ခ်ရှိတ်ခ် နှစ်ခွက်"

"အင်း ... အင်း ..."

စားပွဲထိုးတစ်ယောက် လာပြောတာကို မှုံဝတ်ပြာက စာရင်းသွင်းထားလိုက်ပါသည်။ သူ့အလုပ်ဟာ ဘာမှမပင်ပန်းရ ကောင်တာမှာ ကြွကြွရွရွလေး ထိုင်၍ လာသမျှ စာရင်းမှတ် စာရင်းတွက်၊ ရှင်းတမ်းထုတ်ပေးကာ လာပေးသည့်ငွေ အံဆွဲထဲ သိမ်းရုံပင်။





အလုပ်ချိန် အနေနဲ့လည်း ကောင်းက သူ့ကို အထူးအခွင့်အရေးအဖြစ် မနက်ဆိုင်ဖွင့် ကိုးနာရီကနေ ညနေ သားစည်သူ ကျောင်းဆင်းချိန် သုံးနာရီအထိသာ သတ်မှတ်ထားပါသည်။

ဟိုအရင် သူ့နေရာမှာလုပ်သည့် အမျိုးသမီးဟာ ညနေငါးနာရီမှ အလုပ်ချိန် တာဝန်ယူရတာ ဆိုင်ကကောင်လေး တွေထံမှ မှုံဝတ်ပြာ ပြန်သိရသည်။ ညဆိုင်မပိတ်ခင်ထိ ညနေပိုင်း လူကတော့ ယောကျ်ားတစ်ယောက် ဖြစ်သည်။

နံနက်ကိုးနာရီမှ ညနေသုံးနာရီအထိ ကောင်တာမှာ ထိုင်နေရသည့်အတွက် ကောင်းက သူ့ကို လခနှစ်သောင်း ပေးထားပါသည်။ တခြားလူတွေ လခဘယ်လောက်ရလဲ မှုံဝတ်ပြာ မသိ။ တစ်ပိုင်တွေ ပြန်ခွဲဝေတာနှင့်ဆိုလျှင် နှစ်သောင်းခြောက်ထောင်လောက် ရပါသည်။

ဤငွေဟာ သုံးစွဲတတ်သော မှုံဝတ်ပြာ အတွက် ပိုလျှံသည်။ ဒီအရင်က မှုံဝတ်ပြာ နောက်ဆုံးလုပ်ခဲ့သော အလုပ် ကုန်ကုမ္ပဏီမှာ လခတစ်သောင်းခွဲသာ ပုံမှန်ရပါသည်။ ဤတစ်သောင်းခွဲကိုလည်း မှုံဝတ်ပြာ လောက်အောင် သုံးနိုင်ခဲ့သည်။

ကိုနိုင်ရဲ ရှိတုန်းက သူလည်း အလုပ်တစ်ဖက်။ ကိုယ်လည်း အလုပ်တစ်ဖက်ပေမဲ့ အာမခံချက် မရှိသော သူ့ပွဲစားအလုပ်က ပိုက်ဆံရလျှင် မှုံဝတ်ပြာကို နည်းနည်းပေးကာ ကျန်တာ



www.burmeseclassic.com

www.burmeseclassic.com



သူ သုံးဖြုန်းလိုက်မြဲ။ သူ အလုပ်မဖြစ်တဲ့အခါ ကိုယ့်ထဲက လာဗိုလ်ကျ နိုက်ယူသွားပြန်၍ ကိုယ့်ဟာကိုယ် လောက်ငအောင် တွက်ချက်ထားလို့မရ။

အခုတော့ လခရယ် တစ်ပ်ရယ် ပေါင်းကာ လစဉ်နှစ်သောင်းခွဲ ကျော်တဲ့အပြင် ကောင်းက ဟိုဟာဝယ်ပေး ဒီဟာဝယ်ပေး၊ သားအတွက် အဝတ်အစားတွေ ကစားစရာတွေ ဝယ်လာနှင့် အပိုအလျှံ ကုန်ပေါက် မရှိသလို ဖြစ်နေရာ မွှဝတ်ပြာ အခြေအနေက ငြိမ်းချမ်းနေပါသည်။

ကောင်း ခများ သူ့ကိုမှလာပြီး စွဲလမ်းငြိတွယ်တာဟာ ကံဆိုးတာပဲလို့လည်း မွှဝတ်ပြာ တွေးမိပါသည်။ ကောင်းလို အစစအရာရာ ပြည့်စုံနေတဲ့ ဘဝအနေအထားက အညွန့်တလူလူနှင့် လူပျိုငယ်ကလေးတစ်ယောက်ကို သူသာ အစ်မရင်းဆိုသူ့လို မိန်းမတစ်ယောက်နှင့် ဘယ်လိုမှ သဘောမတူနိုင်ပါ။

ကောင်းရဲ့မေမေ ဘယ်နည်းနှင့်မှ လက်သင့်ခံနိုင်လိမ့်မည်လို့လည်း မွှဝတ်ပြာ မထင်ပါ။ သူကိုယ်တိုင်လည်း လက်ထပ်ဖို့အထိ စဉ်းစားမိလေသလား၊ မစဉ်းစားမိလေသလား သူ့ကိုယ်သူ မသေချာပါ။ လက်မထပ်ရက်တာကတော့ အမှန်ပဲဖြစ်ပါသည်။ ကောင်းဟာ သူ့ထက် အစစအရာရာ အဆဆသာသော မိန်းမပျိုကလေးမျိုးကို ခေါင်းခေါက်ရွေးယူနိုင်တဲ့ လူငယ်ကလေး တစ်ဦးပါ။





"မမဘဝကို တစ်သက်လုံး အေးချမ်းအောင် ကျွန်တော် စောင့်ရှောက်မယ်"

ရိုလှဲ၍ အပြစ်ကင်းစင် နူးညံ့ကာ ရိုးသားလှတဲ့ မျက်ဝန်းလေးနှင့် စူးစူးနက်နက်ကြည့်လျက် သူ ပြောတတ်မြဲ စကားပင်။ အဲဒီအခါ မွှဝတ်ပြာ ရင်ထဲမှာ အားတွေတက်ကာ ငြိမ်းချမ်းအေးမြရတာ အမှန်ပင်။

သူ့ဘဝမှာ အားကိုးစရာရယ်လို့ ရော်ရော်ရမ်းရမ်း ခုန်းဆကြည့်လို့လည်း တစ်ဦးတစ်ယောက်မှ တွေ့စရာလမ်း မမြင်တာ။ ရုတ်တရက် ဘွားခနဲ ကောင်း သူ့ဘဝထဲရောက်လာမှုက မိုးပေါ်က နတ်သားတစ်ပါး အလားပင် ထင်ရပါသည်။

သူ ကောင်းကို ချစ်လှပါသည်။ ချစ်ခဲ့ဖူး အိမ်ထောင်ကျခဲ့ဖူးသူ ဖြစ်ပေမဲ့ သူဟာ ကောင်းကို ကိုယ့်ကိုယ်ကိုယ်ခံအားသင့်လောက်အောင်ပင် လျှပ်တစ်ပြက် ချစ်သွားမိခဲ့ပါသည်။ ဆက်မခံဖို့ သူ့ခေါင်းထဲ တွေးခဲ့ပါသေးသည်။ သို့ပေမဲ့လည်း ဘဝမှာ အရှုံးများ မပြည့်စုံမှုများနှင့် ရင်ဆိုင်အံတုကာ အားငယ်နေရသည့် မိန်းမတစ်ယောက်ဖြစ်သော သူဟာ ခေါင်းကိုမညိတ်ဘဲ တောင့်မခံထားနိုင်မိခဲ့။

အပြန်အလှန် ချစ်ကြပြီးသွားတော့လည်း ကောင်းပါဝင်တဲ့ မိသားစု ဘဝလေးကို သူက မိုက်မဲစွာ စိတ်ကူးယဉ်နေခဲ့ပြန်ပါသည်။ သားစည်သူဟာလည်း ကောင်းကို အလွန်ပင် အားကိုးတကြီး တွယ်တာနေရှာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုံဝတ်ပြာ တွေးမိတွေးရာ တွေးနေဆဲ ကောင်းက သူ့သူငယ်ချင်းတွေနှင့် စကားပြောနေရာက နာရီတစ်ချက်ကြည့်ကာ ...

"မမ ... ခဏနေ သွားမယ်နော် ... အသင့်ပြင်ထား"

မှုံဝတ်ပြာကလည်း နာရီကြည့်လိုက်ရင်း ...

"အချိန်ရပါသေးတယ်၊ ကောင်း အေးအေးဆေးဆေး စကားပြောပါ၊ တို့ဘာသာ ပြန်လိုက်မယ်"

"ပြီးပြီ ...၊ ဒီကောင်တွေ ပြန်တော့မှာ"

ကောင်း သူငယ်ချင်းတွေက ကောင်းကို "ကျလည်း ကျတဲ့ကောင်" ဆိုတဲ့ ဟန်ပန်မျိုးနှင့် ရိုက်ပုတ်ကာ နေရာမှ ထကြသည်။ သူတို့ချင်း တဟီးဟီး တဟားဟား ပြောဆိုရယ်မောနေပေမဲ့ မှုံဝတ်ပြာကို မသိမသာ ဖြတ်သန်းကြည့်ပုံမျိုးကလွဲ၍ စေ့စေ့မကြည့်ကြ။ ကောင်းရဲ့သူငယ်ချင်း အရင်းအချာတို့ဟာ မှုံဝတ်ပြာကို နှစ်သက်လိုလားပုံ မရကြပါ။

မှုံဝတ်ပြာကလည်း နားလည်ပါသည်။ သူ့ကိုမုန်းလို့ မဟုတ်ဘဲ ကောင်းကို နမြောကြတာပဲ ဆိုတာ သဘောပေါက်သည်။ ကောင်းနှင့် အတွဲဆုံး ဖိုးအောင် ဆိုတဲ့ ကောင်ကလေး ဆိုလည်း မှုံဝတ်ပြာနှင့် မှန်တမ်းသာ နေသည်။ ခုဆို ဒီဆိုင်ကို တောင် မလာတတ်တော့ပေ။

သူနှင့် ပတ်သက်ပြီး ဖိုးအောင်ကို ကောင်း ရန်ဖြစ်





သည်ဆိုတာ ကောင်း ထံက ပြန်သိရတော့ ကောင်းကို တောင်းပန်ခဲ့ရပါသည်။ သူနဲ့ပတ်သက်ပြီး ဘယ်သူနှင့်မှ ပြဿနာမတက်ဖို့၊ ရန်မဖြစ်ဖို့၊ မဆန့်ကျင်ဖို့။

သူငယ်ချင်းနှစ်ယောက် ပြန်သွားလျှင် ကောင်းက ကောင်တာရှေ့ လာရပ်ပါသည်။

"စောသေးတာပဲဟာ ကောင်းရယ်၊ ရပါတယ်၊ ဟိုကို ရုတ်တရက် စကားဖြတ်ပစ်တော့ ဘယ်ကောင်းပါ့မလဲ"

"စကားက ပြတ်နေပါပြီ ... မမကလည်း၊ သားကိုလည်း ဒီနေ့ ဝင်ကြိုရအောင်"

"သူ့ကျောင်းကားနဲ့သူ လိုက်မှာပဲဟာ ကောင်းရယ်၊ ဘာဖြစ်လို့ ဝင်ကြိုရမှာလဲ"

"သား ဆံပင်တွေ ရှည်နေပြီ၊ ဆံပင်တစ်ခါတည်း ဝင်ညှပ်ပေးမယ်၊ ဆံပင်တွေ ရှည်နေတော့ လူက ညှင်းသိုးသိုးနဲ့၊ ကျောင်းအပြန် ဝင်ညှပ်လိုက်မယ်"

မှုံဝတ်ပြာသည် မျက်ရည်လည်လာမိ၍ ကောင်း မမြင်အောင် တစ်ဖက်လှည့်ကာ သူ့အိတ်ကို ကောက်ယူသိမ်းသလိုလို အလုပ်များလိုက်ရပါသည်။

"မြန်မြန်လာ မမ၊ ကြိုရောက်ပြီး ကျောင်းကားနားက ရပ်နေမှ၊ နို့မို့ရင် ကလေးတွေ အများကြီးထဲမှာ ရှုပ်ယှက်ခတ်ပြီး မဆုပ်လိုက်မိဘဲ ဖြစ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဲ့ မှာခ်တူးကားကြီးပေါ်မှာ မှုံဝတ်ပြာ အတူပါလာပါသည်။ ကောင်းက ကားမောင်းလာရင်း အပူအပင်ကင်းမဲ့စွာ စကားတွေ ဟိုရောက်ဒီရောက် ဆိုလာသည်။ မှုံဝတ်ပြာကတော့ 'အင်း'လိုက်သူသာ ...။

"မမ ... ဘာဖြစ်နေတာလဲ ... ခုရက်ပိုင်း စကားနည်းနေတယ်"

"ဘာမှ မဖြစ်ပါဘူး ကောင်း"

"ဖြစ်ပါတယ် ...၊ မမ မျက်နှာလေးကို ကြည့်လိုက်ရင် မမ စိတ်ညစ်နေလား ... ပျော်နေလား ... ကောင်းသိတယ်"

မှုံဝတ်ပြာက ကားပြတင်းမှ ငေးနေသည်။

"ပြော ... မမ ...၊ ပြောပါ"

"ကောင်းရယ် ..."

စကားစ,လိုက်မည် ကြံသည်နှင့် မျက်ရည်လည်အိုင်ကာ ...

"တို့နှစ်ယောက် မပတ်သက်ရင် ကောင်းမယ် ကောင်းရယ်"

"ဟင် ... ဘာဖြစ်လို့လဲ မမ"

"ကောင်း မေမေကလည်း တို့ကို ကောင်းနဲ့ ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူးကွယ်"

"မွေးနေ့တုန်းက မေမေ မမကို ဘာပြောလိုက်သေးလဲ"





"မပြောပါဘူး၊ ကောင်းမေမေ ဘာမှ မပြောဘူး၊ ဒါပေမဲ့ တို့ကိစ္စကို ရိပ်မိပုံရတယ်၊ ရိပ်မိပုံ ရသွားတဲ့ အချိန်မှာ မျက်နှာပျက်သွားရှာတယ်၊ ဒါ သဘာဝပဲ ...၊ သူ့သူကိုယ်ကိုယ် ဘယ်သူမှ ကိုယ့်သားကို ကလေးအမေတစ်ခုလပ်ကိုးနှစ်ကြီးတဲ့သူနဲ့ သဘောတူမှာ မဟုတ်ဘူး၊ စည်သူကြီးလာရင်လည်း ဒီလိုမိန်းမကို ကြိုက်လာရင် တို့ သဘောမတူနိုင်ဘူး"

"မမကလည်းဗျာ ...၊ ကောင်း အကြိမ်ကြိမ် ရှင်းပြပြီးပြီ၊ ယေဘုယျသဘောအရ လူတွေ စကားတင်းဆို ခံရမယ်၊ ပတ်ဝန်းကျင်က မအပ်စပ်ဘူး သတ်မှတ်ခံရမယ်၊ ဒါတွေကို ခဏ ရင်ဆိုင်လိုက်ရင် နောင်အရှည် ကောင်းတို့ တူတူနေသွားဖို့ ကျန်တဲ့သက်တမ်း နှစ်သုံးဆယ်လေးဆယ်ဟာ သုခပဲ"

"ရင်ဆိုင်ရမှာက မနည်းဘူး ကောင်း၊ တို့ သတ္တိမရှိဘူး"

"ကောင်းတောင် သတ္တိရှိတာ၊ မမလည်း သတ္တိရှိရမယ်၊ မေမေ သဘောမတူချင်ဘူး ဆိုတာ ဖြစ်နိုင်တယ် ...၊ ကောင်း မေမေ့ကို ရှင်းပြမယ်၊ အဓိက,က ပေါင်းမဲ့သူနှစ်ယောက်ရဲ့ ရင်တွင်းခံစားချက်နဲ့ သူတို့ စိတ်သဘောဆန္ဒပဲ၊ ကောင်းနဲ့မမ တစ်ယောက်ကိုတစ်ယောက် ယုံကြည်နေရင် မြတ်နိုးနေရင် ကြာတော့ လူတွေ အားတောင်ကျလာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ အားမကျလောက်ပါဘူး ကောင်း၊ သားပျိုရှင်တိုင်း နှာခေါင်းရှုံ့မှာပဲ၊ အဲဒီကျ နှာခေါင်းရှုံ့ခံရမှာ တို့ပါ၊ ကောင်းကို သိပ်ချစ်မိတယ်၊ ဒါပေမဲ့ ကြောက်တယ်၊ တို့ သတ္တိမရှိဘူး ကောင်း"

"သူတို့ နှာခေါင်းတွေ ဘယ်လောက်ကြာကြာ ရှုံ့ထားနိုင်မှာလဲ၊ တစ်လတောင် မရှုံ့နိုင်ပါဘူး၊ အလွန်အကျွံဆုံး တစ်နှစ်ပဲ"

"ကောင်းအမေ သိပ်စိတ်ထိခိုက်မယ်"

ကောင်း တစ်ခဏ နှုတ်ဆိတ်သွားပါသည်။ သူ့အတွက် အကောင်းဆုံး အမြင့်ဆုံးတွေသာ လိုလားတဲ့ မေမေဟာ ဒီကိစ္စအတွက် shock ဖြစ်သွားနိုင်တာပါ။ မေမေ့ မျှော်မှန်းချက်ရဲ့ အောက်ဆုံးထစ်ကိုတောင် မီမှာမဟုတ်ပါ။ သို့သော် မမကို မှ ကောင်း တအားချစ်မိနေတာ ဘယ်လိုလုပ်ရမလဲ။ တခြားမိန်းကလေးတွေကိုမှ ဒီလို မချစ်တာ။

ထားခဲ့ဖူးတဲ့ ရည်းစားနှစ်ယောက်ဟာ မမနဲ့တွေ့တော့ အမှုန်အမွှား သဲပွင့်လေးတွေလို ဖြစ်သွားပါသည်။ သူတို့ကို ချစ်ခဲ့ဖူးတယ် ဆိုတာကို ရယ်တောင်ရယ်ချင်သည်။ အချစ်ဆိုတာဟာ ဒီလောက် လှိုက်လှဲနင့်သီးတဲ့ ခံစားချက်တစ်မျိုးဆိုတာ ကောင်းက မမနှင့်မှ နားလည်ခဲ့တာ ကိုယ်လည်း ဘာတတ်နိုင်မှာလဲ။





"ကောင်း မေမေကိုလည်း ကောင်း မပြောရသေးဘူး မဟုတ်လား၊ မပြောဘဲ နေလိုက်ပါတော့ ကောင်းရယ်"

"အာ ... မပြောဘူး ဆိုတာက အဲဒီနေ့ကလည်း မေမေက ပင်ပန်းသွားလား မသိဘူး၊ သိပ်နေမကောင်းဘူး၊ နောက်နေ့တွေလည်း မထူထောင်ဘူး ဖြစ်နေတယ်၊ ဆိုင်တောင် မသွားဘဲ အနားယူနေရတယ်၊ အားနည်းနေတာမျိုးပါ၊ စိုးရိမ်ရတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မေမေ ကောင်းကောင်း နေကောင်းသွားမှ ကောင်း ပြောမလို့ ...

အမှန်က အဲဒီညမှာ ပြောမလို့ ...၊ မမ အတွက် မှတ်ချက်ကို တောင်းမလို့၊ ည ကျွန်တော် အိမ်ပေါ်တက်တော့ မေမေက သိပ်နေမကောင်းလို့ အိပ်နှင့်ပြီ၊ အဲဒါကြောင့် မပြောလိုက်ရသေးတာ"

ကိုယ်နှင့် တွေ့လိုက်လို့များ နေမကောင်းတောင် ဖြစ်သွားလေသလားလို့ မွှဝတ်ပြာ တွေးမိသည်။ ဖြစ်မယ်ဆို ဖြစ်နိုင်တာပဲ။

"မေမေ တစ်ထိုင်တည်း ကျေနပ်လိမ့်မယ် မဟုတ်ဘူးဆိုတာတော့ ကျွန်တော် မျှော်လင့်ထားပါတယ်၊ ဒါပေမဲ့ နောက်ဆုံးမှာ ပြေလည်သွားလိမ့်မယ်လို့ ထင်တယ်၊ မေမေက စိတ်ကောင်းရှိတယ်၊ မေမေ မမကို ကိုယ်ချင်းစာနိုင်မှာပါ၊ မမလည်း သိတယ်မဟုတ်လား၊ မေမေလည်း အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်နဲ့ ကွဲနေတဲ့ မိန်းမတစ်ယောက်ပဲလေ၊ ကိုယ်မကောင်းလို့ မဟုတ်ဘဲ ကုသိုလ်ကံတရားအရ ဒီလိုဖြစ်တတ်လေ့ရှိကြောင်း မေမေ သိတာပဲဟာ ...

မေမေက ကျွန်တော့်အတွက် ဒီထက်မျှော်လင့်ထားလိမ့်မယ် ဆိုတာလည်း ကျွန်တော် သိတယ်၊ ဒါပေမဲ့ မေမေက ကျွန်တော့် စိတ်ချမ်းသာမှုကိုလည်း အလေးထားတယ်၊ ကျွန်တော့် ခံစားချက်ကို မေမေ ပစ်စလက်ခတ် မလုပ်ရက်ပါဘူး"

"ကောင်း မေမေ တို့ကို ကျိတ်မှိတ်လက်ခံလိုက်ရမယ်ဆိုရင် တို့ စိတ်ကောင်းမှာ မဟုတ်ဘူး၊ တို့ သူ့ကိုသနားလိုက်တာ၊ ကိုယ့်သားကလေးကို အကောင်းဆုံးတွေ ဖြစ်စေရစေချင်တဲ့ အမေတွေရဲ့ ဆန္ဒကို တို့အသိဆုံးပဲ"

"မမကလည်းဗျာ ...၊ သိပ်အားငယ်တတ်တာပဲ"

"အားငယ်ရတယ် ကောင်း"

"မငယ်နဲ့ ...၊ မမခေါင်းထဲ တခြားဘာမှ မထားနဲ့ ... သင်တင့်လျောက်ပတ်တဲ့ တစ်ချိန်ချိန်မှာ ကျွန်တော့်ကို လက်ထပ်မယ် ဆိုတာပဲ တွေးထား...၊ ဒါကလွဲရင် တခြားတွေ လျှောက်မတွေးနဲ့ ...၊ ဟော ... သား ကျောင်းတောင်ရောက်ပြီ၊ ခေါင်းလောင်းသံ ကြားနေရပြီ၊ သားကို မြန်မြန်ဆင်းရှာလိုက်၊ ကျွန်တော် ကားပါကင် လုပ်လိုက်ဦးမယ်"





စည်သူ့ကို ကျောင်းကားပေါ်မတက်ခင် တွေ့အောင်ရှာပြီး ကျောင်းကားကိုပါ စည်သူ မလိုက်တော့တဲ့အကြောင်း သွားပြောပြီး သုံးယောက်သား စည်သူ ဆံပင်ညှပ်ဖို့ ထွက်လာပါသည်။

"ဘယ်သွားမလို့လဲ ဦးဦး"

"မင်းဆံပင်တွေ ရှည်နေပြီကွ ... ဆံပင်ညှပ်ဆိုင် သွားရအောင်"

"သိပါဘူး ... သားက ကစားကွင်းများလားလို့"

"ကစားကွင်းက ပိတ်ရက်မှ သွားမယ်လေကွာ၊ နက်ဖြန်လည်း ကျောင်းတက်ရဦးမှာ၊ မင်း အိမ်စာတွေရော မပါဘူးလား"

"ပါတယ် ဦးဦး"

"အေး ... ပါရင် လုပ်ရဦးမှာပေါ့ကွ၊ မင်း ပြီးခဲ့တဲ့ အခန်းဆုံးစာမေးပွဲတုန်းက အဆင့်ရှစ်တဲ့၊ မင်းမေမေ ပြောတယ်နော်"

စည်သူက နောက်ခန်းထဲကနေ ရှေ့ခန်းခုံနှစ်လုံးကြား ခေါင်းဝင်ကာ ပူးပူးကပ်ကပ် လုပ်နေရင်း နှာခေါင်းရှုံ့ပြပါသည်။

"အရင်လက ခုနစ်လေ၊ အဆင့်တစ်ခု ကျသွားတယ်"

www.burmeseclassic.com



"ဒါပေမဲ့ သား အမှတ်တော့ များလာပါတယ်၊ အဆင့်က သူ့ဟာသူ ကျသွားတာ၊ တချို့ကောင်တွေက တစ်ယောက် နဲ့တစ်ယောက် တိုင်ပင်ပြီးဖြေတယ်၊ မသိတာတွေ သားကို မေးကြည့်ကြတယ်၊ သားက သားဟာသားပဲ ဖြေတယ်"

"ကောင်းတာပေါ့ကွ၊ ဒီလိုပဲ ကိုယ့်ဟာကိုယ် ဖြေရမယ် နော်"

"ဟုတ်ကဲ့"

တက္ကသိုလ်ရိပ်သာလမ်းသစ်ပေါ်က ဖူဂျီကိုဆိုင်လေး မှာ စည်သူ့ကို ဆံပင်ဝင်ညှပ်သည်။ ဆံပင်ညှပ်တာကအ အနားသွားရပ်ပြီး ဘာပုံညှပ် ဘယ်နားကို တိုတိုပါးလိုက်ပါ ဆို တာတွေ ပြောနေတဲ့ ကောင်းကို ဆိုဖာတစ်ခုမှာ ထိုင်ရင်း မှဝ ပြာ ငေးမောကြည့်နေမိသည်။

ကောင်းကို သူ့အမေက ဆယ်နှစ် စောမွေးခဲ့ ကောင်းနဲ့ မှဝတ်ပြာဟာလည်း လွန်ခဲ့တဲ့ ဆယ်နှစ်ကသာ ဆုံစည် ခွင့် ရခဲ့ရင် သိပ်ကောင်းမှာပဲ။ ခုတော့ မှဝတ်ပြာ ဘက်က အဖြ အပျက်တွေက စောနေပြီး ကောင်းဘက်က အဖြစ်အပျက်တွေ နှောက်ကျခဲ့သည်။

"မမ ဒီနေ့ အိမ်မှာ ဘာချက်လဲ"

"ငါးကြော်ရယ် ... ဟင်းရည်က ချဉ်ပေါင်ဟင်း၊ ကော ထမင်းစားမလား၊ ဝက်အူချောင်း ကြော်ပေးမယ်"





"မကြော်နဲ့၊ ရန်ကင်းစင်တာကနေ ကြက်ကင် ဝင်ဝယ်သွား လိုက်မယ်"

စည်သူ့ကို ဆံပင်ညှပ်၊ တစ်ခါတည်း ခေါင်းပါ ပြီးမှ ရန်ကင်းစင်တာဘက်ကွေ့ကာ အောက်ထပ်ထဲမှာ ကြက်ကင် ဝင်ဝယ်လိုက်ပါသေးသည်။ စည်သူက ဤကြက်ကင် အလွန်ကြိုက်၍ လမ်းမှာ ဘူးဖွင့်ပြီး အလစ် အလစ် နှိုက်စား သည်။

"ဟဲ့ ... စည်သူရေ ... အိမ်ကျမှ ထမင်းနဲ့ စားလေကွာ၊ ဒီလိုလူကြီးမစားခင် နှိုက်မစားရဘူး ... မေမေ ဘာပြော ထားလဲ၊ လက်တွေလည်း ပေကုန်ပြီ ... ဟိုသုတ်ဒီသုတ် မသုတ်နဲ့နော်"

"စားပါစေ မမရယ်၊ ကလေးပဲဟာ၊ စားချင်မှာပဲ၊ စည်သူ နောက်မှာ တစ်ရှူးဘူးရှိတယ်၊ တစ်ရှူးဖြုတ်ပြီး လက်သုတ်"

"ဟုတ် ..."

စည်သူသည် သူ့ကိုချစ်သော ယုယသော ကြင်နာ သော အလိုလိုက်သော ကောင်းကို အင်မတန် ချစ်ခင်သည်။ သူ မှတ်မိတဲ့ အရွယ်ကစပြီး စည်သူ့ရှေ့၌ စံပြသဘောကြီး ခွေး တွေ့မြင်နေရတဲ့ သူ့အဖေဟာ အမြဲလို အရက်မူးပြန်လာ ပြီး အမေဖြစ်သူနဲ့ နေ့တိုင်းနီးပါး ရန်ဖြစ် အော်ဟစ်။ ပိုက် တောင်း။ ထမင်းဟင်းပန်းကန်ကို ပေါက်ခွဲ။ ပစ္စည်းတွေ ပစ် ဒီလွှင့်ပေါက်။



www.burmeseclassic.com

www.burmeseclassic.com



စည်သူ့ကိုလည်း ချိုသာ ချစ်ကြည်နူးတာ မရှိသ… လောက်။ တိန်းမည် ဟောက်မည် မျက်စိအောက်က ထွက်သွာ… ခိုင်းမည်။ မူးနေတဲ့ အခိုက်မှာ စိတ်အနန့်မသင့်စရာ လုပ်မိရင် တော့ ကြက်မွေးတံမြက်စည်းဆွဲကာ ရိုက်မည်။

စည်သူသည် သူ့အဖေကို ရွံ့ကြောက်ဖြစ်နေကာ… အဖေ အိမ်မှာရှိလျှင် အဖေရဲ့ မမြင်ကွယ်ရာမှာ ရှောင်ပုန်းနေ… တတ်သည်။ ထို့ကြောင့် သားအဖက မစေးကပ်။ အဖေ ပြန်လာ… သံကြားလျှင် လန်းနေသော စည်သူ့မျက်နှာက ညှိုးမှိုင်သွားတတ်… သည်။ "ဖေဖေ ပြန်မလာရင် ကောင်းမှာပဲ"လို့တောင် မသိနား… မလည်နှင့် မှုံ့ဝတ်ပြာကို လာပြောဖူးပါသည်။

သူ့အဖေနှင့် လမ်းခွဲကြတော့ အိမ်မှာ အဖေမရှိ… အတွက် စည်သူ အားငယ်ညှိုးချုံးမသွားပေ။ အရင်ကထက်… လန်းဆန်းကာ အရင်ကထက် စကားတွေ သွက်၊ အရင်ကထက် ဆော့ကစား မြူးတူးနေတော့သည်။

ကောင်းနှင့် ဆုံတွေ့တဲ့အခါ ကောင်းရဲ့သူ့အပေ… အရေးထား ဂရုစိုက် ဆက်ဆံမှုမှာ အသစ်အဆန်း ဖြစ်နေပါသည်… သူ့ကျောင်းစာအုပ်ကို လှန်ကာ အမှန်ခြစ်ထားတာတွေကို ကြ… ပြီး လက်မထောင်ပြတတ်သော ကောင်းကို ခိခိတက် အူမြူး… ဖက်၍ပင် ထားတတ်ပါသေးသည်။





သူ့အပေါ် ချိုသာညင်းပျောင်းပြီး သူ့အလိုကို …ိုက်တတ်တဲ့ ကောင်းကို စည်သူ ချစ်ရှာသည်။ ဒါကို မှုံ့ဝတ် …လည်း သိသည်။ ကောင်းလည်းသိသည်။ ကောင်းဟာ တကူး …က အားထုတ်ကြိုးပမ်းနေဖို့ မလိုဘဲ စည်သူ့ အထင်ကြီးလေး …းချစ်ခင်မှုကို ရိုးရိုးလေး နေရင်း ထိုင်ရင်းက ရထားပါသည်။

ဒီလိုနှင့် မှုံ့ဝတ်ပြာတို့ နေထိုင်ရာ တောင်ဥက္ကလာပ …နယ်ထဲ ရောက်လာပါသည်။ မှုံ့ဝတ်ပြာတို့လမ်းဟာ ပေလေး …ယ် ခြောက်ဆယ် အကွက်ကလေးတွေထဲ လုံးချင်းအိမ်ကလေး …ွ ဆောက်၍နေကြသူများသော လမ်းပင်။ တချို့လည်း သစ် …းအိမ်၊ တချို့လည်း အုပ်ညှပ်၊ တချို့လည်း အုတ်ပတ်ကား …က်။ နှစ်ကွက်တွဲ ပေရှစ်ဆယ် ခြောက်ဆယ် ပိုင်ဆိုင်သော ခြံ …လည်းပဲ ရှိပါသည်။

လမ်းထဲဝင်လာပြီး အိမ်နှင့် နီးလာလျှင် မှုံ့ဝတ်ပြာ … အသက်ရှူရပ်သွားမလား ထင်ရအောင် အလန့်တကြား …်လုံးပြာဝေသွားရပါသည်။

"မမ … သော့ထုတ်လေ၊ ခြံတံခါးဖွင့်ဖို့"

ကောင်းရဲ့စကားကို မတုံ့ပြန်နိုင်။ ပေါင်ပေါ်က… …ဆံအိတ်ကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ကာ မှုံ့ဝတ်ပြာ …တင့်တင်း ငြိမ်သက် အငိုက်မိနေပါသည်။ သူ … သူ ဘာလာ …ပါလိမ့်။ ခုလို မလာတာ ကြာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ကောင်း ...၊ ကောင်းရေ ..."

"ဘာလဲ မမ ... ဘာဖြစ်လို့လဲ"

ကောင်း မျက်ဝန်းတို့က တစ်နေရာကို စူးစိုက်ကြ... သေ သေနေသော မှုံ့ဝတ်ပြာ ကြည့်ရှုရာဆီ ဖျတ်ခနဲ ရောက်သွ... ပါသည်။ ခြံစည်းရိုးရှေ့ ခြံပြင်မှာ ဆိုင်ကယ်တစ်စင်းရပ်ထား... ဆိုင်ကယ်ပေါ်မှာ ခွထိုင်လျက်သားလူက တစ်ယောက်၊ ဘေး... ခါးထောက်ဆင်းရပ်နေသူက တစ်ယောက်။

ခါးထောက်ရပ်နေသူက ခြံရှေ့ရပ်လိုက်သော... ကို ကြည့်ရင်းက မှုံ့ဝတ်ပြာကို မြင်သွားကာ တမင်တကာ... ခါးကိုကိုင်း၍ စူးစူးရဲရဲ ကြည့်နေပါသည်။ မျက်နှာထားက ... ရေကျောရေ။ အခြေအနေ မကောင်းတာ... ကောင်း ချက်ချင်း... ဖြတ်နိုင်၍ ...

"မမ ... အဲဒါ ဘယ်သူလဲ"

"အဲ ... အဲဒါ ... ကို ... ကို ... ကိုနိုင်ရဲ"

အင်မတန် လန့်ဖျပ် ကြောက်လန့်နေပုံရ... ...ဝတ်ပြာသည် စကားပင် ကောင်းကောင်းပြောမရရှာဘဲ အ... ထစ် အငေါ့ငေါ့ ဖြစ်နေပါသည်။

"သူ ဘာလာလုပ်တာလဲ"

"တို့ ... တို့လည်း မသိဘူး ... ကောင်းရယ်"





"ကဲ ... ကဲ ... သိပ်လည်း တုန်လှုပ်ပြမနေနဲ့လေ၊ ကိစ္စရှိလို့ ဖြစ်မှာပေါ့၊ ခြံတံခါး ဆင်းဖွင့်မှ ဖြစ်မှာပေါ့"

"တို့ ... တို့ ... ဆင်းမဖွင့်ရဲဘူး"

"ဖြစ်မှ ဖြစ်ရလေ မမရယ်"

ကောင်းနှင့် ယှဉ်တွဲပါလာခိုက်ဖြစ်၍ အင်မတန်ရစ်တတ် ပြဿနာရှာတတ် ဒုက္ခပေးတတ်တဲ့ ကိုနိုင်ရဲကို အလန့်ကြီးလန့်နေမိတာပင်။

"ကဲ ... ဒါဖြင့် သော့ပေး၊ ကျွန်တော် ဆင်းဖွင့်လိုက်မယ်"

မှုံ့ဝတ်ပြာက သော့ပေးမလို ပြင်ပြီးမှ ...

"အို ... မဖြစ်ပါဘူး၊ ကောင်း ဆင်းမဖွင့်ပါနဲ့၊ တော်ကြာ ပြဿနာ လုပ်နေဦးမယ်၊ တို့ပဲ ဆင်းဖွင့်လိုက်မယ်၊ ကောင်း အိမ်ထဲ မဝင်နဲ့တော့၊ ဒီကပဲ လှည့်ပြန်လိုက်တော့၊ စည်သူ ... တစ်ခါတည်းဆင်း"

"ဟာ ... ဘာလို့ လှည့်ပြန်ရမှာလဲ၊ ကားတောင် ခြံဝကို ဦးလှည့်ထားပြီဟာ၊ ဝင်မလို့ဆိုတာ သူလည်း သိမှာပဲ၊ ခုမှ လှည့်ပြန်ကွေ့ ထွက်သွားရင် သူ့အတွက် တစ်မျိုးတွေးစရာ၊ မသင်္ကာစရာ ဖြစ်နေမှာပေါ့၊ ပြီးတော့ သူဘာလုပ်မလို့ ရောက်လာမှန်း မသိဘဲနဲ့ မမကို ဒီတိုင်း ချမထားခဲ့ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ကောင်းရယ်"

"ကဲ … တံခါးဆင်းဖွင့်ပါ၊ ဟိုက ပြူးပြဲကြည့်နေပြီ၊ သိက္ခာကျပါတယ်၊ ခပ်တည်တည်ပေါ့၊ ကိုယ်က ဘာအမှား ရှိတဲ့သူမို့လဲ"

မှုံ့ဝတ်ပြာသည် ပိုက်ဆံအိတ်ကို ဆားမှာချခဲ့ကာ သော့ကိုင်၍ ကားတံခါးဖွင့် ဆင်းလိုက်ပါသည်။ မှုံ့ဝတ်ပြာရဲ့ ထိတ်လန့်တုန်လှုပ်နေဟန်ဟာ ကောင်း ရင်ကို ထိခိုက်စေပါသည်။ ဒီလို အလန့်တကြား ဖြစ်နေတဲ့ မှုံ့ဝတ်ပြာကို ထားခဲ့ရစ်၍ သူ ဘယ်လို စိတ်ဖြောင့်စွာ ထွက်သွားရက်မည်လဲ။

မှုံ့ဝတ်ပြာက နိုင်ရဲ ရှေ့က ဖြတ်လျှောက်ရင်း …

"ရှင့် ဘာလာလုပ်တာလဲ ကိုနိုင်ရဲ"

"ကိစ္စရှိလို့ လာတာပေါ့ … မလာရဘူးလား"

နိုင်ရဲက အင်မတန် ကြွားရွားလှပသော မော်ဒယ်လ် မြင့် မာ့ခ်တူးကားကြီးကို လှည့်ကြည့်နေပါသည်။

"ဒါ … ဘယ်က ပြန်လာတာလဲ"

ခြံတံခါး သော့ဖွင့်နေသော မှုံ့ဝတ်ပြာ နောက်၌ ခပ်နီးနီးကပ်ကပ် ရပ်ရင်း မေးလိုက်၍ မှုံ့ဝတ်ပြာက မသိမသာ နေရာရွှေ့ရင်း …

"အလုပ်က ပြန်လာတာ၊ သားကို ကျောင်းက ဝင်ကြိုလာတာ"





ကောင်းသည် မှုံ့ဝတ်ပြာအနား တိုးကပ်ရပ်နေသော နိုင်ရဲကို အံကြိတ်ကာ ကြည့်နေမိပါသည်။ ဒီလူဟာ ရုပ်ကလေးက သနားကမားပုံ။ မမနှင့် ရွယ်တူလောက်သာ ရှိမည်ဖြစ်၍ အရွယ်ကောင်း ယောကျ်ားတစ်ယောက်ပင်။ ဂျင်းဘောင်းဘီဖြူ လျော်လျော်နှင့် စပို့ရှပ်အနက် ဝတ်ဆင်ထားပုံကလည်း သူနှင့် အချိုးကျ လိုက်ဖက်ပါသည်။

ဒီလူ့ရုပ်မျိုးဟာ ကောင်းချင်တဲ့သူအပေါ်မှာ စွတ်ကောင်းနေမည့်ရုပ်၊ ဆိုးချင်သည့်သူပေါ်မှာ စွတ်ဆိုးနေမည့်ရုပ်။ အစွန်းနှစ်ဖက်စလုံးကို ခွနင်းထားသည့်ရုပ် ဖြစ်ပါသည်။ ကြည်ကြည်သာသာ ရှိပါက အင်မတန် ချိုသာပျူငှာမည့် ဟန်ပန်ရှိသလို စိတ်မလိုပါက မိုက်ရိုင်းရမ်းကားမည့်ရုပ်လည်း ပေါက်နေပါသည်။

မှုံ့ဝတ်ပြာက ခြံတံခါးကို တွန်းဖွင့်ကာ သူဝင်သွားနှင့်တာမို့ ကောင်းက ကားကို ခြံထဲကွေ့ဝင်လိုက်သည်။ သစ်သားအိမ်ကလေးနံဘေး မြေပိုမှာ ခါတိုင်းလို ဝင်ရပ်လိုက်ပါသည်။ ဒါမှ ပြန်ထွက်လျှင် နောက်ဆုတ်တဖြောင့်တည်း ထွက်ရုံပင်။

နိုင်ရဲက ကောင်းရဲ့ကား ဝင်သာဖို့ အသာတကြည့်ပဲ လမ်းဖယ်ပေးကာ ကျန်ခဲ့ပြီး နောက်မှ ဖြည်းဖြည်းလမ်းလျှောက်၍ လိုက်ဝင်လာသည်။ ကောင်းသည် ကားပေါ်မှ ခပ်အေးအေးပဲ ဆင်းကာ မဆင်းရဲသလို ဖြစ်နေသည့် စည်သူ့ နောက်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးပြီး ကျောပိုးအိတ် ထမင်းဘူး ခြင်းတောင်းတို့ကိုယူပေးလိုက်ပါသည်။

"သား ... သွား၊ အိမ်ပေါ်တက်၊ အခန်းထဲမှာ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး အကျီလဲနေနော်"

"ဟုတ်ကဲ့ ဦးဦး"

စည်သူက ကျောပိုးအိတ်နှင့် ခြင်းကို တစ်ဖက်တစ်ချက်ဆွဲကာ သူ့အဖေရှေ့မှ ဖြတ်ပြေးဖို့ ပြင်သည်။

"သား ... စည်သူ ... လာပါဦးကွ"

နိုင်ရဲက ခပ်ကျယ်ကျယ် အော်၍ ခေါ်လိုက်ကာ စည်သူ့ထံ လက်ဆန့်တန်းလိုက်၍ စည်သူ ပြေးနေရင်းက တီခနဲ တုံ့သွားပါသည်။ မှုံဝတ်ပြာသည် အိမ်တံခါး သော့ဖွင့်ပြီး တံခါးဝလှေကားထစ်နားမှာတင် မျက်နှာပျက်ကာ ရပ်နေသည်။ သားအမိနှစ်ယောက်ရဲ့ ထိတ်လန့်တုန်လှုပ်နေဟန်က ကောင်းရင်ကို နာကျင်စေသည်။ ကရုဏာ သက်စေသည်။

နိုင်ရဲက စည်သူ့ထံ လျှောက်လာကာ စည်သူ့ကို ဖွေ့ခနဲ ပွေ့ချီလိုက်ပါသည်။ လက်ကို ဟိုးအပေါ်ထိ အတော်မြှောက်ပြီးမှ ရင်ခွင်မှာ အပ်ချီလိုက်ရင်း ...

"ကျောင်းက ပြန်လာတယ် ဟုတ်လား သား"

"ဟုတ် ... ဟုတ်ကဲ့"

"ငါ့သား နေကောင်းတယ်နော်"





"ဟုတ် ... ဟုတ်ကဲ့"

"ဖေဖေ့ကို ဘာလို့ ကြောက်နေတာလဲ သားရဲ့၊ ဖေဖေက သားကိုလွမ်းလို့ သတိရလို့ လာကြည့်တာပါကွာ"

နိုင်ရဲက စည်သူ့ပါးပြင်ကို တအားရှိုက်နမ်းလိုက်ပါသည်။ စည်သူသည် ရှက်ကြောက်သလို ခပ်အမ်းအမ်းကြီးနှင့် တစ်ကိုယ်လုံးကော့၍ တောင့်နေသည်။

"ဘာလို့ ကိုယ်ကြီးကော့ထားတာလဲကွ၊ ဖေဖေ့ကို မချစ်တော့ဘူးလား သား"

စည်သူက မဖြေ။ သူ့အမေကို လှမ်းလှမ်းကြည့်နေသည်။

"ဟင် ... ဘာဖြစ်လို့ အတင်းအောက်ဆင်းချင်နေတာလဲ"

"သား အိုက်လို့ ... အကျီလဲမလို့"

"ဪ ... အေး ... အေး ... ဒါဖြင့် ... အကျီသွားလဲ သွားလဲ"

စည်သူသည် နိုင်ရဲက ချပေးလိုက်သည်နှင့် လစ်ခနဲ အိမ်ပေါ်ပြေးတက် ပျောက်ကွယ်သွားပါတော့သည်။ ခြံကျဉ်းလေးထဲက သုံးဦးသားဟာ စကားပြောစရာ မရှိသလို တခဏ တိတ်ဆိတ်သွားပါသည်။ ကောင်းသည် ကိုယ်ကစ,နှုတ်ဆက်ဖို့ မကောင်းတတ်သည်ဖြစ်၍ ကားဘောနက်ပေါ်က အမှိုက်တစ်မျှင်

www.burmeseclassic.com



နှစ်မျှင်ကို ဖယ်သယောင်ယောင် ကြဲဖန် အလုပ်ရှိနေလိုက်ပါသည်။

နိုင်ရဲက ဆံပင်တွေကို ပင့်သပ်လိုက်ရင်း ...

"မင်း အခု ဘယ်မှာလုပ်နေသလဲ မှုံ"

မှုံဝတ်ပြာက တုံ့နှေးနေပြီးမှ ...

"Snack Bar တစ်ခုမှာ"

"ဟင် ... Snack Bar မှာ မင်းက ဘာလုပ်ရတာလဲ"

"ကောင်တာထိုင် ငွေသိမ်းပါ"

"ဪ ... အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ကိုယ် ... ဟိုကုမ္ပဏီမှာတောင် သွားမေးသေးတယ်၊ အလုပ်ထွက်သွားပြီတဲ့၊ ဟိုမှာ အဆင်မပြေလို့လား"

"မပြေဘူးလည်း မဟုတ်ပါဘူး၊ လခနည်းနည်း ပိုရလို့ အလုပ်ပြောင်းလိုက်တာပါ"

မှုံဝတ်ပြာသည် ကြောင်အ တိတ်ဆိတ်နေရသော ကောင်းကို တစ်ချက်ကြည့်ကာ ...

"သူက ကိုထက်ကောင်းကင်ပါ၊ မှုံတို့ဆိုင်ရဲ့ ပိုင်ရှင်"

နိုင်ရဲက ကောင်းကို လှမ်းကြည့်ကာ ရှေ့တိုးလျှောက်လာသည်။

"သူက ကိုနိုင်ရဲတဲ့"





မှုံဝတ်ပြာက စကားဆက်လိုက်သည်။ နိုင်ရဲက လက်ကို ဆန့်တန်းလာသဖြင့် ကောင်းက ပြုံးကာ သူ့လက်ကို ပြန်ပြီး ဆန့်တန်းပေးရင်း လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုထက်ကောင်းကင်"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဝမ်းသာပါတယ်"

တကယ်တော့ ဝမ်းမသာပါ။ ကောင်းသည် မှုံဝတ်ပြာထံ ဒီလူလာသည့်အတွက် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်နေသည်။ စိတ်ထဲက မကြိုက်။

"သူ့အလုပ်ရှင်သူဌေး ဆိုပေမဲ့ အတော်ငယ်သေးတာပဲဗျာ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့လုပ်ငန်းခွင်မှာ အလုပ်လုပ်နေတယ် ဆိုတာ တစ်နည်းအားဖြင့် မှုံတို့စားဝတ်နေရေးကို ခင်ဗျား စောင့်ရှောက်ထားတဲ့ သဘောပါပဲ၊ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ၊ ရပါတယ်၊ ကျွန်တော်ကလည်း မမတို့သားအမိကို ခင်မင်သံယောဇဉ် ဖြစ်နေတော့ ကူညီစရာရှိကူညီဝါတယ်"

"ခုလည်း လိုက်ပို့ရတယ်ပေါ့"

ကောင်းက ခဏအမ်းသွားပြီးမှ ...

"ဒီနေ့က သား စုည်သူလည်း ဆံပင်ညှပ်ဖို့ ရှိတယ်ဆိုတော့ ဆိုင်တစ်ဆိုင်ကို လိုက်ပို့ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အစစအရာရာ ကူညီနေတဲ့ သဘောပေါ့၊ ကျေးဇူးပါပဲ ဗျာ"

ကောင်းက ကျေးဇူးတင်ကို လုံးဝမခံနိုင်ပေ။ မမတို့ကို သူ စောင့်ရှောက်ခြင်းကို နိုင်ရဲက ကျေးဇူးဝင်တင်သည့် ဆိုလျှင် နိုင်ရဲက မမနှင့် သက်ဆိုင်သည့် သဘောကို သက်ရောက်နေသည်။

"ကျွန်တော်ကလည်း တာဝန်မကျေ ... အဟင်း ဟင်း"

နိုင်ရဲ စကားကြောင့် ကောင်းနှင့် မှုံဝတ်ပြာ မျက်လုံးချင်း ဆုံသွားရပါသည်။

"မှုံက ... ဒါ ကိုနိုင်ရဲ လို့ပဲ မိတ်ဆက်သွားတာကို ကြည့်ရင် နိုင်ရဲ ဆိုတာ ဘယ်သူရယ်လို့ ကိုထက်ကောင်းကင်လည်း သိပြီးပုံ ရပါတယ်၊ အခြေအနေအရပေါ့ဗျာ၊ အခုက သားဆီလာတာ သက်သက်ပါ၊ နက်ဖြန် သားမွေးနေ့မဟုတ်လား"

ကောင်းက မှုံဝတ်ပြာကို ကြည့်သည်။ ကောင်းမသိပါ။ စ,သိတာကိုက ကာလတာ မရှည်သေး၍ စည်သူ့မွေးနေ့ကို စကားစပ်ပြီး မမေးဖူးမိသေးပါ။ မှုံဝတ်ပြာကလည်း နက်ဖြန် စည်သူ့မွေးနေ့ဆိုတာ ကောင်းကို တမင်တကာ ပြောမနေတော့တာပင်။ ကောင်းဆီက ရောက်လာမည့် လက်ဆောင်ပစ္စည်းတွေကို မလိုချင်ပါ ... အားနာလှသည်။





နိုင်ရဲက ပခုံးတစ်ဖက်ထဲမှာ ချိတ်လွယ်ထားသည့် ကျောပိုးအိတ် အသေးလေးကို ဖြုတ်၍ ကြိုးဆွဲဟကာ အထဲမှ အနီရဲရဲ ကားကလေးတစ်စင်းကို ထုတ်ယူလိုက်ပါသည်။

"သားကို ခေါ်လိုက်ပါဦး မှုံ"

"သားရေ ... စည်သူ"

စည်သူ့ ထံမှ ထူးသံမကြား။

"စည်သူရေ ... ဒီကိုခဏလာဦး"

မှုံဝတ်ပြာက အမိန့်သံကလေး နည်းနည်းထည့်၍ ခေါ်လိုက်မှ ထူးသံ ပေါ်မလာသော်လည်း စည်သူက ခြေသံတဖျပ်ဖျပ်နှင့် အိမ်တံခါးဝသို့ ရောက်လာသည်။

"သား ... လာပါဦး"

ကောင်းက နိုင်ရဲကို အကဲခတ်နေပါသည်။ ဒီလူဟာ မကောင်းမှုကိုလည်း ထိတွေ့ဖို့ ဝန်မလေးမည့် ခပ်လည်လည်စရိုက်လက္ခဏာ မျက်နှာထားလည်း ရှိလေရာ၊ သူ့မျက်နှာပေါ် ကောင်းအတိအကျကြီး ကောက်ချက်မချတတ်ပါ။ လောလောဆယ် စည်သူ့ကို ခေါ်ယူဆီးဖက်ကာ ဒူးထောက်ထိုင်လိုက်ပုံကတော့ သားကိုချစ်သော အဖေတစ်ယောက်ရဲ့ ဟန်မူရာ အပြည့်ရှိပါသည်။

"နက်ဖြန် ငါ့သားမွေးနေ့ ...၊ ဖေဖေ အရုပ်ဝယ်လာတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



စည်သူက သူ့အမေလက်ထဲက တစ်ထွာကျော်ရှည်ပြီး သံနှင့် လုပ်ထားသည့် ကားအကောင်းစားကလေးကို ကြည့်နေကာ လှမ်းမယူသေး။ ကောင်းသာ ဘယ်သူနဲ့မှ မဆိုင်သော ဆောလှူစိမ်းတစ်ယောက် ဖြစ်ရင်တော့ မြင်ကွင်းဟာ ဝမ်းနည်းဝမ်းသာ ကြည်နူးကြေကွဲချင်စရာ ကောင်းနေပါသည်။

"ယူလေသား"

စည်သူက နှာခံစွာ ယူလိုက်ပါသည်။ နိုင်ရဲက စည်သူ့ကို ဖက်၍ ပါးနှစ်ဖက် ဘယ်ပြန်ညာပြန်မွှေးရင်း ဆတ်ခနဲ ထ,ရပ်လိုက်သည်။

"ကဲ ... မှုံ၊ ကိုယ်သွားဦးမယ်၊ တစ်ရက် လာခဲ့ဦးမယ်"

ထိုစကားကြောင့် ကောင်း ရင်ထဲ အင့်သွားသည်။

"ကိုထက်ကောင်းကင် ... ကျွန်တော် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

နိုင်ရဲက ချာခနဲ လှည့်ထွက်သွားကာ အပြင်မှာရပ်စောင့်နေသော သူ့မိတ်ဆွေရဲ့ ဆိုင်ကယ်နောက်ပိုင်းမှာ ခွထိုင်ပြီး ဆိုင်ကယ်က ထွက်ခွာသွားပါသည်။ ခြံထဲမှာ ကောင်းက ကားအနားရပ်လျက်လည်းကောင်း၊ စည်သူက အရုပ်ကားကို ကိုင်ကြည့်နေလျက်လည်းကောင်း၊ မှုံဝတ်ပြာက လှေကားရင်း၌ ခပ်တောင်တောင့် ရပ်လျက်လည်းကောင်း ခဏ ငြိမ်သက်နေပါသည်။

ကောင်းက စတင်လှုပ်ရှား သက်ဝင်လိုက်ကာ ...





"စည်သူ ... လာ ...၊ ခုထိ အင်္ကျီလည်း မလဲရသေးဘူးကွာ၊ မင်း အိမ်ထဲဝင်ပြီး ဘာလုပ်နေလဲ၊ အဖေကို လန့်ပြီး ပုထိုင်နေတယ်ထင်တယ် ... ဟား ဟား"

စည်သူက ပြုံးစိစိ ဖြစ်လာပါသည်။ ဒီတော့မှ မှုံဝတ်ပြာလည်း လှုပ်ရှားလာကာ အိမ်ပေါ်ဦးစွာတက်သွားပါတော့သည်။ မှုံဝတ်ပြာ ပိုက်ဆံအိတ်ကို ကားထဲက ယူလာကာ ကောင်း အိမ်ပေါ်တက်လာတော့ သားအမိနှစ်ယောက်လုံး အခန်းထဲမှာ ဖြစ်ပုံရသည်။ အဝတ်လဲနေကြမည် ထင်သည်။

ကောင်းက ဧည့်ခန်းက သစ်သားကုလားထိုင်တစ်လုံးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ရင်း အတွေးတွေ နက်နေပါသည်။ အင်းလေ ... သူ့သားမွေးနေ့လက်ဆောင် ပေးချင်တာဖြင့် အပြစ်မဟုတ်ပြန်ပေဘူး။ ဟိုတုန်းက ကြင်ကြင်နာနာ ယုယုယယ မရှိဘူး ဆိုပေမဲ့လည်း ကိုယ့်သား ကိုယ်တော့ အဖေပီပီ ချစ်ဦးမှာပါဝင်။

တစ်ရက် လာခဲ့ဦးမယ် ... ဆိုတာကကော။ ဒါကိုတော့ ဘဝင်မကျနိုင်၊ ဘာကြောင့် လာရဦးမှာလဲ။ ဒီလိုပဲ ဝင်ထွက်နေလို့ကတော့ ဘယ်ဖြစ်ပါ့မလဲ။ ကောင်းကလည်း ဝင်ထွက်၊ ဒီလူကလည်း ဝင်ထွက်နေ ဆိုရင် ပတ်ဝန်းကျင် ဘယ်လိုမြင်မလဲ။ မမသိကျွာကျသည်။ ကောင်းကတော့ ဝင်ထွက်ရမည်။ တစ်နေ့ လက်ထပ်ဖို့လည်း ရည်စူးထားတဲ့ သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မဝင်ထွက်သင့်။

"စိတ်ညစ်သွားလား ကောင်း"

စကားသံနှင့် မှုံဝတ်ပြာ ထွက်လာသည်။ ကောင်

မော့ကြည့်လိုက်လျှင် မျက်ခွံတွေ နီရဲလာတာကို မြင်ရပါသည်

"စိတ်မညစ်ပါဘူး၊ ဘာလို့ ညစ်ရမှာလဲ၊ ဘာဖြစ်လို့ ငို

တာလဲ မမရယ်"

"ငိုချင်တယ် ...၊ ကောင်းကို အားနာတယ်၊ သူ့ကိုလည်

ကြောက်တယ်"

"သူ့ကို ဘာလို့ ကြောက်ရမှာလဲ၊ လူလူချင်းပဲ၊ တရာ

ဥပဒေရှိတဲ့ တိုင်းပြည်ပဲ၊ ဘာကြောက်စရာရှိလဲ"

"ကောင်းနဲ့ ဆုံသွားတာကို ရှက်လည်းရှက် ကြောက်လည်

ကြောက် အားလည်းနာ ... အို ... ရင်ထဲမှာ ဗလောင်

ဆူနေတာပဲ၊ သိပ်ဝမ်းနည်းတာပဲ"

"ကျွန်တော့်ကို ဘာလို့ အားနာစရာရှိလဲ၊ စိတ်နည်းနည်

ကသိကအောက် ဖြစ်တာတော့ ရှိတယ်၊ စိတ်မညစ်ပါဘူ

ကသိကအောက် ဖြစ်တယ် ဆိုတာကလည်း သူနဲ့ တွေ့

ဖို့ မျှော်လင့်မထားတော့ ... တွေ့တဲ့အခါမှာ ဘယ်လို

အနေအထားနဲ့ ဆက်ဆံသင့်တယ် ဆိုတာ ရုတ်တရ

မဝေခွဲနိုင်ဘူး၊ အခုဟာက ပြေပြေလည်လည် အေးအေ

ဆေးဆေးပါပဲ"





"သူရိပ်တော့ ရိပ်မိမှာပဲ"

"ရိပ်မိလည်း ကောင်းတာပဲလေ"

"အခု ... ပြေပြေလည်လည် ဆက်ဆံသွားပေမဲ့ နောက်

လာရင် သူ ရမ်းမှာကိုလည်း တို့ သိပ်ကြောက်တယ်

ကောင်းရယ် ... သူက စိတ်ဆိုး စိတ်ညစ် ဝင်နေတုန်းဆို

ရင် တအား ရမ်းကားတာပဲ၊ ဂုန်းဒိုင်းကြဲနေတာ၊ အခု

ကောင်းကို ပြေပြေလည်လည် ပြောဆိုသွားတာကိုတောင်

အံ့သြနေတာ"

"မပြေမလည် လုပ်လို့လည်း ဘယ်ရမလဲ၊ သူ့မှာ ဘာလုပ်

ခွင့်ရှိလဲ"

မှုံဝတ်ပြာက မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်

ကြီးတငင် ငိုချလိုက်ပါသည်။ ကောင်းသည် အနီးတစ်နေရာ

ချွ့ထိုင်ကာ မှုံဝတ်ပြာ လက်ဖျားလေးကို ဆုပ်ကိုင်ရင်း ...

"ဟာ ... ဘာဖြစ်လို့ ဒီလောက်ကြီး ငိုရတာလဲ မမရယ်၊

ဘာဖြစ်လို့လဲဗျာ"

"ကောင်း မသိပါဘူး"

"ကျွန်တော် မသိတာ ဘာရှိလဲ ပြောပြ၊ ဒီလောက် စိတ်

ထိခိုက်စရာ ဘာရှိလဲ၊ သူလာရမ်းမှာ ကြောက်လို့လား၊

ကျွန်တော် စီစဉ်ပေးမယ်၊ တကယ်ပြောတာ၊ မိန်းမခပ်ကြီး

ကြီး ခပ်ကြမ်းကြမ်း ဘော်ဒီဂတ်နှစ်ယောက်လောက် ငှား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီအိမ်မှာ ပို့ထားပေးမယ်၊ အဲလိုလုပ်ပေးရမလား၊ လ
နဲ့ချီပြီး ဒီမှာ အတူနေကြပစေလေ၊ စောင့်ရှောက်ပေးနိုင်တာ
ပေါ့”

“မဟုတ်ပါဘူး ကောင်းရယ်”

“ဘာမဟုတ်တာလဲ”

“ကောင်းကို တို့ ပြောစရာရှိသေးတယ်”

“ဘာပြောစရာလဲ၊ ပြောလေ မမ”

မှုံဝတ်ပြာက ငိုရှိုက်မဆုံးသေးပေ။

“ပြောပါ မမရယ်၊ ဘာဖြစ်ဖြစ် ပြောပါ”

“တို့ ... တို့နဲ့သူ ... ကွဲထား ပြတ်စဲထားတယ်ဆိုတာ ... အဲဒါ ...”

“အဲဒါ ဘာဖြစ်လဲ”

ကောင်း အလန့်တကြား မျက်ခုံးပင့် မေးမိသည်။

“တို့တွေ ရန်ဖြစ်ကြတယ်၊ တို့က သူ့ကို မပေါင်းနိုင်တော့ဘူးလို့ ပြောတယ်၊ သူကလည်း တို့ကို မပေါင်းချင်ပါဘူး ကွာမယ်ကွဲမယ်တွေ လုပ်ကြတယ်၊ ပြီးတော့ တို့က သူ့ကို နှင်ချတယ်၊ သူဆင်းသွားတယ်၊ တို့ကွဲကြတယ် ဆိုတာ အဲသလိုပဲ ကွဲနေကြတာ၊ တရားဝင် လက်မှတ်ရေးထိုးပြီး ဥပဒေအရ မကွာရှင်းရသေးဘူး”

“ဟင် ...”





ကောင်း တအံ့တသြ ရေရွတ်ကာ မျက်နှာပြင်ဖြန်းခနဲ နီမြန်းသွားပါသည်။

“တရားဝင် မကွာရှင်းရသေးဘူးပေါ့”

“ဟုတ်တယ် ကောင်း”

ကောင်းသည် အံ့အားတသင့် အငိုက်မိ အရှိုက်ထိသလို ငိုင်ကျသွားပါသည်။

“ကွဲကာစကဆို ... တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ်လောက် လာသေးတယ်”

“ဘာလာလုပ်တာလဲ”

“အဲဒီအချိန်လောက်က သူ့ကြည့်ရတာ မပြေလည်ဘူး၊ အိမ်ကိုလာပြီး ဝရန်းသုန်းကားနဲ့ အိမ်က သူလိုချင်တဲ့ ပစ္စည်းတွေ ဆွဲယူသွားတတ်တယ်၊ ကက်ဆက်တို့ ဗီဒီယိုပြစက်တို့လို ရောင်းစားလို့ရတဲ့ဟာတွေ၊ ဒါတွေလည်း သူ ဝယ်ထားတာတွေဆိုတော့ တို့လည်း မတားဘူး ... ကြည့်နေရုံပဲ၊ တစ်ခါတလေ ပိုက်ဆံရှိလားလို့ တောင်းတယ်၊ အဲဒါဆိုရင်လည်း တို့ နှစ်ထောင် သုံးထောင်လောက် နားအေးအောင် ပေးလိုက်တယ်၊ တစ်နှစ်ကျော်လောက်ကြာတော့ လာတာ ကျဲသွားတယ်၊ ခုဆိုရင် မလာတာ ခြောက်လလောက်ရှိပြီ၊ ခုမှ ပြန်ပေါ်လာတာ၊ သူ့ကြည့်ရတာ ပြေလည်နေလို့ ပစ္စည်းယူချင်တာ မရှိလို့ မပေါ်လာတာ ဖြစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"တရားဝင် မကွာရှင်းတော့ သူ ဒီလိုလာနေတာ မမ တားလို့ ကာကွယ်လို့ ဘယ်ရမလဲ၊ မမက စာချုပ်လက်မှတ်ထိုးဖို့ မပြောဘူးလား"

"ပြောတယ်"

"ဒီတော့ ... !"

"သူက ကွာမပေးနိုင်ဘူးတဲ့"

"ဟာ ..."

ကောင်းသည် မခံမရပ်နိုင် ဒေါသဖြစ်သွားတာရော၊ ကိုယ့်ဟာကိုယ် ရှက်စိတ်ရော၊ တစ်မျက်နှာပြင်လုံး တွတ်တွတ်ရဲသွားပါသည်။

"ဒါဖြင့် အခု ကျွန်တော်က ဘယ်နေရာ ရောက်သွားလဲ၊ ဟင် ...၊ ကျွန်တော် ဘာဖြစ်သွားလဲ၊ ကျွန်တော်က လင်ရှိမယား တစ်ယောက်ကို ကြာကူရိုရိုက်နေသလို ဖြစ်နေပြီပေါ့၊ ခုနေ မမနဲ့ ယူရင် ... ကျွန်တော်က လင်ငယ်ပေါ့၊ ဟာ ..."

"ကောင်း ...၊ ကောင်း ...၊ အဲလို မပြောပါနဲ့ ကောင်းရယ်၊ ကောင်းက နုနုညံ့ညံ့လေး၊ တို့ကြောင့် ... တို့နဲ့ပတ်သက်လို့ စကားတွေ ကြမ်းတမ်းကုန်ပြီ၊ တို့မှ သူ့ကို ဘယ်နည်းနဲ့မှ မပေါင်းနိုင်တော့တာ၊ ကောင်း မရှိဘူးဆိုလည်းပဲ သူ့ကိုတော့ ပြန်မပေါင်းဘူး၊ ကောင်းရဲ့၊ သိရဲ့လား၊ လူရော စိတ်ရော ဟိုးအတွင်းထဲက အပြီးပြတ်တယ်"





"ဒီလို ပြတ်ရုံနဲ့ မရဘူးလေ၊ ရှင်းရှင်းလင်းလင်း လုပ်ရမယ်၊ နို့မို့ရင် ကျွန်တော်က ... ကျွန်တော်က ... ကျွတ်"

"ကောင်းကို တို့ ချစ်တယ်"

"သိတယ်လေ ...၊ မမချစ်တာ သိတယ်လေ၊ ဒါပေမဲ့ မမဘက်က ရှင်းရမယ်၊ တရားဝင် မကွာရှင်းရသေးပါဘူး ဆိုတာလည်း ကျွန်တော့်ကို ပြောပြထားရမှာပေါ့၊ အသိပေးရမှာပေါ့၊ ခုလို ကျွန်တော်က မသိတော့ ဝင်ထွက်ပတ်သက်နေတော့ ရပ်ကွက်က ဘယ်လိုထင်မလဲ၊ မမလည်း သိက္ခာကျတယ်၊ ကျွန်တော်လည်း သိက္ခာကျတယ်ဗျ"

"တို့ကို ခွင့်လွှတ်ပါ ကောင်းရယ် ... မပြောမိတာ ခွင့်လွှတ်ပါ"

မှုံဝတ်ပြာက မျက်ရည်လည်ရွဲနှင့် ရှိုက်လို့ မဆုံးပေ။

"ဒါကြောင့် ဒီလူက တစ်ရက် လာခဲ့ဦးမယ်ဆိုတဲ့ စကားမျိုး ခပ်တည်တည် ပြောအားရှိတာပေါ့၊ ကျွန်တော်ကတော့ ဒီလူ ဘာကိစ္စ ဒီစကား ပြောရတာလဲ ... ဘာကိစ္စ လာရမှာလဲဆိုပြီး ဒေါ်တွေ ကန်လို့၊ သူပြောလို့ ရနေတာကို ပြောမှာပေါ့"

ကောင်းသည် ထိုင်ရာမှ ထရပ်ကာ ဟိုလျှောက် ဒီလျှောက် ဂနာမငြိမ်နှင့် စိတ်တွေ လှုပ်ရှားယောက်ယက်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ ကွာရှင်းပေးဖို့ ပြောပါတယ်၊ သူက မကွာပေးဘူးလို့ ပြောတာကိုး"

"ကြားလူနဲ့ပဲဖြစ်ဖြစ် ညှိရမယ်လေ၊ ရအောင်ညှိနိုင်းရမယ်၊ ကွာရှင်းခွင့်ရအောင် ရုံးကို တိုင်သင့်တိုင်ရမယ်၊ မမ ပြောဖူးသလို သူမူးလာတာ ... နိပ်စက်တာ ... အော်ကြီးဟစ်ကျယ် သောင်းကျန်းတာ ... ဒါတွေ ပတ်ဝန်းကျင်က သက်သေခံနိုင်နေတာပဲ"

"ရုံးကို လျှောက်ရမှာ တိုင်ရမှာမျိုးတွေလည်း သေချာမလုပ်တတ်လို့ပါ ကောင်းရယ်၊ ဒါတွေ တို့ ဘာမှနားမလည်ပါဘူး"

"နားလည်တဲ့သူနဲ့ မမ တိုင်ပင်လုပ်ရမယ်လေ"

"တို့မှာ အားကိုးစရာလည်း မရှိပါဘူး၊ ကျောထောက်နောက်ခံလည်း မရှိပါဘူး ကောင်းရယ်၊ တို့ဘက်ကရပ်တည်ပြီး အချိန်ကုန် ငွေကုန်ခံ လူပါစိုက်ပြီး ကူညီဆောင်ရွက်ပေးမဲ့သူ ဆိုတာ လုံးဝမရှိပါဘူး၊ ဘယ်သူ့ကိုမေးရမယ်မှန်းလဲ တို့ မသိပါဘူး။ ဘာဗဟုသုတမှလဲ မရှိပါဘူး ..."

ခုမှသာ ကောင်း ဆိုတာ တို့ဘဝထဲ ပေါ်လာတာ ခဏလေး ရှိသေးတာပါ၊ ဒီမတိုင်ခင်က တို့မှာ ချစ်ရမဲ့သူတစ်ယောက် ရှိလာမယ်လို့လည်း ယောင်လို့မှ မထင်





တတ်ခဲ့တော့ ... သူ ကွာမပေးလည်း မလာရင်ပြီးရော ... အတူမနေရ မပေါင်းရရင် ပြီးရောဆိုပြီး အေးအေးသဘောထားခဲ့မိတာပါ၊ အဲဒါကြောင့် ဖိဖိစီးစီး မလုပ်ဖြစ်ခဲ့တာပါ"

ကောင်းက ဆို့ဆို့နင့်နင့် ငိုနေသော မှုဝတ်ပြာကို ချစ်လည်းချစ် သနားလည်းသနား အားမလို အားမရ ဒေါသလည်းဖြစ်ဖြစ်နှင့် စိုက်ကြည့်နေမိသည်။ ခုတော့ သူ့အဖြစ်ဟာ အတော်ကို ဆိုးနေပြီပေါ့။ ဒီရပ်ကွက်ထဲက လူတွေဟာလည်း ကောင်းဝင်ထွက်သွားလာနေတာကို မြင်နေတဲ့အခါ ယောက်ျားနဲ့ မကွာရသေးတဲ့ မိန်းမတစ်ယောက်ကို ကြာကူရိုလာရိုက်နေတဲ့ ကလေကချေကောင် တစ်ယောက်လို့ ခုလောက်ဆို အတင်းဆိုနေရောပေါ့။

"ကျွတ် ... စိတ်ညစ်လိုက်တာဗျာ"

"ကောင်းရယ် ... ခွင့်လွှတ်ပါနော်"

"ခွင့်မလွှတ်ရမဲ့ကိစ္စ မဟုတ်ပါဘူး၊ ကျွန်တော့်ကိုကလည်း ရေရေရာရာ မမေးခဲ့မိဘူးဗျာ၊ ကွာရှင်းပြီး ထင်မိခဲ့တယ်၊ ခုအတိုင်း ဆိုရင် သူ ဒီအိမ်ပေါ် အချိန်မရွေး ပြန်တက်လာလို့ ရနေတာပေါ့၊ သူ့ဟာသူ တက်မလာချင်လို့သာ မလာတာ၊ ဖွတ်တက်လာရင် မမ မောင်းချတွန်းထုတ်လို့ ရတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်း ခန်းဆီးကြားမှ စည်သူ ချောင်းကြည့်နေသည်ကိုမြင်လျှင် ကောင်း ရင်နင့်သွားပါသည်။ ကလေးကို သနားသွားမိပါသည်။ ဒီတစ်ယောက်နဲ့လည်း သူ့အမေ ရှန်းရင်းဆန်ခတ် ဝုန်းဒိုင်းကြဲ ငိုယိုရန်ဖြစ်ရဦးမည်ဟု ထင်တွေးကြောက်ရွံ့ရှာပေမည်။

"စည်သူ ... ဒီကိုလာ သား"

စည်သူက ခပ်လေးလေး ထွက်လာသည်။

"မင်းမေမေနဲ့ ဦးဦး ဘာမှ မဖြစ်ဘူးနော် ... ကြားလား၊ သားမကြောက်နဲ့နော်"

"မေမေ ဘာလို့ ငိုတာလဲဟင်"

"မင်းဖေဖေ လာတော့ မေမေက စိတ်ညစ်ပြီး ငိုတာပါသားရာ"

"ဖေဖေ့ကို မလာနဲ့လို့ ပြောလိုက်လေ"

"အဲလိုကြီးလည်း ပြောလို့မရသေးလို့ပေါ့ သားရယ်၊ ဒီအိမ်မှာ အစက သူလည်းနေခဲ့တာ မဟုတ်လား၊ မေမေနဲ့ ရန်ဖြစ်လို့ မနေတော့ပေမဲ့ သူလာချင်ရင်တော့ လာလို့ရနေတယ်၊ အဲဒါကို မေမေ့ကို ဦးဦးက ရှင်းပြနေတာ၊ သားအမေက ဝမ်းနည်းလို့ ငိုနေတာနော်၊ ရန်ဖြစ်တယ်လို့ သား ထင်မှာစိုးလို့ ဦးဦး ရှင်းပြတာ၊ ဘာမှ မဖြစ်ဘူး"





"ဒါဖြင့် ... သား ကြက်ကင်သွားစားတော့မယ်နော်"

"အေး ... အေး ... သွားစားသား၊ သွားစား ..."

ကောင်းက သက်ပြင်းကြီးရှိုက်ရင်း ခုံမှာ ပြန်ဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၅

သားလေးမျက်နှာမှာ နည်းနည်းကလေး အပြောင်းအလဲဖြစ်လျှင် မိုးမမ သိပါသည်။ ဒီသားရဲ့မျက်နှာကိုပဲ အရိပ်တကြည့်ကြည့် ဖတ်ရှုနေတာ မဟုတ်လား။ တစ်ညနေ သားလေး အပြင်က ပြန်လာကတည်းက မျက်စိမျက်နှာမကောင်းလှာ။

ထိုညနေ၌ သား အပြန်လည်း နောက်ကျသည်။ မြို့ထဲဆိုင်သိမ်းပြီး ပြန်ရတဲ့နေ့ဆို ရှစ်နာရီကျော် ပြန်ရောက်တတ်၍ ကော်ဖီဆိုင်ပိတ်ပြီးမှ ပြန်ရတဲ့နေ့ဆို ဆယ့်နှစ်နာရီလောက်မှ ပြန်ရောက်တတ်ပါသည်။ ဒီနေ့အဖို့ ကိုးနာရီကျော်နေတာမို့ ကော်ဖီဆိုင်သိမ်းခဲ့ရတာ မဟုတ်သေးဘဲ မြို့ထဲဆိုင်က အပြန်နောက်ကျတာဝင်။ ပြန်ရောက်သည်နှင့် အမေ့အခန်းထဲ ဝင်လာကာ နှုတ်ဆက်တတ် လာကြည့်တတ်မြဲ သားက ဝတ္တရားမပျက်စေဘဲ မိုးမမ အခန်းထဲ ဝင်လာပါသည်။





“မေမေ ဒီနေ့ နေကောင်းလား”

“မေမေ နေကောင်းပါတယ် သားရဲ့၊ မေမေက ဘာမှဖြစ်တာမှမဟုတ်တာ၊ ခုတစ်လော စားမကောင်းသလိုဖြစ်ပြီး လူက အားနည်းတာ တစ်ခုပဲ၊ မနက်ဖြန်ဆို ဆိုင်ပြန်သွားတော့မှာ၊ နားလိုက်ရတော့ လူလည်း အားရှိနေပါပြီ”

“မေမေ ထမင်းစားပြီးပြီလား”

“စားပြီးပြီသား၊ အတင့်က ဒီနေ့ညနေ မေမေ့ကို ထမင်းသုပ်လေးနဲ့ ဟင်းခါး လုပ်ပေးတာ စားလို့ကောင်းလိုက်တာ၊ သားလည်း သွားစားလိုက်ပါဦး”

“သား အပြင်က ထမင်းစားလာတယ် မေမေ”

“သားလေးရော နေကောင်းရဲ့လား၊ မျက်နှာနွမ်းတယ်၊ အလုပ်ပင်ပန်းလား သားရယ်”

“မပင်ပန်းပါဘူး မေမေ၊ ဒီညနေ မြို့ထဲဆိုင်ကို သားသွားနေပြီး ဖိုးအောင်ကို ကော်ဖီဆိုင် လွှတ်လိုက်တယ်၊ မြို့ထဲမှာ ဆိုင်သိမ်းပြီး ဖိုးအောင်ဆီ ခဏပြန်ဝင်နေသေးတယ်၊ ဒါကြောင့် နည်းနည်းနောက်ကျနေတာ”

“အေးလေ … သားတို့နှစ်ယောက်က အလုပ်တူတူတွဲလုပ်ပေမဲ့ ခုနောက်ပိုင်း တစ်နေ့ရာစီ တစ်ကွဲစီ ဖြစ်ဖြစ်နေတယ်နော်၊ ကော်ဖီဆိုင်က မသွားဘဲထားပြီး ပိတ်ခါနီးမှ သွားလို့ရတာပဲ မဟုတ်လား သားရဲ့၊ ဟိုမှာ ဆိုင်မန်နေဂျာ ရှိတယ်မို့လား”



www.burmeseclassic.com

www.burmeseclassic.com



မိုးမမက မသိချင်ယောင်ဆောင် မေးလိုက်တာပင်။ အရင်က သူငယ်ချင်းနှစ်ယောက်လုံး မြို့ထဲဆိုင်မှာအတူ တစ်နေကုန်နေ၊ အဲဒီက ဆိုင်ပိတ်ပြီးမှ ကော်ဖီဆိုင်ဆီ ကူးလာကြတာ။ တစ်ခါတစ်ရံ နှစ်ယောက်အတူ။ တစ်ခါတလေလည်း တစ်ယောက်တစ်လှည့် ကော်ဖီဆိုင်ပိတ်တဲ့အထိ နေကြသည်။

ခုနောက်ပိုင်း ကော်ဖီဆိုင်မှာ မှုဝတ်ပြာက နေ့ပိုင်းထိုင်တာမို့ ကောင်းက အမြဲ အဲဒီကို ရောက်နေပုံ ပေါ်ပါသည်။

"ဆိုင်မန်နေဂျာတော့ ရှိပါတယ်၊ ဒါပေမဲ့ အဲဒီဆိုင်က အမြဲပစ်ထားသလို ဖြစ်နေတော့ ခုတစ်လော အဲဒီဘက် သွား ရောက်ရောက်နေတာ".

မိုးမမက ပြုံးလိုက်ပါသည်။ သား ဘာယ်လိုပဲပြောပြောပါ၊ စကားကို အကျအနကောက်၍ ဟာကွက်ထောက်ပြီး သားကို ချောင်မပိတ်လိုပါ။

"သား မျက်နှာနွမ်းလို့ မေမေက နေမှကောင်းရဲ့လား — အလုပ်ပဲ ပင်ပန်းလားလို့ပါ"

"မေမေသာ နေကောင်းအောင်နေနော်၊ မေမေ ကျန်းမာနေမှ သားက စိတ်ချမ်းသာတာ"

အဲဒီညနေကတည်းကစပြီး ကောင်း မျက်နှာကောင်းလှတာပင်။ မှုဝတ်ပြာနှင့် ဘာဖြစ်သလဲ ဆိုတာ မိုးမမသိချင်လှပါသည်။ သူတို့ကြားမှာ စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခုခု ကြုံကိုကြုံလိမ့်မည်။ တခြားကိစ္စတွေကြောင့်တော့ဖြင့်





ကောင်းက မျက်စိပျက် မျက်နှာပျက် ဖြစ်လေ့မရှိပါ။ အဲသလောက်ဖြစ်ရအောင် အဆင်မပြေမှု အထစ်အငေါ့လည်း သားဘဝမှာမရှိ။

သူတို့နှစ်ယောက်အကြား မပြေလည်လေ ကောင်းလေလို့ အမေတစ်ယောက် အတွက်နှင့် ယေဘူယျ ဆိုရမှာ ဖြစ်ပေမဲ့ မပြေလည်ရတဲ့အတွက် ကောင်း မျက်နှာမကောင်း ပြန်တော့လည်း သားဖြစ်သူကို သနားလှပါသည်။

ခုချိန်ထိ သားက ဘာမှမပြောသေးတဲ့အတွက် သူတို့ရဲ့ အခြေအနေကို သိလိုစိတ်ဟာ မိုးမမ ရင်ထဲ အင်အားပြင်းထန်နေသည်။ သူတို့အခြေအနေဟာ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးတဲ့အနေအထားလား။ သားဘက်က စိတ်ကစားခြင်းသာသာကို မမြင်ဖူးမူးမြစ်ထင် ဆိုတာလို ဖြစ်နေတာလား။ မိန်းကလေးဘက်က ဖြားယောင်းသိမ်းသွင်းမှုများ ပါသလား။

ကိုယ်ကိုယ်တိုင်နဲ့ အဖြစ်ချင်းတူစွာ အိမ်ထောင်ကွဲရတဲ့ မိန်းမတစ်ယောက်လို့ ကိုယ်ချင်းစာ ကြင်နာနိုင်ပေမဲ့ မှုဝတ်ပြာဘက်က ဖြားယောင်းမှု ပါလေမလား ဆိုတာကိုတော့ မိုးမမ မတွေးဘဲ မနေနိုင် သံသယ ဝင်မိပါသေးသည်။

သားအသက်ကလေးကို တွက်စစ်ကြည့်ပါဦး။ နှစ်ဆယ့်တစ်နှစ်ဆိုတာ တကယ့် အငယ်လေး … ကလေးလေးပါ။ မေမေ့ ကလေးလေးသာ ဖြစ်နေပါသေးတယ်။ ရှစ်နှစ်သားတစ်ယောက်ရဲ့ ဖခင်နေရာကို ဝင်ယူဖို့ မိုးမမရဲ့ သားလေးဟာ အရွယ်မထိုက်တန်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်တွေးပါဦး သားရယ်။

ဒီရက်မှာ စိန်တိုက်ကို ကိုယ်တိုင် ပြန်ထိုင်သည်။ စိန်တိုက်ဖွင့်လှစ်ရာ မြို့ထဲက အောက်ထပ် အခန်းကျယ်ကြီးဟာ မိုးမမရဲ့ ဦးလေးရင်း လူပျိုကြီး ပိုင်ဆိုင်တာဖြစ်ပြီး သူ့အခန်းကို လခပေး ငှားရမ်းထားကာ သူ့ကိုပါ ဘာဝန်ခံမန်နေဂျာ ပြန်ခန့်ထားလိုက်တဲ့အတွက် အဲဒီပင်စင်စား ဦးလေးဟာ ဂုဏ်ယူကျေနပ်စွာ ဆိုင်မှာ ခန့်ခွဲမြဲ။

စိန်တိုက်စဖွင့်ကတည်းက ဦးလေးကို ခန့်အပ်ထားကာ ဦးလေးဟာ ပိုင်ရှင်ကိုယ်တိုင်ဖြစ်သော မိုးမမ ထက်ပင် ကိုယ့်စီးပွားနယ် ကိုယ်ဖိရင်ဖိ ကြိုးပမ်းလုံ့လပြုပါသေးသည်။

လုံခြုံစိတ်ချရသည်မှာ ကိုယ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အတူတူပင်။ မိုးမမ ဆိုင်မှာ ရှိနေလျှင်ပင် စီမံခန့်ခွဲနေတာက ဦးလေး ဖြစ်သည်။ ရွှေကော့စ်မီးဖွင့်တာ ပိတ်တာတွေက အစ စောင့်ကြည့် တစ်ချွန်းချင်း ပြောနေတာ၊ မိုးမမကလည်း လူကြီးတစ်ဦး ရှိနေလျှင် ကျက်သရေရှိသည်ရယ်လို့ ဦးလေး ရှိတာကို ကျေနပ်သဘောကျပါသည်။

ထိုဦးလေးကြောင့်ပဲ မိုးမမမှာ ဆိုင်ကို ကိုယ်တိုင် သွားလိုကသွား ... တခြားကိစ္စရှိလျှင်လည်း ထွက်သွားလို့ရသလို နေမကောင်း၍ အနားယူပြန်လည်း အဆင်ပြေနေပါသည်။ ခုတစ်ခါ မိုးမမ ဆိုင်ပြန်ထိုင်တဲ့အခါ ဆိုင်မှာ သိပ်ကပ်ဖြစ်သည် မရှိ





ပါ။ ဖိုးအောင် ထံမှ မွန်ဝတ်ပြာရဲ့ လိပ်စာကို စုံစမ်းသိရှိထားပြီး ထိုရပ်ကွက်ထဲကိုသာ မကြာမကြာ ရောက်ဖြစ်နေပါသည်။

နေ့လယ်နေ့ခင်းတွေကျ သူတို့အိမ်က သော့ခတ်ပိတ်ထားတတ်တာမို့ ဘယ်သူမှမရှိ။ ညနေ သုံးနာရီခွဲဆိုရင်ဖြင့် သားအမိနှစ်ယောက်လုံး ပြန်ရောက်နေတတ်ပေပြီ။ သူတို့သားအမိရဲ့ ဇာတ်ကြောင်းများ၊ သားနှင့် ပတ်သက်ဆက်နွယ်မှုများကို စုံစမ်းသိရှိချင်သော်လည်း အစိမ်းသက်သက် မည်သူ့ကို သွားမေးစမ်းရပါမည်နည်း။

အဲဒီလမ်းထိပ်က ရှမ်းခေါက်ဆွဲဆိုင်ကလေးမှာ မကြာမကြာ တစ်ခုခု သွားစားနေဖြစ်သော မိုးမမမှာ တစ်ရက်တော့ စိတ်အားတက်ကြွဖွယ် ကြုံရပါသည်။ ဆိုင်ထဲမှာ မိုးမမ ရှိနေဆဲ ဘားတစ်စင်း ဆိုင်ရှေ့မှာ အရှိန်လျှော့ရပ်၍ ကားထဲမှ အမျိုးသမီးဦးခေါင်းတစ်ခု ထွက်ပြူကာ ...

"မနန်းရေ ... မြီးရှည်နှစ်ပွဲ ရှမ်းခေါက်ဆွဲသုံးပွဲ တို့အိမ်ကို ပါဆယ်လာပို့ပေးစမ်းပါဟော့၊ အားလုံး ကြက်နဲ့နော်၊ တို့ဟူးကြော်လေး တစ်ပွဲလောက်လည်း ထည့်ခဲ့"

"အခုလား မမနု"

"အေး၊ အခု ... အခု ...၊ ကောင်လေး လွှတ်ပို့ခိုင်းပေးနော်၊ လာမှ ပိုက်ဆံပေးလိုက်မယ်နော်"

"ရတယ် မမနု ... သွားနှင့်၊ အခုလာပို့မယ်"

www.burmeseclassic.com



ထိုကားက လမ်းထဲချိုးဝင်သွားပါသည်။ မိုးမမသည် ကားထဲက ခေါင်းထွက်ပြောသော အမျိုးသမီးကိုမြင်လျှင် စိတ်ထဲ ထိတ်ခနဲ တက်ကြွမြူးရွှင်သွားတာပင်။ နာမည်ကလည်း မမနု တဲ့။ အနည်းငယ် ဝဖြိုးနေတာကလွဲလျှင် ကျောင်းတုန်းက အတော်အတန် ခင်မင်ခဲ့ဖူးသော နုနုဝင်း ဖြစ်သည်ဆိုတာ မိုးမမ မှတ်မိသည်။

တစ်ယောက်တည်း ဒီလမ်းထဲလာ ဒီဆိုင်မှာထိုင်ရတာ ကြောင်လွန်း၍ အတင့်ကို ခေါ်လာတတ်သည် ဖြစ်ရာ ခုလည်းပဲ အတင့် ပါပါသည်။

"အတင့် ... မြန်မြန်စား ... မြန်မြန်စား ..."

"ဘာဖြစ်လို့လဲ မမ၊ အရေးကြီးရင် မစားတော့ဘူး ... တော်လိုက်မယ်လေ"

"ခုန မိန်းမကို ငါသိတယ် ... ကျောင်းတုန်းက သူငယ်ချင်းဟဲ့၊ ဒီလမ်းထဲကပဲဆိုတော့ မှုံဝတ်ပြာ အကြောင်းကို သိမှာပဲ၊ ငါတို့ သူ့အိမ် လိုက်လည်ရအောင်"

"ဟုတ်ကဲ့"

မိုးမမက မုန့်ပွဲပြင်နေသော မိန်းမနား သွားရင်ကာ ...

"ဒီမှာ ... ညီမ ...၊ ခုန ကားပေါ်က မုန့်မှာသွားတာ နုနုဝင်း မဟုတ်လားဟင်"





"ဟုတ်ကဲ့ ... ဟုတ်ပါတယ်"

"သူ ခြံနံပါတ် ဘယ်လောက်မှာ နေလဲဟင်၊ အစ်မရဲ့ ငယ်သူငယ်ချင်းမို့ပါ"

"ဪ ... မမနုက ခြံနံပါတ်(၁၇)၊ နှစ်ထပ်တိုက်အဖြူရောင်၊ လမ်းရဲ့တစ်ဝက်လောက်မှာ နေပါတယ် အစ်မ"

"ကျေးဇူးပါပဲကွယ်"

မကြာမကြာ ရောက်ဖြစ်နေတဲ့ အကျိုးပင်။ နောက်ဆုံးတော့ သူ့အတွက် ဝင်ထွက်ဖို့ မခက်ခဲသော အသိအိမ်တစ်အိမ်ကို မိုးမမ တွေ့ခဲ့ရပါသည်။ စားတာကို လက်စသတ်ပြီး ...မ်းလယ်လောက်က ခြံနံပါတ်(၁၇)ဆီ မိုးမမတို့ ထွက်လာခဲ့ပါသည်။ ဒီဘက်ကို လာတဲ့နေ့မျိုးတွေဆို ဒရိုင်ဘာကို ခေါ်မလာ။ ...ိုယ်တိုင် မောင်းလာတတ်တာမို့ ခုလည်း ကားကို ကိုယ်တိုင် ...ာင်းကာ ခြံနံပါတ်(၁၇)ရှေ့မှာ ဟွန်းတီးလိုက်ပါသည်။

ပေခြောက်ဆယ် ရှစ်ဆယ်လောက်ကျယ်သော ခြံထဲ ...တိုက်ကြီးကလည်း သစ်လွင်သားနားသည်။ ပိုပြီးကံကောင်းတာ ... နုနုဝင်းရဲ့အိမ်ဟာ မှုံဝတ်ပြာတို့အိမ်နှင့် မျက်စောင်းထိုးရုံကလေး၌ ရှိနေလို့ပင်။ ကောင်မလေးတစ်ယောက်က ခြံတံခါးလာ ...ွင့်ရင်း ...

"ဘယ်သူနဲ့ တွေ့ချင်ပါလဲ"

"နုနုဝင်း ခုပဲ ပြန်လာတယ် မဟုတ်လား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အေး၊ အန်တီ နုနုဝင်းနဲ့ တွေ့ချင်လို့ပါ"

ကောင်မလေး ခြံတံခါး ဖွင့်လိုက်မှ ကားကို ခြံထဲ မောင်းဝင်လာခဲ့ပါသည်။ နုနုဝင်းက အိမ်ဝသို့ ထွက်ရပ်ကြည့်ရင်း ကားပေါ်မှ ဆင်းလာသော မိုးမမကို မြင်လျှင် ...

"ဟယ် ... မိုးမမ"

"ဟုတ်တယ် နုနုဝင်း ... မှတ်မိတယ်နော်"

"မမှတ်မိစရာလား ... အရင်တုန်းက ပုံအတိုင်း ဘာမှမှ မပြောင်းလဲဘဲနဲ့ဟာ၊ ကိုယ်ဖြင့် ဝ,နေပြီ။ ယူက နဂိုမှ နဂိုအတိုင်းပါပဲဟယ်"

နုနုဝင်းက မိုးမမ လက်ကို ဝမ်းသာအားရဆွဲကာ အိမ်ထဲခေါ်သွားပါသည်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ ဟိုလူတွေ့သေးလား၊ ဒီလူတွေ့သေးလားတွေ ဖလှယ်ကြပြီးတဲ့ နောက် လာရင်းကိစ္စ ခေါင်းစဉ်သို့ ရောက်တဲ့အခါ သူ့ကိုလမ်း ထိပ်ဆိုင်ကနေ လှမ်းတွေ့လိုက်၍ လိုက်ပါလာတာ ပြောပြရသည်။ ပြောနေတုန်းပင် လမ်းထိပ်ဆိုင်က မုန့်ပါဆယ်ထုပ်တွေ လာပို့၍ အိမ်ဖော်မိန်းကလေးက ထွက်ယူသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ကလေးတွေ ကျောင်းက ပြန်ရောက်ကြရင် စားဖို့ဝင်မှာခဲ့တာ၊ အဲဒီကတည်းက လှမ်းတွေ့ ခေါ်လိုက်ရောပေါ့ဟယ်"





"မဟုတ်ဘူး နုနုရယ် ... အေးအေးဆေးဆေး ပြောဆို ဆွေးနွေးချင်တာလေး ရှိလို့ အိမ်ကိုပဲ လိုက်လာလိုက်တာ ပါ"

"အေး ... ဟုတ်သားပဲ၊ ယူ့ကိစ္စ ဆိုပါဦး၊ ကိုယ်ဘာကူညီ နိုင်လဲ"

"ကူညီနိုင်ရင်တော့ နှုတ်အားဖြင့်ပဲ ကူညီရုံပါပဲ၊ ယူတို့ အိမ်နဲ့ မျက်စောင်းထိုးက အိမ်နံပါတ်(၂၀)သစ်သားအိမ် မည်းလေးက မှုံဝတ်ပြာကို သိမှာပေါ့"

"သိတာပေါ့"

"သူနဲ့ ပတ်သက်ပြီး သိချင်တာရှိလို့ပါ"

"ဟုတ်လား၊ သူနဲ့ ယူနဲ့ ပတ်သက်နေတာ ရှိလို့လား"

"ဟုတ်တယ် ...၊ မမျှော်လင့်ဘဲ ပတ်သက်လာတယ်၊ သူ့ အကြောင်း သိပါရစေ၊ သူ့ကို ယောက်ျားနဲ့ ကွဲနေတဲ့ ကလေးတစ်ယောက်အမေ ဆိုတာပဲ သိထားပါတယ်"

"ဟုတ်တယ် ...၊ မှုံဝတ်ပြာက သနားဖို့တော့ ကောင်းပါ တယ် မိုးမမရယ်၊ အမျိုးသမီးလေးက ခပ်အေးအေးပါ၊ ယောက်ျားက ဆိုးတာကိုး၊ ယောက်ျားဘက်က အလွန်နဲ့ ကွဲရတာပါ"

"ယောက်ျားက ဘယ်လိုဆိုးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်ရဲတဲ့ ...၊ အရက်ကလည်း သောက်သေး၊ ကြွေရင်ကြွေသလို ပိုကာလေးကလည်း ခေါင်းချင်သေး၊ လူကပွဲစားဆိုတော့ ဝင်ငွေက မမှန်ဘူး ... ရတစ်လှည့် မရတစ်လှည့် ရရင်လည်း မိန်းမကို ပေးသလောက်တော့ ပေးပါရဲ့၊ အကုန်အပ်တာမျိုးတော့ မဟုတ်ဘူးကွာ။ သူ့မှာမရှိတဲ့အခါ မိန်းမလခထဲကပါ ပြန်တောင်းတာပေါ့၊ သူ့အလှည့်ပေးတုန်းက စတိလောက်၊ မှုဝတ်ပြာမှာ မနည်းလောက်အောင် တိုင်းသုံးရတာ၊ သူပြန်တောင်းတော့ ဘယ်ပေးနိုင်မလဲ ...

သူ့ရှိတုန်းက အကုန်အပ်ထားရင်တော့ မိန်းမက စုဆောင်းထားနိုင်ဦးမှာပေါ့၊ မဖြစ်စလောက်ပေးပြီး ကျန်တာ သူပဲ အရက်လေး သောက်လိုက် ... မာဘိုရှိလေး ဖွာလိုက် ... ကားကို နေ့တွက်နဲ့ ငှားစီးလိုက် ... သူ့ငွေ သုံး သုံးဖြုန်းတာလေ၊ သူ အဲဒီလို သူ့ငွေးလိုနေတုန်း မှုဝတ်ပြာတို့ သားအမိက ဖြစ်သလိုစားပြီး ဘတ်စ်ကား တိုးစီးနေရတာ၊ ဒီကြားထဲက မှုန်ဝတ်ပြာကို ငွေဘယ်လောက်ရှိသေးလဲဆိုပြီး ပြန်တောင်းတော့ ဘာပေးနိုင်လို့မတုန်း ...

တောင်းမရရင် အိမ်မှာ သောင်းကျန်း ဇုန်းဒိုင်းကြေ ပေါက်ကွဲ၊ ဒီသားအမိခမျာ အတော်ဒုက္ခခံရပါတယ်

အိမ်မှာ ရမ်းကားနေတာက များတာပဲ၊ အိမ်နီးနားချင်းတွေ အားလုံး ကြားနေရတာပဲလေ၊ မှုဝတ်ပြာက ကိုယ်နဲ့ခင်ပါတယ်၊ မိန်းမကောင်းလေးပါ ...

အဲ ... လွန်ခဲ့တဲ့ နှစ်နှစ်လောက် ရှိမယ်ထင်တယ်၊ ယောကျ်ားနဲ့ ကွဲသွားတယ်လေ၊ ကွဲလိုက်တာက သူ့အတွက်ကောင်းတာပေါ့၊ နို့မို့ တပေပေ တတောတောနဲ့ နှိပ်စက်ခံနေရတာ၊ သူ့ယောကျ်ားနဲ့တုန်းက စိတ်ဆင်းရဲရတော့ လှလုံးလည်း မလှပါဘူး၊ ကွဲသွားပြီးမှာ သူ့ဟာသူလေး တစ်ကိုယ်ရည် ရှာစားနေတော့ ဘာပဲဖြစ်ဖြစ် စိတ်တော့ ချမ်းသာရတယ် မဟုတ်လား၊ သားအမိနှစ်ယောက်လုံး သန့်သန့်ပြန့်ပြန့် ရှင်ရှင်လန်းလန်းလေး ရှိလာတာပေါ့"

မိုးမမဓာ ငြိမ်၍ နားစိုက်ထောင်နေပါသည်။

"ကွဲပြီးတဲ့နောက် ... ယောကျ်ားက တစ်ခါတလေ လာသေးတာ၊ ကွဲကာစကတော့ အလာစိတ်တယ်၊ သူလာရင်လည်း တစ်ရပ်ကွက်လုံး သိတာပဲ။ အော်ဟစ်ပူညံနေတာကြားရတာကိုး၊ အိမ်တွေက နီးနီးကပ်ကပ် မဟုတ်လား၊ ကိုယ်တို့အပေါ်ထပ် ဝရန်တာက ကြည့်ရင် သူတို့အိမ်ကိုဆီးပြီး မြင်နေရတာကိုး၊ ခုနောက်ပိုင်းတော့ သိပ်မလာပါဘူး၊ မမြင်တာ အတော်ကြာပြီ၊ ဟိုတစ်ရက်က တစ်ခါလာလိုက်သေးတယ်၊ ကလေးကျောင်းဆင်းချိန်လောက် ...

www.burmeseclassic.com



ကိုနိုင်ရဲက ကြိုရောက်ပြီး စောင့်နေတာလေ၊ မှုံဝတ်ပြာ ပြန်လာရင်တော့ အသံတွေ ကြားရဦးတော့မယ်ဆိုပြီး စိတ်ဆင်းဆင်းရဲရဲနဲ့ မသိမသာတော့ အကဲခတ်နေမိသေးတယ်၊ အံ့ဩစရာပဲ၊ အဲဒီနေ့ကတော့ မရမ်းကားသွားဘူးတော့၊ အဲဒီတော့မှ စိတ်အေးရတယ် ...

ယူ့ သူနဲ့ ဘာကိစ္စ ရှိတာလဲဟင်”

မိုးမမသည် ရုတ်တရက် ပြောရခက်နေပါသည်။ တစ်ဖက်က ပြောစကားတို့၌ မှုံဝတ်ပြာ၏ အပြစ်အနာအဆာ မပါ။ မှုံဝတ်ပြာကို ကိုယ်ချင်းစာ ကရုဏာသက်သော သဘောတို့သာ ပါဝင်နေသည်။ မှုံဝတ်ပြာရဲ့ ဆိုးသတင်း တစ်ခုခု ကြားရရင်လည်း ကောင်းသား။ ကိုယ့်စကားအတွက် ပြောအားရှိသည်။

မိုးမမက ခပ်ငိုင်ငိုင်နှင့် ...

“ခုတစ်လော မှုံဝတ်ပြာ တစ်ယောက်ယောက်နဲ့ တွဲမနေဘူးလား နုနု”

နုနုဝင်းက အံ့အားသင့်သွားပုံ ရပါသည်။ မိုးမမကို အကဲခတ်ရင်း ...

“အင်း ... ဟုတ်တယ် ... ကိုယ်လည်း တွေ့တော့တွေ့နေတယ်၊ အားလုံး တွေ့ကြပါတယ်”

“သူတို့ အနေအထား ဘယ်လိုရှိလဲ”





“သိပ်ထဲထဲဝင်ဝင်တော့ ကိုယ်လည်း ဘယ်သိမလဲ၊ ဒါပေမဲ့ လူရွယ်လေး တစ်ယောက် သူ့ကို ကပ်နေတာတော့ ဟုတ်တယ် ...၊ များသောအားဖြင့် ညနေ သူ့အလုပ်က အပြန်တွေမှာ လိုက်ပို့တတ်တယ်၊ တစ်ခါတစ်ရံ အားရက်တွေလည်း လာတယ်၊ ကောင်လေးက သားသားနားနား အဆင့်မြင့်မြင့်ထဲကပဲ၊ သူ့ထက်လည်း ငယ်ပုံရတယ် ...

မှုံဝတ်ပြာကို ကြည့်ရှုပုံ ဆက်ဆံပုံတွေ ကြည့်ရတာတော့ အတော်အလေးအနက် သံယောဇဉ်တွယ်နေပုံပဲ၊ အပျော်သဘော လာရစ်နေတဲ့ ကောင်လေးမျိုးတော့ မဟုတ်လောက်ဘူးထင်တယ်၊ ကရော်ကမယ် ကလက်တက်တက် ပုံမျိုးတွေလည်း မဟုတ်ဘူး၊ ကောင်လေးက မှုံဝတ်ပြာရဲ့ သားလေးကိုလည်း ဂရုတစိုက် ရှိပုံပဲ”

“မကြာ မကြာ လာတယ်ပေါ့နော်”

“အင်း ... လာပုံပဲ၊ ကိုယ်လည်း လေးငါးခေါက်ကြိမ်တော့ လှမ်းတွေ့မူးတယ်၊ ချောချောလေး၊ သန့်သန့်ပြန့်ပြန့် အဆင့်ရှိရှိ ကောင်လေးပါကွယ်၊ ဩော် ... မေ့နေလိုက်တာ ... ဟိုတစ်ရက်က မှုံဝတ်ပြာ ယောက်ျားလာတယ်လို့ ကိုယ်ပြောပါရောလား ... အဲဒီနေ့က အဲဒီကောင်လေးလည်း လာတယ်လေ”

“ဟုတ်လား”

www.burmeseclassic.com



မိုးမမ မျက်လုံးဝိုင်းကာ အံ့အားသင့်စွာ စိတ်လှုပ်ရှားသွားပါသည်။

"ဟုတ်ပါ့ …၊ အဲဒါကြောင့် ဘာပြဿနာဖြစ်တော့မလဲလို့ ကိုယ် စိတ်ဝင်တစား စောင့်ကြည့်မိတာပေါ့၊ နိုင်ရဲက လာတိုင်း ပြဿနာရှာနေကျပဲ မဟုတ်လား"

"သူတို့ ဘာဖြစ်ကြလဲဟင်"

"အဲဒါ အံ့ဩစရာပဲ … ဘာမှ မဖြစ်ကြဘူး"

"ဟုတ်လား"

"ခါတိုင်း လာတိုင်း ပြဿနာ ရှာတဲ့ နိုင်ရဲကလည်း ဒီတစ်ခါ ဘာမှ အော်ကြီးဟစ်ကျယ် မလုပ်ဘူး၊ ကောင်လေး အရှိန်အဝါကိုပဲ ဖြုံလေသလား ဘာလားတော့ မသိပါဘူး ကောင်လေးက မာ့ခ်တူးကား မော်ဒယ်လ်မြင့်ကြီးနဲ့ လာတာကွ၊ ရုပ်ကလည်း ဘာပဲဖြစ်ဖြစ် လူကြီးလူကောင်းရုပ် ပေါ့ကွာ၊ လူစိမ်းရဲ့ အဆင့်အတန်းကိုကြည့်ပြီး မရမ်းကား ဝံ့ပဲ နေသလား ဘာလား မသိဘူး"

"ဟိုလူ ရှိတုန်း … ဟို ကောင်လေး ရောက်လာတာ လား"

နုနုဝင်းက ပြောရင်း အားရပါးရ ရှိလာပါသည်။

"နိုင်ရဲက အရင်ရောက်လာတာကွ၊ မှုံ့ဝတ်ပြာတို့က ပြန်ရောက်ကြသေးတော့ ခြံရှေ့ ဆိုင်ကယ်နဲ့ ရပ်စောင့်နေကြ





တယ်၊ ခဏနေတော့ ဟိုကောင်လေးကားနဲ့ မှုံ့ဝတ်ပြာရော သူ့သားရော အတူပြန်လာကြတာ၊ အဲသလို တွေ့ကြတာပဲ"

"ကောင်လေးက ရှောင်ပြီး ပြန်သွားလိုက်တာလား"

"ဟင့်အင်း၊ သူတို့ချင်းတောင် စကားပြောဆိုကြ၊ လက်ဆွဲနှုတ်ဆက်ကြသေးတယ်၊ ခဏနေမှ နိုင်ရဲက အရင်ပြန်သွားတာ၊ ကောင်လေးက အိမ်မှာ ကျန်ခဲ့တယ်"

မှုံ့ဝတ်ပြာ ယောက်ျားနှင့် လက်ဆွဲနှုတ်ဆက်နေမည့် သားပုံစံကို မြင်ယောင်ကြည့်ကာ မိုးမမ ရင်ထဲ နင့်ရသည်။ ကလေးအမေ အိမ်ထောင်ကွဲ မိန်းမကိုမှ သွားကြိုက်မိတော့ သားဘဝမှာ ဒီလို အဖြစ်မျိုးတွေ ကြုံရရှာပြီ။ လက်ဆွဲနှုတ်ဆက်ရခိုက် သားရင်ထဲ ဘယ်လိုနေမလဲ။ ဒုတိယလူအဖြစ်နှင့် ရင်ထဲခံစားချက် တစ်ခုခုတော့ ရှိပေလိမ့်မည်။

"နေပါဦး နုနုရယ် …၊ အဲဒီ မှုန်ဝတ်ပြာက ကွဲသွားပြီးတဲ့ ယောက်ျား အိမ်ကို လာလာရမ်းကား သောင်းကျန်းနေတာကို လက်ခံနေသတဲ့လား"

"အင်း … သားကလည်း ရှိနေတာကိုး"

"သားရှိရာကို လာလို့ရတယ်လေ၊ ဒါပေမဲ့ … လာရမ်းလို့တော့ ဘယ်ရမလဲ၊ တိုင်လိုက်ရင် ဖမ်းချုပ်လို့ရနိုင်တဲ့ ကိစ္စပဲ၊ သူနဲ့ကိုယ် ဘာဆိုင်တော့တာမို့လဲ၊ ဒီလူ ဘာမှ လာရမ်းခွင့် မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ကွာ ... တစ်ခုရှိတာက သူတို့က Legally divorced မှ မဟုတ်သေးပဲ"

"ဘယ်လို ... ယူ ပြောတော့ ကွဲပြီးသားဆို"

"မြန်မာစကားက တစ်လုံးတည်းနဲ့ အဓိပ္ပာယ်မျိုးစုံ ရောက်နေလို့ကွ၊ သူတို့နှစ်ယောက်ကွဲနေတယ်ဆိုတာ ခွဲနေတာကို ပြောတာ၊ Separate ကို ပြောတာ၊ သတ်သတ်စီ နေကြတယ်၊ မပေါင်းဘူး၊ ဒါပေမဲ့ Divorce မလုပ်ကြရသေးဘူး"

"ဟင် ..."

မိုးမမမှာ ရင်ကိုဖိကာ အကြီးအကျယ် ထိတ်လန့်သွားပါသည်။

"ဆိုလိုတာ မပြတ်စဲရသေးဘူးပေါ့ ... မကွာရှင်းရသေးဘူးပေါ့"

"ဟင် ... အဲသလိုလား၊ တရားဝင် ကွာရှင်းပြတ်စဲလက်မှတ်ထိုးပြီးသား မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"သေချာလား နနရယ်"

"သေချာတယ်၊ သေချာဆို ကိုယ်နဲ့ မွဲ့ဝတ်ပြာ စကားစပ်ပြီး ပြောဖြစ်လို့ကို သေချာတာ၊ ကိုယ့်ကိုရော ဟိုဘက်အိမ်က ဒေါ်စန်းစန်း ဆိုတဲ့ အမျိုးသမီးကိုပါ သူက တိုင်ပင်ဖူးတယ်၊ သူက လက်မှတ်ထိုးပြီး ဘာမှ မသက်ဆိုင်





တော့တာ ကြေညာပြီး ကွာရှင်းချင်တယ်၊ နိုင်ရဲဘက်က ကွာရှင်းခွင့် မပြုဘူး ...

သူကွာမပေးတော့ ဘယ်လိုလုပ်မလဲ၊ ဒါမျိုးက ယောကျ်ားရဲ့ ပြစ်မှုတစ်ခုခု အိမ်ထောင်ရေးဖောက်ဖျက်မှု စသဖြင့်ကို လက်ဆုပ်လက်ကိုင် သက်သေပြရင်လည်း ပြနိုင်ရမယ်၊ ယောကျ်ားရဲ့ အထောက်အပံ့ကို မရယူ မစားတာ ဘယ်နနှစ်ရှိပါပြီ ဆိုတာကိုသော်လည်းကောင်း သက်သေပြနိုင်ရမယ်၊ ဒါမှလည်း မိန်းမဘက်က ကွာရှင်းခွင့် ဦးတိုက်လျှောက်လို့ ရတာကိုး၊ ယောကျ်ားက ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်ညှင်းပန်းတဲ့ ဒဏ်ရာဒဏ်ချက်ကိုသော်လည်းကောင်း၊ မျက်မြင်သက်သေနဲ့တကွ ပြနိုင်ရမယ် စသဖြင့် ကိုယ် ကြားဖူးတယ် ... ဒေါ်စန်းစန်းလည်း ဒီတိုင်းပဲ ပြောတယ် ...

နိုင်ရဲက ကိုယ်ထိလက်ရောက်တော့ မညှင်းပန်းဖူးဘူး၊ အိမ်ထောင်ရေး ဖောက်ပြန်မှုလည်း မရှိဘူးကွ၊ ကျန်တာသာ အတွင်းကျိတ် ဆိုးသွမ်းနေတာ၊ လူမသိ သူမသိ တရိရိသာ နှိပ်စက်နေတာ၊ ဆူညံအော်ဟစ် ရန်ဖြစ်တာလောက်က ကွာရှင်းခွင့် ရနိုင်ရဲ့လား ကိုယ်လည်း မသိဘူး၊ ခုနောက်ပိုင်းတော့ အမျိုးသမီးရေးရာတွေ ဘာတွေကို တိုင်ကြားလို့ ရတယ်လည်း ကြားတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ ကြားဖူးသလောက် ဇဟုသုတရှိသလောက်တော့ သူ့ကို ရှင်းပြကြတာပါ၊ နိုင်ရဲ သူ့အပေါ်မကောင်းတာ မှန်ပေမဲ့ ကွာရှင်းခွင့် အလွယ်တကူ ရလောက်အောင်တော့ ပြစ်မှုတွေ မထင်ရှားဘူးကွ၊ ဟိုကကွာလည်းမပေးဘူး၊ လာလည်း မပေါင်းဘူး၊ ဒါလည်း ကြိုးရှည်ရှည်လှန်ပြီး တရီရီ နှိပ်စက်ထားတာမျိုးပါပဲကွာ ...

နောက်တော့ မှုံဝတ်ပြာ လက်လျှော့လိုက်တယ်ထင်ပါတယ်၊ ညှိမရတော့ ဒီအတိုင်းပဲ ပစ်ထားလိုက်တဲ့ပုံပဲ၊ ကိုယ်တို့ကိုလည်း လာထပ်မတိုင်ပင်တော့ဘူး၊ ဒီလိုပဲ ဓာတ်မျောကြီး ဖြစ်နေတယ်၊ ဒါကြောင့် သူတို့ တရားဝင် မကွာဖြစ်တာ"

"ဒါဆိုရင်"

မိုးမမသည် ရင်ထဲ ညစ်နောက်ရှုပ်ထွေး သွားကာရင်ဝ၌ ဆို့ဆို့နင့်နင့်နှင့် ...

"မှုံဝတ်ပြာက နောက်အိမ်ထောင်ပြုလို့တော့ မရဘူးပေါ့"

"ဘယ်ရမလဲ ... အလွယ်နဲ့တော့ ဘယ်ရလိမ့်မလဲ၊ အရင်ညှိပြီး ရှင်းပြီး အပြတ်ဖြတ်ရမှာပေါ့၊ ဒီတိုင်း ခွတ်ရှေ့တိုးလို့ကတော့ နိုင်ရဲလိုလူက နောက်လူကို မယားခိုးစွဲမှာသေချာတယ်"





"မယားခိုး ! ..."

မိုးမမသည် ကြောက်ရွံ့အော်ဂလီဆန်စွာ ရေရွတ်လိုက်မိပါသည်။ ကြည့်ပါဦး။ စကားလုံးက ရက်စက်ရင့်သီးလိုက်တာ။ ဤစကားလုံးမျိုးနှင့် သူ့သားကလေးကို ဘယ်တုန်းကမှ ယှဉ်တွဲပတ်သက်ရလိမ့်မည်လို့ ထင်မထားခဲ့ပါ။

မိုးမမ ရင်ထဲ မခံမရပ်နိုင်ခြင်း၊ ခါးသီးစက်ဆုပ်ခြင်း၊ လက်သင့် မခံနိုင်ခြင်းတို့နှင့် တဆတ်ဆတ် တုန်ယင်ကာ တလှပ်လှပ် ဖြစ်လာပါသည်။ ချွေးစေးတွေပင် ပြန်လာခဲ့ပြီး လူက မူးမိုက်ချင်သလိုလည်း ဖြစ်လာပါသည်။ မယားခိုးတဲ့။ ဆိုးလိုက်တဲ့ အမည်ကြီးရယ်။ မေမေ့သား လူတော်လူမွန်ကလေး ဤအမည်ဆိုးကြီးနဲ့ ဘယ်တော့များမှ မပတ်သက်ရပါစေနဲ့။

"ယူ ဘာဖြစ်လို့ ဒီကိစ္စကို တအား စိတ်ဝင်စားနေသလဲ ကိုယ်မသိရဘူးလား၊ တစ်ခုခု အကူအညီလိုလည်း ပြောပေါ့၊ ကိုယ်လည်း မှုံဝတ်ပြာနဲ့ ခင်နေတာပဲ၊ ဝိုင်းဝန်းကြရမှာပေါ့"

အရေးထဲ နုနုက မိုးမမဟာ မှုံဝတ်ပြာဘက်ကရယ်လို့ အလွဲကြီး ထင်နေပြန်ပါပြီ။ မိုးမမ စကားစရှာနေဆဲ ခြံထဲမှာ ငေး ကျန်ရစ်ခဲ့သော အတင့်က အိမ်ပေါ် ခပ်သွက်သွက်လေး တက်လှမ်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမမ အနားကပ်ကာ အိမ်ရှင်ကို အားမနာတတ်ဘဲ နားရွက်နားထိကပ်၍ လေသံဖွဖွနှင့် ...

"မမ ... ဟိုအိမ်ကို ကောင်း ရောက်နေတယ်တော့"

"ဟင်"

မိုးမမက အလျှင်စလို ယောင်ရမ်း ထရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ မိုးမမ ... ဘာတဲ့လဲ"

"ဩော် ... ဟို ... ဟို ... ဟိုအိမ်မှာ ... ဟိုဒင်း ..."

မိုးမမ စကားမဆုံးခင် နနဝင်းက စည့်ခန်းပြတင်းပေါက်ဆီ လျှောက်သွားကာ ခန်းဆီးကို အသာကလေး လှပ်လိုက်ရင်း ...

"အေးတော် ... ဟိုကောင်လေး ရောက်နေပြီ၊ အဲဒါပဲ အဲဒါပဲ၊ ကိုယ်ပြောတဲ့ ကောင်လေးဟာ ..."

မှုံဝတ်ပြာက အိမ်သော့ကို ဖွင့်နေကာ နောက်မှာ ကောင်းနှင့် ချာတိတ်လေး။ ကောင်းက ချာတိတ်လေးရဲ့ ထမင်းချိုင့်ခြင်းကို ဆွဲထားပါသည်။ ပုံစံက မိသားတစ်စု အိမ်ပြန်ရောက်လာတဲ့ အတိုင်းပင်။ မိုးမမ ရင်မှာ တလှပ်လှပ်နှင့် ဝမ်းနည်းတုန်ယင်လာသည်။ ဘယ်လောက်ပဲ စိတ်ကောင်းရှိရှိ ကိုယ်ချင်းစာတတ်တတ် ... ကောင်းကို မှုံဝတ်ပြာနှင့် ဘယ်လိုမှ မကြည့်ဖြနိုင်ပါဘူး။





အိမ်သော့ဖွင့်သွားလျှင် အိမ်ထဲကို အားလုံး ဝင်သွားကြပါသည်။ ပိုင်စိုးပိုင်နင်း တရင်းတနှီးကြီးပါလား သားလေးနှယ်။

"တွေ့လား၊ ကောင်လေးက အဆင့်အတန်း အမြင့်စားထဲကပဲ၊ တော်တော်တော့ ငယ်ဦးမယ်ကွ၊ မျက်နှာလေးက နုနုလေးရယ်"

နနဝင်းက ပြောရင်း မိုးမမကို လှည့်ကြည့်မိရာ ...

"ဟင် ... မိုးမမ၊ ယူ့ ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား"

"ကောင်း ... ကောင်းပါတယ်ကွယ်၊ ကိုယ် ဘာဖြစ်လို့လဲ"

"ယူ့မျက်နှာမှာ သွေးမရှိသလိုဘဲ၊ ဖြူဖပ်ဖြူရော်နဲ့၊ ဘာဖြစ်သွားတာလဲ ... မူးလို့လားဟင် မိုးမမ"

သူပြောလိုက်မှ လူက မူးသလို ယိုင်သွားရပါသည်။ မနှစ်မြို့စွာ လှုပ်ရှားရလွန်း၍ ထိုဖိစီးမှုက လူကိုဆွဲချလိုက်သလို စိတ်ရောကိုယ်ပါ ချုံးချုံးကျသွားရပါသည်။

"မမ ... လာ ... လာ ... ထိုင်လိုက်ပါ"

"ဟုတ်တယ် ... လာ ထိုင်လိုက်၊ ယူ့ကြည့်ရတာ သိပ်မဟန်ဘူး"

နံတစ်ခုမှာ မိုးမမ ထိုင်မိလျှင် အတင့်က နီးရာ



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်တစ်ခု ကောက်ယူခေါက်ချိုး၍ မိုးမမကို ယပ်ခတ်သည်။ ဦးခေါင်း ဆံပင်တွေအကြား အေးခနဲ အေးခနဲ ဖြစ်သွားတော့ ဆံပင် ခေါင်းချွေးတွေပါပြန်ကာ ခေါင်းတစ်ခုလုံး ပူထူနေတာ သိရသည်။

"ကိုယ် ဘာမှ မဖြစ်ပါဘူး နုနုရယ်၊ ရုတ်တရက် စိတ်တအားလှုပ်ရှား ခံစားလိုက်ရလွန်းလို့ မဟန်နိုင် ဖြစ်သွားတာပါ"

"သူတို့နဲ့ ယူနဲ့ ဘယ်လိုများ ပတ်သက်စရာ ရှိနေလဲဟင် သူတို့ကို တွေ့လို့ ခုလို ဖြစ်ရတာ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် နုနုရယ် ...၊ ခုန ... ခုန နုနု တွေ့လိုက်တဲ့ လူငယ်လေးဟာ ကိုယ့်သားပါ၊ ကိုယ့်သား ... ထက်ကောင်းကင်ပါ"

"ဟင် ... ယူ့သား !၊ ယူ့သားက ဒီအရွယ် ရှိနေပြီလား အဲလေ ... ဟုတ်တာပဲ၊ ယူက အိမ်ထောင်ကျ ကလေးမွေးပြီးမှ တက္ကသိုလ် ဆက်တက်ခဲ့တာပဲနော်၊ သြော် ...၊ အဲဒါ ယူ့သားလား၊ အေးပေါ့ကွယ် ... ဒီလိုဆိုတော့ ..."

နုနုသည် ဘာဆက်ပြောရမည် မသိသလို နှုတ်ဆွံ့သွားပါသည်။ မိုးမမသည် ရှိုက်သံထွက်လုလုကို အစ်ခနဲ ကျိတ်ထိန်းလိုက်ရင်း ...





"ကိုယ့်သားလေးကို မယားခိုးဆိုတဲ့ဘဝ ရောက်မှာ ကိုယ်ကြောက်လိုက်တာ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကိုယ် သဘောမတူနိုင်ပါဘူး"

မိုးမမက တစ်ကိုယ်တည်း ပြောသလို ညည်းတွားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

မိုးမမရဲ့ ဘဝဟာ မွေးကတည်းက အမြင့်ဆုံးနေရာမှာသာ။ ချမ်းသာကြွယ်ဝလှတဲ့ မိဘဘိုးဘွား မျိုးရိုးစဉ်ဆက်မှ ဆင်းသက်လာခဲ့ကာ အရာရာဟာ သူ့ဘဝမှာ လိုတံရ။ သူ့တစ်သက် ဖြစ်ချင်တာ မဖြစ်ရ၊ လိုချင်တာ မပိုင်ရ ဆိုတာ လုံးဝမကြုံခဲ့ရပါ။

တစ်သက်လုံး သူတကာရဲ့ အလိုလိုက်ခံ ဖူးဖူးမှုတ်ခံဘဝမှာ နေခဲ့ရသူပီပီ သူ့ကို အထင်မကြီးသလို ဂရုမစိုက်သလို ပုံစံနှင့် ဂျစ်ကန်ကန် ရိုသဲ့သဲ့ ဆက်ဆံခဲ့သော လူငယ်လေးတစ်ယောက်ကို အကြီးအကျယ် ထူးဆန်းအံ့သြကာ စိတ်ဝင်တစား ဖြစ်ခဲ့ရပါသည်။ သားရဲ့ဖေဖေ ဖြစ်လာမည့် ထိုလူငယ်လေးအမည်က ထက်အောင်။





တကယ်တော့ အလကားနေရင်း သူ့အပေါ် ကြည့်မရသလိုလို အမြင်ကတ်သလိုလို အဖက်မလုပ်ချင်သလိုလို တစ်ဖက်သတ် ဖြစ်နေသည့် ကောင်ကလေးဟာ သူ့အပေါ် ဖြူစင်တဲ့ မေတ္တာတရားမျိုး မရှိဘူးဆိုတာ နားလည်ခဲ့ဖို့ ကောင်းပါသည်။

ဒါပေမဲ့ ... ဆယ်ကျော်သက် မနူးမနပ် လူငယ်ဘဝမှာ အစစအရာရာကို ခေါင်းအေးအေးနှင့် အရှည်အတွက် ဆင်ခြင်မျှော်တွေးဖို့ထက် လူငယ်တစ်ယောက်ရဲ့ စွန့်စားလိုစမ်းသပ်လိုသော စိတ်ကူးယဉ်မျိုးနှင့် ဝတ္ထုတစ်ပုဒ်ဆန်ဆန် ထိုကောင်ကလေးကို မိုးမမက စိတ်ဝင်စား သွားတော့တာ ဖြစ်သည်။

ထက်အောင်ဟာ လူဆင်းရဲ တစ်ယောက်လည်းမဟုတ်။ သူ့မိဘအဆင့်အတန်းဟာ သူ့ဟာနှင့်သူ ပြည့်စုံပြေလည်သည့် အနေအထားပင်။ မိုးမမတို့ကိုသာ ဘယ်လိုမှ မယှဉ်သာ မမီသာတာ မှန်ပေမဲ့ ရာထူးဌာနန္တရ အရလည်းကောင်း၊ ငွေကြေးဥစ္စာအရလည်းကောင်း မျက်နှာငယ်ရသည့် အတန်းအစားထဲမပါ။

အဲဒီနေရာမျိုးကနေ မိုးမမ ချမ်းသာကြွယ်ဝလှပထင်ပေါ် ကျော်ကြားကာ လူတကာ အရေးပေးခံရသည့်ဘဝ ဖြစ်နေတာကို အသားလွတ် အခြောက်တိုက် ကြည့်မရ၊ ရှုမရ၊ မြင်ပြင်းကတ်နေတဲ့ ကောင်လေး။ မိုးမမ စာဖြေလိုက်လို့ မှားသွားတာမျိုး၊

www.burmeseclassic.com



မိုးမမ လှလှပပ ဝတ်စားလာပြီး ခလုတ်တိုက်သွားတာမျိုး
တွင် မပြီးနိုင် မစီးနိုင် ညှစ်လျှောင်ရယ်တတ်သည့် ကောင်လေး

ကိုယ့်အပေါ် အမြင်မကောင်းတဲ့ စိတ်အခြေ
မကောင်းတဲ့ ကောင်လေးမှန်း သိသိနှင့် သူ့အပြုအမူတို့
မိုးမမက စိတ်ဝင်တစား စိတ်လှုပ်ရှားခဲ့သည်။ ဒီကောင်လေး သူ
ကို အလကားနေရင်း ကြည့်မရ ဖြစ်နေတာကိုပင် စပျစ်သီးချဉ်
နေတဲ့ သဘောလို့ ထင်စားခဲ့သေးသည်။

သူ မမီတဲ့၊ သူ မရနိုင်တဲ့ အရာတစ်ခုအပေါ် လုံး
စိတ်ဆန္ဒဖြတ်တောက် ရှောင်ရှားထားတာလို့ပင် အလိုလိုထင်
ကာ သူ့ရဲ့ သရော်မှု ပြောင်လှောင်မှု ရိသဲ့မှုတို့ကို အပြုံးမပျက်
တဲ့အပြင် သဘောတကျပင် ရှိခဲ့မိပါသည်။

ထက်အောင်ကို စတင် အရေးပေး အရေးလုပ်ခဲ့
သူဟာ မိုးမမ ဆိုတာ ဝန်ခံနိုင်ပါသည်။ ကိုယ်ကပဲ သူ့
ရယ်ဝြ ပြုံးပြ သူ့အပြောအဆို အပြုအမူတွေကို ပန်းနှင့်ပေါ
သလို နှစ်သက်ကြည်နူးစွာ ခံယူပြရင်းက ဇဝေဇဝါ ဖြစ်လာ
သိုကောင်လေးရဲ့ စိတ်ဝင်စားမှုကို ပြန်ရခဲ့တာပါပဲ။

ထက်အောင်က မိုးမမ သူ့ကို တစ်ဖက်သတ် ချ
နေသည်ဟု ထင်ခဲ့သည်။ မိုးမမကလည်း ထက်အောင်ဟာ သူ
ကို လိုချင်ပါလျက် မလိုချင်သယောင် တမင်တကာ ကိုယ့်ကို
ကိုယ် လှည့်စား အယောင်ဆောင်ထားတဲ့သူလို့ ထင်ခဲ့သည်





သူတို့နှစ်ယောက်လုံး ကိုယ့်အထင်ကို ကိုယ်တစ်ယူသန် အတည်ပြုကာ မဖျော့်လင့်ဘဲ နီးစပ်သွားခဲ့ကြပါသည်။ နီးစပ်ကြပြီးတဲ့နောက်မှာတော့ ထက်အောင်ဟာ မိုးမမရဲ့ အချစ်ဦး ပထမဆုံးလူ ဖြစ်ခဲ့သလို မိုးမမဟာလည်း ထက်အောင်ရဲ့ ပထမဆုံး အချစ်ဦး ဖြစ်ခဲ့သည့်အတွက် အပြန်အလှန် အရူးအမူး ဖြစ်ခဲ့ကြပါသည်။

အဲဒီ အရူးအမူး ဖြစ်မှုကိုပဲ တစ်သက်တာလုံး ခိုင်မြဲသွားတော့မည့် ရိုးမြေကျ အချစ်လို့ နှစ်ဦးသား ထင်မှတ်မှားခဲ့လေသလား ... (သို့မဟုတ် ... မိုးမမ တစ်ဖက်တည်းက ထင်မှတ်မှားခဲ့တာလည်းပဲ ဖြစ်နိုင်ပါသည်) မိုးမမဘက်က သဘောမတူဘူးဆိုသည့် လေသံ ထွက်လာတဲ့အခါ သူတို့နှစ်ဦး မျက်ကန်းတောတိုး ခိုးရာလိုက်ပြေးခဲ့ကြပါသည်။

"မိုးမိဘတွေ သဘောမတူဘူးဆိုရင် မိုး ကိုယ့်ကို မယူရဲပါဘူး ... ဟုတ်တယ်မို့လား ... မိုး သတ္တိမရှိဘူး မဟုတ်လား"

ဤစကား မမှန်ဘူးလို့ ဆန့်ကျင်သက်သေပြလိုခဲ့ခြင်းဟာ ခုပြန်စဉ်းစားတော့ ရူးတာမိုက်တာ သက်သက်ပင်။ "သတ္တိမရှိပါဘူး ... ဟုတ်တယ် ... ရှင့်ကို မယူရဲဘူး"လို့ ဘာကြောင့် ဝန်မခံရဲခဲ့သည်ကို ခုချိန်မှာ နောင်တရလို့ မဆုံးတော့ပါ။

သတ္တိရှိပါတယ်ဆိုတာကိုပဲ သက်သေပြလိုနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မကြောက်မလန့် မိဘကိုတောင်ပစ်၍ သူ့နောက်လိုက်ခဲ့မိခြင်းအတွက် ဘာအကျိုးကျေးဇူးများ ခံစားခဲ့ရပါသလဲ။ သူ့ကို လက်ထပ်ခဲ့မိတာအတွက် နောင်တတွေ အများကြီးကြားမှာ ကိုယ်ရခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် အရာတစ်ခုခုတော့ သားလေး "ထက်ကောင်းကင်"ပင်။

သူ့ကို အစကတည်းက မယူခဲ့မိရင် ကောင်းမှာ_လို့ ပြန်တွေးမိတိုင်း သားလေးကို ကရုဏာသက်ရသည်။ သူ့ကို မယူခဲ့ရင် ခုလို မိုးမမ အသက်မက ချစ်ရတဲ့ သားလေးကို ဘယ်ပိုင်ခဲ့ရပါ့မလဲ။ ဒါကြောင့် သူ့ကိုယူခဲ့မိတာကို နောင်တရမနေချင်။

သူ့ကို ကိုယ့်ဘဝထဲက ပျောက်ထုတ်ကာ သူနှင့်မတွေ့မီ အချိန်ကနေ ဘဝကို အသစ်ပြန်စလို့ ရလျှင်ပင် သားလေးကိုတော့ အသစ်ပြန်စမည့် ဘဝထဲ အပါခေါ်သွားချင်ပါသည်။ သားလေးကို မြတ်နိုးပိုင်ဆိုင်ခဲ့ရတဲ့အတွက် ဖြစ်သမျှ အကြောင်းအကောင်းလို့ပဲ နောက်ဆုံး သဘောထားလိုက်ရမြဲပါပဲ။

ခိုးပြေးပြီး နှစ်ယောက်တစ်ဘဝ ထူထောင်တော့ မိဘလက်ထက်ကထက်တော့ အနေအထား နိမ့်ကျသွားရသည်။ ကိုယ်ဖန်တီးတဲ့ဇာတ်မို့ ကိုယ့်ဘာသာ သတ္တိရှိရှိ ရင်ဆိုင်ဖို့ အသင့်ရှိပေမဲ့ ရံဖန်ရံခါ မပြေလည်တာလေးတွေကိုတော့ မိန်းမပီပီ နှုတ်က ထုတ်ဖော်ညည်းချင်သည်။





အဲဒီအခါမျိုးတွေမှာ သူ့ရဲ့သရော်စကားတွေကို ကြားရတတ်တာ ဘယ်တော့မှ မမေ့။ ထက်အောင်ဟာ ကလိတိတိရိသဲ့သဲ့ သရော်တော်တော် အငေါ်တူးတူး အရွဲ့တိုက်ပြီး ပြောတတ်တဲ့ နေရာမှာ နှစ်ယောက်မရှိ။ ဒါဟာ သူ့ဗီဇစရိုက်ပင်။

လူတစ်ကိုယ် မုန်းစရာ စရိုက်တစ်မျိုး ရှိသည့်အထဲ သူ့ရဲ့ အဲဒီဗီဇစရိုက်က မိုးမမ အမုန်းဆုံးစရိုက် ဖြစ်နေတာ ခက်သားပင်။ စကားကို ကန့်လန့်ခွတိုက် ပြောတာကိုပဲ ထူးဆန်းစွဲလမ်း၍ ဒီလူကို လက်ထပ်တဲ့ထိ ဖြစ်ခဲ့သော မိုးမမသည် ဒီကန့်လန့်ခွတိုက်မှုကိုပဲ များမကြာမီ အချိန်အတွင်း သည်းခံမရအောင် မုန်းတီးလာတော့တာ ဖြစ်သည်။

ခိုးပြေးသွားပြီးတဲ့နောက် မိဘအိမ်ကိုလည်း မပြန်ရဲ၊ သူကလည်း ပြန်အပ်ဖို့စကားမစ ... မတိုက်တွန်း။ ဒီကြားထဲ အဖေနှင့်အမေကို မိုးမမ ကျိတ်၍လွမ်းဆွတ်တမ်းတနေခဲ့မိပေမဲ့ ကိုယ့်အပြစ်နဲ့ကိုယ် ကြိတ်မှိတ်ခံနေပါသည်။ သူကတော့ သူ့မိဘအိမ်ကို အဝင်အထွက် လုပ်နေသည်။ မိုးမမမှာတော့ ကိုယ့်မိဘအိမ် အဝင်အထွက် မလုပ်ရဲ၍ မဝင်ထွက်ရ မတွေ့ရ။

သူ့အိမ်ကို သွားတဲ့အခါလည်း သူ့ဟာသူ တစ်ယောက်တည်းသာ သွားတာဖြစ်ပါသည်။ မိုးမမကိုပါ ခေါ်ကာ အတူသွားတာ မဟုတ်ပါ။ သူ့အိမ်နှင့်သူ ပြေလည်နေတော့ မိုးမဘက်ကို ဘာမှထည့်မစဉ်းစားပေး။ဒါကို တွေးမိကာ စိတ်ကွက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မိသားနဲ့ တစ်မိသား အတူတကွ နေထိုင်ကြတဲ့အခါ တစ်ယောက်ထံမှာ တစ်ယောက်က မကြိုက်စရာတွေ မကျေနပ်စရာတွေ တွေ့လာတတ်စမြဲပင်။ ထက်အောင်ရဲ့ စကားကို အထအနကောက်ကာ ရိတတ်တဲ့ အကျင့်ဟာ သူတစ်ပါးတို့အတွက် ဘယ်လိုနေမည် မသိပေမဲ့ မိုးမမ အတွက် အင်မတန်မှ မုန်းတီးစွံရှာဖို့ ကောင်းနေသည်။

နိုးပြေးအပြီး လေးလလောက် အကြာမှာ မိုးမမရဲ့ အဖေ နေမကောင်းကြောင်း ကြားလူနှင့် သတင်းစကား ရောက်လာပါသည်။ ဖေဖေဟာ စိတ်ထိခိုက်ခြင်းကြောင့် မိုးမမ သွားကတည်းက အိပ်ရာထဲလဲကာ တရှောင်ရှောင် ဖြစ်ခဲ့တဲ့အကြောင်း၊ ခုတော့ ကျန်းမာရေးအခြေအနေ မကောင်းလှတဲ့အတွက် ဆေးရုံတင်လိုက်ရကြောင်း၊ မိုးမမ သွားကြည့်သင့်ကြောင်း ကြားလူမိတ်ဆွေက အသိပေးလာပါသည်။

"ဟုတ်ချင်မှ ဟုတ်မှာပါကွာ၊ ဒါ ကိုယ်တို့က ဝန်ချပြီး ပြန်တက်လာအောင် တမင်တကာ မူယာမာယာလုပ်တာလည်း ဖြစ်နိုင်တာပဲ"

ထက်အောင်ရဲ့ ဤစကားက မိုးမမ အသည်းကို နာစေသည်။ စိတ်ထဲက ဤသို့ထင်လျှင်ပင် ထုတ်မပြောသင့်ဘူး ထင်သည်။





"ကိုအောင့် အဖေ ဖြစ်တာမှ မဟုတ်တာ၊ ကိုအောင်က ပြောအားရှိတာပေါ့၊ ကိုအောင့် အဖေသာ အဲသလိုဖြစ်ရင် ကိုအောင် ဘယ်လိုနေမလဲ"

"ကိုယ့်အဖေက အဲသလိုလည်း ဘယ်တော့မှ မဖြစ်ဘူး၊ စည်းစိမ်ဥစ္စာဂုဏ်တွေ မောက်ပြီး သူတို့သမီးကို လူတကာနဲ့ မတူမတန်ဘူးဆိုပြီး ဒေါသမောဟတွေ များနေလို့ ဖြစ်တာပဲ၊ ကိုယ့်အဖေက အဲသလို ဒေါသမောဟတွေမှ များမနေတာ၊ ဘယ်တော့မှ ဒီလိုမဖြစ်နိုင်ဘူး"

မိုးမမသည် ဤစကားတွေအတွက် အဲဒီတုန်းကလည်း စိတ်နာခဲ့သည်။ ခုပြန်တွေးလည်း ခုစိတ်နာသည်။

"နေမကောင်းတာကိုတော့ ဘယ်သူက လိမ်ပြီးအကြောင်းပြပါ့မလဲ၊ နမိတ်မရှိ နမာမရှိ ကိစ္စကို၊ ဘာမှမဖြစ်ဘဲ ဆေးရုံကော တက်ရပါ့မလား"

"ဘယ်ပြောနိုင်မလဲ၊ ပိုက်ဆံတွေ ပေါနေတော့ ဘာမှမဖြစ်ဘဲလဲ ဆေးရုံတက်ချင်ယောင်ဆောင်ပြီး အနားယူရင် ယူနေမှာပေါ့"

"ကိုအောင် အဲဒီလို မပြောပါနဲ့၊ ဖေဖေ တစ်ခုခုဖြစ်သွားရင် မ,ကိုယ်မ, ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး၊ ကိုယ့်အဖေပဲ၊ ဝန်ချရုံမကလို့ ဘာလုပ်ရလုပ်ရ၊ မ, အခု ဖေဖေတို့ဆီ ပြန်မသွားတာဟာ ဝန်ချမတောင်းပန်ချင်လို့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဖေဖေ့ကို ကြောက်လို့ မသွားရဲတာ၊ အခုနေမကောင်းဘူးဆိုတော့ သွားရမှာပဲ”

“သွားပါ ... သွားပေါ့ ... ကိုယ်က ဘာပြောလို့လဲ”

အဲဒီညနေမှာပင် မိုးမမက ဖေဖေ တက်နေရသော ဆေးရုံကြီးကို သွားလိုက်ပါသည်။ အဲဒီတုန်းက ပုဂ္ဂလိကဆေးရုံတွေ မရှိသေး၍ ဆေးရုံကြီးရဲ့ လူနည်းစုထားသော အထူးခန်းမှာ ဖေဖေက တက်နေသည်။ ဖေဖေဟာ သွေးတိုးနှင့် နှလုံးကို စုပြုံ ဝေဒနာခံစားနေရကာ အတော်ရောဂါသည်းနေပါသည်။

မိုးမမ ယူကျုံးမရ ခံစားရကာ မျက်ရည်ပေါက်ပေါက်ကျရသည်။

“ညည်းကို ဘယ်တော့လာပြန်အပ်မလဲ ညည်းအဖေက မျှော်လင့်နေတာပါအေ၊ လာအပ်ရင် လက်သင့်ခံပြီး ကောင်းကောင်းမွန်မွန် မင်္ဂလာဆောင်ပေးဖို့ သူ ရည်ရွယ်ထားတာ၊ ညည်းယောကျ်ားရော သူ့အမျိုးတွေရော ရိုးရာထုံးတမ်းမှ နားလည်ရဲ့လား၊ ညည်းကိုရော လှူရာသွင်းရဲ့လား၊ မိန်းကလေးတစ်ယောက်ကို ခိုးပြေးပြီးရင် အုပ်ထိန်းသူလက်ကို ပြန်အပ်ရမယ်ဆိုတဲ့ ယဉ်ကျေးမှုမှ မရှိကြဘူးလား၊ ညည်းယောကျ်ားက လူငယ်မို့ နားမလည်ရင် သူ့မိဘ သူ့ဆွေမျိုးတွေက နားလည်ရမှာပေါ့အေ”

မိုးမမက ထက်အောင်နှင့် နှစ်ယောက်တည်း ငှား





နေသောအိမ်ကို မပြန်တော့ပါ။ ဆေးရုံသွားကြည့်ရုံ ထွက်လာသည့် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် မိဘအိမ်ပေါ် ပြန်တက်သွားခဲ့သည်။ မိဘအိမ်မှာ ဝတ်မကုန်သော အဝတ်အစားတွေက အဆင်သင့်။

ထက်အောင်ကိုလည်း စိတ်နာနေကာ မပြန်ချင်။ သုံးရက်မြောက်နေ့မှာ မိုးမမထံ ထက်အောင် ရောက်လာပါသည်။

“သမီး၊ ကိုယ်က မိန်းမသား၊ နာဘက်ကပဲ၊ ညည်းမှာ ကိုယ်ဝန်ကလည်း ရှိနေပြီ၊ စိတ်လိုက်မာန်ပါ မာနမလုပ်နဲ့၊ ယောကျ်ားကို ပြေပြေလည်လည် ချော့ပြောပါ၊ ငှားထားတဲ့အိမ် ပြန်အပ်ပြီး ဒီမှာလာနေကြပေါ့၊ ပြီးတော့ ကျောင်းဆက်တက်ကြ၊ ငွေရေးကြေးရေး စားဝတ်နေရေး ထည့်မတွက်နဲ့၊ မေမေတို့မှာ ညည်းတစ်ယောက်တည်း ရှိတာပဲဟာ၊ ကျောင်းပြီးမှသာ အလုပ်လုပ်ဖို့ စိတ်ကူးကြပါ၊ တည်ဆောက်ပြီးတဲ့ အိမ်ထောင် တည်မြဲဖို့ကို ဦးစားပေးရှေ့ရှုပါ၊ သူ့ကို ကျန်တာတွေ အလျှော့ပေးပြီး ချော့ခေါ်ပါအေ”

မေမေ အလေးအနက် သွန်သင်သလိုပင် ထက်အောင်ကို ဆင်းတွေ့တော့ မိုးမမ ချော့မော့ဖျောင်းဖျ ပြောဆိုပါသည်။ အိမ်ပေါ်လာနေချင်အောင် တောင်းတောင်းပန်ပန် ပြောပါသည်။ ချော့မော့ဖျောင်းဖျ ခယတောင်းပန်လွန်းမှပင် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တကယ် နေမကောင်းနေတာကိုလည်း သိသွားသော ထက်အောင်က ဒီမှာလိုက်နေဖို့ သဘောတူလိုက်ပါသည်။

ဖေဖေ ဆေးရုံကဆင်းတော့ အိမ်မှာပဲ မင်္ဂလာဆွမ်းကျွေးသည်။ ထက်အောင် မိဘတို့ဟာ မိုးမမတို့နှင့် ယှဉ်လျှင် ဘာမှသာ မဟုတ်သည် ... မာနကတော့ ဘာတွေအတွက် ကြီးမှန်းမသိကာ ခပ်တင်းတင်းပင်။

ဒီလိုနှင့်ပဲ သူတို့အိမ်ထောင်ရေးဟာ လူးလူးလဲလဲနှင့် မတည့်သည့်အခိုက်က များခဲ့ပါသည်။ ထက်အောင်က ကျောင်းပြန်တက်နေ၍ အိမ်မှာ အချိန်ပြည့် မရှိတာကိုပင် မိုးမမ ပျော်ခဲ့ရသည်။ ထက်အောင် အိမ်မှာရှိလျှင် သူ့ရဲ့ ခနဲ့ခနဲ့ပြောတတ်သော စကားတို့ကြောင့် မိုးမမ စိတ်ညစ်ရသည်။

မိုးမမ မိဘတို့က သူတို့လင်မယားသုံးဖို့ ငွေကိုကုန်သည်မရှိရအောင် ဗီရိုထဲ အထပ်လိုက် ဖြည့်ပေးထားပြီး ဒါကိုပဲ သုံးစွဲနေရင်းကကို သုံးစွဲနေရတာ အောက်ကျသယောင် အမြဲဂျစ်တိုက်နေတတ်သည့် ထက်အောင်ကို သားမမွေးမီကပင် မိုးမမ မချစ်တော့တာ အမှန်တည်း။

အစကတည်းက သူ့ကို မိုးမမ မချစ်ခဲ့ဘူးဆိုတာ မကြာမီပဲ အမြင်မှန် ရပါသည်။ ချစ်သည်လို့ ထင်ခဲ့မိတဲ့ ခံစားချက်ဟာ တကယ်တော့ ဘာမှ မယ်မယ်ရရ မဟုတ်။ ဦးနှောက်က ဘယ်လိုမှောက်မှား၍ သူ့ကိုချစ်သည် ထင်ခဲ့သလဲ မသိပေ





ထက်အောင် ဘက်ကလည်း ဤသို့ပဲ ရှိမည်ဆိုတာ မိုးမမ သိသည်။

တကယ်တော့ သူတို့နှစ်ယောက်ဟာ အသစ်အဆန်းတစ်ခုကို စမ်းသပ်ခံစားကြည့်ခဲ့ကြတာသာ ဖြစ်ပြီး မေတ္တာစစ် မဟုတ်ခဲ့ကြ။ ထက်အောင်သည် သူက မိုးမမတို့ထက် နိမ့်ကျ၍ မိုးမမတို့ဘက်က သဘောမတူနိုင်ခဲ့ခြင်းဖြစ်သည် ဆိုတဲ့ အသိတစ်ခုကို လက်ကိုင်ပြုကာ နိမ့်ကျတော့ရော ဘာဖြစ်သေးသတုံးရယ်လို့ ကြို့တင်တန်ပြန် ဘက်ကန်ထားနှင့်သည်။

သူတို့ဟာနှင့်သူတို့ ပြေလည်သော သူ့မိသားစုကလည်း မိုးမမတို့ ချမ်းသာတာကို အထင်မကြီးပါဘူး၊ စိတ်မဝင်စားပါဘူးဆိုတဲ့ သဘော ခပ်စိမ်းစိမ်းတန်းတန်းနေသည်။ သူတို့သား အောက်ကျို့ရမှာလည်း အင်မတန်စိုးသည်။

သူတို့သားကလည်း အောက်မကျို့ပါ။ အောက်မကျို့တဲ့အပြင် သူအထင်လွဲမှာစိုးပြီး နှိမ်သည်ထင်မှာစိုးပြီး သူ့ကို အလိုလိုက်ဖင်မ,ထားရပါသေးသည်။ သားလေးမွေးပြီး သုံးလလောက်အကြာမှာ ဖေဖေ ကွယ်လွန်ခဲ့ပါသည်။

မိုးမမကလည်း သူ့ကြောင့် ဖေဖေ စိတ်ဆင်းရဲပြီး ကွယ်လွန်ရသည်လို့သာ စိတ်စွဲနေခဲ့ပါသည်။ ထက်အောင်ကလည်း ဒါကို ဘာမှမဆိုင်ဘူးဟု သတ်မှတ်ပါသည်။ သားကိုဝိုင်းပြီး ရွှေဗို့ဥ ယုယကြ၍ သူက သားကိုပင် သိပ်သည်းသည်းမလှုပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဝိုင်းသည်းသည်းလှုပ်တာကိုပင် မျက်စိနောက်သယောင် ပြုသည်။

မိုးမမ ကျောင်းပြန်တက်တဲ့အခါ ထက်အောင်ထက် တစ်တန်းနောက်ကျသွားခဲ့ပြီ။ ကျောင်းမှာလည်း မတွေ့ကြ။ ထက်အောင်က ဒေသကောလိပ်(၁)မှာ။ မိုးမမက ဒေသကောလိပ် (၂)မှာ။ မိဘလိပ်စာတွေနှင့်မို့ ကျောင်းချင်းမတူပါ။

ကိုယ့်ကျောင်းကိုယ်တက်ကာ ကိုယ့်ဟာကိုယ် ပျော်သလိုသာ နေကြရင်း သူတို့နှစ်ဦးဟာ နှစ်နှစ်ကာကာ မရှိလှ။ ထက်အောင် အပေါ် စိတ်နာရခြင်းတွေထဲမှာ ကိုယ့်မိဘအပေါ် သူ့မိဘလို သဘောမထားဘဲ မိုးမမကို ဟိုဘက်ဒီဘက် အပြိုင်လုရသည့် ပြိုင်ဘက် ရန်ဘက်လို သဘောထားခဲ့သည့် အချက်က ရှေ့ဆုံးက ပါသည်။

သူ့ကိုဖြောသမျှ အကောင်းမထင်။ အမြင်မကြည်လင်။ မေမေသည် အရင်က ဘယ်လိုပဲ သဘောမတူမတူ သမီးဖြစ်သူ အိမ်ထောင်ရေးကို သာယာပြေပြစ် ချောမွေ့စေလိုသည်ဖြစ်ရာ ထက်အောင် အပေါ် ဟက်ဟက်ပက်ပက် ချိုချိုသာသာ ဆက်ဆံပါသည်။ သို့သော် ထက်အောင် ဘက်က ဤသို့မဟုတ်။ မေမေ့ကို မပြောမဖြစ်သည့် စကားလောက်သာ ပြောသည်။

အမေလို သဘောမထားနိုင်လျှင် နေပါစေ ... မိတ်ဆွေရင်းချာလောက် သဘောထားလျှင်ပင် ကျေနပ်ပါသည်။





ခုတော့ သူက ပြိုင်ဘက် ရန်ဘက်လို စိတ်ထားမျိုး အတွင်းထဲမှာ ကျိတ်အောင်းနေတာ။

ဒါကိုလည်း အတော်နောက်ကျမှ မိုးမမ သိသည်။ မေမေဟာ အိမ်မှာတင် ထိုင်နေရင်း စိန်ကို အထုပ်လိုက်ဝယ်၊ အထုပ်လိုက် ပြန်ရောင်း ...။ အလကားနေရင်း ငွေတွေ တစ်ဖွေးဖွေးမြတ်နေတာ။ ငွေရင်းမြှုပ်နှံထားနိုင်တော့ အမြတ်ကြီးမားသည်။ ဒါကို သူ အားကျတစ်ဝက် ဖြစ်နေပေလိမ့်မည်ဟု ထင်သည်။

တစ်ချိန်မှာ မေမေ လူလိမ်ခံထိပါသည်။ အလိမ်ခံထိတာဟာလည်း စိန်ကို နားမလည်၍ အလိမ်ထိတာမဟုတ်ပဲ မိတ်ရင်းဟု ယုံကြည်စိတ်ချလိုက်မိ၍ ဖြစ်ဥက်ကတစ်ထုပ်၊ ငွေချေပြီးတော့ တစ်ထုပ်၊ မျက်လှည့်ပြသလို ပုံမှားရိုက်တာ ခံလိုက်ရ၍ပင်။

အလိမ်ထိပြီ ဆိုတာ သိရချိန်၌ သုံးလေးရက်ခြားသွားပြီ။ ထိုလူကို လိုက်တဲ့အခါ အလားတူ လေးငါးဦးထံမှ လိမ်သွားပြီ၊ ထိုသူက ခြေရာဖျောက်သွားခဲ့ပြီ။ စီးပွားပျက် ချွတ်ခြုံကျလောက်အောင် မဟုတ်သော်လည်း အထိတော့ နာပါသည်။ ငွေပမာဏက နည်းတာမဟုတ်ပါ။ သို့သော် အလိမ်ခံထိသူအားလုံးက ထိုသူကို ရှာမရတော့သည့်အဆုံး ဘယ်မှမတိုင်မကြားနေတော့ပဲ တိုးတိုးတိတ်တိတ်သာ ပြည်ဖုံးကား ချလိုက်ကြပါသည်။

ကိုယ့်ကြွယ်ဝမှုရဲ့ အစွန်းထွက်လောက်သော ငွေကြေးကို အလုပ်ပျက်ခံ၊ အမှုဖြစ်ခံ ပြန်လည် လုံးပမ်းမနေတော့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မေ့ပစ်လိုက်သည့် သဘောပါပင်။ အဲဒီအဖြစ်အပျက်အပေါ် မေမေလည်း အတော်ခံစားလိုက်ရပါသည်။ မိုးမမလည်း မေမေ့ဆုံးရှုံးမှုအတွက် သောကရောက်ရသည်။

ထက်အောင်ကတော့ ကျူ၍ သောကမရောက်ရုံမက ဤအဖြစ်ကို သူက ဟားလိုတဲ့သဘောပင် ရှိခဲ့ပါသည်။

"မင်း အမေတော့ လူပါးပုလင်းထိပေါ့"

ဤစကားဟာ ကိုယ့်ဘက်က မပါသော စကားအစစ်ပင်။

"ငွေတွေ ပွေးခနဲ ပွေးခနဲ မြတ်နေတုန်းကတော့ ပြီးလို့၊ ကိုယ်ရှုံးတော့ ထမင်းတောင် မစားနိုင်တော့ဘူး ..."

ထက်အောင်ရဲ့ အပြောတွေကို ရင်ထဲ အသည်းထဲ ယားကာ ခါးသီးလှသည်။

"စီးပွားရေးလုပ်တာ ရှုံးတာရှိ မြတ်တာရှိမှာပဲ၊ ခုဟာက ရှုံးတာ မဟုတ်ဘူး၊ လူလိမ်ခံထိတာ၊ ဒါကြောင့် ခံစားရတာပေါ့၊ သူတစ်ပါး ပင်ပင်ပန်းပန်း ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာကို လိမ်စားသွားတာ၊ မခံချိမခံသာ ဖြစ်မှာပဲ၊ ထမင်းမစားနိုင်တော့ ဘာဖြစ်လဲ၊ ရှင့်အမေသာ ဒီငွေပမာဏလောက် ဆုံးရှုံးကြည့်ပါလား ... ရူးတောင်သွားဦးမယ်၊ မေမေက ဆုံးရှုံးတာထက် အဆများစွာ လက်ထဲကျန်သေးတော့ အစားပျက်ရုံလောက် ဖြစ်တာ"





မိုးမမကလည်း တမင်တကာကို သူ့အမေပါ ဆွဲထည့်နှိမ်ပြောပစ်လိုက်ပါသည်။ ကိုယ့်မိဘရဲ့ ဆုံးရှုံးမှုကို ဟန်ဆောင်ပန်ဆောင်တောင်မှ ဝိုင်းဝန်းခံစားမပေးနိုင်ဘဲ၊ ကဲ ... ထိပြီမဟုတ်လား လို့ မဆီမဆိုင် သင်ခန်းစာ ပေးချင်သလိုရှိတဲ့ ထက်အောင်ကိုလည်း မုန်းလိုက်သည်မှာ ပြောစရာမရှိ။

မေမေသာ မရှိရင် သူနှင့် မိုးမမ ဒီထက်စောစော ကွဲပါသည်။ ခုတော့ မေမေက တစ်ဦးတည်းသော သမီးရဲ့ အိမ်ထောင်ရေးကို အင်မတန်မှ သာယာစေချင်လှသည်။ ဒီတော့ အမေ့ စိတ်ချမ်းသာအောင် မသာယာမှုတွေကို ဖုံးဖိရသည်။ ဖုံးဖိရတာကို သူက သိတဲ့အတွက် ဒီအပေါ် အခွင့်ကောင်း ယူချင်သည်။

သူတို့ ဘာကြောင့်များ သားဆယ်နှစ်အထိ ခိုင်မြဲသလဲဆိုတာ ပြန်တွေးကြည့်လို့ပင် မရပါ။ သူနှင့် အတူတကွ နေလိုတော့သည်မှာ အစောကြီးကတည်းကဖြစ်သည်။ သားသည်လည်း အားလုံးရဲ့ ရွှေပေါ်မြတင် အရေးပေးမှုကို ခံရပြီး သူ့ထံမှ အရေးပေးမှု ယုယမှုမရတော့ သူ့ကို မခင်တွယ်လှပါ။

အဖေတစ်ယောက်အဖြစ် သာမန်သံယောဇဉ်သာရှိပြီး သူ့ကိုလည်း မကပ်၊ တီလည်းမတီတာ ...။ သူကသာ ယုယမှုပေးသည်။ သူ့အပေါ် သား စိမ်းတာကိုတော့ သူက မခံရပ်နိုင်ဘာ ဒါဟာ မိုးမမ သွေးခွဲထားလို့ဟု စွပ်စွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော အိမ်ထောင်ရေးကျင့်ဝတ် ဖောက်ဖျက်မှုများ မပါဘဲ ဘာတွေက ဘယ်လို သတ်ပုံမှားယွင်းကုန်သလဲ မသိဘဲ သူနှင့် မိုးမမ အကြားမှာ တစ်ယောက်ကို တစ်ယောက် အကောင်းမမြင်နိုင်ခြင်းသာ ပြည့်နှက်ကြီးစိုးခဲ့ပါသည်။

ဘွဲ့ရပြီးတော့ သူက သူ့အဖေ အဆက်အသွယ်နှင့် ရှာဖွေထည့်သွင်းပေးသော နိုင်ငံခြားသားပိုင် ကုမ္ပဏီတစ်ခုမှာ အလုပ်ရခဲ့၍ အလုပ်ကောင်းရသည်ဟု ဆိုနိုင်ပါသည်။ လခလည်း သူ့ခေတ်အလျောက် ကောင်းပါသည်။ သူလည်း သူ့လခနှင့်သူ ရပ်တည်၊ မိုးမမလည်း မေမေ့အလုပ်ကိုပဲ ဝင်ရောက် သင်ယူ စမ်းသပ်လုပ်ကိုင်ရင်း ကိုယ့်ဟာကိုယ် ရပ်တည်။

ဒီကြားထဲ တစ်ယောက်နှင့်တစ်ယောက် မကျေမချမ်းဖြစ်သွားရသော ရန်ပွဲတွေက မရေတွက်နိုင်ပါ။ အိမ်ထောင်သက်ရင့်လာသည်နှင့်အမျှ တစ်ယောက်အပေါ်တစ်ယောက် သည်းညည်းခံနိုင်စွမ်းတွေက နည်းသထက် နည်းလာသည်။ သူ့ကိစ္စတွေ သူကကိုယ့်ကို မတိုင်ပင်သလို ကိုယ့်ကိစ္စတွေလည်း ကိုယ်က သူ့ကို မတိုင်ပင်။

သူ့အကြောင်းတွေ ကိုယ် မသိတာတွေ ရှိလာသလို ကိုယ့်အကြောင်း သူ မသိတာတွေလည်း ရှိလာသည်။ ဒါဟာ သူစိမ်းပြင်ပြင်အဖြစ် အစပျိုးခြင်းပင်။ မိုးမမ သေချာခိုင်လုံစွာ ယုံကြည်ကာ သူ့အပေါ် အကောင်းမြင်ပေးနိုင်တာ တစ်ခုကတော့ သူဟာ မပြေလည်လှသော အိမ်ထောင်ရေးကို အခွင့်ကောင်းယူ၍ တခြားမှာ အသစ်မရှာတာပင်။

သူရော ကိုယ်ရောဟာ တစ်ယောက်ကို တစ်ယောက် စိတ်ကုန်တာအပြင် အချစ်ကိုပါ စိတ်ကုန်သလို ဖြစ်သွားကြရသည် ထင်ပါသည်။ နှစ်ယောက်အကြားမှာ အချစ်လို့ မှားယွင်းသတ်မှတ်ဆင်မြင်ခံခဲ့ရတဲ့ အရာတစ်ခုဟာလည်း အချိန်တန်တော့ ပျောက်ချက်သွားခဲ့ပါသည်။

တစ်ဦးကိုတစ်ဦးလည်း သူငယ်ချင်းလောက်တောင် သံယောဇဉ်မကျန် ...။ သူကလည်း ရိုသဲ့ထေ့ငေါ့သော သူ့ရဲ့ တန်လန့်ခွတိုက်စကားတို့ကို မပြင်။ မိုးမမကလည်း ဤအပြောတို့အပေါ် နာလုံးတွေ ဆင့်ကာဆင့်ကာ ဖိစီး မပြေပျောက်နိုင်တော့တဲ့သကာလ ...။

မေမေ ကွယ်လွန်ခဲ့သည်။ မိုးမမအဖို့ မေမေ စိတ်ဆင်းရဲမှာကို မျက်နှာထောက်စရာ မလိုတော့ပြီ။ ထက်အောင်ရဲ့ ကုမ္ပဏီပိုင်ရှင် နိုင်ငံခြားသားက သူ့တိုင်းပြည် ပြန်တဲ့အခါ ထက်အောင်ကို ကုမ္ပဏီအမည် လွှဲပြောင်းပေးခဲ့သည်။ အဆက်အသွယ်တွေ ချိတ်ဆက်ပေးခဲ့သည်။ ထက်အောင်က သူ့အမေကို မြန်မာပြည်ရုံးအတွက် အကြီးမားဆုံးရာထူး ခန့်ထားပေးခဲ့ကာ သူက စင်ကာပူမှာ ဌာနခွဲတစ်ခု ဖွင့်လှစ် ရုံးထိုင်ဖို့ စီစဉ်လေသည်။

www.burmeseclassic.com



သူ့သား ကုမ္ပဏီပိုင်ရှင် ဖြစ်သွားတဲ့နောက် သူ့အမေဟာ မိုးမမ အိမ်ကို ဝင်ကာထွက်ကာနှင့် ဤကုမ္ပဏီဟာ သူတို့မိသားစု ထက်အောင်ရဲ့ အဖေ အမေ၊ ထက်အောင်ရဲ့ ညီမတို့ ပိုင်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုဖြစ်ကြောင်း လှည့်ကာ ပတ်ကာ အသိပေးလာသည်။

ဤကုမ္ပဏီအပေါ် မိုးမမ စိတ်ဝင်စားမှုလည်း မရှိ၊ တပ်မက်မှုလည်း မရှိ၊ နားမလည်။ သို့သော် ထက်အောင်ရဲ့ ဇနီးအဖြစ် သူ့ပါ ဤကုမ္ပဏီကို တစ်စိတ်တစ်ဒေသ ပတ်သက်ခွင့် မရှိဘူးဆိုမှတော့ ဘာကြောင့် ထက်အောင်ရဲ့ဇနီး လုပ်နေရဦးမလဲ။ တစ်ယောက်ကိုတစ်ယောက် မေတ္တာလည်းမရှိ၊ နားလည်မှုလည်း မရှိ၊ စီးပွားရေးအရပင် ဘာမှပတ်သက်နှောင်ဖွဲ့မှုမရှိသော သူတို့နှစ်ယောက်ဟာ ဘာအတွက် ဆက်ပေါင်းသင်းနေစရာ ကောင်းသေးသလဲ။

ထက်အောင်က စင်ကာပူကို ပြောင်းရွှေ့နေထိုင်မည် ဆိုသည်ကို မိုးမမကလည်း ဘယ်နည်းနဲ့မှ မလိုက်နိုင်။ ထက်အောင်ကလည်း သွားကိုသွားမှာ ...။ သူ ပြန်လာတာ မလာတာ၊ ဟိုမှာ ကြာမှာ မကြာမှာတွေကိုလည်း မိုးမမ သိလည်းမသိ၊ သိလည်း မသိချင်။ သူတို့နှစ်ယောက် ဆက်လက်ပေါင်းသင်းနေတာ သာ အဓိပ္ပာယ်မှ မရှိတဲ့အကြောင်း ထက်အောင်ကို မိုးမမက ပြော လည်လည် ရှင်းပြလျှင် ထက်အောင်ကလည်း သဘောတူလေသည်





တစ်ခုသာပဲ ...။

ဆယ်နှစ်ရှိပြီဖြစ်တဲ့ သားရဲ့ စိတ်မှာ ဒဏ်ရာအနာတရ ဖြစ်ရမှာကို မိုးမမ လုံးဝ မလိုလားပေ။ သားကို လူကြီးလေးလို အရေးထားကာ ဖေဖေဟာ စင်ကာပူမှာ သွားနေတော့မည့်အကြောင်း၊ မေမေကတော့ ရန်ကုန်မှာပဲ ဆက်နေမှာဖြစ်တဲ့အကြောင်း၊ ဖေဖေနဲ့မေမေဟာ နောင်ကိုလည်း အတူနေကြတော့မှာ မဟုတ်တဲ့အကြောင်း၊ သားအနေနဲ့တော့ ဖေဖေ့ထံ အလျဉ်းသင့်သလို သွားလည်ပတ်နိုင်တဲ့အကြောင်း နားဝင်အောင် ရှင်းလင်းပြောပြလျက် ဒီအဖြစ်ကို လက်သင့်ခံနိုင် မခံနိုင် တီးခေါက်မေးမြန်းတဲ့အခါ သားက အသာတကြည်ပင် သူ ဘယ်လိုမှ မနေတဲ့အကြောင်း ဖြန်ကြားပါသည်။

"ဒါပေမဲ့ သား မေမေနဲ့ပဲ နေမယ်နော်၊ ဖေဖေ့ဆီကိုတော့ တစ်ခါတလေတော့ သွားလည်မှာပေါ့"

သားက သူ့ဟာနှင့်သူ ဆုံးဖြတ်ပြီးဖြစ်သည်။ သူတို့သားအဖမှာ သွေးကပေးတဲ့ သံယောဇဉ်တော့ ရှိကြသော်လည်း တစ်ယောက်ကို တစ်ယောက် ရင်းနှီးစေးကပ် နွေးထွေးမှု မရှိဘဲ စိမ်းတန်းလှသည်ဖြစ်ရာ သားဟာ အိမ်မှာ အဖေမရှိတော့မဲ့ဖြစ်ရပ်အတွက် လိုက်လိုက်လှဲလှဲ မခံစားရလှ။

မိုးမမတို့ မိသားစုရဲ့ ပြိုကွဲပုံ ပြိုကွဲနည်းက ငြိမ်းငြိမ်းချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်လှပါသည်။ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းပင် ကွာရှင်းစာချုပ် လက်မှတ်ရေးထိုးကြပြီးတဲ့နောက် ထက်အောင်က ဤအိမ်မှာပဲ ရက်ပိုင်းမျှ ဆက်နေပါသေးသည်။ စင်ကာပူကို သူ ထွက်သွားဖို့ရာလည်း မိုးမမတို့သားအမိက လေဆိပ်ကို ပို့ဆောင်နှုတ်ဆက်ကြပါသေးသည်။

ထက်အောင်ဟာ ခုအထိ အိမ်ထောင်သစ်လည်း မထူထောင်။ အတည်တကျ အတွဲအဖော် မိန်းမပင် မရှိ။ ဒီကိုလည်း ပြန်မလာ။ ရံဖန်ရံခါ မိုးမမတို့ သားအမိထံ ဖုန်းဆက်တတ်ပါသည်။ ထူးထူးဆန်းဆန်း သူတို့ မင်္ဂလာသက်နှစ်နှစ်ဆယ်ပြည့်မြောက်ခဲ့တုန်းကတော့ ထက်အောင်က Anniversary Card တစ်ခု ပို့လိုက်ပါသည်။

ကတ်မှာ သူ ရေးပေးလိုက်သည်က ...

"မင်းလည်း ကိုယ့်ကို မချစ်ဘဲ ကိုယ်လည်း မင်းကို မချစ်ဘဲ ...
စိတ်လှုပ်ရှားမှု အတွေ့အကြုံသစ် တစ်ခုကြောင့်သာ ...
ကိုယ်တို့ လက်ထပ်ဖြစ်ခဲ့ကြတယ် ... လို့ ကိုယ် ယူဆခဲ့တယ် ...။
ကိုယ်တို့ လက်ထပ်ခဲ့တာ အနှစ်နှစ်ဆယ်ကြာတဲ့အထိ ...
မင်းနဲ့ ကွဲကွာခဲ့တာ ဆယ်နှစ်ကြာတဲ့အထိ ...
နောက်ထပ် ဘယ်မိန်းမတစ်ယောက်ကိုမှ ...





ကိုယ် ထပ်ချစ်လို့ မရတော့တဲ့အချိန်မှာ ...
အရာအားလုံးအပေါ် ကိုယ် ဇဝေဇဝါ ဖြစ်မိတယ် ..."

တဲ့ ...။

မိုးမမကတော့ သူ့ကို မချစ်ခဲ့ခြင်းအပေါ် ဇဝေဇဝါ မဖြစ်။ တစ်ကိုယ်ကောင်းဆန်ပြီး ကိုယ့်မိသားစု ကိုယ့်မိဘအပေါ် မလိုစိတ်ရှိခဲ့သည့် ယောကျ်ားတစ်ယောက်အဖြစ် ခုထိ သူ့ကို စိတ်ပျက်ခါးသီးဆဲပင်။ ပြီးတော့ မိုးမမမှာ ဦးနေရောင်ကလည်း ရှိခဲ့ပြီ။

အိမ်ထောင်ပြိုကွဲခဲ့ရတဲ့အပေါ် ဝမ်းနည်းခံစားမှု လုံးဝ မရှိခဲ့ပဲ လွတ်မြောက်မှုတစ်ခုလိုသာ အစဉ် စိတ်တိုင်းကျနေခဲ့တာ ခုထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

အဲဒီ ညနေက ခြံဝင်းလေးထဲမှာ ကောင်းရဲ့ကား လည်း ရှိနေခဲ့တဲ့အတွက် မှဝတ်ပြာက ခြံတံခါးကို ပိတ်မထားမိခဲ့ ပါ။ ခြံတံခါးရွက်နှစ်ခုဟာ ဘယ်ညာနှစ်ဖက်ကို ဟင်းလင်းဖာပ် အောင် တစ်ဆုံးဖွင့်ထားခဲ့တာ ဖြစ်သည်။

အဲဒီနေ့က မှုဝတ်ပြာရဲ့ မွေးနေ့။ မှုဝတ်ပြာရဲ့ မွေးနေ့နှင့် သားရဲ့မွေးနေ့ဟာ တစ်လပဲကွာသည်။ မှုဝတ်ပြာ မွေးနေ့အတွက် ဒီညနေစာကို မှုဝတ်ပြာနှင့် ကောင်းတို့သုံးယောက် အထူးအစီအစဉ်နှင့် ချက်ပြုတ် စားသောက်ကြတာ ဖြစ်သည်။

ပထမတော့ အပြင်ထွက်စားကြဖို့ပင်။ နောက်တော့ ကောင်းက အိမ်မှာပဲ ပျော်ပျော်ပါးပါး ချက်စားကြဖို့ အဆိုပြုသည်။ မှုဝတ်ပြာ ရိပ်မိပါသည်။ သူနှင့် နိုင်ရဲ့ တရားဝင် မပြတ်စဲရသေး





ဘူးဆိုတာ သိသွားခဲ့တဲ့နေ့ကစပြီး ကောင်းဟာ အားလပ်ရက် သုံးယောက်တွဲ ဟိုဟိုဒီဒီ သွားလည်ပတ်တတ်ခြင်းကို လျှော့ချလိုက် သည်။

လှုပ်ရှုပ်တွေ မြင်ကွင်းထဲ တွဲသွားတွဲလာခြင်းကို တတ်နိုင်သမျှ ကောင်း ဆင်ခြင်ထိန်းချုပ်ပစ်လိုက်သည်။ မတတ်သာ လွန်းမှပဲ ရှားရှားပါးပါးသာ သွားလာပါတော့သည်။ မှုဝတ်ပြာ ဆိုင်ကအပြန်တွေကိုတော့ အရင်ကအတိုင်းပဲ ပြန်လိုက်ပို့တစ်လှည့်၊ မပို့တစ်လှည့်ပင်။ သားရဲ့ ကျောင်းကိုတော့ ကျောင်းကားရှိတာ မို့ အရင်ကတည်းက ကြိုခဲ့ပါသည်။ ကိစ္စရှိမှ ဝင်ကြိုခေါ်သွားလိုက် တာပင်။

ကောင်းရဲ့ ဆင်ခြင်မှုကို မှုဝတ်ပြာ နားလည်ပါသည်။ မငြိုငြင်ရက်ပါ။ ယောက်ျားနဲ့ တရားဝင် မကွာရှင်းရသေးတဲ့ မိန်းမတစ်ယောက်နဲ့ အမြဲတတွဲတွဲ လူမြင်လူသိခံနေရမှာကို ကောင်း ဝန်လေးမနှစ်မြို့ပဲ ရှိပေမည်။ အရင်ကတော့ ကွာရှင်းပြီး သား သူ ထင်နေခဲ့၍ အသွားအလာ မဆင်ခြင်ခဲ့တာပဲ။ ခုတော့ သိသိနှင့်မို့ သူ ဆင်ခြင်သည်။

သူ့ကို ဖွင့်မပြောရကောင်းလားလို့ ကောင်း စိတ်ဆိုး စိတ်ကုန်သွားမှာကိုပင် မှုဝတ်ပြာက မျှော်လင့်ထိတ်လန့်နေခဲ့တာ။ သူ့ကို ကောင်း ပစ်မသွားသေးဘူး ဆိုတာပဲ စိတ်ချမ်းသာစရာ ကောင်းလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



မွှဝတ်ပြာလည်း အရူးလိုပါပင်။ ဘုရားရှိခိုးရင်း ဆုတောင်းမိသည်မှာ ...

"ကောင်း ... တပည့်တော်မကို ပစ်မသွားပါစေနဲ့ဘုရား၊ ကောင်း မေတ္တာကိုလည်း မဆုံးရှုံးပါရစေနဲ့ဘုရား"

ဤသို့ ဆုတောင်းရင်းကမှ ကိုယ်ဟာ တစ်ကိုယ်ကောင်းဆန်နေမိပြီလား တွေဝေသွားမိပြန်ကာ ...

"တကယ်လို့ ပစ်သွားခဲ့ရင်လည်း ကောင်းရဲ့ ဘဝအတွက် ပိုပြီးတော့သာ ကောင်းသွားမှာမို့ သူ စိတ်ပျက်ရင်လည်း ပစ်သွားပါစေတော့ဘုရား၊ သူ့ဆန္ဒအလျောက်သာ ရှိပါစေ ဘုရား"

တစ်မျိုးပြင်ကာ ဆုတောင်းမိပါသည်။ စိတ်ဟာ အမြဲဒွိဟဖြစ်ကာ လွန်ဆွဲနေသည်။ ဘဝရဲ့ လင်းရောင်ခြည်လို အားကိုးရာ မျှော်လင့်ချက်တစ်ခုဖြစ်သော ကောင်းကို ပုထုဇဉ်ပီပီ တစ်ကိုယ်ကောင်းဆန်စွာ ကိုယ့်ထံပါးက ခွဲမသွားနိုင်သော အဖြစ်မျိုး ဖြစ်စေလိုသည်။ ကောင်းကို မဆုံးရှုံးချင်။

တကယ်တော့ ကောင်းကို မဆုံးရှုံးချင်တာဟာ ကိုယ့်အတွက် သက်သက်ဖြစ်သည်။ ကောင်းအတွက်မပါ။ ကောင်းကို ချစ်လည်းချစ်သည်။ အားလည်းကိုးသည်။ ခုချိန်ထိ လက်မထပ်ရက်သည့် စေတနာဖြူဖြူစင်စင် ရှိနေသေးသော်လည်း အပိုင်လည်း လိုချင်ပါသေးသည်။ ဒါဟာ ကိုယ့်အတွက်ပဲ တွက်မိတာမို့ပေါ့။





နောက်တစ်မျိုး ဒွိဟဖြစ်ပြန်တာကတော့ ကောင်းအတွက် စေတနာမေတ္တာသက်သက်နှင့်ဖြစ်သည်။ ထိုစေတနာမေတ္တာ သက်သက်ကြောင့် ကောင်းကို စွန့်လွှတ်ချင်ပြန်လေသည်။ ဘာဆုံးဖြတ်ချက် တစ်ခုကိုမှ ခိုင်ခိုင်မချနိုင်ဘဲ ခုချိန်ထိ အခြေအနေ အဖြစ်အပျက်ထဲမှာ အလွယ်တကူ မျော၍ လိုက်ပါနေမိပါသည်။

ကောင်းဟာ အနေအထားအပေါ်မှာ စိတ်ရှုပ်ထွေးသွားပုံရသော်လည်း မွှဝတ်ပြာကိုဖြင့် မဖြတ်တောက် မစွန့်လွှတ်နိုင်ပုံပင်။ အရင်ကလောက် မလန်းဆန်း မလွတ်လပ်တဲ့ ကောင်းရဲ့ အမူအရာတို့ကြောင့် မွှဝတ်ပြာ စိတ်မကောင်းပါ။ တစ်ခါတစ်ရံ ကောင်းဟာ မရွှင်ပျ။ မွှဝတ်ပြာသည် ရင်တထိတ်ထိတ် စိတ်တထင့်ထင့်နှင့်ပင် ကောင်းရဲ့ ဆုံးဖြတ်ချက်တစ်ခုကို စောင့်နေရသူပါပင်။

ကောင်းက သူ့ကို စွန့်ခွာသွားမည် ဆိုလျှင်လည်း သူ ကျန်ရစ်ခဲ့ရတော့မှာပါပင်။

ဒီနေ့ ညနေစာ ချက်ပြုတ်ကြတာကတော့ တကယ်ပဲ ပျော်စရာ ကြည်နူးစရာ ကောင်းပါသည်။ ကြားရက်ဖြစ်၍ အလုပ်က ကျောင်းကပြန်တဲ့အချိန်မှဝင် ဈေးဝင်ဝယ်ခဲ့ကြသည်။ မွှဝတ်ပြာက ကကတစ် တစ်ကောင် ဝယ်၍ ပေါင်းသည်။ အရည်ကို ဘုံယန်းဟင်းချို ချဉ်စပ်ကလေးချက်သည်။ ကောင်း အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



အသီးအရွက်နှင့် မရောနိစ်သုပ်သည်။ ကောင်းက ပုစွန်ကင်သည်။ ဝက်နံရိုးကင်သည်။

ဝက်နံရိုးကို အရက်ဖျော ဘာဖြော့ထည့်ကာ ခရုဆီ ပဲငံပြာရည်နောက်၊ ရှာလကာရည်၊ မဆလာ၊ ငရုတ်ကောင်း သကြား၊ ချင်းရည် အစရှိသဖြင့် အမျိုးအမည်စုံထည့်၍ ကျကျနန နှပ်ထားပါသေးသည်။ ကောင်း ကိုယ်တိုင် ဝင်လုပ်နေတာကို ကြည့်ပြီး ရယ်ရသည်။

"ဘယ်လိုများ လုပ်တတ်လဲ ကောင်းရယ်" လို့ ချစ်စနိုးစွာ မေးရသည်။

"အန်တီတင့်ကို မေးထားရတာ ... ဟား ဟား ဟား"

ကောင်းလည်း ဒီနေ့မှာတော့ ပျော်နေပါသည်။ စည်သူလည်း ပျော်နေတာပင်။ ကောင်း နယ်ဖတ်နေသော ဝက်နံရိုးကို သူလည်း နယ်ချင်သည်ဆိုကာ ဇလုံထဲ လက်နှစ်ဖက်လုံး စုံနှိုက်၊ စိစိပါအောင် ဆုပ်နယ် ပေးရှေ၍ ပျော်မြူးနေလေသည်။

ပုစွန်တုပ်ကင်ရာ၊ နံရိုးကင်ရာမှာ သူပါ တတတ် တအားပါ၍ စည်သူ့ အသံချည်းသာ ညံစာပျော်မြူးနေပါသည်။

တကယ့်ကို ပျော်ရွှင်ကြည်နူးဖွယ် သာယာလှတဲ့ ညနေခင်းလေးပါပင်။ မီးက ပျက်သေး၍ မီးသွေးမီးနှင့် ချက်ပြုတ်လုပ်ကိုင်ကြကာ အားလုံးကျက်တော့ ခြောက်နာရီခွဲပြီး မှောင်တောင်နေပြီမို့ ထမင်းစားပွဲမှာ ဖယောင်းတိုင်ရှည်ကြီးတွေ ထွန်းရပါသည်။





"Candle Lightနဲ့ Dinnerဆိုတာ နိုင်ငံခြားမှာဆို တအား တန်ဖိုးကြီးတာနော် မမ ..."

"သူတို့ Candle Lightက မီးထွန်းတဲ့ခွက်အရှည်အမြင့်ကြီးတွေနဲ့ ပန်းခိုင်ကြီးတွေလို လှပနေတာ၊ မြင်ဖူးပါတယ် ကောင်းရယ်၊ ဒီမှာက ဖန်ခွက်ဖင် မှောက်ပြီးတော့လည်း ထွန်းထားတယ်၊ နို့မှုန့်ဘူးပေါ်လည်း ထွန်းထားတယ်၊ ဆေးပုလင်းပေါ်လည်း တင်ထွန်းရတယ်၊ ပျောက်သောက်ပဲ"

"ဘာဖြစ်လဲဗျာ ...၊ ပျော်စရာကောင်းတာပေါ့၊ ဟော့ကောင် စည်သူ ... မင်း မပျော်ဘူးလား"

"ပျော်တယ် ဦးဦး"

စည်သူက ပုစွန်တုပ်ကြီး ငါးထုပ်ပန်းကန်ကို ဆွဲရှူနေရင်း ဝမ်းသာအားရ ဖြေပါသည်။

"ဆိုင်မှာဆိုရင် မင်း ကုလားထိုင်လေးနဲ့ ထိုင်နေရမှာ၊ အိမ်မှာဆိုတော့ လွတ်လွတ်လပ်လပ်ပဲ၊ မင်း စိတ်တိုင်းကျပဲ၊ စားပေတော့"

"ဟေး ..."

စည်သူက အားရဝမ်းသာ အော်ဟစ်ကာ စတင်စားသောက်ပါတော့သည်။

"ကောင်း ပန်းကန်ပေးလေ ... ထမင်းထည့်မယ်"

"ခဏနေပါဦး၊ မမကို လက်ဆောင်ပေးဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပေးပါနဲ့တော့ ကောင်းရယ်၊ တို့အတွက် ကောင်းလက်ဆောင်တွေက များနေပါပြီကွယ်၊ ဒီထမင်းပွဲဟာလည်း တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ပါ ကောင်းရယ်"

"ဒါပေမဲ့ ပေးဖို့ရည်ရွယ်ထားတာတော့ ပေးကိုပေးရဦးမှပေါ့"

"တို့ကြားမှာ သီးခြားလက်ဆောင် မလိုပါဘူး ကောင်းတို့သားအမိရဲ့ လိုအပ်ချက်တွေလည်း ကောင်း တစ်ချိန်လုံးဖြည့်ဆည်းပေးနေခဲ့တာပဲ၊ ကောင်း ကိုယ်တိုင်က တို့အတွက် ဘုရားပေးတဲ့လက်ဆောင် ဖြစ်နေတာပါ ကောင်းရယ်"

"ဒါပေမဲ့ ကျွန်တော်ကတော့ မမဖို့ ရည်ရွယ်ဝယ်လာခဲ့တယ်လေ၊ ကျွန်တော် ပေးချင်သေးတယ်"

ကောင်းက သူ့ဆောင်းဘီအိတ်ထဲမှ အရာတစ်ခုကို ဆွဲထုတ်လိုက်သည်။ ကတ္တီပါခရမ်းရင့်ရောင်ဘူးသေးသေးကို မြင်သည်နှင့် ဒါဟာ တန်ဖိုးကြီးပစ္စည်းဆိုတာ မွှံဝတ်ပြာ သိလိုက်ပြီ။ လုံးဝ မလိုချင်ပါ။ ကောင်းထံမှ ဤလို အရာမျိုးတွေကို လိုချင်တပ်မက်မှု မျှော်လင့်မှု မရှိသည်မှာတော့ သစ္စာစကားပင်ဖြစ်သည်။

မွှံဝတ်ပြာကတော့ မျက်စိမျက်နှာပျက်နှင့် ...

"မလိုချင်ဘူး ကောင်း၊ တို့ မလိုချင်ဘူး"

"မြင်တောင်မမြင်ရသေးပဲနဲ့ မမရယ်"





"ဘူးကို မြင်ကတည်းက ဒါဟာ လက်ဝတ်ရတနာတစ်ခုခုဖြစ်မှာပါ၊ တို့ မယူပါရစေနဲ့"

မွှံဝတ်ပြာက ခါးခါးသီးသီး ငြင်းသည်။ ကောင်းမျက်နှာက စိတ်ရှုပ်သလို ညိုကာ ဘူးကို ဖွင့်ပင်မဖွင့်ဖြစ်သေးပဲ ...

"မမကလည်းကွာ ...၊ ရတနာဆိုတာ လူတွေ သတ်မှတ်ချက်အရ တန်ဖိုးကြီးပစ္စည်းဖြစ်နေတာပဲ၊ ကျွန်တော့်အတွက်ကတော့ ဒါဟာ အထိမ်းအမှတ်တစ်ခုသဘောပဲ"

"တန်ဖိုးကြီးရတနာ မဟုတ်တဲ့ အထိမ်းအမှတ်မျိုး ပေးပါ ကောင်းရယ်"

"မရဘူးဗျာ ...၊ ကျွန်တော်က တန်ဖိုးထားပြီး ဝယ်လာတာ၊ မမကလည်း၊ မရဘူး၊ မမ လက်ခံရမယ်"

ကောင်းက ကတ္တီပါဘူးလေးကို ဖျတ်ခနဲ ဖွင့်လိုက်သည်။ ဖယောင်းတိုင်မီးရောင် နီကျင်ကျင်ထဲမှာ တဖျပ်ဖျပ် လက်တောက်သွားသော အရာမှ မွှံဝတ်ပြာ မျက်စိ လွှဲလိုက်ပါသည်။ ဝမ်းနည်းသလို ဖြစ်ကာ မျက်ရည်လည်း ရစ်ဝဲလာခဲ့သည်။

"လက်စွပ်လေးပါ"

ကောင်းက တိုးတိတ်စွာ ဆို၍ လက်စွပ်ကို ဘူးထဲမှ ဖြုတ်လိုက်သည်။

"နိုင်ငံခြားမှာဆို လက်စွပ်လေး ဝတ်ပေးလိုက်ရင် လက်ထပ်ခွင့်တောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း ..."

"ခုလည်း ဒီလိုပါပဲလေ ...၊ ကျွန်တော် မမကို လက်ထပ်ချင်ပါတယ်၊ မမဘက်က အားလုံးရှင်းလင်းပြတ်သားအောင် လုပ်ပေးပါ၊ ကျွန်တော်တို့မှာ အချိန်ရှိပါတယ်၊ ခုလောလောဆယ်တော့ ကျွန်တော် လက်ထပ်ခွင့် တောင်းထားတာကို အသိအမှတ်ပြု လက်ခံတဲ့အနေနဲ့ ဒီလက်စွပ်လေး မမ ဝတ်ထားပေးနော်"

ကောင်းက မှုံဝတ်ပြာရဲ့ လက်ချောင်းကလေးတွေကို အသာလှမ်းဆွဲကိုင်လိုက်သည်။ မှုံဝတ်ပြာသည် စိန်တစ်လုံးတည်းနှင့် ပလက်တီနမ် ကွင်းထားသော ဖြူလက်လက် လက်စွပ်ကလေးကို ကြည့်ကာ သူ့လက်တို့ကို အသာကလေး ရုန်းဖယ်မိပါသည်။

"မမ"

"ကောင်း မေမေ့ကို ဘာမှ မပြောရသေးဘူးမို့လားဟင် ..."

"မေမေ နေကောင်းသွားလို့ ပြောမယ်လုပ်ပြန်တော့ မမဘက်က အခြေအနေကို မမျှော်လင့်ဘဲ အငိုက်မိပြီး သိလိုက်ရတယ်၊ ဒီအခြေအနေနဲ့တော့ မေမေ့ကို ကျွန်တော် ပြောမထွက်တာ မပြောချင်တာ အမှန်ပဲ၊ မမဘက်က အခြေအနေကို အရင်ဆုံး ဖြေရှင်းရအောင်နော်"

"ကောင်း မပြောဖြစ်သေးတာကို တို့ အပြစ်မတင်ပါဘူး ကောင်းရယ်"





"ဒါဖြင့် ဒါလေးကို ဝတ်နော်"

"ဟင့်အင်း ...၊ ငွေကွင်းလေး တစ်ကွင်းဖြစ်ရင် ...၊ ဒါမှမဟုတ် ရွှေကွင်းလေးပဲ ဖြစ်ပါစေဦး၊ တို့ ဒီလောက် ငြင်းမနေတော့ပါဘူး၊ ခုဟာက ချွေးစေ့လောက်စိန်နဲ့ ...၊ တို့ လက်ခံရမှာ စိတ်မသန့်ပါဘူး ကောင်း၊ ဘယ်သူသိသိ တို့ကို တလွဲထင်ပြီး အထင်သေးကြမှာ အမှန်ပဲ"

"ကောင်းနဲ့ မမ အပြင် ဘယ်သူ သိစရာရှိလဲ ..."

"ဘယ်သူမှ မသိအောင် ကောင်းဆီက တစ်ခုခု လက်ခံထားရမှာကို စိတ်မသန့်ပါဘူး ကောင်း ...။ သိရင်လည်း လူတိုင်းက တို့ကို ဒါတွေ မျှော်ကိုးလို့ ကောင်းကို ဆွဲဆောင်ဖြားယောင်းထားတယ်လို့ စွပ်စွဲကြမဲ့သူချည်းပါ"

"အဲသလို မဟုတ်တာ ကျွန်တော် အသိဆုံးပဲ၊ အဓိကက ကျွန်တော် သိဖို့လိုတာပဲ"

"ကောင်းရဲ့မေမေဆီက ကရုဏာတရား ... အကြင်နာတရားကို တို့ လိုချင်နေတဲ့အချိန်မှာ ဒါကို လက်ခံထားလိုက်တဲ့ အဖြစ်အပျက်က မလိုအပ်တဲ့ အမြင်လွဲမှုတွေကို ဖြစ်လာနိုင်စေတယ်"

"ဒီလက်စွပ်တစ်ကွင်းဟာ မေမေ့အတွက် ဘာမှ မရှိဘူး၊ မေမေ့မှာ ဒီလို စိန်မျိုး အလုံးသောင်းချီရှိနေမှာ ...၊ ဘာမဟုတ်တာလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း မေမေအတွက် ဘာမဟုတ်တာလေးပေမဲ့ တို့အတွက် မက်မောလောက်တဲ့တန်ဖိုးဖြစ်ကြောင်း ကောင်း မေမေ သိမှာပဲလေ ကောင်း"

"မမက သိပ်ခေါင်းမာတာပဲကွာ"

စည်သူကတော့ ဘာကိုမှ စိတ်မဝင်စား။ စားသောက်စရာတွေထဲမှာသာ စိတ်ဝင်စားမှု အပြည့်ရှိကာ အားပါးတရ စားသောက်နေပါသည်။

"ကောင်းဆီက တစ်ခုခုကို ငြင်းဆန်ရတယ်ဆိုတဲ့အဖြစ်ကို တို့ တကယ်ပဲ ဝမ်းနည်းပါတယ်၊ ဘာကိုမှ မငြင်းချင်ဘူး ဒါပေမဲ့ ကောင်း မေမေဆီက မေတ္တာကို လိုချင်နေတဲ့ တို့ကို နားလည်ပါ၊ ကောင်း မေမေ သိသိမသိသိ သူ့သားဆီက တန်ဖိုးကြီးဝစ္စည်းတွေ လက်ခံနေတဲ့ မိန်းမတစ်ယောက် မဖြစ်ပါရစေနဲ့၊ ကောင်း မေမေရဲ့ မေတ္တာကို လိုချင်တာဟာလည်း ဘာကြောင့်ဆိုတာ ကောင်း အသိဆုံးပါကွယ်"

ကောင်းက လက်စွပ်ကွင်းလေးကို ဘူးထဲပြန်မထည့်ဘဲ ထမင်းစားပွဲပေါ်သာ စိတ်ညစ်ညစ်နှင့် လှမ်းတင်လိုက်ပါသည်။ ဘူးကိုလည်း စားပွဲပေါ်၌သာ ထားလိုက်ရင်း ခေါင်းငုံ့ငြိမ်သက်နေလေသည်။





"တို့ဘက်က လုပ်စရာရှိတာ၊ ဆောင်ရွက်စရာရှိတာတွေ တို့လုပ်မှာပါ၊ အမြန်ဆုံး ဆောင်ရွက်မှာပါ၊ တို့ ရှေ့နေတစ်ယောက်ငှားဖို့ စုံစမ်းထားပါတယ်"

မှုံဝတ်ပြာ အသံလေးက တုန်ယင်နေသည်။

"တို့ကို စိတ်မဆိုးပါနဲ့နော် ကောင်း ..."

"စိတ်မဆိုးပါဘူး မမရာ ...။ စိတ်မကောင်းပဲဖြစ်တာ"

"စိတ်မကောင်းလည်း မဖြစ်နဲ့နော် ...၊ ကောင်းကို တို့ သိပ်ချစ်ပါတယ်"

"အဲဒါကို ကျွန်တော် သိပါတယ်"

ထိုစဉ်တွန်း ခြံဝင်းထဲကို ဆိုင်ကယ်သံ တဖုံးဖုံးကြီး ဝင်လာတာကို ကြားလိုက်ကြရတော့တာပင်။ ဆိုင်ကယ်သံကြီး ကြားသည်နှင့် သူတို့ စကားသံတွေ တိခနဲပြတ်ကာ တိတ်ဆိတ်ငြိမ်သက် တောင့်တင်းသွားကြပါသည်။

ဆိုင်ကယ်စက်သံ ရပ်သွားကာ အိမ်လှေကားကို နင်းတက်လာတဲ့ ဖိနပ်သံကြားလျှင်တော့ မှုံဝတ်ပြာမှာ မျက်နှာ အကြီးအကျယ် ပျက်ကာ ...

"ကောင်း ..."

အားကိုးတကြီး အသံလေးက တုန်ယင်လှိုက်လှဲနေသည်။ ဘယ်သူဖြစ်မည်ဆိုတာကို အလိုအလျောက်သိကာ ကောင်း



www.burmeseclassic.com

သည် စိတ်ဂျက်လက်ဂျက် ဖြစ်သွားရပါသည်။ အိမ်ရှေ့တံခါးကလည်း ဖွင့်ထားသည်ဖြစ်ရာ ဖိနပ်သံမိုင်ရှင်က အသာကလေး ဝင်ရောက်လာခဲ့ပါပြီ။

ဖိနပ်ချွတ်၍ ကြမ်းပေါ် ဂေါက်ခနဲ ကျသွားတဲ့ အသံနှင့် တစ်ဆက်တည်းပင် ...

"ညှော်သည် ရောက်နေတာကိုး"

ထမင်းစားခန်းဟာ အိမ်ဝင်ပေါက်ရဲ့ ဘယ်ဘက်ထောင့်ကလေးမှာတင်မို့ သူဟာ ချက်ချင်းပဲ ထမင်းစားခန်းထဲကို ရောက်လာပါသည်။ ညှော်သည်ရောက်နေတာကိုးလို့ ပြောလိုက်တဲ့ လေသံက အိမ်ရှင်တစ်ယောက်လေသံမျိုးပင် ...။

"ဖယောင်းတိုင်မီးနဲ့ ... ဟား ဟား ... ကဗျာအဆန်စား ပါလား ..."

စည်သူပင် စားသောက်လက်စရပ်ကာ သူ့အဝေးကို အလန့်တကြား လှည့်ကြည့်နေပါသည်။ နိုင်ရဲသည် စည်သူ့ခေါင်းကို တစ်ချက်ပုတ်လိုက်ရင်း ထမင်းစားပွဲရဲ့ ကုလားထိုင်အလွတ် တစ်လုံးမှာ ပိုင်စိုးပိုင်နင်း ဝင်ထိုင်လိုက်ပါသည်။

"စပါယ်ရှယ်ပါလား ...၊ ဒီနေ့ မွေးနေ့ဆိုတော့ စပါယ်ရှယ်ထမင်းဝိုင်း တွေ့ကောင်း တွေ့နိုင်ရဲ့ ဆိုပြီး ကျွန်တော်လည်း ဝင်လာခဲ့တာပဲ ကိုထက်ကောင်းကင် ..."





ဝင်ထိုင်လိုက်ကတည်းက ခပ်စူးစူး ရလိုက်သော အရက်နံ့က စကားပြောနေစဉ်တစ်လျှောက် အနီး... လှည့်ပတ် ဝဲပျံ့နေသည်။

"ဝယ်ထားတာတွေလား ..."

တိတ်နေရခြင်း၌ ကသိကအောက်ဖြစ်ကာ ကောင်းက ...

"ကျွန်တော်တို့ အိမ်မှာပဲ ချက်ပြုတ်ကြတာ"

"ဒါဆို ပိုပျော်စရာကောင်းတာပေါ့"

နိုင်ရဲရဲ့ မျက်လုံးသည် စားပွဲပေါ်၌ တလက်လက် တောက်နေသော စိန်လက်စွပ်၌ စိုက်ခနဲ တစ်ချက်တန့်သွားပါသည်။ မှုံ့ဝတ်ပြာသည် ခုမှ ကမန်းကတန်း သတိရလိုက်ကာ သူ မတွေ့အောင် ဖွက်ကွယ်ဖို့လည်း အချိန်မမီတော့၍ စိတ်ဆင်းရဲသွားပါသည်။

"ဒါ ဘယ်သူ့ဟာလဲ ... အဖိုးတန် စိန်လက်စွပ်ကြီး ...၊ သိမ်းထားလိုက်ပါဦး ..."

ကောင်းက စိန်လက်စွပ်ကို အသာကောက်ကာ ကတ္တီပါဘူးထဲ ပြန်ထည့်ပြီး ဘူးကို ဘောင်းဘီအိတ်ထဲ ပြန်သွင်းလိုက်ပါသည်။ ခေါင်းတညိတ်ညိတ် လုပ်နေသော နိုင်ရဲကြောင့် မှုံ့ဝတ်ပြာသည် စိတ်ကျဉ်းကျပ် ကသိကအောက် ဖြစ်လာကာ ထိုင်ငိုလိုက်ချင်သည်။

www.burmeseclassic.com



ဒီလိုကြီး လာလာဆုံစည်းနေရတာအတွက် ကောင်းကို မျက်နှာပူ အားနာလှသည်။ တကယ်တော့ သူ ကိုယ်တိုင်လည်း မပေါင်းချင်ဘူးပြောပြီး စွန့်ထွက်သွားပြီးသော မိန်းမတစ်ယောက်ထံ လာလာနေစရာ အကြောင်းမရှိ၊ လာလည်း မလာသင့်ပါ။ ကောင်း မသိလိုက်ပဲ လာနေတာရော ရှိမလားဟု ကောင်း တွေးကာ အထင်လွဲမည်ကို မှုံဝတ်ပြာ စိုးရိမ်သည်။

"ဗိုင်းက အခြောက်ကြီးပါလား ... ဘာမှ မသောက်ဘူးလား ကိုထက်ကောင်းကင် ...၊ ကျွန်တော် ထွက်ဝယ်လိုက်ရမလား ..."

"နေပါစေ ... ကျွန်တော်ကလည်း ငြင်းမရတာကလွဲရင် သိပ်မသောက်တတ်လို့ပါ၊ မမနဲ့ ကလေးနဲ့လည်းပါတော့ မသောက်တော့ပါဘူး"

"ကိုထက်ကောင်းကင်လည်း မှုံတို့သားအမိကို စောင့်ရှောက်ပေးတယ်နော်၊ ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူး ကိုနိုင်ရဲ ...၊ တကူးတက ကူညီနေတဲ့သဘောလည်း မဟုတ်ပါဘူး၊ ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော်ပါ ...၊ စားပါဦး ကိုနိုင်ရဲ ..."

"ဒါပေါ့ ...၊ စားတာပေါ့ ...၊ မှုံ ... ကိုယ့်ကို ပန်းကန်ထဲ ထမင်းထည့်ပေးပါဦး၊ နည်းနည်းပဲထည့်၊ ဟင်းများများ စားမယ်၊ အတော်ပဲ ... ခုနက သူငယ်ချင်းတွေနဲ့ သောက်နေတဲ့ဗိုင်းက ထ,လာတာ၊ ဘာမှ သိပ်မစားလာခဲ့ဘူး"





မှုံဝတ်ပြာက သူ့ရှေ့ကပန်းကန်ထဲ ထမင်းနည်းနည်း ခူးခပ်ထည့်ကာ နိုင်ရဲ ရှေ့သို့ ချပေးလိုက်ပါသည်။ ပုံစံက စိတ်ညစ်ညူး ရှုပ်ထွေးနေမှန်း သိသာကာ မျက်ရည်ပင် လည်နေပါသည်။

"ဒါက ဘာငါးလဲ ...၊ ဪ ... ကကတစ်ပေါင်း မဟုတ်လား၊ မှုံဝတ်ပြာရဲ့ အမြဲလက်စွမ်းပြနေကျဟင်းလေ ..."

သူ တစ်ယောက်တည်း သွက်မြူးနေကာ စကားပြောလိုက် ဟင်းကို ခပ်ထည့်လိုက်နှင့် တမင်တကာ မဏ္ဍပ်တိုင်တက်နေသလိုပင်။ မှုံဝတ်ပြာက ကောင်းကို ညှိုးငယ်စွာ လှမ်း၍ ကြည့်သည်။ ကောင်းက မျက်လွှာကို ချ၍ စည်သူဘက် ငုံ့ကြည့်နေပါသည်။ မှုံဝတ်ပြာက ကောင်းရှေ့က ပန်းကန်ကို လှန်ကာ ထမင်းထည့်ပေးပြီး သူ့အတွက် ပန်းကန်အသစ်တစ်ချပ် ယူလိုက်သည်။

"စားလေဗျာ ... ကိုထက်ကောင်းကင် ...။ ဟင်းတွေ အေးကုန်ဦးမယ်"

ကောင်းက သက်ပြင်းတစ်ချက်ကို နင့်မောစွာ ကျိတ်မှိုက်လိုက်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်ပါသည်။ သူ့ကို မှုံဝတ်ပြာ အားနာအနေကျပ်မည်ကို သိ၍ သူက တပြန်တလဲ သနားနေမိပါသည်။ သူတို့ရဲ့ သာယာကြည်နူးနေတဲ့ အချိန်ကာလကလေးကို ဘာကြောင့်များ လာဖျက်ဆီးရတာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူဟာ ကောင်းအတွက်တော့ မကောင်းဆိုးဝါး အစစ်ပင်။ သူ့မျက်နှာကို ကြည့်လည်း မကြည့်ချင်၊ မြင်လည်း မမြင်ချင်။ ခုလို ကိုယ့်အနေအထားက မမျှော်လင့်ပဲ ဆိုးဝါး အောက်နိမ့်ကျနေတာ သိလိုက်ရပြီးတဲ့နောက်မှာ ပိုပြီးတော့ တော်ကြ သူနှင့် မတွေ့ဆုံ မဆက်ဆံချင်။

ရှက်ခြင်း ခံပြင်းခြင်းတို့က ရင်၌ ဆူပွက်နေကာ ဒါကို ဘာမှ မဖြစ်သယောင် ဖုံးကွယ်ဟန်လုပ်နေရတာကလည်း ပင်ပန်းလှသည်။ တကယ်ဆို လုံးဝ စိတ်ဆင်းရဲဖို့ ကောင်းသွားပြီ ဖြစ်သော ဤထမင်းပွဲမှ ထ,ပြန်လိုက်ချင်ပြီ။ သို့သော် သူလာကာ မှ စားဖို့ ရည်ရွယ်ပြီး ရောက်နေတဲ့ ကောင်းက မစားတော့ဘဲ ထပြန်သွားလျှင် ကိုယ့်ဘက်ကပဲ မလုံခြုံ မလုံလဲရာ ရောက်ပါ သည်။

ပြီးတော့ ဒီလူနှင့်လည်း မှုံ့ဝတ်ပြာကို ဒီတိုင်း ပစ် မထားခဲ့ရက် ...။ ဤသို့ တွေးမိတော့ ရုတ်တရက် ကိုယ့်အဖြစ် ကိုယ် လှောင်ပြုံးချင်စိတ်ပင် ပေါက်သွားရပါသည်။ ကိုယ်က သူတို့နှစ်ယောက်ကို ဒီတိုင်း မထားခဲ့ချင်ရအောင် တကယ်တော့ သူတို့နှစ်ယောက်က မကွာရှင်းရသေးတဲ့ လင်မယားပဲ မဟုတ်လား

ကိုယ်ကသာ ဘာမှ မဆိုင်တဲ့သူ ...။ အပြင်လူ ... ဆားလူ ...။

"သား ဘာယူဦးမလဲ"





မေးမိပြီးမှ ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်ချင်ပြန်သည်။ သူ့အမေကတောင် မမေးတဲ့ကိစ္စကို သူက 'သား'တွေ ဘာတွေ ခေါ်ကာ မဆိုင်ပဲ ဝင်မေးနေမိပြန်ပြီ။ နိုင်ရဲကတော့ သူ့ကို ဟား ကောင်း ဟားချင်နေမှာပဲ ...။

"ဝက်နံရိုး ..."

"ယူလေကွာ ...၊ ရော့ ..."

ကောင်းက ကျန်တာတွေ ခေါင်းထဲက ပျောက်ထုတ်ပြီး ကလေးကို ကောင်းနိုးရာရာ ရွေးချယ် ထည့်ပေးလိုက်ပါ သည်။

"မှုံ့လည်းစားလေ ... ရော့ ..."

နိုင်ရဲက မှုံ့ဝတ်ပြာ ပန်းကန်ထဲ ဝက်နံရိုးကင် ခပ် ထည့်လိုက်သည်။

"အို ... ကျွန်မ မစားချင်သေးဘူး ... နေပစေ ..."

မှုံ့ဝတ်ပြာ ... ဝက်နံရိုးကို ကောက်ကိုင်ကာ မူလပန်းကန်ထဲ ပြန်ထည့်ပစ်လိုက်သည်။ နိုင်ရဲ မျက်နှာက မဲ့သွားရကာ ...

"မှုံ့က ... ကျွန်မတွေ ဘာတွေနဲ့ ... သိပ်စိမ်းကားနေပါ လား ..."

မှုံ့ဝတ်ပြာသည် ကောင်း ရှေ့မှာ ရှက်ကာ မျက်နှာ နီမြန်းရင်း ...

"ရှင်နဲ့ ကျွန်မက မစိမ်းကားရအောင် ... ဘာဆိုင်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဒေါသနှင့် စူးရှစွာ ထ,အော်လိုက်သော မွှံ့ဝတ်ပြာကြောင့် နိုင်ရဲက စားလက်စ ဇွန်းကို ပန်းကန်ထဲသို့ ကလောင်ခနဲ မြည်အောင် ပစ်ချပြီး မွှံ့ဝတ်ပြာကို ခပ်တည်တည် စိုက်ကြည့်နေပါသည်။

"ရှင်နဲ့ ကျွန်မနဲ့ လမ်းခွဲထားတာ၊ ကွဲနေတာ မပေါင်းတာ တစ်ရပ်ကွက်လုံး သိတယ်၊ လူတိုင်း သိတယ်၊ အားလုံး သိတယ်၊ ရှင် အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာပြောမနေနဲ့"

မွှံ့ဝတ်ပြာက ပေါက်ကွဲမှုကို မထိန်းနိုင်ဘဲ မျက်ရည် တွေ ပိုးပိုးပေါက်ပေါက် ပြုတ်ကျလာရင်း ဆက်အော်သည်။

"ဟာ … မင်းလေသံ မာလှချည်လား … မင်းက ဘာအား ကိုးနဲ့ ဒီလောက် မာကျောရဲနေတာလဲ …"

နိုင်ရဲက စားပွဲကို လက်သီးနှင့် ထုကာ တုံ့ပြန်အော် ဟစ်သည်။ မူးလာတဲ့ လူတစ်ယောက်ရဲ့ စိတ်ပျက်စရာကောင်း အောင် လာရမ်းကားနေမှုကြောင့် ကောင်း ဒေါသလည်းထွက်၊ စိတ်လည်းပျက်၊ ခံလည်းခံပြင်း။ လူက စာဖျဉ်းဖျဉ်း သွေးဆူလာ သည်။ သူ့အဝ၌ ဤသို့ ရန့်ရင်းကြမ်းတမ်းခြင်းများ ရန်စမ်း ခေါ်ခြင်းများ ဘယ်တုန်းကမှ မကြုံကြိုက်ခဲ့ရ …။

သူ့ဘဝတစ်လျှောက်ဟာ အမေနှင့်အမေ ကွဲနေတာ တစ်ခုကလွဲပြီး သာယာချောမွေ့လွန်းသည်။ စိတ်ဆင်းရဲစရာမရှိ ကြမ်းတမ်းခက်ထန်ခြင်းတွေ မကြုံရ။ အမိုးအကာ အရိပ်အာဝါသ





ဟာ မေမေပဲဖြစ်သည်။ ခုလို ကြုံကြိုက်ရတဲ့ အဖြစ်ဟာလည်း ဘယ်သူမပြု မိမိမှုလို့ ဆိုရမည့် အဖြစ်ပဲဖြစ်သည်။

"မမာကျောလို့ ရမလား … ရှင် ဘာကြောင့် မဆီမဆိုင် ဒီအိမ်ပေါ်တက်လာပြီး ဆော်ကားနေရတာလဲ …"

"ငါ ဘာဆော်ကားရသေးလို့လဲ …၊ ကိုယ့်မိန်းမက ကိုယ့် ကိုယ်ကိုယ် ကျွန်မလို့ သုံးနေတာ စိမ်းကားတယ် ဆိုတာပဲ ပြောရသေးတယ်၊ ဒါ ဆော်ကားတာလား၊ ဘာဖြစ်လို့ မင်းက ဆတ်ဆတ်ထိ မခံနိုင် ဖြစ်နေတာလဲ …"

"ကျွန်မ ရှင့်မိန်းမ မဟုတ်ဘူး …"

"ဟော့ … မွှံ့ဝတ်ပြာ ဆိုတဲ့ မိန်းမဟာ နိုင်ရဲရဲ့ မိန်းမဆိုတာ တစ်လောကလုံး သိတယ်"

"မဟုတ်ဘူး … ရှင်နဲ့ကျွန်မ ကွဲပြီးသား … ပြတ်စဲပြီးသား"

"ဟား ဟား ဟား … ဘယ်တုန်းက ပြတ်စဲထားလဲ၊ ဟင် … ဘယ်တုန်းကပါလိမ့်၊ ယူတုန်းက လက်မှတ်တွေ ဘာတွေ ရေးထိုး … သတင်းစာထဲတောင် ထည့်ပြီး ယူ ထားတာလေ …၊ မင်းနဲ့ ငါနဲ့ ပြတ်စဲပါတယ်လို့ ဘယ် တုန်းက ကြေညာထားလဲ …"

"ကျွန်မ ကြေညာမှာ …၊ ခုလည်း ရှင်နဲ့ ကျွန်မ ကွဲနေတာ နှစ်နှစ်ရှိပြီ …၊ အားလုံး သက်သေရှိတယ် …၊ ရှင့်ဆီကလည်း ဘာအထောက်အပံ့မှ မယူထားဘူး …၊ ရှင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မဆက်သွယ်ဘူးနော် ... ကိုနိုင်ရဲ ...၊ ရှင်နဲ့ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး"

ပြောရင်း ရိုက်ကြီးတငင် ငိုချလိုက်တဲ့ မွှဝတ်ပြာကြောင့် ကောင်းသည် ဆက်ထိုင်မနေနိုင်ဘဲ ထ,ထွက်လာလိုက်မိပါသည်။ စိတ်ထဲ မချိတရိ ဖြစ်လွန်း၍ ထ,ထွက်လာလိုက်မိပြီး ဘာဆက်လုပ်ရမည် မသိ။ ညှော်ခန်းမှာပဲ သွားထိုင်နေလိုက်ရမလား ... အိမ်အောက်ဆင်းသွားလိုက်ရမှာလား ...။ ဘာလုပ်လို့ ဘာကိုင်ရမည် မသိဘဲ အိမ်ဝဋ္ဌ ခါးထောက်ရပ်ကာ အပြင်ဘက်အမှောင်ထဲ နှာကျင်စွာ ငေးစိုက်နေမိသည်။

မွှဝတ်ပြာရဲ ရိုက်သံက သူ့ရင်ကို မီးစနှင့် ထိုးသလို ပူပြင်းစေသည်။ ဖြစ်နိုင်လျှင် နိုင်ရဲကို ကုပ်ကဆွဲပြီး လက်သီးနှင့်ပိတ်ထိုး ခြေနှင့်ကန်ကာ အိမ်ပေါ်က မောင်းချလိုက်ချင်သည်။

"ဟား ဟား ... ဒီမှာ မွှ၊ မင်း သိထားဖို့က မင်းကို ငါက ပြတ်စဲပေးထားတာ မဟုတ်ဘူး၊ ဘယ်ပြတ်စဲနိုင်မလဲ ... မင်းက ကိုယ်ချစ်လို့ ယူထားတဲ့ မိန်းမပဲ မွှရယ်"

"ရှင့်ပါးစပ်ကို ပိတ်လိုက်ပါ"

"မပိတ်နိုင်ဘူး၊ ငါ သတင်းတွေ ကြားနေတယ်နော်၊ မင်း ခြေလှမ်းတွေ ဘယ်လိုရှိတယ်ဆိုတာ မသိဘူး မထင်နဲ့၊ ငါ အားလုံး စုံစမ်းပြီးသွားပြီ၊ ဒါကြောင့် မင်းကို ငါ





စိတ်မချလို့ ခုတလော အိမ်ကို ဝင်ဝင်လာပြီး ချက်ကက်လုပ်နေရတာ၊ ခြေလှမ်းပျက်မယ် မကြံနဲ့ ...၊ မင်းက ငါ့မိန်းမ၊ အဲဒါကို မှတ်ထား ..."

"ရှင့် မိန်းမ မဟုတ်တော့ဘူး၊ ရှင့်ကို ဘယ်တော့မှ ပြန်ပေါင်းမှာလည်း မဟုတ်ဘူး၊ ရှင် အခု ကျွန်မအိမ်ပေါ်က ဆင်းသွား"

နိုင်ရဲ ဝုန်းခနဲ ထ,ရပ်လိုက်ကာ ...

"ဘာဖြစ်လို့ ဆင်းသွားရမှာလဲ ...၊ ဒါက မင်းအိမ်လား ..."

"ကျွန်မ အိမ် ...၊ ကျွန်မ အမေနဲ့မည်နဲ့အိမ်"

"အေး ... အဲဒီ မင်းအမေ အိမ်စုတ်အိမ်အို အိမ်ယိုင်လေးကို ဘယ်သူ့ပိုက်ဆံနဲ့ ဖျက်ပြင်ဆောက်ထားတာလဲ ...၊ ငါ ဆောက်ပေးထားတာ၊ ဒါ မင်းအိမ် မဟုတ်ဘူး၊ ငါ့အိမ် ငါနဲ့လည်း ဆိုင်တယ်"

"ရှင် အခု ဒီအိမ်ကို ပြန်ဖျက်ပြီး ယူချင်ယူ ဆိုရင် ယူသွားလိုက်၊ ဒီအိမ်ရာ ဒီခြံမြေထဲကိုတော့ ရှင် ကျူးကျော်မလာနဲ့ ..."

"ဝင်တယ်ကွာ ...၊ လာတယ်ကွာ ...၊ အဲဒါ ဘာဖြစ်လဲ ...။ ငါ မင်းယောက်ျားပဲ၊ ဒါ မင်းနဲ့ ငါနဲ့ မွေးထားတဲ့သား၊ ဟောကောင် စည်သူ ... ထစမ်း၊ မင်းအမေ ဘယ်သူလဲ ..."

စည်သူသည် ထိုင်ရာမှ ကြောက်ကြောက်ရွံ့ရွံ့ ထ,



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်ကာ နိုင်ရဲကို မျက်လုံးဝိုင်းနှင့် ကြောက်လန့်တကြား မော်ကြည့်နေသည်။

"ပြောစမ်း ယောကောင်၊ မေးနေရင် ပြောလေ ...၊ မင်း အဖေ ဘယ်သူလဲ ..."

"ဦး ... ဦးနိုင်ရဲ ..."

"အေး ...၊ ကြားတယ် မဟုတ်လား၊ သူ့အဖေ ဘယ်သူလဲ မင်း,သား သိတယ်၊ တွေ့လား၊ ယောကောင် စည်သူ ... မင်း မှတ်ထား၊ မင်းအမေ ခေါ်လာတဲ့ နောက်ထပ် ဘယ် ကောင်ကိုမှ မင်း အဖေ ခေါ်စရာ မလိုဘူး ... ကြားလား မင်း ခေါင်းထဲ ကြပ်ကြပ်သွင်းထား ..."

နိုင်ရဲက စည်သူ့ခေါင်းကို အုပ်ကိုင်၍ ခပ်ကြမ်းကြမ်း ခါလိုက်သည်။

"မင်းတို့ သားအမိနှစ်ယောက်လုံး ဘာအားကိုးနဲ့မှ လူဝင်း ဝဖို့မကြံနဲ့ ...၊ ငါနဲ့ တွေ့မယ် ...၊ ယောကောင် စည်သူ ... မင်း ကြားလား ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

ကောင်းက ထမင်းဝိုင်းဘက် ပြန်လှည့်ရပ်လိုက်ပါ သည်။ နားရွက်ကို အဆွဲခံလိုက်ရ၍ စည်သူ သည် ကြောက်လန့် တုန်ယင်ကာ မျက်ရည်လည်နေသည်။ ကောင်းက နာကျင်သော သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ...





"ကိုနိုင်ရဲ ... ကလေးက ဘာနားလည်လို့လဲဗျာ၊ ကလေးကို မပြောပါနဲ့၊ ကလေးနဲ့ မဆိုင်ပါဘူး၊ ကလေးမှာ အပြစ်လည်း မရှိဘူး ..."

ဒေါသတွေကို ကျိတ်မျိုချကာ ကောင်းက လေသံကို အေးဆေးညင်သာစေလျက် ခပ်ဘိုးတိုး ဝင်ပြောမိတော့သည်။

"ခင်ဗျားကကော ... ခင်ဗျားနဲ့ ဘာဆိုင်လို့ ဝင်ပြောနေတာ လဲ၊ မဆိုင်ရင် မဆိုင်သလိုနေစမ်းပါ ကိုထက်ကောင်းကင်၊ စည်သူ က ကျွန်တော့်သား၊ ကိုယ့်သားကိုယ် ဘယ်လိုပြော ပြော ... ဘယ်လို ဆုံးမ ဆုံးမ ခင်ဗျားနဲ့ ဘာဆိုင်လို့ ဝင် ပါတာလဲ ..."

"ဆုံးမရလောက်အောင် ကလေးမှာ အပြစ်မရှိပါဘူး"

"ဟုတ်တယ်၊ အပြစ်ရှိတာ လူကြီးတွေ ...၊ အပြစ်ရှိတာ ခင်ဗျားတို့လေ ... ဟုတ်တယ် မဟုတ်လား၊ လူကြီးတွေက မျက်စိရှေ့မှာ မိုက်လုံးကြီး ဖောက်ပြနေတော့ ကလေးက ကယောင်ကတန်းနဲ့ ပတွေးကို အဖေခေါ်နေရမှာစိုးလို့ သတိပေးနေတာ ..."

"ခင်ဗျား ရိုင်းနေပြီ ကိုနိုင်ရဲ၊ ခင်ဗျား မူးနေတယ် မဟုတ် လား၊ အိမ်ပြန်လိုက်ပါ"

"အိမ်ပြန်ရမှာက မင်းကွ၊ ဘာကို မျှော်ကိုးပြီး ဆက်ရပ်နေ တာလဲ၊ ပြန်သင့်နေတာ ကြာပြီ ...၊ ဒါလောက်မှ နား မလည်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အရက်သောက် မူးလာပြီး ဒီမှာ ရမ်းနေရစ်နေမှာစိုးလို့ ကျွန်တော် မပြန်နိုင်သေးတာ ...၊ တဖြည်းဖြည်းခင်ဗျား လွန်လာတော့မယ်နော် ..."

"ဟား ဟား ...၊ ဘယ်သူက လွန်နေတာလဲ ...၊ သူတစ်ပါးသားမယားကို ကျူးကျူးကျော်ကျော် လာပတ်သက်နေတာ ဘယ်သူလဲ ... မင်း မဟုတ်လား၊ မင်းမှာ ကြိုက်စရာဒီလောက်ရှားနေလား ...၊ ဒါ ... ငါ့မိန်းမ ဆိုတာ မင်းနားမလည်ဘူးလား ..."

"ရှင် ... ရှင့်ဝါးစပ် ပိတ်ထားပြီး အိမ်ပေါ်က မြန်မြန်ဆင်းသွားပါ၊ ကျွန်မကို ဒီလောက် စိတ်ဒုက္ခပေးရရင် တော်ပါတော့"

ကောင်းမျက်နှာက နီရဲတွတ်ကာ တုံ့ပြန်နိုင်လောက်သော စကားမရှိဘဲ လှုသာ အသားတဆတ်ဆတ် တုန်လာသည်။

"အေး ... ငါကတော့ ... နွားကြီးလို လည်စင်းငုံ့ခံနေလိမ့်မယ် မထင်နဲ့ ဟောကောင် ...၊ ငါ့မယားကို ကြာခိုရင်မယားခိုးမှုနဲ့ မင်းကို တရားစွဲရမှာပဲ၊ မင်း ရင်ဆိုင်ဖို့ပြင်ထား ..."

"ခင်ဗျား ... ခင်ဗျား ... စကားကို ဆင်ခြင်ပြောစမ်းပါ၊ ဒီလောက်ရင့်သီးပြီး ပြောစရာမလိုဘူး ...၊ ကျုပ် အောက်တန်းကျတဲ့ကောင် မဟုတ်ဘူး"





"မင်းလား အောက်တန်းမကျတာ၊ ဒါဖြင့် ငါ့မိန်းမကို ဘာဖြစ်လို့ တွဲပြီး ... ဘာဖြစ်လို့ ငါ့အိမ်ကို ဝင်ထွက်နေသလဲ"

"ကျုပ် ... မှုဝတ်ပြာကို အံယောဇဉ်ရှိတာ ဝန်ခံတယ်၊ ဒါပေမဲ့ အဲဒါ ခင်ဗျားနဲ့ ကင်းရှင်းပြီးသား ကွာရှင်းပြီးသားထင်လို့ဗျ၊ ခင်ဗျားနဲ့သာ တရားဝင် စာရင်းမရှင်းရသေးတာဟိုးအစောကြီးကသိရင် ခုလို လုံးဝ ဖြစ်မလာဘူး ...၊ ကျုပ် မိကောင်းဖခင် သားသမီး၊ အောက်တန်းကျတဲ့ကောင်လည်း မဟုတ်ဘူး၊ လုံးဝ မသိခဲ့လို့ဖြစ်ခဲ့တာ ..."

နိုင်ရဲက နာကျင်စွာ အံကြိတ် ညည်းတွားပြောနေသော ကောင်းထံမှ မှုဝတ်ပြာထံ ဆတ်ခနဲ လှည့်ကြည့်ကာ ...

"ဩော ... ဟော ...၊ လက်စသတ်တော့ မင်းပေါ့၊ မင်းကဖုံးထားတာပေါ့၊ မြှုထားတာပေါ့လေ ...၊ ငါနဲ့ တရားဝင်ပြတ်စဲသယောင်ယောင် ... အယောင်ဆောင်ထားတာပေါ့ဟုတ်လား၊ တော်တော်ကို ဖောက်ပြန်ချင်နေတာယ် ဟုတ်လား ..."

"ရှင်နဲ့ ကျွန်မနဲ့ ဘာဆိုင်တော့လို့လဲ ..."

"ဆိုင်လား မဆိုင်လားသိချင်ရင် မင်း တစ်ခုခု လုပ်ကြည့်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လောက် အောက်တန်းကျတဲ့လူ မတွေ့ဖူးဘူး၊ ပစ်တုန်းက ပစ်ထားပြီး ရှင်အခုလို လာလုပ်နေတာ ရှင် ဘာအကြံနဲ့လဲ ...၊ ရှင့်ကိုတော့ ဘယ်တော့မှ ပြန်မပေါင်းဘူး မှတ် ...၊ ရှင် သိပ်မက်မောလိုချင်နေတဲ့ ဒီအိမ်တွေ ခြံတွေ အပိုင်ယူချင်လည်း ယူလိုက် ...၊ ကျွန်မဘဝမှာ ရှင့်မျက်နှာ မမြင်ရရင် တော်ပြီ ...

ကျွန်မရဲ့ မွေးနေ့ကလေးမှာတောင် စိတ်မချမ်းသာအောင် ရှင် လာနှောင့်ယှက်ရမ်းကားရက်တယ်၊ ရှင့်ကို မကြည့်ချင်ဘူး၊ ရှင့်ကို မမြင်ရရင် တော်ပြီ၊ ရှင် လိုချင်တာ ယူသွား"

"ဟား ဟား ဟား ... လေသံက ငွေတွင်း ဖင်ခုထိုင်ထားတဲ့ လေသံပေါ့လေ၊ ပြောအားရှိတာပေါ့ ... နိုက်စရာ ငွေတွင်းကြီးက ရှေ့မှာ ငုတ်တုတ်ကြီးလေ ... စိန်လက်စွပ်တောင် ရလုမဲ့ဆဲဆဲ ငါရောက်လာလို့ မဝတ်လိုက်ရသေးတာ မဟုတ်လား၊ စိန်တွေငွေတွေမြင်တော့ ကိုယ့်ကိုယ်ကိုယ်ပဲ ရောင်းစားရစားရ မင်း ဘာမှ မငဲ့တော့ဘူး မဟုတ်လား"

"ဟင် ... ရှင် ..."

မှူဝတ်ပြာသည် အသည်းဆတ်ဆတ်ခါကာ ရှေ့ကိုဝုန်းခနဲ တိုးပြီး နိုင်ရဲ ပါးပြင်ကို ဖြန်းခနဲနေအောင် ထိထိမိမိကြီး ရိုက်ချပစ်လိုက်ပါသည်။ နိုင်ရဲသည် အငိုက်မိ၍ လျှပ်တပြက်ခံလိုက်ရပြီး ဒေါသတကြီး ဖြစ်ကာ မှူဝတ်ပြာကို ဆောင့်ဆွဲ၍ လက်မှ လိမ်ချိုးထားလိုက်လျှင် မှူဝတ်ပြာမှာ နိုင်ရဲခန္ဓာကိုယ်ရှေ့သို့ ကျောပေးလျက်သား ကိုယ်ကလေးကော့၍ နာကျင်သည်းညူ နေရှာသည်။



"ဟေ့လူ ... ခင်ဗျား လွှတ်နော်၊ ခင်ဗျား မိန်းမတစ်ယောက်ကို အနိုင်မကျင့်ပါနဲ့ ..."

"ငါ့မိန်းမ ငါ ဘာလုပ်လုပ် ... မင်း အသာနေစမ်း ..."

"ကောင်း ... ကောင်းရေ ... သူ့ကို ပြောမနေပါနဲ့ ... ကောင်း ပြန်လိုက်ပါတော့ ..."

မှူဝတ်ပြာရဲ့ နာကြည်းစွာ ငိုရှိုက်သံက ဆူဝေနေတဲ့ ကောင်းရဲ့ ဒေါသတွေကို နှိုးဆွတွန်းအားပေးလိုက်တာပင်။ ကောင်းသည် ကိုယ့်ကိုယ်ကိုယ် မရည်ရွယ် မမျှော်လင့်မိဘဲ နိုင်ရဲ မျက်နှာကို လက်သီးနှင့် ထိထိမိမိကြီး တစ်ချက်ထိုးချလိုက်ပါသည်။ နာကျင်မှုကြောင့် မှူဝတ်ပြာကိုပါ လွှတ်လိုက်သော နိုင်ရဲက ဒေါသထွက်သွားသော ကျားတစ်ကောင်လို ကောင်းထံ ခုန်ဝင်လိုက်ပါသည်။ မှူဝတ်ပြာသည် ဝင်ဆွဲလို့လည်း မရတဲ့အဆုံး ...

"လာကြပါဦး ... အမယ်လေး ကယ်ကြပါဦးရှင်"

မှူဝတ်ပြာ အသံလေးက ရပ်ကွက် မှောင်မှောင်ထဲ ကျယ်လောင်စွာ ပျံ့လွင့်သွားခဲ့သည်။

(၁၄)

www.burmeseclassic.com



မိုးမမသည် ထိုနေ့နံနက် မိုးလင်းသည်နှင့် ရင်ဘတ်
စည်တီးဖြစ်ကာ မထွက်စဖူး ကြမ်းတမ်းသော ဒေါသတွေ ထွက်
လျက် တစ်အိမ်လုံး လန့်ဖျပ်လောက်အောင် အော်ဟစ်သောင်းကျန်း
နေပါတော့သည်။

ပြီးခဲ့တဲ့ ညက ... ကောင်းဟာ ညဦးနက်တဲ့အထိ
ပြန်ရောက်မလာ၍ မိုးမမ အိပ်ပျော်သွားနှင့်ပါသည်။ ရံဖန်ရံခါ
ကောင်း ခုလို နောက်ကျတဲ့အခါ အတင့်ဟာ ကောင်း ရောက်
အထိ မိုးလင်းရင် လင်းပစေ ထိုင်စောင့်မြဲမို့ စိတ်ချလက်ချ
အိပ်ရာဝင်လိုက်တာပင်။

နောက်နေ့မနက်မှာ ထုံစံအတိုင်း ခြောက်နာရီ
လောက် မိုးမမ အိပ်ရာက ထ,ကာ မျက်နှာသစ် ကိုယ်လက်သန့်
စင်ပြီးသည်နှင့် အသင့်ပြင်ပြီးသော ဆွမ်းတော်ပွဲကို ကပ်





ဘုရားရှိခိုးပါသည်။ အတင့်က မိုးမမ ဘုရားရှိခိုးပြီးသည်အထိ
ဆောက်နေ လုပ်စရာ ကိုင်စရာ ကူစရာတွေ လုပ်ပေးနေကာ
ဘာမှ မပြောသေး။

မိုးမမ ဘုရားရှိခိုးပြီးလျှင် ဘုရားခန်းဦးပင် အတင့်က
နောက်နားက ကျုံ့ကျုံ့ထိုင်စောင့်နေ၍ ...

"အတင့် ... ဘာလဲ ..."

"မမ ဘုရားရှိခိုးတာ စောင့်နေတာပါ"

"ပြီးပြီ အတင့် ... ပြောလေ ...၊ သြော် ... ညက သား
လေး ဘယ်အချိန် ပြန်ရောက်သလဲ ..."

"ဆယ့်နှစ်နာရီခွဲလောက် ရောက်ပါတယ်"

"ဘီယာတွေ ဘာတွေ သောက်လာတာလား ..."

"ဘာနံ့မှ မရပါဘူး မမ ... ဒါပေမဲ့ ရန်ဖြစ်လာတယ်
ထင်တယ်"

"ဟင် ..."

မိုးမမ ရင်ဖိသွားရပါသည်။

"ရန်ဖြစ်လာတယ် ...! ဟုတ်လား ..."

သားနှင့် ပတ်သက်၍ ရန်ဖြစ်တဲ့သတင်းစကား
ခုချိန်ထိ တစ်ကြိမ်မှ မကြားဖူး၍ မိုးမမ အံ့အားသင့်ရသည်။

"မေးလို့ မရဘူး မမ ...၊ ဒါပေမဲ့ ရန်ဖြစ်လာတာပဲ ဖြစ်
မှာပါ၊ မျက်နှာပေါ်မှာ ဒဏ်ရာတွေ ပါလာတယ် မမ ..."



www.burmeseclassic.com

www.burmeseclassic.com



အတင့်သည် သူ့မမ မြင်လျှင် ပေါက်ကွဲတော့မှာကို အတပ်သိ၍ မျက်နှာလေး ညှိုးညှိုးနှင့် ပြောရပါသည်။ ကောင်း မျက်နှာပေါ် ပါလာသည့် ဒဏ်ရာတွေကို ကြည့်၍ အတင့်ပင် ဘုရားတ,ခဲ့ရသည်။ သူ့အမေ မပြောနှင့် ... အတင့်ပင် ရင်ထဲ မချိတင်ကဲ ဆို့ရလောက်အောင် ဒဏ်ရာတွေက ပုံပျက်ပန်းပျက်။

နှုတ်ခမ်းက ကွဲကာ ဖူးယောင်ထွက်နေပြီး မျက်ခုံး ရိုး၌ ကွဲ၍ သွေးစို့ခြောက်ကပ်နေသည်။ ပါးပြင်နှစ်ဖက်လုံး မေးရိုး နှစ်ခုလုံး အညိုအမည်းစိမ်းပြာ ဒဏ်ရာတွေက ချောမောတဲ့ ကောင်းရဲ့ ရုပ်ကလေးကို မှတ်မိချင်စရာ မရှိလောက်အောင်ပင် ပျက်ယွင်း နေစေပါသည်။

ဒဏ်ရာဗလပွနှင့် ရှုံးနိမ့်ရသူတစ်ယောက်ရဲ့ ရုပ်ပျက် ဆင်းပျက်ပုံမျိုးပင်။

"ဒဏ်ရာတွေ ! ...၊ မျက်နှာပေါ်မှာ ဒဏ်ရာတွေ ! ... အမယ်လေး ဘုရား ... ဘုရား ... ဘာဖြစ်သွားသလဲ အတင့်ရယ် ...၊ ငါ ရင်တုန်လိုက်တာ ..."

"ကျွန်မလည်း ညက ကောင်းကို ကြပ်ထုပ်ထိုးပေးမယ်လို့ ချော့ပြောပါသေးတယ်၊ မရပါဘူး မမရယ် ...၊ ကျွန်မကို လည်း အခန်းထဲက တွန်းထုတ်ပြီး တံခါးဆောင့်ပိတ်လိုက် တာပဲ ... ဘာမှလဲ မပြောဘူး ..."

"ပရုပ်ဆီလေးတောင် လိမ်းမပေးရဘူးလားဟယ် ..."





"ပရုပ်ဆီလိမ်းရမဲ့ ဒဏ်ရာမျိုးလည်း မဟုတ်ဘူး မမ"

"ဘုရား ... ဘုရား ...၊ လာ ... လာ ... သွားကြည့်ရ အောင်"

မိုးမမက ကောင်း အခန်းကို ပြေးသည်။ တံခါးလက် ကိုင်ကို လှည့်လိုက်လျှင် ခါတိုင်း သော့မပိတ်တတ်သည့် ကောင်းက ဒီနေ့တော့ အတွင်းမှ သော့ချထား၍ လှည့်ဖွင့်မရပါ။

"သားရေ ... သားလေး ...၊ ကောင်း ...၊ နိုးပြီလား ..."

မိုးမမက အသံပြုသည်။ ခုပဲ ခုနစ်နာရီခွဲပြီးသွား ပြီမို့ ခါတိုင်းဆို ကောင်း တစ်ယောက် နိုးထလောက်ပါပြီ ...။ ကောင်းက နေမြင့်အောင် အိပ်တတ်တဲ့သူလည်း မဟုတ်ပါ။

"သားလေးရေ ... မေမေပါ၊ သားလေး နိုးပြီလား ..."

လက်ကလည်း တခေါက်ခေါက်။ နှုတ်လည်း တဖွဖွ အသံပြု။ အထဲက ဘာသံမှ ပြန်မကြားရဘဲ တိတ်နေသည်။ အတန် ကြာလာလျှင် မိုးမမှာ ရင်တုန်ပန်းတုန် ဖြစ်လာပါသည်။

"အတင့် ... ငါ့သားလေး အထဲမှာ သတိတွေ ဘာတွေများ လစ်နေလို့လား ...၊ အသံလည်း ပြန်မကြားရဘူး ...၊ သွား ... သွား ...၊ ငါ့အခန်းထဲက သော့တွဲအကြီး ယူခဲ့ စမ်း"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"သားရေ … သတိရလား သားရေ …၊ မေမေ စိတ်ပူလို့ပါ
မေမေ တအားစိတ်ပူတယ်၊ သော့ကို ဖွင့်ပြီး ဝင်ခဲ့မယ်နော်
သား နိုးနေရင် အသံပေးပါ"

"နိုးနေပြီ မေမေ"

အခန်းထဲက အသံတုံ့ပြန်လာသည်။ ဖွင့်ဝင်မည်
စိုးရိမ်၍ အသံပြန်ပေးလိုက်တာပင်။ သို့သော် အသံဟာ မပီသ
သလိုလို လုံးထွေးနေသည်။

"သား … နိုးနေရင် တံခါးဖွင့်ပေးပါ"

"မေမေ မလာပါနဲ့ …။ သား ဆက်အိပ်ဦးမှာ"

"ခဏတော့ ဖွင့်ပါဦး သား …၊ သားအသံကြီးက ဘယ်လို
ဖြစ်နေတာလဲ …၊ မေမေ သားကို ကြည့်ပါရစေ … သား
ဒုက္ခရောက်ရလာတယ်ဆို …"

"မလာပါနဲ့ မေမေရာ … သား အိပ်မလို့ …"

ကောင်း အသံက ငြိုငြင်သံ ပါလာပါသည်။

"သား အိပ်ရင်လည်း ပြီးတော့ ပြန်အိပ်ပါ၊ မေမေ
မကြည့်ရလို့ မဖြစ်ဘူး၊ အပြင်မှာ စိတ်ပူလို့ သေလိမ့်မယ်
တံခါးဖွင့်ပေးပါ သားလေး …"

ကောင်းထံမှ ဘာသံမှမလာတော့။ အတင့်က သော့
တွဲကြီးနှင့် ပြန်ရောက်လာပါသည်။

"ဒီအခန်းသော့ ရွေးစမ်း အတင့်"





"ဒီမှာ မမ …၊ ရွေးပြီးသား …"

"သား … မေမေ ဖွင့်ဝင်လာပြီနော် …"

"ဟာကွာ … မေမေကကွာ …၊ စိတ်ရှုပ်တယ်ကွာ …"

သော့ဖွင့်ဆဲ ကောင်း ထံမှ ညည်းညူငြူစူသံတွေ
ပလုံးပထွေး ထွက်လာကာ မိုးမမတို့ တံခါးဖွင့် အထဲဝင်ရောက်သွား
လျှင် ကောင်းက စောင်ကြီးကို ခေါင်းအထိ ဆွဲခြုံဖုံးအုပ်ထားကာ
လုံးထွေးကွေးအိပ်နေပါသည်။

"သား … သားလေး …"

"မေမေ သွားပါဗျာ … သွားပါဆို … လာမကြည့်ပါနဲ့"

"ဟဲ့ … မကြည့်လို့မရဘူး၊ တစ်ခါမှ ဒီလို ဒုက္ခရောက်ရလာဖူး
တာ မဟုတ်ဘူး … ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ …
ပြစမ်း"

"အဲဒီ အန်တီတင့်က လျှောက်ပြောနေတာပဲ …"

ကောင်းက စောင်ခြုံအောက်က မထွက်ဘဲ ရန်လုပ်နေ
သည်။

"အတင့်က ပြောရမှာပေါ့၊ မပြောလို့ ရမလား၊ ဒါ မပြော
ဘဲထားလို့ ရတဲ့ကိစ္စလား၊ သားနော် …၊ ဘာဖြစ်လို့
ဒီလောက် ဖုံးအုပ်နေရတာလဲ …၊ မေမေ မြင်ရမှ ဘာလုပ်
ရမလဲ သိမှာပေါ့ကွယ်"

"ဘာမှ မလုပ်ရဘူး … တစ်နေ့ ပျောက်သွားမှာပဲ၊ မေမေ
မြင်လည်း စိတ်ဆင်းရဲရုံပဲ …၊ မကြည့်နဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ရဘူး ဆိုတော့ မင်းဒဏ်ရာတွေ ပျောက်တဲ့ထိ တစ်ပတ်ဆယ်ရက် မအေနဲ့ သားက မျက်နှာချင်း မဆိုင်ရတော့ဘူးလား၊ ဖယ်စမ်း ဖယ်စမ်း ဒီစောင်ကြီး ...၊ ပြစမ်း သားရယ် ... ဒီဘက်လှည့်စမ်းပါ"

စောင်ကို အတင်းဆွဲနေ၍ မပြလိုက်လို့ ပြီးသွားမှာ မဟုတ်တဲ့အဆုံး ကောင်းက စောင်ကို လျှော့ပေးလိုက်ကာ မျက်နှာကိုလည်း လှည့်ပြလိုက်ပါတော့သည်။

"အောင်မယ်လေး ...၊ အောင်မယ်လေး ...၊ သားလေး ... ဘုရား ... ဘုရား ... ဘယ်လိုများ ဖြစ်ရတာလဲ သားရယ် ...၊ ငါ့သားလေး ...၊ အတင့် ..."

မိုးမမှာ ကယောင်ကတမ်း ဘာတွေ ရေရွတ်မိမှန်းပင် မသိတော့ပါ။ အတင့်မှာလည်း မျက်စိပျက် မျက်နှာပျက် ဖြစ်သွားရပါသည်။ ညကမှ သွေးပူတုန်း ဒဏ်ရာတွေက ဒီလောက် မဖူးယောင်သေးတာတောင် အတော်ရုပ်ပျက်နေတာ။ အခုတော့ တစ်ညလုံး သိပ်ပြီး အယောင်ခံထားသလိုဖြစ်ရာ မျက်နှာတစ်ခုလုံး ထူအမ်းကွဲထွက်မလို ဒဏ်ရာတွေက အယောင်ချင်းဆက်ကာ ပိုပြီးဆိုးဝါး ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါသည်။

"အတင့်ရယ် ... ကြည့်ပါဦး ... ဖြစ်ရလေ ... ငါ့သားလေးမှ ဖြစ်ရလေ ...၊ ဒါ ... ဒါ ဘယ်သူ လုပ်တာလဲ သား ခုချက်ချင်း ပြောစမ်း၊ ဘယ်သူနဲ့ ဖြစ်တာလဲ ...၊ ငါ့သား





ကို ဒီလောက်ဖြစ်အောင် လုပ်လွှတ်တဲ့ကောင်ကို ခုချက်ချင်း ထောင်ထဲကို ပို့ပစ်မယ်၊ ဘယ်ကဟာလဲ ...၊ ပြောစမ်း ကောင်း ..."

မိုးမမ အသံမှာ ဒေါသတကြီး ပေါက်ကွဲ သံကုန်ဟစ်တာမို့ အသံပင်ပြာကာ တုန်ယင်နေပါသည်။ တစ်ခါမှ ဒီလောက် အသံကျယ်ကြီး မကြားဖူး၍ အိမ်ရှိ လူကုန်လိုပင် အပြေးအလွှား မလှမ်းမကမ်း ရောက်လာကြကာ ကောင်းကို လှမ်းမြင်လျှင်ရင်မ, ဘုရားတနေကြပါသည်။

"ပြောစမ်းလို့ ငါ ပြောနေတယ်နော် ကောင်း ...၊ ဘယ်သူလဲ ... ဒါ ဘယ်သူ့လက်ချက်လဲ ...၊ ငါ့ကို အခုပြော၊ နင် မပြောရင် မလွယ်ဘူးနော် ကောင်း ..."

တစ်သက်လုံး တစ်ကြိမ်မှ မသုံးနှုန်းခဲ့သည့် နင်တွေ ငါတွေနှင့် မိုးမမှာ ဆတ်ဆတ်ခါ ဆွေ့ဆွေ့ခုန်နေပါတော့သည်။ ရင်ပတ်ကို ထုကာ ရိုက်ကာ မျက်ရည်တွေ ဝေ့လည်ပြီး ကျလာတော့သည်မှာ ကောင်းပင် အမေကို ကြည့်ပြီး စိတ်မကောင်း ဖြစ်ရပါသည်။

"နင် ဘာလို့ ... နှုတ်ပိတ်ကြီး လုပ်နေရတာလဲ ... ဟင်၊ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ၊ ငါ့သားလေးဟာ ဒီလို ရန်ဖြစ်တတ်တဲ့သူမှ မဟုတ်ပဲ၊ စိတ်ကောင်းနှလုံးကောင်းနဲ့ လူတကာကို သဘောအကောင်းတောင် လွန်နေသေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးရန်ဘက်လည်း မရှိ ...၊ ဒါတွေက ဘယ်လိုလုပ်ပြီး ရလာတဲ့ ဒဏ်ရာတွေလဲ ကောင်းရဲ့ ... ဟင် ..."

"မေမေရာ ... အဲလောက်ကြီး မဖြစ်စမ်းပါနဲ့ ..."

ကောင်းက အိပ်ရာထဲက လှူးလဲထလိုက်ပါသည်။ မျက်နှာတစ်ခုလုံး တင်းကာ နာကျင်နေ၍ မျက်နှာလည်း မသစ်ချင်။ လဲလျောင်း၍သာ နေချင်တာပါ။ စိတ်ထဲမှာလည်း ထိခိုက်နာကျင်လှသည်ဖြစ်၍ အတုံ့အလှယ် အချီအချ စကားပြောမနေချင်ပေ။ ဘယ်သူနှင့်မှလဲ မတွေ့ချင်။

ကိုယ့်အဖြစ်ကို ကိုယ်ရှက်လည်းရှက် ဒေါသလည်း ထွက်လှပေမဲ့ မနေ့က ရန်ပွဲအပြီးမှာ သူကတော့ နောက်မဆုတ်ဖို့ ဆုံးဖြတ်ချက်ကို ပိုပြီး ခိုင်မာစွာ ချမှတ်လိုက်ပါသည်။ ငွေဘယ်လောက်ကုန်ကုန် အကောင်းဆုံး ရှေ့နေကို ငှားရမ်းပြီးတော့ကို မရမက ပြတ်စဲခွင့်ရအောင် ကြိုးစားဦးတိုက်လျှောက်တော့မှာပင်။

ဒီလောက် ရမ်းကား အနိုင့်ကျင့်သည့် ယောကျ်ားနှင့် အနှောင်အတဲ မလွတ်ဘဲ မှုံဝတ်ပြာ ဝဋ်ဆင်းရဲခံနေရမှာကို သူ လက်သင့်မခံနိုင် ...။ မနေ့က ရန်ပွဲမှာ သူ အထိနာသည်။ သူက ဘယ်တုန်းကမှ ရန်မဖြစ်ဖူးသည့် နုနုနယ်နယ် ပျော့ပျော့ပျောင်းပျောင်းသမား။

ဟိုက အတွေ့အကြုံ ရှိဖူးသည့်လက်။ စ,ရှိသည့်လက်။ မိုက်တိမိုက်ကန်း ကြမ်းကြမ်းရမ်းရမ်း။ ဒီတော့ ကောင်းအဲ





ထိနာသည်မှာ မဆန်းပါ။ သူ့ကို စ,ဆွဲထိုးလိုက်ကတည်းက ယ်နိုင်ရဖို့ ရည်ရွယ်ထိုးခြင်း မဟုတ်။ ဆက်လက်သည်းညည်းခံနိုင်တော့တဲ့အတွက် မုန်းတီးလွန်းတဲ့အတွက် ကိုယ်နာလည်းပစေ ကိုယ်ခံရလည်း ခံရပစေတော့ရယ်လို့ တမင်တကာကို ထိုးပစ်လိုက်တာ။

ထင်တဲ့အတိုင်း ကိုယ်ပဲ အထိနာသည်။ သူ့မှာလည်း ဏ်ရာတော့ ရပေမဲ့ သူ့ဒဏ်ရာတွေက ကောင်းရဲ့ တစ်ဝက်ပင် ပါ။ ကောင်းသာ အောက်မှာ လှူးလိမ့်နေတာ များသည်။ ကလည်း အမြင်ကတ်ကတ်နှင့် အသကုန် တီးသည်။

သူ့ဘက်က ခံစားချက်ကိုလည်း ကောင်း ကိုယ်ချင်းသည်ပင်။ သူသာ မှုံဝတ်ပြာအတွက် သင့်တော်တဲ့ ကောင်းတဲ့ င်ယောကျ်ားတစ်ယောက်ဆိုလျှင် ကောင်းက နောက်ဆုတ်ပေးမိများပါသည်။ ခုတော့ သူကလည်း မှုံဝတ်ပြာအတွက် ခင်ပွန်းကောင်းတစ်ယောက် မဟုတ်။

မှုံဝတ်ပြာရဲ့ အော်ဟစ်သံကြောင့် ရပ်ကွက်ထဲက ပ်ရာမှ လူတချို့ ပြေးလာကာ သူတို့ ရန်ပွဲကို ဖျန်ဖြေပေးပါသည်။ လာဖျန်ဖြေသူတွေသာ မရှိဘဲ စိတ်တိုင်းကျ စိတ်ရှိလက်ရှိ ချိန်(သူ) ချနေသေးလျှင် ကောင်း အသက်တောင် ထွက်သွ...လားသိနိုင်ပါ။

ရပ်ကွက်ထဲက လူအားလုံးက နိုင်ရဲကို သိပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



အဟင်းဆွဲချုပ် ထိုင်ခိုင်းကာ ပြေရာပြေကြောင်း ဖျန်ဖြေကြပါသည်။ အဖြစ်အပျက်ကိုလည်း ဘာမှ မပြောခင်ကတည်းက ရိပ်မိနှင့်ပြီး သားဖြစ်ကြမှာပင်။ ဒါပေမဲ့ ကောင်းရော နိုင်ရဲပါ စိတ်ညီလက် ညီနှင့် မတိုင်ပင်ရဘဲ ညာပြောလိုက်ပါသည်။

"ကျွန်တော် သူတို့ မိတ်ဆွေပါ၊ စားရင်းသောက်ရင်း စကားပြောတာ အဆင်မပြေလို့ ရန်ထ,ဖြစ်တာပါ"

"ကျွန်တော်လည်း ဒီမှာ ထမင်းစားကြဖို့ ခဏဝင်လာတာပါ။ သူ ပြောသလိုပဲ စားသောက်ရင်း စကားပြောရင်း အခန့်မ သင့်လို့ ဖြစ်တာပါ ..."

နှစ်ယောက်စလုံးဟာ မှုံဝတ်ပြာ ဂုဏ်သိက္ခာအတွက် ဖုံးဖုံးဖိဖိ ကာကွယ်ပြောဆိုလိုက်၍ အဖြစ်မှန်ကို ဘယ်လိုပဲ ရိပ်မိ ရိပ်မိ အားလုံးက သူတို့စကားကိုပဲ လက်ခံဖျန်ဖြေကြပါသည်။

နှစ်ယောက်လုံးက မကျေနပ်ချက် အာဃာတ မရှိ ဟု အားလုံးရှေ့ ပြန်ပြီးကြေလည်လိုက်လျက် ဘယ်ဘက်ကမှ မတိုင်ချင် မတောချင် အမှုမလုပ်ချင်၍ ရပ်ကွက်ကလည်း ငယ်သောအမှု ပပျောက်စေအောင် ဖျန်ဖြေလူစုခွဲခြင်းဖြင့်ပဲ ပြဿ နာကို ပြီးစီးစေလိုက်ပါသည်။

ပျက်စီးရှုံးဆုံးလိုက်ရသော သာယာ ပျော်ရွှင်ခဲ့ ညနေချမ်းကလေးကို စွန့်ခွာထွက်ခဲ့ကာ အိမ်လည်း မပြန်ချင် ဖိုးအောင်ဆီလည်း မသွားချင်၍ အင်းယားကန်စောင်းကို ကားမော





င်ကာ ကန်ဘောင်ပေါ်တက်၍ တစ်ယောက်တည်း အကြာကြီး ထိုင်နေမိပါသည်။

သူ့အဖြစ်ကို သူ ရှက်ဒေါသနှင့် ကန်ဘောင်ပေါ် တစ်ယောက်တည်း မျက်ရည်ပင် ကျခဲ့မိပါသည်။ ရိုးစင်းအေးချမ်း တဲ့ သူ့ဘဝမှာ ဒီလို ပူလောင်တဲ့ လူမှုရေးပြဿနာတွေ ကြုံရလိမ့် မည်ဟု မထင်ခဲ့ ...။

ခုတော့ ...။

ဘဝဇာတ်ဆရာက သူ့ကို ဒီမိန်းမကိုမှ သွားချစ်မိ စေခဲ့သည်။ ယောက်ျားနဲ့ ကွဲကွာနေတဲ့ မိန်းမတစ်ယောက်လို့ သိရတဲ့အခါ မခိုင်မြဲခင် မစွဲနှစ်ခင်က စစ်စစ်ပေါက်ပေါက် အေးမြန်းသိရှိခဲ့မိရင်လည်း ဒီလောက် အခြေအနေထိ သူ့အချစ်က ရင့်သန်ချင်မှ ရင့်သန်လာမှာပါ။

ခုတော့ မှုံဝတ်ပြာ အပေါ် ချစ်မိစိတ်က တစ်ရက် ထက်တစ်ရက် အချိန်တိုတိုနှင့် မေတ္တာတရားအပေါ် အကြင်နာ၊ ကရုဏာ၊ စေတနာတွေ ဆင့်ရင်း တိုးရင်း ရတ်တရက် သိပ်သည်း ခိုင်မာသွားခဲ့ပြီ။ သနားခြင်း အရင်းခံတဲ့ ချစ်ခြင်းဟာ ခုမှတော့ လွယ်လင့်တကူ ပျောက်ဖျက်နိုင်ဖို့ မလွယ်။

အကြောင်းစုံကို သိရတဲ့အခါ သူ့အချစ်က ပြန်ပြီး နောက်ဆုတ်ရတ်သိမ်းဖို့ လုံးဝ မလွယ်ကူတော့ပါ။ မှုံဝတ်ပြာဘက်ကို အမြန်ဆုံး ရှင်းလင်းအောင် ဖြေရှင်း၍ အနှောင်အတဲတွေ ရှင်းလင်း

ငြိမ်းချမ်းမှ လက်ထပ်ကြမည်လို့ ဆုံးဖြတ်လိုက်ပေမဲ့ မမျှော်လင့်သော ပြဿနာ အန္တရာယ်က ပေါ်လာသည်။

ဒီလူဟာ ခုမှ ဘာကြောင့် ခုလို လာဖြစ်နေရသနည်း။ ငွေညှစ်ချင်တဲ့ သဘောများလားလို့လည်း ကောင်း တွေးမိသည်။ သူ့ကို သူလိုချင်သည့် ငွေပြေးပမာဏ တစ်စုံတစ်ရာ ပေးလျော်လိုက်လျှင်များ မှုဝတ်ပြာကို အသာတကြည် ကွာရှင်းပေးလေမလား။

ဒီလောက်အလွယ်တကူ အပြတ်ရှင်းနိုင်လျှင်တော့ ကောင်းက သူ ဘယ်မျှလောက်ပဲ တောင်းဆိုဆို ပေးလိုက်တော့မှာပင်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့လည်း တရားရုံးမှာ အမှုဆိုင်ပြီး မနိုင်နိုင်အောင် ရေဆုံးမြေဖျား ကြိုးစားတိုက်ပွဲဝင်ရတော့မည်ပင်။

နောက်ဆုတ်ဖို့ကို သူ့နှလုံးသားက မဆုံးဖြတ်နိုင်တဲ့နောက်တော့ ဒီနည်းလမ်းတွေသာ သူ့မှာ ရွေးစရာ ကျန်ပါသည်။

"ကောင်း ... မင်း မေမေ့ကို စိတ်ဆင်းရဲအောင် နှိပ်စက်နေတာလား၊ ဘာမှ မပြောဘဲ ဘာလို့ ကြက်ကြီးလည်လိမ်သလို လုပ်နေတာလဲ ...၊ မင်း ဘာတွေ ပြောရခက်နေလဲ ..."

မေမေရဲ့ ဒေါသသံကြောင့် သူ့နှုတ်က ပို၍ဝင်အထွက်ခက်ပါသည်။ သူဟာ ဘယ်တုန်းကမှ မေမေ့ကို လိမ်ညာဖူးသူ မဟုတ်၍ အခုလည်း လိမ်ညာ၍တော့ မပြောလိုပါ။ မေမေ့မျက်နှာဟာ ပါးပြင်နှစ်ဖက်လုံး လျှမ်းလျှမ်းနီရဲနေကာ လက်သီးနှစ်ဖက်ကို စုံဆုပ်လျက် ပခုံးသားတွေ တဆတ်ဆတ် တုန်ယင်နေသည်။





ကောင်းရဲ့ မျက်လုံးထဲဂ တစ်ဆင့် ထိုးဖောက်၍ဟိုးအတွင်းထဲအထိ ရောက်အောင်ကြည့်သလို မေမေ့ မျက်ဝန်းများကလည်း စူးရဲတောက်လက်နေဝါသည်။

"ဘယ်သူနဲ့ ရန်ဖြစ်လာတယ် ... ဘယ်ဝါနဲ့ ရန်ဖြစ်လာတယ် ... ဒါလေးပြောဖို့ကို မင်း ဒီလောက် နှုတ်တွန့်နေပုံထောက်ရင် မင်း မှုဝတ်ပြာယောက်ျားနဲ့ ရန်ဖြစ်လာသလား ဟင် ... ထက်ကောင်းကင် ..."

မေမေ့ရဲ့ အသိဉာဏ်ကြီးမှု ဆင်ခြင်ဉာဏ်ကျယ်မှုကို ကောင်း တအား အံ့အားသင့်ကာ မေမေ့ကို စိုက်ကြည့်နေရာမှ ွက်လွှာချလိုက်မိပါသည်။

"ဟင် ... ဟုတ်တယ် မဟုတ်လား၊ ငါ တွေးနိုင်တာ ဒါပဲရှိတယ်၊ ဟုတ်သလား ... မဟုတ်ဘူးလား ... ခုချက်ချင်းဖြေစမ်း၊ မင်း ဒီလို ငိုင်စိုက်ကြီးလုပ်နေတာ ဟုတ်နေလို့ မဟုတ်လား ကောင်းရဲ့ ... ဟင် ... ဟင် ..."

မိုးမမသည် ကရုဏာဒေါသနှင့် ကောင်းရဲ့ လက်ဆောင်းတစ်ဖက်ကို ထုကာ ထုကာ အံကြိတ်၍ မေးသည်။

"မမ ... မမ ... ကောင်းလေးမှာ ဒဏ်ရာတွေနဲ့ပါ၊ ဒေါသလျှော့ပါဦး မမရယ်"

"မလျှော့နိုင်ဘူး အတင့် ... အခု ကြည့်စမ်း ...၊ ငါ မပြော



www.burmeseclassic.com

www.burmeseclassic.com



ရက်လို့ မပြောဘူး မပြောဘူး ထားတာ၊ ခုတော့ ဟိုက လင်ကြီးငုတ်တုတ်က နင့်ကို လုပ်လွှတ်လိုက်ပြီ မဟုတ်လား ထက်ပေ့ာင်းပေ့ာင်ရဲ့ .. ဟင် ...”

“အဲဒီလိုတော့ မပြောပါနဲ့ မေမေ ...”

“အဲဒီလို မပြောလို့ ငါ ဘယ်လို ပြောရမလဲ ... ဒါ အဲဒီ အကောင် လုပ်လွှတ်တာ ဟုတ်သလား ...”

“ဟုတ်ပါတယ် ...”

“ကြည့်စမ်း ... ကြည့်စမ်း ...၊ အရပ်ကတို့ရေ ... ရှက်လွန်းလို့ သေရပါလိမ့်မယ် ...၊ ကောင်းရယ် ... ငါ ရှက်လှချည်ရဲ့ဟဲ့၊ ဒီထိအောင် ဖြစ်ရသလား၊ သူများ သတင်းမေးရင်တောင် ငါ ဘယ်လို ပြောရမလဲ ... ပြောစမ်း၊ မင်းကို ငါ့ပါးစပ်က ထုတ်ပြီး မတားမြစ်ရက်လို့ ဒီနေ့ထိ တားဆီးစကား တစ်ခွန်းမပြောရသေးပါဘူး၊ ဒါပေမဲ့ ရင်ထဲမှာ နာနေတာ၊ ဟောဒီ ငါ့ရင်ဘတ်ထဲမှာ နာနေတာ သိရဲ့လား ...”

မိုးမမသည် စိတ်ရှိလက်ရှိ ယူကျုံးမရ ကုန်းအော်နေကာ သူ့ရင်ဘတ်ကိုလည်း သူ တဖြန်းဖြန်း ချလိုက်ပြန်သည်။

“မမ ... ဖြည်းဖြည်းလုပ်ပါ မမရယ်၊ နေထိုင်မကောင်းဖြစ်ပါ့မယ်”





“ဟိုဟာတွေ အပေါက်ဝက ဘာလာရပ်ကြည့်နေတာလဲ၊ ရေနွေးယူ ဇွမ်းယူ မျက်နှာသုတ်ပဝါ အငယ်လေးယူခဲ့ ... ကြပ်ထုပ်လည်း လုပ်ခဲ့ကြချည် ... သွား ...”

အနီတို့ အဝါတို့ တဟုတ်ဟုတ်နှင့် ခေါင်းအုပြိုင်ညိတ်ရင်း အပြေးထွက်သွားကြပါသည်။

“ဒီလို ကလေးတစ်ယောက်အမေနဲ့ ငါ နင့်ကို သဘောတူနိုင်မလားဆိုတာ နင် စဉ်းစားကြည့်စမ်းကောင်း၊ မပြောရက်လို့ ကြည့်နေတာ၊ ဘယ်လို ပြောရကောင်းမလဲ စဉ်းစားနေတာ၊ ငါ ငြိမ်နေတယ်မမှတ်နဲ့ဟဲ့၊ နင် ဖွင့်မပြောပေမဲ့ နင့်အမေဟာ အားလုံး သိတယ်၊ ငတုံးအေ, မဟုတ်ဘူးဟဲ့ ...၊ ဖြစ်မှဖြစ်ရလေ ... ဒီလောက် ရွှေပေါ်မြတင် ယုယုယယထားပြီး မွေးလာရတာ ... နင် မိန်းမ ရွေးတတ်လှချည်လား ကောင်းရဲ့ ...”

“မေမေကလည်းဗျာ၊ ဒေါသတွေ လျှော့စမ်းပါ ...”

“မလျှော့နိုင်ဘူး ...၊ နင် ဘယ်သူ့ ကြိုက်လာကြိုက်လာ ဘယ်တုန်းက တားမြစ်ဖူးတဲ့အမေလဲ ... ဟင် ...၊ ဆီးကြိုပြီး ဖူးဖူးမှုတ်တဲ့ မအေဟဲ့၊ ဒီအမေမျိုးကို နင်မို့ ဒီမိန်းမမျိုး ခေါ်လာပြရဲ့တယ်”

“မမက စိတ်ရင်းကောင်းပြီး ရိုးသားတဲ့ သနားစရာ မိန်းမတစ်ယောက်ပါ မေမေ”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရင်း ဘယ်လိုကောင်းကောင်း ... ဘယ်လို ရိုးသားရိုး သား ... ကလေးအမေ ဖြစ်နေတာကို နင် ဘယ်လို ပြန် ပြင်မလဲ ...၊ အသက်က ကိုးနှစ်ကြီးသေးတယ်၊ ကလေးက ရှစ်နှစ်ရှိပြီ၊ နင့်ချွေညာဏ်တော်တွေက ဘယ်လိုများ စူးရောက် ပြီး ဒါမျိုးကို ရွေးရတယ်လို့ စိတ်ရှုပ်ပေါက်ရတာတုန်း ရွေးချယ်စရာ မိန်းမစားလား ..."

"သူ့ကိုတွေ့တော့ သား သနားပြီး ချစ်မိသွားတာ ဘယ်လို လုပ်မလဲ မေမေ ..."

"သေဆပါ ...၊ နင် သေလိုက်ပေါ့ ထက်ကောင်းကင်ရဲ့ ... အဲဒီဟာမအကြောင်း နင် ဘယ်လောက်သိသလဲဟင် ... နင် သူ့များမယား ကြာခိုမှုနဲ့ ထောင်ထဲ မျက်နှာပြောင် တိုက် ဝင်ချင်လို့လား ...၊ ငါ့ကို သတ်ပြီးမှ ဝင်သွား ရှက်လို့ သေရမဲ့တူတူ နင်သတ်လို့ အသေခံလိုက်မယ် နင် သိရဲ့လား ... သူနဲ့ သူ့ယောက်ျားဟာ မကွာရှင်းရသေး ဘူးဆိုတာ နင် သိရဲ့လား ဟင် ...၊ တရားဝင် မကွာရသေး လင်ရှိမိန်းမပဲ၊ ဒါကို မကြောက်လန့်နိုင်ရအောင် နင့်မျက် စိလုံးကန်းနေလား၊ နင့်ကို ဘယ်လိုများ မှိုင်းတိုက်ထားသလဲ ဟဲ့ ..."

မေမေ သိနေတာကို ကောင်း အံ့အားသင့်နေမိ သည်။ မေမေဟာ ညံ့တဲ့မိန်းမမှ မဟုတ်ပဲ။ ဒါတွေအားလုံး





စုံစမ်းသိရှိပြီးသားကိုး။ မေမေ့ ရှေ့၌ ရှက်လည်းရှက် ဝမ်းလည်း နည်းကာ ကောင်းက ခေါင်းကြီး ငုံ့ထားမိသည်။

"ဟိုက ... ကလေးအမေတစ်ခုလပ် ... နင့်ထက် အများ ကြီးအတွေ့အကြုံရှိတယ်၊ နင့်လောက်များ လက်ညှိုးလေး ပေါ်တင်ပြီး တစ်ချက်လှည့်ပဲရှိတယ် ... သိရဲ့လား ..."

မိုးမမှာ မပြောမပြောနှင့် မျိုသိပ်ကျိတ်မှိုထားတုန်း က အောင့်ထားရသမျှတွေ ရေစည်ပေါက်သွန်သလို ဒလဟော အဆက်မပြတ် ထွက်အံကျလာပါသည်။ မိုးမမ အသံဟာ တစ်တိုက် လုံးထဲ ပျံ့နှံ့ဟိန်းထွက်နေကာ မအော်စဖူး အော်ဟစ်နေရတာမို့ အသံတွေဟာ ကွဲအက်ပြာနမ်းနေပါပြီ။

"မမကို အဲလို မပြောပါနဲ့ မေမေ ... မမဟာ ရိုးသားပါတယ်၊ ကျွန်တော့်ကို ချစ်တဲ့ အားကိုးတဲ့စိတ် သက်သက်နဲ့ လက် သင့်ခံခဲ့တာပါ ..."

"ချစ်တဲ့ အားကိုးတဲ့စိတ်သက်သက် !...၊ ချစ်မှာပေါ့ ... ရွှေပေါ်မြတင်နေရတဲ့ သူဌေးသား အချောအလှ လူပျိုနုနု ထွတ်ထွတ်ကိုးဟဲ့ ...၊ အားကိုးမှာပေါ့ ...၊ နင့်အမေ ဒေါ်မိုးမမ ... စိန်တိုက်ပိုင်ရှင်ကိုး ..."

"မေမေ အဲလို မပြောပါနဲ့ ... မမက အဲလို လုံးဝ မဟုတ် ဘူး၊ မိန်းမချင်း ကိုယ်ချင်းစာပေးပါ မေမေ ...၊ ပြီးတော့ မမဟာ မေမေနဲ့ ဘာဝတူပါပဲ ...၊ ကုသိုလ်ကံ မကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ် မရှိဘဲ အိမ်ထောင်ပျက်ရတဲ့ မိန်းမတစ်ယော
ပါ …”

“ဘာ … ငါနဲ့ ဘာဝတ္ထု ဟုတ်လား …၊ မတူဘူး ထ
ကောင်းကင်ရဲ့ … ပြောမှ ပြောထွက်ပလေ …၊ ငါ
နင့်အမေကို စာချုပ်စာတမ်းနဲ့ လူသိရှင်ကြား လက်မှတ်
ပြီး တရားဝင် ကွာရှင်းထားတာ …၊ ရှင်းရှင်းလင်းလင်း
သူက … ခုထိ ကင်းကင်းရှင်းရှင်း ပြတ်ပြတ်စဲစဲ မလုပ်
အရုပ်တော်ပုံ တန်းလန်းနဲ့ …။ အဲဒါ တူသလား …”

“သားက အိမ်ထောင်ကွဲရတာကိုပဲ ပြောတာပါ …”

ကောင်း အသံက မိုးမမအသံနှင့် ဆန့်ကျင်စွာ
နင့်တိုးတိတ်၍ ညင်သာလှပါသည်။

“အိမ်ထောင်ကွဲတယ်သာဆိုတယ် … သူ့ယောက်ျား အ
သမား လူလည်က ဘာဖြစ်လို့ သူ့ဆီ ခုထိ ဝင်ထွက်
တာလဲ …၊ ဘာအရုပ်တွေလဲ ဟင်၊ ဟိုးတစ်ခါ နင်နဲ့
ယောက်ျား ပထမတစ်ခါ အဲဒီအိမ်မှာ ဆုံကတည်း
ငါသိတယ် ထက်ကောင်းကင်၊ ဒီလူအကြောင်း ကြား
ငါ့သားလေးအတွက် ရင်ထိတ်လိုက်ရတာ၊ ဘယ်
မိုက်မိုက်ကန်းကန်း အရှက်ခွဲလွှတ်တာ ခံရမလဲလို့
ရတာ …

ဒါပေမဲ့ မင်းကို ငါ ပြောမထွက်ဘူး၊ ငါ တ





လိုက်ရင် ငါ့သားလေး အသည်းကွဲလေမလားလို့ နင့်ကို
သနားတဲ့စိတ်ကတစ်ဖက်၊ ငါ့သားလေး ဒီလိုအဖြစ်မျိုးနဲ့
မှ ကြုံရလေခြင်းလို့ ယူကျုံးမရတဲ့စိတ်ကတစ်ဖက်၊ ပါးစပ်ကို
ပိတ်ထားလို့ စိတ်တူ သဘောတူလို့ မထင်လိုက်နဲ့ …၊
မင်း မွေးနေ့ ခေါ်လာကတည်းက စ,ရိပ်မိကတည်းက
ငါ့မှာ မစားသောက်နိုင် မအိပ်နိုင်အောင် အိပ်ရာထဲ ဘုန်း
ဘုန်းလဲတဲ့ထိ ဖြစ်ရတာ နင့် မသိဘူး မဟုတ်လား ထက်
ကောင်းကင် …”

မိုးမမသည် ပါးပေါ် အဆက်မပြတ် စီးကျနေသော
မျက်ရည်စတို့ကို လက်ချောင်းတို့နှင့် ပွတ်၍ပွတ်၍ သုတ်ဖယ်ရင်း
ကြိတ်မနိုင်ခဲမရ ပြောသည်။ အခန်းဝ ပြန်ရောက်လာသော အနီ
နင့်အဝါတို့သည် ရေနွေးဇလုံနှင့် ပစ္စည်းတချို့ကိုင်လျက် မဝင်ရဲဘဲ
ပြူးတစ်ပြူးတစ် လုပ်နေပါသည်။

“ဟဲ့ … ဝင်ခဲ့ …။ အတင့် … နင့်တူကို လုပ်ပေးစမ်းပါ။
ငါ မထိရဲပါဘူးဟယ်၊ ဖြစ်ပျက်နေလိုက်တာ၊ ကဲ … ငါ့
ကို ပြောစမ်းပါ၊ အခုက ဘယ်လိုဖြစ်လို့ ဒီလောက်သေလု
မျောပါး နင့်ကို လုပ်လွှတ်ရတာလဲ ဟင် …၊ ဒီကောင်
ဒီလောက်ဝင်ထွက်နေမှန်း သိသိနဲ့ နင်ကကော ဘာလို့
ဒီအိမ်ကို တံခါးမရှိ ဓားမရှိ ကိုယ့်အိမ်ကိုယ့်ရာလို အပြ
ဝင်ထွက်နေရတာလဲ …”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ ခဏခဏ မလာပါဘူး"

"မလာဘဲ ဘယ်လို ရောက်လာလဲ ..."

"မနေ့က မမမွေးနေ့မို့ လာတာပါ"

"သူ့မိန်းမ မွေးနေ့ သူ့ယောကျ်ားလာတဲ့ကြားထဲမှာ နှင်က ဘယ်လို ကန့်လန့်ခံသွားရှုပ်နေတာလဲ၊ သုံးယောက်ကြီးဆုံလို့ ...၊ ရှက်ဖို့ကောင်းလိုက်တဲ့အဖြစ် ..."

"မပေါင်းတာ နှစ်နှစ်တောင် ကျော်နေပြီဥစ္စာ ...၊ ဒီလူက သူ့ဟာသူ အခွင့်မရှိဘဲ လာနေတာ၊ လာတိုင်းလည်း မမက နှင်ထုတ်နေတာ ..."

"တရားဝင်မှ မကွာရှင်းထားပဲ ...၊ သူလာတော့ရော နှင်ထုတ်လို့ရမလား ..."

"အဲဒီ တရားဝင်မကွာရှင်းရသေးဘူးဆိုတဲ့ ကိစ္စကို ဟိုက လောကမှ သားသိတာပါ ...၊ သူတို့နဲ့ စတွေ့ကတည်းက သိခဲ့ရင် ခုလောက်ထိ ဖြစ်ချင်မှ ဖြစ်မှာပါ မေမေ ... ခုဟာက ပြတ်စဲပြီးသား ထင်ပြီး တဖြည်းဖြည်း သိပ်ချစ်လာမိပြီး နောက်မှ ရုတ်တရက် သိရတာ၊ သားလည်း အရမ်းခံစားနေရတာပါ မေမေ ..."

"ခုမှ သိရတယ် ဆိုကတည်းက ဒီမိန်းမ ဖုံးထားလို့ပေါ့၊ သူ ကြိုတင် အသိပေးထားရမှာပေါ့၊ မင်းကို အသိခံမထားတာ ရိုးသားသတဲ့လား ထက်ကောင်းကင်ရဲ့ ..."





"သူ မရိုးဖြောင့်တဲ့စိတ်နဲ့ ဖုံးကွယ်ထားခဲ့တာမျိုး မဟုတ်ပါဘူး မေမေရယ် ..."

"မင်း ဒီလောက် သူ့အတွက် ကာကွယ်ရှေ့နေလိုက်နေဖို့ မလိုဘူး၊ မင်းတို့နှစ်ယောက် ရန်ထ,ဖြစ်ကြတော့ သူက မဆွဲဘူးလား၊ မင်း ဒီလောက် ဖြစ်ပျက်လာတာကို သူ ဒီလိုပဲ အေးအေးဆေးဆေး ကျန်နေရစ်လား ..."

"သူ အော်တာပေါ့၊ ဆွဲလို့ကတော့ ဘယ်ရပါ့မလဲ မေမေရယ်၊ အိမ်နီးပါးချင်းကလူတွေ လာဝင်ဆွဲကြတယ်၊ သားတို့နှစ်ယောက်လုံး ကျေအေးလိုက်ပြီး ဘာပြဿနာမှ မဖြစ်ကြပါဘူး၊ အိမ်မှာတင်ပဲ ပြီးသွားတယ် ..."

"နှင် ဒီလောက် ဖူးယောင်ကွဲပြဲလာတာကို ကျေအေးစရာလား ဟင် ...၊ အိမ်နီးပါးချင်းက လာဆွဲရသတဲ့ ...၊ ငါ့ မျက်နှာ ဓားနဲ့လှီးလိုက်ချင်တော့တယ် ထက်ကောင်းကင်ရယ်၊ ငါ တကယ်ရှက်တယ်၊ အိမ်ထောင်ကွဲမိန်းမရဲ့အိမ်မှာ လင်ဟောင်းနဲ့ ရည်းစားသစ် သတ်ကြပုတ်ကြတယ်ဆိုတာ ဘယ်လောက် ရှက်ဖို့ကောင်းတဲ့ကိစ္စလဲ ဟင် ...၊ အဲဒီ လမ်းထဲမှာတင် နှင့်ကိုသိတဲ့ ငါ့သူငယ်ချင်း နေတယ်၊ ရှက်လိုက်တာ၊ အရှက်ကွဲလိုက်တာ၊ မအေ ဒီလောက် အရှက်ရအောင် လုပ်ရက်လိုက်တာ ထက်ကောင်းကင်ရယ်"

မိုးမမက မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ မေမေရယ် ...၊ ဒီကိစ္စအတွက် သားကို မေမေ
အပြစ်ပေးရင်ပေးပါ၊ ဒါပေမဲ့ မမ အပေါ်တော့ အထင်
မလွဲပါနဲ့ ..."

"သြော ... မဆီမဆိုင် ဟိုမိန်းမကိုတော့ အထင်တောင်လွဲ
ခွင့် မရှိဘူး၊ ကိုယ့်သားကိုယ်ကျတော့ အပြစ်ပေးရမယ်
ဒါတရားမျှတသလား၊ နင့်ကို ငါ ဘယ်လောက်ချစ်တယ်
ဆိုတာ နင် အသိသော် ...၊ ငါ လက်ဖျားနဲ့တောင် မထိ
ရက်တဲ့ ငါ့သားကို ဒီလောက်ထိအောင် လုပ်လွှတ်တာ
ငါက ဘယ်လို သွားခွင့်လွှတ်ရမလဲ ...

ငါ ခွင့်မလွှတ်နိုင်ဘူး၊ နင် ကျေအေးပေမဲ့ ငါ
လုံးဝ မကျေအေးဘူး၊ ဒီဒဏ်ရာတွေ မပျက်ခင် ရဲကို တိုင်
မယ် ..."

"မတိုင်ပါနဲ့ မေမေ ... မမ အရှက်ကွဲမှာပေါ့ ..."

"ကွဲပစေပေါ့၊ ငါတောင် ကွဲသေးတာပဲ၊ သူလည်း အရှက်
ကွဲထိုက်တဲ့ မိန်းမပဲ"

"ပြီးတော့ သားဖက်က ရှုံးဖို့ပဲ များနေတာ ..."

"ဘာဖြစ်လို့ ရှုံးရမှာလဲ ..."

"သူတို့ချင်းက တရားဝင် မကွဲသေးတော့ ခုချိန်မှာ ဘာ
ဖြစ်ဖြစ် သားဘက်က ရှုံးဖို့၊ နာမည်ပျက်ဖို့၊ ဂုဏ်သိက္ခာ
ကျဆင်းဖို့ချည်းပါပဲ ..."





"နင် အခု သူ့ကို ဖြတ်မလား ထက်ကောင်းကင် ..."

ကောင်းက မိုးမမကို တိုးလျှိုးသော မျက်လုံးလေးနှင့်
ကြည့်ကာ ...

"သား သူ့ကို တကယ်ချစ်တာ မေမေ ..."

"နင် ဘယ်လောက်ချစ်ချစ် ... ခုကိစ္စက ဘယ်လို ရှေ့
တိုးမှာလဲ ...၊ နင် သိပ်ခေါင်းမာပါလား ထက်ကောင်းကင်၊
နင် မှိုင်းမိနေတာ ...၊ ဖြားယောင်းခံထားရတာ ...၊ ငါ
သိတယ်၊ သူဟာ မိန်းမလည် မိန်းမရှုပ်ပဲ၊ ငါ နင့်အဖေနဲ့
ကွဲတာ ဆယ်နှစ်ဆယ်မိုး ကျော်ပါပြီဟဲ့၊ ခုထိ နောက်အိမ်
ထောင်ထူသလား၊ နင် အရွယ်မရောက်သေး၊ ပညာမစုံသေး
စိတ်နှလုံး မရင့်ကျက်သေးပဲ နင့်ဘဝထဲ လူစိမ်းခေါ်မသွင်း
ရက်လို့ ငါ တစ်ယောက်တည်း နင့်ကို ပြုစုပျိုးထောင်လာ
တာ ...

ဦးနေရောင်ကို လက်တွဲဖို့ ဆိုတာတောင် အခုမှ
နင်ကိုယ်တိုင် တိုက်တွန်းမှ ငါ့ခေါင်းထဲ ထည့်စဉ်းစားတုန်း၊
ငါ့သားအတွက် ငါ ဘယ်လိုရပ်တည် ရုန်းကန်လာလဲ ...၊
ဒီမိန်းမ ဒီလိုသတ္တိ မရှိဘူးလား ...၊ နင့်ကို သူ လက်သင့်ခံ
တာကိုက နင့်ကို ချစ်တာ မဟုတ်ဘဲ နှစ်တာ၊ သူ့ကိုယ်သူ
အတွက်ပဲ ကြည့်တာ၊ သူ့ကိုယ်သူ ချစ်လို့ နင့်ကို လက်
သင့်ခံတာပေါ့ ထက်ကောင်းကင်ရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သားမျက်နှာလည်း မထောက်မငဲ့လို့ ဒီလောက်မြန်မြန် အသစ်ရှာဖို့ ကြံတာ၊ လပိုင်းပဲ သိကျွမ်းရသေးတဲ့ လူငယ်လေးတစ်ယောက်ကို ဆွဲဆောင်သိမ်းသွင်းတာ စွမ်းလှချည်ကလား ဟင် ...၊ နင် ဒါကို မတွက်နိုင်တော့ဘူးလား ...”

“မေမေနဲ့သူက အခြေခံချင်း မတူပါဘူး မေမေ ... အဖြစ်အပျက်တူပေမဲ့ ကျောထောက်နောက်ခံ ကွာပါသေးတယ်၊ မေမေ ရန်းကန်ရတယ်ဆိုတာ လူမှုရေးကိစ္စတွေ အတွက်ပါ၊ စီးပွားရေးအတွက် မေမေ ဒီလောက် မရုန်းကန်ရပါဘူး၊ သူက လူမှုရေး စီးပွားရေး ရှိသမျှအရေးအားလုံးစုံအောင် ရုန်းကန်ရှာတာ၊ မေမေ့တုန်းကထက် အားငယ်ဖို့ကောင်းပြီး မေမေ့ထက် အားကိုး ပိုလိုအပ်ပါတယ် ...”

“ဟင် ... စကားတွေ တတ်လှချည်လား၊ ဒါတွေပြောဖို့ ဘယ်တုန်းကတည်းက ကျိတ်စဉ်းစား စီစဉ်ထားသလဲဟင် ထက်ကောင်းကင် ...”

“ကြိုမစဉ်းစားထားပါဘူး၊ သား အမှန်တွေ ပြောနေတာပါ၊ သူ သိပ်အားငယ် တွယ်ရာမဲ့နေတုန်း သားကို အားကိုးလိုက်တာပါ၊ သားမှာလည်း အသိဉာဏ် ရှိပါတယ် မေမေ၊ ဒီတိုင်းကြီးတော့ ဘယ်ရှေ့တိုးပါ့မလဲ ... အခြေအနေကို ဖြေရှင်းဦးမှာပါ၊ သားတို့ အရှင်မလှိုပါဘူး၊ ခေါင်းအေးအေး စီစဉ်မှာပါ ...”





မိုးမမသည် ကောင်းကို မျက်ရည်တိတ်သွားသော မျက်လုံးပြူးကြီးနှင့် ကြည့်နေမိပါသည်။ အခြေအနေတွေကို ဖြေရှင်းပြီး ခေါင်းအေးအေး စီစဉ်မတဲ့။ နောက်ဆုတ်ဖို့ လုံးဝမပါတဲ့ အစီအစဉ်ပဲ။ သားဟာ ရှေ့ကို ဆက်တိုးနေဦးမှာ စကားက ပြနေပြီ ...။

“အန် ... အန်တီ ...”

“ဘာလဲ ...”

မိုးမမက မရဲတရဲ လာခေါ်နေသော အနီ့ကို လှည့်ထူးလိုက်ပါသည်။

“ညို ... ညိုသည် ရောက်နေပါတယ်၊ မမှုဝတ်ပြာတဲ့ အစ်ကိုကြီး နှာမည် မေးတာပါ”

“ဘာ ...”

အနီမှာ လန့်တုန်သွားရှာပါသည်။ မိုးမမက ကောင်းအခန်းမှ ခြေသံပြင်းပြင်းနှင့် ထွက်ကာ အပေါ်ထပ်ရဲ့ ဝရန်တာ သက်ရမ်းမှ အောက်သို့ ငုံ့ကြည့်လိုက်ပါသည်။ အပေါ်ထပ်ဝရန်တာ သက်ရမ်းမှ ငုံ့ဆီးကြည့်လိုက်လျှင် ညို့ခန်းကျယ်ကြီးကို အပေါ်စီးမှ ရှင်းရှင်းမြင်နိုင်ရာ ညို့ခန်းလယ်၌ မတ်တတ်ရပ်နေသော မှုဝတ်ပြာကို ထင်းခနဲ မြင်နေရသည်။

မှုဝတ်ပြာကလည်း အပေါ်ထပ်ပတ်ပတ်လည် ဝရန်တာကြီးသို့ မော့အကြည့် မိန်းမနှစ်ယောက်ရဲ့ အကြည့်ချင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်ဆုံတွေ့မိကြပါသည်။ မှဝတ်ပြာ အကြည့်၌ တိုးလျှိုးတောင်းပန်ခြင်းတို့ကို မြင်နေရသော်လည်း မိုးမမသည် နည်းနည်းကလေး တောင် ဟန်ဆောင်မပြုံးနိုင်ဘဲ ချာခနဲ ခပ်တင်းတင်း လှည့်ထွက်လိုက်ခြင်းဖြင့် အကြည့်ဆုံစည်းမှုကို ဖြတ်တောက် ပစ်လိုက်ပါသည်။





## ၉

ရက်စပ်တောရဲင့်၏ ရှေ့ဘက်မှန်ချပ်များကို ဖောက်ထွင်းကာ ခြံဝင်းထဲ ဝင်လာသော ဆိုင်ကယ်တစ်စီးကို လှမ်းမြင်လိုက်ရ၍ မိုးမမက ရှုးစိုက်ကြည့်နေလိုက်ပါသည်။ နေ့လယ်ဘက်မို့ စားသောက်ဆိုင်ဟာ လူရှင်းနေသည်ဖြစ်ရာ တစ်ဦးတည်း တစ်ကိုယ်တည်း ဝင်လာသည့် ဤအသက်အရွယ် ယောက်ျားဟာ ကိုယ်မျှော်လင့်နေသူ ဖြစ်ဖို့ပဲ များနေပါသည်။

ထိုလူရွယ်က ဆိုင်ရဲ့ မှန်တံခါးချပ်ကို တွန်းဖွင့်ဝင်ရင်း နေကာမျက်မှန်ကို ဆွဲဖြုတ်လိုက်လျက် မိုးမမ တစ်ယောက်တည်းထိုင်နေသည့် စားပွဲကို တန်းတန်းမတ်မတ် စိုက်ကြည့်လိုက်ပါသည်။

ရှုးရှထက်မြက်သော မျက်ခုံးမျက်လုံးများက လှည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဟုတ်တာ ထင်ရှားနေသည်။ ရုပ်ရည်ကလည်း မဆိုးလှ။ ကြည့်ကောင်းသည့် အုပ်စုထဲဝင်သည်။ အရုပ်အမောင်း ကိုယ်ထည်ကိုယ်ဟန်ကလည်း အဆစ်အပေါက်. အချိုးကျသည်။ ရုပ်ပေါ်တွင် ဂျစ်ကန်ကန်နှင့် ထင်ရာကို ထင်သလို စွတ်လုပ်တတ် မည့်သဏ္ဌာန်က အထင်းသား။

သတင်းကြားဖူးသလောက် လူပေလူတေ အရက် သမားရယ်လို့ သိထားရပေမဲ့ ဒီလူဟာ အောက်တန်းစားတစ် ယောက် မဟုတ်တာတော့ ရုပ်မှာ ပေါ်လွင်သည်။ လူဆိုးသက် သက်သာလျှင် ဖြစ်ပေမည်။ ဒီလူ့ရွယ်ရဲ့ပုံစံ အဆင့်နိမ့်နိမ့် အောက်တန်းကျကျ မဟုတ်၍ အနည်းငယ်စိတ်အေးချင်ရသော် လည်း ဒီကောင်ဟာ သူ့ရဲ့ သားလေးကို ရက်ရက်စက်စက် နှ ယောင်ကွဲပြဲအောင် လက်စွမ်းပြလိုက်တဲ့ကောင် ဆိုတာကိုဖြင့် မိုးမမ ရင်ထဲ အခဲကိုမကျေပါ။

သူ့ရဲ့ လက်သီးဆုပ်တွေနှင့် သားလေးကောင်းရဲ့ မျက်နှာပြင်ကို အကြိမ်ကြိမ် ထိုးနှက်ခဲ့မည်။ ဖြစ်နိုင်ရင် မိုးမေ လက်နှင့်တောင် သူ့မျက်ခွက်ကို ပြန်ပြီး ထိုးနှက်ပစ်ချင်သည်။ မကောင်းတတ်၍သာ ဒီလူကို အောင့်အည်းစကားပြောရမှာ ဖြစ် သည်။

နိုင်ရဲက တစ်ဦးတည်းထိုင်နေသော မိန်းမထံ တစ် လျှောက်လာကာ ...





"ဒေါ်မိုးမမလား ..."

"ဟုတ်ပါတယ် ...၊ မောင်နိုင်ရဲ ထင်တယ် ...၊ ထိုင်ပါ"

ကောင်းလောက်အရွယ် သားတစ်ယောက်ရဲ့ အမေ လို့ ဘယ်လိုမှ ထင်လောက်စရာမရှိအောင် နုနယ်ချောမွေ့နေသော မိန်းမက သူ့ကို မောင်နိုင်ရဲ ခေါ်လိုက်တာကို သိပ်တော့မကြိုက် ပေမဲ့ ဘယ်နည်းနှင့်မဆို ဤမိန်းမဟာ အနည်းဆုံး အသက်လေး ဆယ်တော့ ရှိရမည်ဆိုတာ တွက်ချက်မိ၍ ကိုယ့်ထက် ဆယ်နှစ်နီးပါး ကြီးတာပဲလေဟု အောင့်သက်သက် ခွင့်လွှတ်ကာ ဝင်ထိုင်လိုက် ရပါသည်။

"ဘာကိစ္စလဲ မသိဘူး၊ ကျွန်တော့်ကို တွေ့ချင်တာ"

"ဟုတ်တယ်၊ ဆွေးနွေးချင်တာလေးတွေ ရှိလို့ပါ"

"ထက်ကောင်းကင်ကို ထိုးကြိတ်လိုက်တဲ့ အမှုကြောင့် လား ..."

မိုးမမက စိတ်ထဲ ကျိတ်၍ ထောင်းခနဲ ဒေါသဖြစ် ကာ 'ဒီကိစ္စနဲ့ နင့်တို ဆွေးနွေးချင်တာ မဟုတ်ဘူး၊ ကိုယ်ထိလက် ရောက် ပြန်လုပ်ချင်တာဟဲ့ လူရမ်းကားရဲ့ ...'ဟု တိတ်တခိုး ပြောလိုက်သော်လည်း နှုတ်ကမူ ...

"ဟင့်အင်း ...၊ ဒီကိစ္စ ဘာမှ ဆွေးနွေးစရာ မရှိပါဘူး၊ ယောကျ်ားချင်း ရန်ဖြစ်တာပဲ ...၊ ညံ့တဲ့လူ လက်နှေးတဲ့လူ ခံပေါ့၊ မဟုတ်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရဲက ဤမိန်းမ ဘယ်လိုပါလိမ့်ရယ်လို့ မသိမသာ မျက်မှောင်ကုတ်ကာ ကြည့်သည်။ ဒီကိုလာကတည်းက မောင်းတင်၍ လာခဲ့ခြင်းဖြစ်သည်။ တစ်ဖက်က ဘယ်လို ဆက်ဆံမလဲ၊ ဘာစကားပြောမလဲ ကြည့်၍ အည့်ခံလာဖို့လည်း တစ်စက်မှ စိတ်ကူးမရှိခဲ့ပေ။

'ကောင်း စိန်တိုက်'ရဲ့ ပိုင်ရှင် ဒေါ်မိုးမမလို ဂုဏ်သရေရှိ မိန်းမတစ်ယောက်ဟာ သူ့လိုလူနှင့် ပြဿနာလာဖက်ဖြစ်လို့ကတော့ အများကြီး မှားသွားမှာပေါ့။ သူ့ဘက်က နာစရာဘာမှ မရှိ၍ ချိန်းဆိုတာကို လက်ခံရောက်ရှိခဲ့တာပင်။ ဘာကြောင့် သူ့ကို ချိန်းသလဲကိုလည်း စိတ်ဝင်စားသည်။

မာရေကျောရေ ခြိမ်းခြောက် ဟိန်းဟောက်မလို့ဆိုလျှင်ပင် ဒါကို ကြားတော့ ကြားကြည့်ချင်သေးသည်။ ဘာပဲဖြစ်ဖြစ် သူ စိတ်ဝင်စားလို့သာ အရောက်လာခဲ့တာပင်။ သူ စိတ်မဝင်စားရင်တော့ ဘယ်လူစားက ချိန်းခေါ်ခေါ် သူက ရောက်လာမှာမဟုတ်။

"အမှန်တော့ မောင်နိုင်ရဲဆီ လာတွေ့ရမယ် ဆိုရင်လည်း အစ်မဘက်က ဝန်မလေးပါဘူး ...၊ အစ်မရဲ့ အလုပ်တိုက်ကို ခေါ်လိုက်လို့လည်း ဖြစ်တော့ဖြစ်တာပဲ၊ ဒါပေမဲ့ ကိုယ့်ဆီ လှမ်းခေါ်တယ်ဆိုတာက မလေးစားရာများ ဖြစ်မလားလို့ တမင်တကာ အပြင်တစ်နေရာကို ရှာကြံချိန်းရတာ"





"အပြင်မှာ ချိန်းတာကောင်းပါတယ်၊ အစ်မ အလုပ်တိုက်ကိုတော့ လာမတွေ့ချင်ပါဘူး၊ ကျွန်တော့်ဆီ လာတွေ့ဖို့လည်း အစ်မ ဖမ်းမိဖို့ မလွယ်ပါဘူး၊ မနေ့ကတောင် အပြင်ထွက်မဲ့ဆဲဆဲ အစ်မ ချိန်းခိုင်းတဲ့သူက ရောက်လာတာ၊ ကျွန်တော်က ကားကွင်းထဲ အမြဲရှိတာ မဟုတ်ဘူး ..."

"မသိဘူးလေ ...၊ ကားကွင်းထဲဖမ်းရင် လွယ်မယ်ထင်ပြီး လွှတ်လိုက်တာပဲ၊ ကံကောင်းသွားတဲ့သဘောပေါ့ ...၊ မတွေ့ရင်လည်း အစ်မက တွေ့ရတဲ့ထိ စောင့်ချိန်းနေမှာပါ"

"အစ်မကိစ္စက ဘာလဲ ...၊ ထက်ကောင်းကင်ကို ဒဏ်ရာအနာတရ ရအောင် လုပ်လိုက်တဲ့အတွက် ပြဿနာလုပ်ဖို့ပဲ ထင်တာ ..."

"ဒီအတွက်ဆိုရင် အဲဒီရက်ပေါ်မှာပဲ ပြဿနာလုပ်မှာပေါ့၊ အခုက အတော်တောင် ရက်ခြားသွားပြီပဲ ..."

"ဟုတ်သားပဲ ...၊ ထက်ကောင်းကင် ဒဏ်ရာတွေ သက်သာရဲ့လား ..."

မိုးမမသည် သူ့ကို လှမ်းရိုက်လိုက်ချင်စိတ်ကို အောင့်ထိန်းရကာ ...

"သက်သာပါတယ် ... ဘာမှ မဖြစ်လောက်ပါဘူး"

တစ်ဖက်က ဤအတွက် ဖြစ်တင် ပြဿနာလုပ်သည့်စကား မဆို၍ နိုင်ရဲ အနည်းငယ်တော့ အနေကျဉ်းကျပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စအတွက် အစ်မကို တောင်းပန်စကား ပြောချင်ပါတယ် ...၊ ပထမတစ်ချက်က ကျွန်တော့် အရက်မူးနေတယ် ...၊ ကျွန်တော်က အရက်ဝင်နေရင် ဆိုးတယ် ...၊ ဒီအရက်ကြောင့်ပဲ မှုဝတ်ပြာနဲ့လည်း ပြဿနာဖြစ်ရတာ၊ ကျွန်တော်ကလည်း အရက်ကို ကြိုက်လှချည်ရဲ့နဲ့ သောက်နေတာတော့ မဟုတ်ဘူး ...၊ ကျွန်တော်က အပေါင်းအသင်းမင်တယ် ...။ ကျွန်တော့် ဘော်ဒါအုပ်စုကလည်း အရက်သောက်ကြတယ်၊ ကားကွင်းက အပြန် ညနေကျ အရက်ဆိုင် ဝင်ထိုင်ဖြစ်တဲ့ရက်က များတယ်၊ အလုပ်ဖြစ်တဲ့တစ်ယောက်ယောက်က ဒကာပေါ့၊ ဒီတော့ ကြိုက်လှသည် မဟုတ်ပေမဲ့လည်း သူငယ်ချင်းတွေနဲ့ တတွဲတွဲ တပူးပူးနေချင် ဟားချင် ဝိုင်းဖွဲ့ချင်ဆိုတော့ အရက်ကို သောက်ဖြစ်နေတယ်၊ အဲဒီနေ့ကလည်း နည်းနည်းမူးနေတော့ ထစ်ခနဲသွေးကဆူဖို့ အသင့်ဖြစ်နေတာနဲ့ ခုထိ ဖြစ်သွားရတာပါ"

"ဒါပေါ့ ... အရက်မူးနေတဲ့ လူတစ်ယောက်အဖို့ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ဆုံးမထိန်းချုပ်နိုင်စွမ်း မရှိဘူးပေါ့ ..."

"အဲဒါအပြင် နောက်တစ်ချက်က ... ကျွန်တော် ဆံတစ်ပင်တင်းဆိုတဲ့ ခံစားချက်မျိုးလည်း ခံစားခဲ့ရတာကိုး၊ ကိုယ်ချင်းစာကြည့်ရင် သိပါလိမ့်မယ် ... အစ်မရဲ့သား ထက်ကောင်းကင်ဟာ လူတော်လူကောင်းလေးတစ်ယောက် ဖြစ်မှုရပါ





တယ်၊ ဒါပေမဲ့ ဘယ်လိုလူစားလေးပဲဖြစ်ဖြစ် ... ခုလို ကျွန်တော့် မိန်းမကို ...၊ အဲ ... ဒါနဲ့ ... ဒီကိစ္စတွေ အစ်မ ဘယ်လောက်သိလဲ ..."

"အစ်မ အားလုံး သိပါတယ် ..."

"အစ်မသားနဲ့ မှုဝတ်ပြာ ငြိနေကြတာ သိတယ်ပေါ့ ..."

"သိပါတယ် ..."

"သိရက်နဲ့ အစ်မ ကြည့်နေတာ ... သဘောတူတဲ့ သဘောလား ..."

"သဘောတူတယ်၊မတူဘူး မပြောလိုသေးပါဘူး၊ သားကလည်း အမေကို တရားဝင် ဘာမှ ဖွင့်ပြောခြင်း ခွင့်တောင်းခြင်း မရှိသေးပါဘူး။ ဒါကြောင့် လျစ်လျူရှုထားသေးတာပါ၊ ဒီအရင်ကလည်း သူ ရည်းစားတွေ ထားဖူးတယ်၊ ဒီလိုပဲ ကြည့်နေခဲ့တာပဲ ...၊ ဒီကိစ္စဟာ အရေးပါတယ် မပါဘူး မသဲကွဲသေးလို့ ငြိမ်နေတဲ့သဘောပဲ ..."

"အရေးပါတယ် မပါဘူး အခု သဲကွဲပြီလား ..."

"အင်း ... သဲတော့ သဲကွဲစပြုပါပြီ"

"အရေးပါတယ် အစ်မ ...၊ အစ်မအတွက် အရေးပါပါတယ်၊ အစ်မ စိတ်အကြီးအကျယ် ဆင်းရဲရလိမ့်မယ်"

မိုးမမက နိုင်ရဲကို စိုက်ကြည့် အကဲခတ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မနဲ့ ဘာစကားတွေ ပြောဖြစ်မယ် မသိပေမဲ့ ဘာကြောင့် ချိန်းလဲ ရေရေရာရာ မသိသေးပေမဲ့ ကျွန်တော် အရက်မသောက်ထားဘူးနော်၊ အေးအေးဆေးဆေး စကားပြောဖို့ ရည်ရွယ်ပြီး လာခဲ့တာ၊ အရက်သောက်မထားရင် ကျွန်တော်ဟာ သာမန်လူထဲက လူတစ်ယောက်ပဲ၊ ထူးခြားပြီး ရိုင်းစိုင်းကြမ်းတမ်းနေတဲ့ လူရမ်းကားတစ်ယောက် မဟုတ်ဘူး၊ အလုပ်လုပ်ချိန်လည်း ကျွန်တော် အရက်မသောက်ဘူး၊ ညမှောင်မှ သောက်တာ၊ အလုပ်မှာလည်း ကျွန်တော် နာမည်ပျက်နဲ့လူ မဟုတ်ဘူး၊ စကားလည်း တည်တယ်၊ ငွေလည်း မှန်တယ်၊ ကလိမ်ကကျစ် မရှိဘူး၊ ဒါကို မယုံတယုံ ဖြစ်နေလည်း ယုံသာယုံလိုက်ပါ၊ အရက်သောက်မထားရင် ဘယ်သူနဲ့မှ ကျွန်တော် ဘာမှ မဖြစ်ဘူး ...

ထက်ကောင်းကင်ကို ပထမအကြိမ် အဲဒီမှာ ဆုံတုန်းကဆိုရင် လက်ဆွဲတောင် နှုတ်ဆက်ခဲ့ပါတယ် ... ရန်လုပ်ဖို့နေနေသာသာ မိတ်ဆွေသစ်လို မိတ်ဆက်ခဲ့တယ်၊ ကျွန်တော့်နေရာက အစ်မ စဉ်းစားကြည့်ပါ၊ ဘယ်လို ခံစားရသလဲ၊ ဒါပေမဲ့ ကျွန်တော် ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့တယ်"

မိုးမမက နိုင်ရဲစကားတွေ နားထောင်ရင်း အံ့အားသင့်လာပါသည်။ ယုံလည်းယုံကြည်မိတာ အမှန်ပင်။ ဒီလူဟာ သွေးဆိုးတဲ့အခါ ဆိုးနေတတ်ပေမဲ့ လူယုတ်မာတစ်ယောက်တော့





ဟုတ်ပုံမရ။ ဒါကြောင့်လည်း သူ့ပုံပန်းမှာ အောက်တန်းကျတဲ့ပုံ ထွက်မနေတာ။

"ဒါပေမဲ့ အစ်မ စဉ်းစားကြည့် ... ကျွန်တော့်စိတ်ထဲမှာ မခံချိ မခံသာတော့ ဖြစ်တာပဲ ...။ ကျွန်တော့် မိန်းမနဲ့ သူနဲ့ ငြိနေတာ သတင်းစကား ကြားထားတယ်၊ ကျွန်တော် ဘယ်လိုနေမလဲ ..."

"မင်းနဲ့ မင်းမိန်းမက ကွဲနေတာ မဟုတ်လား ..."

"ကွဲတာကကွဲတာပဲ၊ တရားဝင်လည်း မပြတ်စဲရသေးဘူး၊ အချိန်မရွေး ပြန်ပေါင်းလို့ရတယ် ..."

"မင်းက ပေါင်းချင်လို့လား ... သူကကော ..."

"ဒါ အတပ်ပြောလို့ ဘယ်ရမလဲ ...။ ရန်ဖြစ်တဲ့အခိုက်၊ စိတ်အခန့်မသင့်တဲ့အခိုက် မပေါင်းဘူးလေ ...။ ပြန်ပေါင်းလိုစိတ်ဟာ ပေါ်လာနိုင်သေးတာပဲ ..."

"ကွဲတာ နှစ်နှစ်တောင် ရှိနေပြီ မဟုတ်လား ..."

နိုင်ရဲက စကားဆက်မပြောသေးဘဲ မိုးမမကို အကဲခတ်ကြည့်နေပါသည်။

"တစ်ခုခုမှာပါဦး ... ဘာစားမလဲ ..."

နိုင်ရဲက မီနူးစာအုပ်လေးကို ဟိုလှန်ဒီလှန် ခဏကြည့်ရင်း ...

"အစ်မရော ... မစားတော့ဘူးလား ..."

www.burmeseclassic.com



“တို့ ဒိုမိနို မှာထားတယ် ... မရသေးလို့ ...”

“ဆလာမီတစ်ပွဲ ...”

နိုင်ရဲက မလှမ်းမကမ်းမှ စားပွဲထိုးလေးကို မှာလိုက်ပါသည်။

“တစ်ခုခု သောက်ဦးမလား ...”

“ဟင့်အင်း ... အစ်မပြောမဲ့ စကားကို သေချာနားထောင်မလို့ ...၊ မသောက်တော့ဘူး”

“တို့က ကိုးလ်ဒရင့်ခ်စ် တစ်ခုခု ပြောတာပါ”

“တော်ပြီ ...၊ ပြီးမှ ရေပဲ သောက်မယ် ...”

မိုးမမသည် နိုင်ရဲနှင့် စကားပြောနေရင်းက တဖြည်းဖြည်း ဒီလူဟာ တအားကြီး မနှစ်မြို့ချင်စရာ လူတစ်ယောက် မဟုတ်လောက်ဘူးရယ်လို့ တွက်မိပါသည်။

“မောင်နိုင်ရဲနဲ့ မှုဝတ်ပြာက ဘာကြောင့် ကွဲရတာလဲ ...”

“အစ်မက ဘာကြောင့် မေးရတာလဲ ...”

“အခြေအနေကို သုံးသပ်ကြည့်ချင်လို့ပါ၊ ဘာဖြစ်လို့လဲ”

“အစ်မ ဘာကြောင့်မေးလဲ သိမှ ကျွန်တော်က ဘယ်ဘက်ကို နှယ်ပြီး ဖြေရမလဲ သိမှာပေါ့”

“သိချင်တာသက်သက်ပါ၊ ဘာကြောင့်ကွဲရတယ်ဆိုတာ သိရရင် ဒီပြဿနာရဲ့ အဖြေအဖြစ် တစ်ခုခု စဉ်းစားဖို့ လွယ်တာပေါ့”





“အစ်မက အဖြေကို ဘယ်လို ထုတ်ချင်နေလဲ ...၊ ဆိုလိုတာက ... အစ်မ တိုတိုနဲ့လိုရင်း တစ်ခုခုပြောပါ ...၊ အခု ကျွန်တော့်ကို ခေါ်တွေ့ရခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ ...”

“ဆွေးနွေးကြည့်ချင်လို့လေ ...”

“ဘယ်လို ဆွေးနွေးမှာလဲ ...၊ ကျွန်တော်က ဒီပြဿနာထဲက ဘေးထွက်ရှောင်ပေးလိုက်ဖို့၊ မှုဝတ်ပြာကို ကွာပေးဖို့၊ ဒီလိုလား ...”

မိုးမမက မဖြေသေး။ နိုင်ရဲကိုသာ စူးစိုက်ကြည့်နေ၍ နိုင်ရဲက ခေါင်းကို ခပ်ဆတ်ဆတ် ယမ်းရင်း ...

“အဲဒီလိုဆိုရင်တော့ အစ်မ လက်လျှော့လိုက် ...၊ အစ်မ အဲသလို တောင်းဆိုရင်လည်း အစ်မ တရားမျှတမှု မရှိဘူး၊ ကျွန်တော် ဖယ်မပေးရင် အစ်မသားဟာ အိမ်ထောင်နဲ့ မပြတ်စဲသေးတဲ့ မိန်းမတစ်ယောက်ရဲ့ ရည်းစားအဖြစ်က ရှေ့တိုးမရဘူး၊ ရှေ့တိုးရင် ကြာကူရီဖြစ်မယ် ... မယားနိုးဖြစ်မယ် ...”

“ဟော့ ... မင်းကို တို့က ကောင်းကောင်းဆွေးနွေးနေတာပါ၊ စကားကို ယဉ်ယဉ်ကျေးကျေး ပြောပါကွ ...”

“ဆောရီးဗျာ ...။ တခြားစကားလုံး မသုံးတတ်လို့ပါ၊ အစ်မသား ဂုဏ်သိက္ခာရှိရှိ ဖြစ်ဖို့ ကျွန်တော်က မှုဝတ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကွာရှင်းပေးရဖို့ဆိုတာတော့ မတရားဘူး၊ ဘာက်ပင်းနေတယ်၊ ကျွန်တော်က မွဲဝတ်ပြာကို ကွာဖို့ အစီအစဉ် မရှိဘူး"

"တကယ်ပဲလား ..."

"တကယ်ပဲဗျာ ...၊ ဘယ်လိုလဲ ...၊ မှာထားတာ မစားဘဲ ထ,ပြန်ရတော့မလား ..."

"မဟုတ်ပါဘူး၊ မင်းပြောစကား တကယ်ပဲဆိုရင် မင်းနဲ့ အစ်မနဲ့ ရေ့ဆက်ဆွေးနွေးဖို့ ကောင်းကောင်းပြေလည်သွားပြီ"

"ဟင် ... အစ်မက ဘာရည်ရွယ်ချက်လဲ ..."

"တို့က ... တို့ရဲ့သား လူပျိုနုနုထွတ်ထွတ် အညွန့်တလူလူကို ရှစ်နှစ်သားရဲ့မိခင်၊ တစ်ခုလပ်၊ အသက်လည်း ကိုးနှစ်ကြီးတဲ့ မိန်းမတစ်ယောက်နဲ့ သဘောတူလိမ့်မယ်လို့ မင်းက ဘာကြောင့် ယူဆနေတာလဲ ..."

"မသိဘူးလေ ...၊ အစ်မက ဒီကိစ္စကို သားကိုချစ်တဲ့ အမေပီပီ ကန့်ကွက်တားမြစ်တာ ဆုံးမတာ ဘာမှ မရှိဘဲ ဆားထွက်နေခဲ့တာကိုး၊ သား စိတ်ချမ်းသာဖို့က အဓိက လားလို့လေ"

"ကန့်ကွက်တားမြစ် မလုပ်ခဲ့တာဟာ မင်းတို့ သိထားတဲ့ သားကိုချစ်တဲ့ အမေဆိုတာထက် အများကြီးပိုပြီး သားကို





ချစ်တဲ့ အမေမို့ပဲ ... အားလုံး သိတာထက် ပိုချစ်တော့ ... သားစိတ်ဆင်းရဲမှာကို သိပ်စိုးရိမ်တယ် ...။ နှုတ်က ဖွင့်ပြီး မတားရက်အောင်ပဲ၊ ဒဏ်ရာတွေ ပါလာတဲ့နေ့ရဲ့ နောက်တစ်ရက်ပဲ တို့ ဒေါသတွေ ပေါက်ကွဲပြီး နှုတ်က ပွင့်ထွက်ခဲ့တယ် ...။ ဒါပေမဲ့ နောက်ရက်တွေ သွေးနည်းနည်းပြန်အေးသွားတဲ့အခါ သားလေးကို ဘာမှ မပြောရက်ပြန်လို့ ... ဘာမှ ထပ်မပြောမိတော့ပြန်ဘူး ..."

"အဲဒီတော့ အစ်မက မွဲနဲ့ ထက်ကောင်းကင်ကို လုံးဝ သဘောမတူနိုင်ဘူးပေါ့ ..."

"ဟုတ်တယ် အမှန်ပဲ ...၊ ဘယ်လိုလုပ် တူနိုင်ပါ့မလဲ ...၊ တို့သားကို အများကြီး မျှော်လင့်ထားတယ် ...၊ သူ့ရဲ့ ရနိုင်ခြေဟာလည်း ဒီထက်အများကြီး မြင့်တယ်ဆိုတာ မင်းလည်း သိပါတယ် ..."

"ဒါဖြင့်ပြီးတာပဲ ... ရှင်းနေပြီပဲ ...။ အစ်မသားကို တားလိုက်လေ"

"အဲဒါ ခက်နေတာ ...၊ သားကို မတားရက်ဘူး၊ သား အသည်းကွဲမှာလည်း သိပ်စိုးရိမ်တယ် ...။ သား အသည်းကွဲရမယ်ဆိုရင် အဲလို အသည်းကွဲအောင် လုပ်သူဟာ တို့ မဖြစ်ချင်ဘူး၊ သူများတစ်ယောက် ဖြစ်စေချင်တယ်"

နိုင်ရဲက မိုးမမကို အလေးပြုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးစားပါတယ်…၊ ကျွန်တော်က အစ်မသားကို အသည်းကွဲအောင် သွယ်ဝိုက်ပြီး လုပ်ချင်နေတဲ့သူပဲလေ၊ အဆင်ပြေနေတာပဲ …၊ ဒါပေမဲ့ အစ်မသား အခု ဘာလုပ်နေသလဲ အစ်မ သိပြီးပြီလား …"

စားစရာတွေ လာချ၍ နိုင်ရဲက စကားကို ခဏဖြတ်ထားပြီးမှ ဆက်ပြောပါသည်။

"မှုံ့ဝတ်ပြာက ကျွန်တော့်ကို ကွာရှင်းခွင့်ရအောင် ရုံးမှာ ဦးတိုက်လျှောက်မယ်၊ အဲဒီကိစ္စအတွက် နောက်ကွယ်ကနေ လိုအပ်သမျှ ငွေ နေရေးရပ်ကိစ္စ … ငွေရေးကြေးရေးကိစ္စ သူ တာဝန်ယူထားတယ်၊ ကျွန်တော်ကလည်း ကွာမပေးနိုင်ကြောင်း လျှောက်လဲရမှာပဲ အစ်မ …၊ သူက ဒီလိုလုပ်လာမှတော့ ကျွန်တော်ကလည်း မဖြစ်မနေ တုံ့ပြန်ရတော့မှာပဲ …၊ ရှုံးလို့ မဖြစ်ဘူး၊ ရှုံးရင် ကျွန်တော် ကွာပေးလိုက်ရမယ်၊ ဖြစ်တဲ့နည်းနဲ့ ချရမှာပဲ၊ ကျွန်တော့်မှာ ဒီဆိုင်ကယ်ရှိတယ်၊ ဒီဆိုင်ကယ်က ကာလပေါက်ဈေးနဲ့ (---)တော့ ရှိမှာပဲ …၊ ရောင်းပြီး ချရမယ် …"

မိုးမမ မျက်နှာက ကျေနပ်အားရခြင်း ဝမ်းသာစိတ်အေးခြင်းတို့ဖြင့် ကြည်လင်ပြုံးမြလာပါသည်။ သူကစပြီး နိုင်ရဲကို ဒီအတွက် စည်းရုံးရေးဆင်းရမလား ထင်တာ။ ခုတော့ အဆင်ထအသင့်ပြေနေသည်.





"မောင်နိုင်ရဲက မှုံ့ဝတ်ပြာကို ဘာကြောင့် လုံးဝ ကွာမပေးနိုင်တာလဲ …"

နိုင်ရဲမျက်နှာက အနည်းငယ် နွမ်းညှိုးသွားပါသည်။

"ကွာရှင်းခွင့် မပေးနိုင်ဘူးလို့ ကျွန်တော် ပြောထားတယ်လေ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းကလည်း သူနဲ့ ရန်ဖြစ်ပြီး အိမ်ပေါ်ကသာ ဆင်းလာတယ် …၊ သူနဲ့ ကျွန်တော့်သားကို ကျွန်တော် တစ်သက်ပြတ်ပြီလို့ ဘယ်တုန်းကမှ အတွေး မဝင်ခဲ့ဖူးဘူး၊ ဒါပေမဲ့ သူ့မှာ ဝင်နေတယ်၊ ကျွန်တော်က အခုမှ ထက်ကောင်းကင် ရှိလာလို့ ညစ်ပြီး ကွာမပေးတာ မဟုတ်ပါဘူး၊ သူနဲ့ ကွာဖို့ကို ဟိုတုန်းကတည်းက ရည်ရွယ်ချက် မရှိတာပါ …၊ ကျွန်တော် အသစ်တွေ့လို့ သူ့ကို မပေါင်းတော့တာမှ မဟုတ်ဘဲ အစ်မရာ …"

မိုးမမ နိုင်ရဲကို ကြည့်ကာ ကရုဏာပင် သက်လာမိပါသည်။

"ကျွန်တော်နဲ့ ပေါင်းနေတုန်း(၇) သူ့ကို လင်ဆိုးမယား တဖားဖားဆိုတဲ့အမြင်မျိုး ရင်းနှီးသူတွေက မြင်ကြတယ်၊ အခြေအနေက အဲသလိုပဲ ဖြစ်နေတယ် …၊ သူနဲ့ အိမ်ထောင်မကျခင်က ကျွန်တော့်စီးပွားရေး မဆိုးဘူး၊ အိမ်ထောင်ကျကာစလည်း မဆိုးဘူး၊ သားသုံးနှစ်လောက်မှာစပြီး ကျွန်တော့် အခြေအနေ မကောင်းဘူး၊ ကျွန်တော် တောက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုပ်တဲ့ အလုပ်တွေက အတည်တကျမှ မဟုတ်ဘဲ ...၊ လကုန်ရင် လခပုံမှန်ထုတ်တဲ့ အလုပ်မှ မဟုတ်ဘဲ ...

အဲသလို ငွေကြေး အဆင်မပြေလာတာရယ် ... ကျွန်တော် သောက်ဖြစ်တာရယ် ပေါင်းပြီး ... မိသားစု အပေါ် ကြမ်းတမ်းမိတာတွေ ရှိတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာ ဘာမှ မရှိဘူး ...၊ ဒီနေ့ ရန်ဖြစ်ပေမဲ့ ကျွန်တော်က နောက်နေ့ မနက်မှာ ပြီးပြီ၊ သူက မပြီးဘူး၊ ကျန်ခဲ့တယ် ... သူ့စိတ်ထဲမှာ နှစ်နဲ့ချီပြီး တင်ကျန်ခဲ့တယ်"

"အစ်မ သဘောပေါက်ပါတယ် ..."

"ဒါကို ရိုးရိုးအချိန်တိုင်းမှာ ကျွန်တော် အေးအေးဆေးဆေး တွေးကြည့်နိုင်တယ်၊ ဒါပေမဲ့ မူးနေရင် ဒါကို တွေးပြီး ငဲ့ညှာနေဖို့ ကျွန်တော် မသိဘူး၊ သွေးဆိုးမိတယ်၊ ကြမ်းတမ်းမိတယ်၊ ခက်တာက ကျွန်တော် မူးပြန်လာတာက တစ်ပတ်မှာ ငါးရက်လောက်ရှိတယ်၊ နှစ်ရက်လောက်ပဲ မမူးဘူး၊ ပြီးတော့ ကျွန်တော်က အသုံးကြီးတယ် ...၊ ကိုယ့်မှာ ရှိရှိ မရှိရှိ ကိုယ့်အလှည့်ကျရင် ကိုယ့်ဘော်ဒါတွေကို ကျွေးချင် တိုက်ချင်တယ် ...၊ တစ်ခါတစ်ရံ ကျွန်တော် ဖဲရိုက်သေးတယ် ..."





မိုးမမက ပြုံးသည်။

"ဒါတွေကို ဆွေးနွေးတဲ့သဘော ကျွန်တော် ခုလို ပြောပြစရာ လူမရှိဘူး၊ လူတစ်ယောက်ယောက်ကို ကျွန်တော်ဟာ မိသားစုကို မချစ်လို့ ဆိုးနေတာ မဟုတ်ကြောင်း ပြောပြချင်တယ်၊ ဒါကို ယုံတဲ့သူ ရှိစေချင်တယ် ..."

"အစ်မ ယုံပါတယ် ...၊ မောင်နိုင်ရဲ့ ဖြစ်တာတွေက သိပ်အလေးအနက် စိတ်ထားမရှိတဲ့ ခပ်ပေါ့ပေါ့ ပေါ့ပေါ့ ယောကျ်ားတွေ အများစု ဖြစ်နေကျတွေပါ"

"ဒီလို နေရတာကို ပျော်ပြီး နေနေမိတာပဲ၊ နောက်ပိုင်း အလုပ်သိပ်မကောင်းတော့ သူ့ကို ငွေလုံလောက်အောင် မပေးနိုင်တဲ့အပြင် သူ့ဆီကတောင် တောင်းရတဲ့အခါ ရှိတယ်၊ အဲဒီအခါတွေမှာ ရန်ဖြစ်ရပေမဲ့ သူ တကယ်ပေး စရာမရှိလို့ ဖြစ်ရတာဆိုတာ ကျွန်တော် နားလည်တယ် ...၊ ကျွန်တော် တစ်ကိုယ်ကောင်းဆန်တာတွေ အများကြီးဗျ၊ ဒါတွေကိုလည်း ဒီလို အချိန်မှာ တွေးနိုင်တယ် ...၊ မူးနေရင် ဘာမှ ဂရုမစိုက်မိတော့ဘူး ..."

"ဒီတော့ ... အခုက မင်း မူးမနေဖို့ပဲလေ ..."

"ကျွန်တော် အရက်မသောက်တော့ဖို့ စဉ်းစားနေတယ်၊ မှုနဲ့ ထက်ကောင်းကင် ကိစ္စကို အတိအကျ သိလိုက်ရတဲ့ အချိန်ကစပြီး အလေးအနက် စဉ်းစားတယ် ...၊ ခုလည်း



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ရက်ခြားနေပြီ၊ တခြားယောကျ်ားတစ်ယောက်နဲ့ မှုက သူ့ဘဝ သာယာငြိမ်းချမ်းမယ်လို့ ယုံကြည်နေတာ သိရတဲ့အခါ ငါနဲ့ ဘာကြောင့် မသာယာ မငြိမ်းချမ်းနိုင်သလဲ လို့ စဉ်းစားပြီး ကျွန်တော် အတော်ဆင်ခြင်လိုက်တယ် ...၊ ခက်တာက လုံးဝ ယတိပြတ်ဖို့ကတော့ သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ရတာကိုလည်း ကျွန်တော်က ပျော်တတ်တယ် ...၊ အခုကတော့ အတော်လျှော့ထားပြီ ...၊ ပိုက်ဆံကလည်း စုနေရတယ်၊ တရားရုံးမှာ စရိတ်ရဖို့ ...၊ ခုနောက်ပိုင်း တလော ကျွန်တော် မဆိုးဘူး ...၊ အဆင်ပြေနေပြတယ် ...၊ ဒီဆိုင်ကယ်တောင် အဖတ်တင်သွားတယ်လေ ...၊ စုထားတာ တွေကုန်ရင် ကုန်ပါစေ ...၊ ကျွန်တော် တရားရုံးမှာ မရှုံး ချင်ဘူး၊ ကျွန်တော့်မိန်းမနဲ့သားကိုလည်း နောက်ယောကျ်ား တစ်ယောက်လက် မအပ်နိုင်ဘူး၊ ငယ်ငယ်က ကိုယ်ပိုင်တဲ့ အရုပ်တစ်ရုပ်ကို ဟိုဖြုတ်ဒီဖြုတ် ဖြုတ်ရင်ဖြုတ်မယ် ... ကလိမယ် ... တစ်စစီဖြစ်ရင်ဖြစ်မယ် ... ဒါပေမဲ့ သူများ ကို ပေးလိုက်ရမယ် ဆိုရင်တော့ နမြောနေတယ် ... မြင် နိုးတုန်းပဲ ... အဲသလိုပေါ့ အစ်မရာ ...”

မိုးမမက ခေါင်းတညိတ်ညိတ် ပြုနေရင်း ...

“မင်းကို တစ်ခု ကမ်းလှမ်းချင်တယ် မောင်နိုင်ရဲ ...”

“ဘာလဲ မသိဘူး ...”





“လင်ကွာ မယားကွာအမှုမျိုးမှာ နာမည်ကြီးတဲ့ ရှေ့နေ တစ်ယောက်ရှိတယ်၊ ရှေ့နေတွေမှာ အဲသလို ကဏ္ဍအလိုက် တစ်မျိုးမျိုးမှာ ပိုချွန်တဲ့သူမျိုး ရှိတတ်တယ် မဟုတ်လား၊ သူက ဒီအမှုမျိုးအတွက် စပါယ်ရှယ်လစ်စ်လို ဖြစ်နေတယ်၊ အစ်မနဲ့လည်း နည်းနည်းသိတယ်”

“အဲဒီတော့ ...”

“အဲဒီလူကို မင်းအတွက် အစ်မက ငှားပေးမယ် ...”

နိုင်ရဲက မျက်ခုံးပင့်သွားရပါသည်။ အကြီးအကျယ် အံ့အားသင့်သွားရသလို မိုးမမကို စားသောက်တာတွေ ရပ်ကာ ချကာ စိုက်ကြည့်နေပါသည်။ အတန်ကြာမှ ...

“အဲဒီအတွက် အတုံ့အလှည့်တစ်ခုခုရှိမှာပေါ့၊ ကျွန်တော့် ဘက်က ဘာပြန်ပေးရမှာလဲ ...”

“ဘာအတုံ့အလှည့်မှ မရှိဘူး၊ မင်း အစ်မကို ဘာမှ ပြန် ပေးစရာ မလိုဘူး၊ အစ်မ လိုချင်တာတစ်ခုပဲ ...၊ ဒီအမှုမှာ မင်း နိုင်ရမယ်၊ နိုင်မှဖြစ်မယ်၊ နိုင်မှသာလျှင် မင်းနဲ့မှု ဝတ်ပြာ ကွာရှင်းခွင့် မရမှာလေ ...၊ ဒါမှ သားလေး ရှေ့တိုးမရမှာ ...၊ သားနဲ့ မှုဝတ်ပြာ ကိစ္စ ဘယ်နည်းနဲ့မှ ရှေ့မတိုးဖြစ်ဖို့ပဲ တို့လိုချင်တာ ...

တကယ်လို့များ မင်း ရှုံးသွားရင် မှုဝတ်ပြာကို ကွာပေးလိုက်ရရင် သားဟာ ရှေ့တိုးဖို့ပဲ ရှိတယ်၊ အဲဒီကျရင်



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ သဘောမတူဘူးလို့ တိုပါးစပ်က မတားမြစ်ချင်ဘူး မတားရက်ဘူး၊ မတားရဲဘူး၊ အစ်မကို အစ်မရဲ့သား စိတ် ဆိုးမှာ၊ စိတ်နာမှာကိုလည်း လုံး၀မှ လက်မခံနိုင်ဘူး သားရဲ့အငြိုအငြင်ကို မခံနိုင်ဘူး၊ ဒါ အစ်မရဲ့ ရင်ထဲက စကားအမှန်ပဲ၊ ဘယ်နည်းနဲ့ အနိုင်ရရ ... မင်း အနိုင်ရ ကို အစ်မ လိုလားတယ် ...”

နိုင်ရဲ ဘာမှ မပြောနိုင်ဘဲ မိုးမမကို ငေးကြည့်နေ သည်။

“မေးစရာ ကမ်းစရာ ကုန်ကျစရာတွေ ဘာရှိမလဲ၊ အစ် အားလုံး အကုန်ကျခံနိုင်တယ် ...၊ ငွေဘယ်လောက်ကုန်ကု လို့ ဆုံးဖြတ်ထားတယ် ...၊ မင်း အနိုင်ရဖို့ ဆိုတာကလည် မဖြစ်နိုင်တာကို ဇွတ်အတင်း ဖြစ်ညှစ်လုပ်ကြံနေဖို့ကြ မလိုဘူး၊ အစ်မ ရှေ့နေကို မေးပြီးပြီ ...

မင်းမှာ အိမ်ထောင်ရေး ဖောက်ပြန်တဲ့ အမည်း ပြစ်ချက် မရှိဘူး၊ ဒါ အင်မတန် အားသာချက်ပဲ၊ အပြင် ရန်တော့ တခြိမ်းခြိမ်း ဖြစ်တယ်၊ ရပ်ကွက်သိတ ဒါပေမဲ့ ကိုတ်ထိလက်ရောက် ညှင်းပန်းမှု မရှိရင် ...

“သူ့ကို ကိုယ်ထိလတ်ရောက် မညှင်းပန်းခဲ့ပါဘူး၊ ဟို ရက်ကသာ အသည်းကို ကျွဲခတ်သလိုဖြစ်ပြီး လက် လိမ်ချုပ်လိုက်မိတယ်၊ ဒီတစ်ကြိမ်ပဲ ...”





“အိမ်ထောင်သက် တောက်လျှောက် လုံး၀ မညှင်းပန်းခဲ့ဘူး ဆိုရင်ပြီးတာပဲ၊ ဟိုတစ်နေ့က တစ်ကြိမ်လည်း မှု၀တ်ပြာ ကို တခြားယောကျ်ားတစ်ယောက်နဲ့ သံယောဇဉ်ငြိတွယ်တာ သိရတဲ့အတွက် ဒေါသအလျောက် ဖြစ်တယ်ဆိုရင် ယုတ္တိခိုင် မာနေတာပဲ၊ အရေးကြီးတာ တစ်ခုက မင်းကို ဟိုဘက်က ခိုင်မာတဲ့ မယားကျွေးမှု သားကျွေးမှုအတွက် ၀င်ငွေမမှန်ကန် ဘူးဆိုတာနဲ့ ထောက်နိုင်တယ် ...”

“ကျွန်တော် ဒီကနေ ရှေ့လျှောက် အများကြီး ပြုပြင်သွားဖို့ ဆုံးဖြတ်ထားပါတယ်၊ နောင်အရှည်သဖြင့်အတွက် လုပ်ငန်း တစ်ခုခုလေး နိုင်သလောက် ထူထောင်သွားဖို့လည်း စဉ်းစား ထားတယ် ...”

“မင်း စဉ်းစားတာတွေ ဆုံးဖြတ်တာတွေက အကျိုးမ၀င်ဘူး လေ ...။ မင်း ဦးနှောက်ထဲမှာ စဉ်းစားထားပါတယ်ဆိုတာ ကို ဦးနှောက်ကို ခေါင်းခွံရိုက်ကြည့်လို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ စဉ်းစားတာကတော့ လူတိုင်း စဉ်းစားလို့ရတာပဲ၊ အဲဒါက ခိုင်မာတဲ့ လျှောက်လဲချက် တစ်ခုမှ မဟုတ်တာ၊ ကျွန်တော် စဉ်းစားထားပါတယ်လို့ မင်း လျှောက်လဲလို့ ဘယ်ရမလဲ ...”

နိုင်ရဲက မျက်မှောင်ကြုတ်ကာ ...

“ကျွန်တော့်ဘက်က ဒီလောက်ပဲ ပြောနိုင်သေးတယ်လေ၊ တကယ်ရည်ရွယ်ထားတာ မှန်ပေမဲ့ အကောင်အထည်မှ မဖော်ရသေးတာ”



www.burmeseclassic.com

www.burmeseclassic.com



"အကောင်အထည်ဖော်ထားရမယ် ...၊ မင်းကို ဝင်ငွေအသင့်အတင့်မှန်တဲ့ ဆိုင်တစ်ဆိုင်လောက် အစ်မ ထူထောင်ပေးချင်တယ် ..."

နိုင်ရဲမှာ မယုံနိုင်လောက်အောင် အံ့အားသင့်သွားပါသည်။

"နေ ... နေပါဦး ...၊ ရှေ့နေငှားပေးတဲ့ စရိတ်တင် မနည်းပါဘူး၊ ခုဟာက ပိုဆိုးနေတယ် ...။ အစ်မ ကျွန်တော့်ဆီက ဘာမျှော်လင့်နေလဲ ...၊ ကျွန်တော်က အပေးအယူ အချုပ်အနှောင်တွေ မကြိုက်ဘူးဗျ၊ လွတ်လွတ်လပ်လပ်ပဲ သဘောကျတယ်၊ ကျွန်တော့်ကို တုပ်နှောင်ထားမဲ့ ဟာတွေကို ကျွန်တော် သည်းခံနိုင်မယ် မထင်ဘူး၊ အစ်မ ကမ်းလှမ်းမှုကိုတော့ လေးစားပါတယ် ..."

"ယုံပါ မောင်နိုင်ရဲ၊ မင်းနဲ့တို့အကြား ဘာမှ အပေးအယူ အချုပ်အနှောင် မရှိဘူး၊ မင်းဆီကလည်း ဘာမှ မယူချင်ဘူး၊ အစ်မ လိုချင်စရာလည်း မင်းဆီမှာ ဘာမှ မရှိဘူး၊ ဖြစ်စေချင်တာတစ်ခုပဲ ...၊ မင်းနဲ့ မွှဝတ်ပြာ ကွာရှင်းခွင့်မရဖို့ပဲ ...၊ ဒါက တို့ တစ်ဘို့တည်းအတွက် လိုအပ်ချက်ဒါထက် စေတနာထားပြီး မျှော်လင့်ရရင်တော့ မင်းတို့မိသားစု အေးအေးချမ်းချမ်း ပြန်ပေါင်းသွားနိုင်တာကို လိုချင်တယ် ..."





နိုင်ရဲက တိတ်ဆိတ်ကာ မိုးမမကို ငေးကြည့်နေသည်။

"ငွေရေးကြေးရေးဟာ တို့အဖို့ မပြောပလောက်ဘူး၊ တခြားနေရာတွေလည်း ငွေတွေ သုံးစွဲနေရတာပဲ၊ ဒီနေရာမှာ မင်းကို လုပ်ငန်းတစ်ခု ထူထောင်ပေးခြင်းအားဖြင့် ငွေသုံးလိုက်တယ်ဆိုရင် ဒီသုံးစွဲမှုဟာ အကျိုးရှိတယ်လို့ ထင်တယ်၊ မင်းမှာ ဝင်ငွေမှန်ကန်ခိုင်မာနေမယ်၊ မင်းလည်း အရက်မမူးဘူးဆိုရင် မင်းနဲ့ မွှဝတ်ပြာ အိမ်ထောင်ရေးဟာ အစကတည်းက ဒီလိုဖြစ်ဖို့ မရှိဘူး၊ အခုမှ ပြန်အဖတ်ဆယ်ရမှာ ခက်ကောင်းခက်မယ်၊ ဒါပေမဲ့ အစ်မရဲ့ ကမ်းလှမ်းမှုဟာ အစ်မသားနဲ့ မွှဝတ်ပြာ ပြတ်သွားဖို့ကလွဲရင် တခြားဘာမှ မပါဘဲ မင်းတို့ပါ အဆင်ပြေဖို့သက်သက် ရည်ရွယ်တဲ့ ဖြူစင်တဲ့ ကမ်းလှမ်းချက်လို့ ယုံကြည်စမ်းပါ ...၊ အိမ်ထောင်တစ်ခုကို သာယာအောင် ပြန်အဖတ်ဆယ် တည်ဆောက်ကြည့်ပါ၊ မင်းကြည့်ရတာ မွှဝတ်ပြာကို စိတ်မကုန်ပါဘူး ..."

"စိတ်မကုန်ပါဘူး၊ ကျွန်တော် သူ့ကို ချစ်လို့ ယူခဲ့တာ၊ သူကတော့ ကျွန်တော့်ကို လက်ခံကတည်းက သူနဲ့သူ့အမေ ရပ်တည်မှုအတွက် အားကိုးအားထားသဘောက ပိုတယ်လို့ ထင်တယ်၊ ကျွန်တော် သဝန်တိုနေသေးတာဟာ သူ့အပေါ် မပြတ်နိုင်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တို့အနေနဲ့ ဒီလို လုပ်ပေးခွင့်ရရင် မှုဝတ်ပြာ အပေါ်လည်း မတရားရာကျမှုက အပြစ်နည်းနည်းလျော့မယ် ထင်တယ်"

"အစ်မ သူ့အပေါ် မတရားရာ ကျတယ်လို့ ဆိုနိုင်လို့လား ..."

"သူ့ချစ်သူနဲ့ မပေါင်းရအောင် ကြံတယ်၊ သူ့ စိတ်ဖြတ်ထားတဲ့ အိမ်ထောင်ထဲ ပြန်တွန်းထည့်ပို့ဖို့ ကြံတယ်၊ ဒါဟာ သူ့အပေါ် မတရားဘူး ပြောလို့ရတယ်၊ အရေးကြီးတာ မင်းပဲ မောင်နိုင်ရဲ ...။ ဒီပွဲမှာ နိုင်ဖို့အပြင် ရှေ့ကို မင်းကိုယ်မင်း ပြင်သင့်တယ်၊ ပြင်ရမယ်၊ အိမ်ထောင်ကို သာယာအောင် အနစ်နာခံသင့်တာ ခံလိုက်ပါ ...၊ မင်းရော မှုဝတ်ပြာရော ကိုယ်ဈာတ်နိုင်တဲ့ဘက်က အနစ်နာခံလိုက်ကြခြင်းအားဖြင့် အဆိုးထဲက အကောင်းတွေ ပြန်ထွက်လာနိုင်တာပါ၊ အတိုချုံးရရင် ဒီပွဲမှာ မှုဝတ်ပြာ ရှုံးရမယ်၊ မင်း နိုင်ရမယ်၊ ပွဲပြီးသွားတဲ့အခါ ရှုံးခဲ့ရရှာတဲ့ မှုဝတ်ပြာကို မင်း ကြင်ကြင်နာနာ လိုက်လျောပေးဆပ်စမ်းပါလို့ တောင်းဆိုချင်တယ် ..."





## ၁၀

"မမရဲ့ အိမ်ထောင်ရေးကိုကော သာယာလာအောင် အနစ်နာခံခဲ့လို့လား ..."

မျက်လုံးအိမ်ထဲမှ မျက်ရည်ပေါက်ကြီးများ ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ကျလာနေကာ တုန်တုန်ခိုက်ခိုက် တိုးတိတ်စွာ မေးခွန်းထုတ်သူကို မိုးမမက စိုက်ကြည့်နေမိသည်။ သူ့အသံမှာ ရန်တွေ့သံ, မဟုတ်ရှာပါ။ မိုးမမ သတိမေ့လျော့နေတာကို တိုးလျှိုးသတိပေးလိုက်သည့် လေသံမျိုးပါပင်။

အင်မတန်မှ ပြောချင်လွန်းလို့ မှုဝတ်ပြာ အရဲစွန့်လာသည်ဆိုတာ မိုးမမ နားလည်သည်။ တော်ရုံဖွဲ့နှင့်တော့ မိုးမမရဲ့ အလုပ်ခွင်နေရာဖြစ်သော စိန်တိုက်ကို ရောက်လာမည် မဟုတ်ပါ။ ကျောင်း ဒဏ်ရာရလာပြီး နောက်မနက် အိမ်ကို မှုဝတ်ပြာ မျက်နှာငယ်နှင့် ရောက်ချလာတုန်းကလည်း မိုးမမက သုံးဝ ဆင်းမတွေ့ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ကသာ လှမ်းကြည့်ပြီး အကြည့်ချင်းအဆုံမှာ ချာခနဲ လှည့်ဝင်လျက် အောက်ထပ်ကို လုံးဝဆင်းမတွေ့လိုက်တာ။ မိုးမမရဲ့ မျက်နှာတင်းတင်းမာမာကိုလည်း မှုံဝတ်ပြာ တွေ့ပါသည်။ ကောင်း ဆင်းတွေ့တာကို သိပေမဲ့ ဘာတွေပြောကြသလဲ ... ဘာလဲ ညာလဲ မိုးမမက မေးလည်းမမေး စကားလည်းမစပ်။

စိတ်မဝင်စားသလို မဆိုင်သလိုနေ၍ ကောင်းကလည်း ပြန်မပြော။ ဘာပဲဖြစ်ဖြစ် မှုံဝတ်ပြာကတော့ သူ့ကို မိုးမမ လုံးဝမကြည်သာတာ သေချာသိသွားမှာပါပဲ။ အဲလို သိသွားမည့်အတွက်လည်း နောင်ကို မိုးမမနှင့် ဆုံဖို့ရာကို ရှောင်ရှားတော့မည်ဟု ထင်မြင်ယူဆထားတာ။

ဒီနေ့အဖို့ရာ ကြိုတင်ဖုန်းလည်းမဆက် ဘာမှ မသိရဘဲ ဆိုင်ကို ရောက်ချလာသည်။ မိုးမမက ပြခန်းအရောင်းခန်းနောက်မှာ ရုံးခန်းသတ်သတ်လေးနှင့် ထိုင်တာ။ ဆိုင်ကို ပါလာသော အတင့်က အခန်းထဲဝင်လာကာ ...

"မမ ... မှုံဝတ်ပြာ ရောက်နေတယ်၊ မမကို တွေ့ချင်လို့တဲ့၊ ရှေ့မှာ မမကားလည်း ရပ်ထားတော့ မရှိဘူးလို့လည်း မညာလိုက်တော့ဘူး ...။ မမ တွေ့ချင်လား မတွေ့ချင်လား မေးလိုက်မယ်လို့ပဲ ရှင်းရှင်းပြောခဲ့တယ်"

မိုးမမသည် ခဏစဉ်းစားကာ ...

"လွှတ်လိုက်၊ ဒီထဲ ဝင်လာပစေ ..."





ဤသို့ဖြင့် မှုံဝတ်ပြာ ရောက်လာတာ ဖြစ်ပါသည်။ သားမှာ ဒဏ်ရာတွေ ပါလာသည်က စတွက်လျှင် ရက်စွဲပေါင်းဟာ နှစ်လလောက်တော့ ရှိပြီမို့ မမြင်တာကြာပြီဆိုနိုင်သည်။ မှုံဝတ်ပြာဟာ ပို၍ သွယ်စစ်သွားကာ မျက်နှာက ဖိစီးသောဒဏ်တို့နှင့် ပို၍ ရင့်ရော်နေသည်။

လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှ မျက်လုံးဟာ အရေးအကြီးဆုံး လျှို့ဝှက်ချက် ပေါက်ကြားတတ်သည့်နေရာပင်။ နှုတ်ခမ်းက ဘယ်လောက်ပြုံးထားပြုံးထား မျက်လုံးတွေက ဝမ်းနည်းမှုကိုလည်းကောင်း၊ သောကကိုလည်းကောင်း၊ အရှုံးကိုလည်းကောင်း၊ ဝန်တိုမစ္ဆေရစိတ်ကိုလည်းကောင်း၊ စိတ်ဓာတ်အတက်အကျကိုလည်းကောင်း၊ ပျော်ရွှင်မှု စိတ်ဆင်းရဲမှုတို့ကိုလည်းကောင်း အရှိအတိုင်း ဖော်ပြနေတတ်ကြမြဲပင်။

ဟန်လုပ်၍ ပြုံးမထားသော မှုံဝတ်ပြာရဲ့ မျက်နှာဟာ နွမ်းလျအားစက်နေရသည့်ကြားထဲ မျက်လုံးများထဲ၌ အရာရာတစ်လောကလုံးကို စိတ်ပျက်လက်ပျက်ဖြစ်ကာ စိတ်ဓာတ်ကျဆင်းနေခြင်းဖြင့် ဆွေးမြည့်နာကျင်နေခြင်းအရိပ်က ထင်ဟပ်နေရာ မျက်နှာက ရင့်အိုနေပါသည်။

သူ့ကို ကြည့်နေရင်းက ကိုယ်ပါရောပြီး စိတ်ဓာတ်ကျချင်လာလောက်အောင် သူ့ရုပ်က ထိုင်းမှိုင်းနေသည်။ မိုးမမစိတ်ထဲသူ့ကို မလိုလား မနှစ်သက်တာ မှန်သော်လည်း ဒီပုံစံကိုမြင်တော့ စိတ်မချမ်းသာလှပေ။

www.burmeseclassic.com



"ထိုင်လေ ... မွှံဝတ်ပြာ၊ နေကောင်းရဲ့လား ..."

ဆီးကြို၍ အရေးတယူ နှုတ်ဆက်လိုက်ပါသည်။ ဟိုးတစ်နေ့ကတော့ သွေးလည်းပူနေလို့။ ဒီနေ့တော့ မိုးမမ သွေးအေးနေပါသည်။ သူ့တို့အရေးကိစ္စအတွက် ကိုယ့်ဘက်က ကောင်းမည်ထင်တာလေးတွေလည်း အသင့်လုပ်ကိုင်ပြီးစီးကာ နေပြီမို့ အေးအေးချမ်းချမ်းပင် ဖြစ်နေသည်။ ဒါကြောင့် မခေါ်မပြောနိုင်အောင် ဖြစ်မနေဘဲ ကောင်းကောင်းမွန်မွန် လက်သင့်ခံစကားပြောဆိုနိုင်သည့် အနေအထားနှင့်ပင်။

"နေကောင်းပါတယ် မမ ...။ မမ အချိန်နည်းနည်းပေးနိုင်ရင် စကားလေးပြောချင်တာ ရှိလို့ပါ"

"ပြောလေ ...၊ အချိန်ပေးနိုင်ပါတယ်၊ အားပါတယ် ..."

မွှံဝတ်ပြာသည် စကားမစခင်ကပင် မျက်ရည်ဝဲလည်လာခဲ့သည်။ ဘဝ၌ ကိုယ့်ဆန္ဒနှင့် ဆန့်ကျင်ဘက်ကိုသာ လက်ခံရင်ဆိုင်နေရသည့် မိန်းမတစ်ယောက်ရဲ့ ညှိုးချုံးမှုကို မိုးမမ နှလုံးသားထဲမှ အမှန်တကယ်ပင် ကရုဏာသက်မိပါသည်။ သူစိမ်းတစ်ယောက်လိုသာ ကရုဏာသက်နိုင်တာဖြစ်ပြီး ဤကရုဏာတရားအားဖြင့်တော့ သားကို မစတေးနိုင်။

"ပြာ ... လိုရင်းပဲ ပြောပါ့မယ်၊ ပြာ အခု ခင်ပွန်းယောင်းကို ကွာရှင်းခွင့်ရဖို့ ရုံးမှာ လျှောက်နေပါတယ်၊ အဲဒါ မမလည်း သိပြီး ဖြစ်ပါလိမ့်မယ် ...၊ ပြာ သူ့ကို ကွာခွင့်ရမှ





ဖြစ်မှာပါ၊ တခြားဘာအတွက်ကြောင့်မှ မဟုတ်ပေမယ့် ကိုယ့်စိတ်ကို ဒဏ်ရာရစေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ တစ်မိုးတည်းအောက်မှာ လက်တွဲနေဖို့ မဖြစ်နိုင်လို့ပါ"

"ဪ ..."

မိုးမမက ဘာမှ မသိနားမလည်သလို ခေါင်းသာ ညိတ်လိုက်ပါသည်။

"ဒီအတွက် အတော်များများကို ကောင်း ကူညီပေးပါတယ်"

ကြည့်စမ်း မထူးပ်တိုင်ပဲ လာတက်ပြတာလား။ ဘာသဘောလဲ။ သူက ဘွင်းဘွင်းရှင်းရှင်းပဲ ပြောနေလိုက်တာ။ မိုးမမက ငြိမ်၍ ဆက်နားထောင်နေလိုက်ပါသည်။

"ခင်ပွန်းဘက်ကလည်း ကွာရှင်းခွင့်မပေးရအောင် ကြိုးစားနေပါတယ် ...၊ အဲဒါ ... ဖြစ်နိုင်ရင် အဲဒါကို မမ အကူအညီ မပေးပါနဲ့လို့ ..."

ဘုရားရေ ...။ ကြည့်စမ်း ... အစွပ်စွဲရဲတင်းလိုက်တာ။ လိုရင်းပဲဆိုတဲ့အတိုင်း သင်းစကားက လိုရင်းကျလိုက်တာ။ မိုးမမက မျက်ခုံးနှစ်ဖက် ပင့်တင်ရင်း ...

"ဟင် ... မဆိုမဆိုင် ... ဒီကိစ္စက တို့နဲ့ ဘာဆိုင်တာလိုက်လို့"

"မမ အသိဆုံးပါ မမရယ် ...၊ မမလို ကျောထောက်နောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ကူညီနေမှတော့ ပြာတို့ ရေရှည်ယှဉ်ပြိုင်ဖို့ မလွယ်ပါဘူး မမရယ် ...”

“မင်း စကားတွေက စွပ်စွပ်စွဲစွဲနဲ့ ...။ မင်းတို့ လင်မယား ကိစ္စ မင်းတို့ဘာသာ ရုံးမှာ ရှင်းနေလင်းနေကြတာ ရှင်းကြလင်းကြပေါ့၊ ဘာဖြစ်လို့ တို့ကို လာဆွဲထည့်နေရတာလဲ၊ မင်းမို့ တို့ကို ဒီလိုစကားမျိုး လာပြောရဲတယ် ...”

မှုံ့ဝတ်ပြာက မိုးမမကို မျက်ရည်အလည်သားနှင့် ငေးကြည့်နေပါသည်။

“အခုက ... မမကို ကျွန်မ လာတောင်းပန်တာပါ ...။ သတ္တိကောင်းလွန်းလို့ လာပြောနေတာလည်း မဟုတ်ပါဘူး၊ ဒီလိုမှ လာမပြောရင်လည်း ဘာလုပ်ရမယ်မှန်း မသိလို့ပါ၊ တစ်ခုတော့ မမ နားလည်သွားစေချင်ပါတယ် ...။ ကျွန်မ ဘဝမှာ ကောင်းနဲ့ လက်ထပ်ဖို့က အဓိက အရေးအကြီးဆုံး မဟုတ်ပါဘူး ...၊ ကိုနိုင်ရဲနဲ့ ကွာရှင်းခွင့်ရဖို့သာ ပထမ အရေးကြီးဆုံးပါ”

“အို ... ဒါတော့ တစ်ခုပြီးရင် နောက်တစ်ခုက ဆက်တိုက် ကပ်ပါလာပြီး အောင်မြင်ပြီးသားပဲဟာကို ...”

“မဟုတ်ဘူး မမ ...၊ ကောင်းကို လက်ထပ်မယ်လို့ ခုထိ ကျွန်မအတိအကျ မဆုံးဖြတ်ရသေးဘူး၊ ကျွန်မလည်း သားလေးတစ်ယောက်ရှိတဲ့ မိခင်ပါ မမရယ်၊ သားချင်း





ကိုယ်ချင်းစာနိုင်ပါသေးတယ်၊ မမရင်ထဲမှာ ဘယ်လို မီးတောက်နေတယ် ဘယ်လို လှုကျုံးမရ ဖြစ်နေတယ် တာတွေ ကျွန်မ လုံးစေ့ပတ်စေ့ နားလည်နိုင်ပါတယ် ... အမေတစ်ယောက်ရဲ့ မျက်ရည်ပေါက်ကြီးငယ်ကျရခြင်းကို နင်းဖြတ်ပြီးမှ ဒီအမေရဲ့သားကို ကျွန်မ မယူပါဘူး ... မယူရက်ပါဘူး ...

မမ သဘောမတူနိုင်တာဟာလည်း ကျွန်မအပေါ် ရက်စက်လှချည်ရဲ့လို့ ဘယ်သူမှ ယူဆလို့ရတဲ့ အဖြစ် မဟုတ်ပါဘူး၊ သဘာဝကျတဲ့ ကိစ္စတစ်ခုပါ၊ အခု ကျွန်မ ရုံးမှာ ရင်ဆိုင်နေတာဟာ ကောင်းကို လက်ထပ်လို့ရဖို့ မဟုတ်ရပါဘူး ...၊ ဒါကို မမ ယုံပါ ...။ ကိုနိုင်ရဲကို ကျွန်မ မပေါင်းနိုင်တာက သီးသန့်ပါ”

မိုးမမက ကိုယ်ကို အနေခက်သလို လှုပ်ရှားရင်း ...

“မင်းတို့ လင်မယားကလည်း ဘာဖြစ်လို့ ဒီလောက်ခါးသီးနေကြရတာလဲ ...”

“လင်မယားချင်း ဘယ်လောက်ထိအောင် ခါးသီးနိုင်တယ် ဆိုတာ မမ အသိဆုံးပါ ...၊ မျက်နှာတောင် မကြည့်ချင်တာ မမလည်း ခံစားဖူးကောင်း ခံစားဖူးပါလိမ့်မယ်၊ သူ့ကို မပေါင်းချင်တာ ကျွန်မရဲ့ လွတ်လပ်ခွင့်ပါ”

“အင်းလေ ... မင်းလွတ်လပ်ခွင့်နဲ့ မင်း ကြိုးစားပေါ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"မမတစ်ယောက်လုံး ကျောထောက်နောက်ခံဖြစ်နေမှတော့ ကျွန်မ ဘယ်လောက် ကြိုးစားကြိုးစား အရာထင်ဖို့ မရှိပါဘူး၊ ငွေအား လူအား စိတ်ဓာတ်အင်အားပါ ကူညီအားပေးမှုရနေတော့ သူ ဘယ်လောက် ယုံကြည်တက်ကြွနေတယ် ဆိုတာ မမလည်း သိမှာပဲ ..."

"လာပြန်ပြီ ...၊ တို့က ဘာလို့ သိရမှာလဲ ..."

မှဲ့ဝတ်ပြာက မျက်ရည်အလည်သားနှင့် မိုးမမကို နှစ်သိမ့်သလို ပြုံးပါသည်။

"ကျွန်မကို ယုံပါ မမ ...၊ ဒီကိစ္စကို ကောင်း မသိပါဘူး ကောင်းကို ကျွန်မ မပြောပြပါဘူး၊ အလကားနေရင်း ကောင်း စိတ်ဆင်းရဲရမဲ့ကိစ္စ၊ ကောင်းအမေနဲ့ ကောင်း အမြင်တိမ်းစောင်းရမဲ့ကိစ္စ ကျွန်မ မဖန်တီးပါဘူး ကျွန်မသားနဲ့ ကျွန်မရဲ့ ချစ်ခြင်းကို ဘယ်သူလာခွဲတာမှ မခံနိုင်သလို သူများသားအမိ ချစ်ခြင်းကိုလည်း ကျွန်မ မခွဲပါဘူး၊ အခုလည်း ကောင်း မသိဘူး ... နောက်ကိုလည်း ကောင်းကို ကျွန်မ ပြောမှာ မဟုတ်ပါဘူး ...

ဒါပေမယ့် ကျွန်မ သိပါတယ် ...။ ကိုနိုင်ရဲ့နဲ့ မမ ဆုံတွေ့တိုင်ပင်ကြတာကို ကျွန်မ ကိုယ်တိုင်ကိုယ်ကျလည်း တွေ့ခဲ့ပါတယ်၊ တွေ့လို့လည်း အံ့ဩပြီး သူ့ဆီ လှမ်းဆက်သွယ်ပြီး ဆုံဖို့ ချိန်းပြီးမေးတာပါ"

မှဲ့ဝတ်ပြာ အသံက ငိုသံပေါက်၍ တုန်ယင်နေသည်။





"မမအနေနဲ့ ကျွန်မကို နစ်နာစေလိုတာ မဟုတ်ဘဲ ကောင်းနဲ့ နီးစပ်ခွင့်ရနိုင်တဲ့ လမ်းကိုသာ ကာဆီးလိုတာ ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ အရင်ဦးဆုံး နစ်နာရမဲ့သူက ကျွန်မပါ မမရယ်၊ ကောင်းကို လုံးဝ လက်မထပ်ပါနဲ့ ... ငါ သဘောမတူနိုင်ဘူးလို့ မမနှုတ်က ခုပြောလိုက်ပါ၊ ကျွန်မ လုံးဝ လက်မထပ်ဘူးလို့ ကတိပေးပါတယ် ..."

"မှဲ့ဝတ်ပြာကို ဒီလို တားမြစ်ရအောင် တို့မှာ အခွင့်အရေး မရှိဘူး၊ ပြောပိုင်ခွင့် မရှိဘူး"

"ဒါပေမဲ့ ပြောပါ မမ ... ရပါတယ် ...၊ ပြောလို့ရပါတယ် ..."

"အို ... မပြောပါဘူးကွာ ...၊ ကိုယ့်သားကိုတောင် ကိုယ် မပြောတာ၊ မင်းကိုတော့ ပိုတောင်မပြောသေးတယ် ...၊ တို့ ပြောရမဲ့ အရာလည်း မဟုတ်ဘူး ..."

"ဖွင့်မပြောချင်ပေမဲ့ ... မမ စိတ်ထဲမှာ ကိုနိုင်ရဲ့နဲ့ ကျွန်မနဲ့ ကွာရှင်းပြတ်စဲခွင့် ရသွားမှာကို စိုးရိမ်နေတယ် ဆိုတာ ကျွန်မ သိပါတယ် ...၊ ကောင်းကို မတားရက်တော့ ကောင်း ရှေ့တိုးမရတဲ့ နည်းလမ်းကို တခြားတစ်မျိုးနဲ့ မမ ကြိုးစားယူဖို့ပဲရှိတာ မဟုတ်လား၊ အဲဒါကြောင့် ကိုနိုင်ရဲ အနိုင်ရအောင် ကူညီတာဆိုတာ ကျွန်မ အမှန်တိုင်းနားလည်ပါတယ် ...

www.burmeseclassic.com



ကျွန်မ ရှုံးစေချင်တာ မဟုတ်ဘဲ ကိုနိုင်ရဲ့ကို နိုင်စေချင်တာကိုလည်း ကျွန်မ လက်သင့်ခံပါတယ် ... ဒါပေမဲ့ သူနိုင်ရင် ကျွန်မ သူ့ကို ကွာရှင်းလို့ မရတော့ဘူးလေ ... အဲဒါ မမ ထည့်စဉ်းစားပေးပါဦး ..."

မှဲ့ဝတ်ပြာ မျက်ရည်ကျလာတာကို ကြည့်ပြီး မိုးမမက စိတ်ရှုပ်စိတ်နှောက်လာကာ ...

"ဒါတော့ကွာ ... ကိုယ်လင်မယားချင်း သင့်မြတ်အောင် ညှိနှိုင်းကြသင့်တယ်"

မိုးမမ စကားက ငြင်းဆိုတဲ့သဘောတွေ မပါဝင်တော့ပါ။ မှဲ့ဝတ်ပြာက အတိအကျတွေ သိလာနေပြီမို့ မယုံမဲ့တုတု လိမ်လည်းပြောမနေလိုတော့ပါ။

"တည်ဆောက်ပြီးတဲ့ အိမ်ထောင်ကွာ ..."

ကိုယ့်စကား ကိုယ်တိုင်ပင် ယုံကြည်လက်ခံကျင့်သုံးခဲ့တာ မဟုတ်၍ ပြောရင်းက ဇဝေဇဝါ အူလည်လည်နှင့် ရပ်တန့်သွားရပါသည်။ ထိုစကားကြောင့် မှဲ့ဝတ်ပြာက မိုးမမကို မျက်လုံးပြူး၍ ကြည့်ကာ ...

"အိမ်ထောင်ဆိုမှတော့ တည်ဆောက်ပြီးသားဟာချည်းပဲပေါ့ မမရယ်၊ လင်မယားချင်း သင့်မြတ်အောင် ညှိနှိုင်းသင့်တယ် ဆိုတာက စကားအဖြစ်တော့သာ ကြားလို့ကောင်းတာပါ တကယ်တမ်း ညှိနှိုင်းဖို့ဆိုရင် မမ ကိုယ်တိုင်ကော ညှိနှိုင်းခဲ့လို့လား ..."





မှဲ့ဝတ်ပြာ စကားက မိုးမမကို ထိသွားစေကာ ဆတ်ခနဲ ဖြစ်လျက် မှဲ့ဝတ်ပြာကို မျက်စောင်းထိုးသလို ကြည့်လိုက်မိပါသည်။

"ဒီလိုလည်း ပြောလို့ ဘယ်ရမလဲ ...၊ အခြေအနေတွေက အမျိုးမျိုး ရှိတယ်"

"မမတို့ အခြေအနေကျတော့ ညှိဖို့မလိုဘူး၊ ကျွန်မ အခြေအနေကျတော့ ညှိရမယ်၊ ညှိလို့ရရမယ် ...၊ အဲလိုလား ..."

"ဒီမှာ မှဲ့ဝတ်ပြာ ... မင်းတို့မိသားစု တကယ်လို့များ ညှိနှိုင်းလို့ရရင် ပြန်ပြီးသင့်မြတ်အဆင်ပြေစေချင်တဲ့ စိတ်မှာ စေတနာ ပါတယ်နော် ...၊ မင်းတို့ အိမ်ထောင်ရေးရဲ့ အဓိက မပြေလည်တဲ့ ပြဿနာက နိုင်ရဲ့ အလုပ်က ဝင်ငွေမမှန်ကန် မလုံလောက်တာရယ် ... သူ့ အရက်မူးပြီး ရမ်းကားတာရယ် မဟုတ်လား ..."

"မမကို သူ အားလုံး ပြောပြထားပြီးပြီ မဟုတ်လား ...၊ ဒါနဲ့များ ဒီကိစ္စနဲ့ မမ မဆိုင်သလို ငြင်းမနေပါနဲ့ မမရယ်"

"အေး ... မငြင်းတော့ဘူး၊ ငြင်းနေတာကလည်း အသိမခံရဲလို့လည်း မဟုတ်ဘူး၊ စကားတွေ ရှုပ်လို့၊ မှဲ့ဝတ်ပြာတို့ လင်မယားရဲ့ မပြေလည်မှုကို တို့ အကြမ်းဖျဉ်းသိရပြီးပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ...။ အိမ်ထောင်ရေး ဖောက်ပြန်တာမျိုးလို ပြစ်မှုလည်း မပါ ... ဘာမှ ပြန်ညှိဖို့ မခက်ဘူးလို့ ထင်တယ် ...”

“ကောင်းပေဖေနဲ့ မမ ကွဲကွာကြတော့လည်း ဘယ်သူ့ဘက်မှ အိမ်ထောင်ရေး ဖောက်ပြန်မှုမျိုး မပါဘူး ထင်ပါတယ်”

မိုးမမက မျက်မှောင်ကုတ်ရင်း ...

“ဟိုတ် ... မင်း အစစ အရာရာကို တို့နဲ့ နှိုင်းပြောမနေနဲ့၊ မတူဘူးကွ၊ အခြေအနေချင်း ... ပြဿနာချင်း မတူဘူး၊ တို့နှစ်ယောက်ဟာ စ,ယူခဲ့ကတည်းက မှားခဲ့ကြတာ၊ တစ်ယောက်ကိုတစ်ယောက် မေတ္တာမရှိဘဲ ယူခဲ့ကြတာ။ မူလအုတ်မြစ်က အစ မင်းတို့နဲ့ မတူဘူး ...”

“ဆူးမခြားနားပါပဲ မမရယ် ...”

“မင်းကို နိုင်ရဲက ချစ်ပါတယ် မွဲဝတ်ပြာ ...၊ ယောကျ်ား တစ်ယောက်ဟာ တော်ရုံတန်ရုံ ချစ်လို့များ စကားထဲ ထည့်ပြောမနေပါဘူး ...၊ သူ့ခမျာ မင်းကို မေတ္တာရှိပါတယ်၊ သူ ချစ်လို့ ယူထားတာမို့ မကွာနိုင်ပါဘူးလို့ကို ထုတ်ပြောတာပါ ...။ ဝင်ငွေမမှန်ကန်တာရယ် ... သူ အရက်မူးပြီး ရန်ဖြစ်တတ် ရမ်းကားတတ်တာရယ် ...၊ မင်းတို့ ကြားက ပြဿနာဟာ ဒီလောက်ပဲဆိုတာ သိရတော့ ပြေလည်နိုင်တဲ့ အိမ်ထောင်မျိုးကို ပြန်ပြေလည်စေချင်တာ သိပ်များ မှားလား မွဲဝတ်ပြာ ...





မင်းနဲ့ကောင်းနဲ့ ကိစ္စကို တို့ သဘောမတူတာလေး တစ်ခုသက်သက်နဲ့ ဒီလောက်ငွေကုန်ခံဖို့ မလိုပါဘူး၊ ခုဟာက ... နိုင်ရဲကို ကူညီပေးနေခြင်းမှာ မင်းတို့ မိသားစု ပြေလည်ဖို့လည်း ပါတယ် ...”

“လူတစ်ယောက်မှာ လိုနေတဲ့အရာကို ပေးမှသာ ကူညီရာရောက်မှာပေါ့ မမ ...၊ သူ မလိုချင်တဲ့ အလိုမရှိတဲ့ အရာကို ဇွတ်ပေးနေလို့ ကူညီရာရောက်ပါ့မလား၊ နှောင့်ယှက်ရာတောင် ရောက်ပါသေးတယ် ...”

“သူ အရက်မသောက်တော့ဘူး ... မမူးတော့ဘူး ... မင်းကိုလည်း ငွေမှန်မှန်အပ်နိုင်မယ်ဆိုတဲ့ ဘဝကို မင်း မကျေနပ်နိုင်ဘူးလား ...”

“လွန်ခဲ့တဲ့ သုံးလေးနှစ်ကဆိုရင် ကျေနပ်မှာပါ၊ ခုတော့ နောက်ကျသွားပါပြီ မမရယ်၊ အရက်မသောက်ဘဲ ငွေမှန်မှန်အပ်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်တိုင်း ပြန်လက်သင့်ခံထားရမယ်ဆိုရင် မိန်းမတစ်ယောက်ဘဝက ဘယ်လို အဓိပ္ပာယ်ရှိသေးလဲ ... အဲဒီမိန်းမရဲ့ဆန္ဒ ... အဲဒီမိန်းမရဲ့ လွတ်လပ်တဲ့ ရွေးချယ်မှုဆိုတာ မရှိရတော့ဘူးလား ... ယောကျ်ားတစ်ယောက်ရဲ့ ရွေးချယ်မှုကိုသာ အမြဲ လိုက်နာနေရမှာလား မမ ...၊ ကွဲကွာကြတယ် ... ပြန်ပေါင်းကြတယ်ဆိုတဲ့ အဖြစ်အပျက်တွေကို ယောကျ်ားကချည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန္ဒအလျောက် ပြုမူနေပြီး မိန်းမက ဘာကိုမဆို လက်သင့်ခံနေရုံပဲလား ..."

ကြိတ်မနိုင်ခဲမရ အသံကလေး တုန်တုန်နှင့် ပြောနေသော မှုဝတ်ပြာရဲ့ စကားတွေသည် မိုးမမရဲ့ ခံယူချက် ... မိုးမမရဲ့ အတွေးတွေပင်ဖြစ်သည်။ အားလုံးကို မိုးမမ လက်သင့်ခံနိုင်စွာ သဘောချင်းညီသည်။ သို့သော်လည်း ထောက်ခံလိုက်လို့တော့ ဘယ်ဖြစ်မလဲ ...။ မှုဝတ်ပြာကို ကောင်းနှင့် အပြီးသတ် ဝေးကွာနိုင်ဖို့ စိတ်အချရဆုံး အနေအထားသို့ အရောက်ပို့ထားချင်သလို အဲဒီနေရာမှာ မှုဝတ်ပြာ ပြည့်စုံတင့်တယ်နေတာကို မြင်ရမှသာလျှင်လည်း မိုးမမ ကိုယ့်ကိုယ်ကိုယ် မတရားမလုပ်မိဘူးလို့ ကျေနပ်နှစ်သိမ့်နိုင်မှာဖြစ်သည်။

"စည်သူကို ထည့်စဉ်းစားဦးလေ မှုဝတ်ပြာ၊ စည်သူကို အဖေရင်းနဲ့ မင်း ပိုပြီး မကြီးပြင်းစေချင်ဘူးလား ..."

"ဟင့်အင်း ... အဖေရင်းက အရက်သမား ... ပထွေးက လူရည်ချွန် လူ့ညီမွန် ဆိုရင် ပထွေးနဲ့ပဲကြီးကြီး ..."

မှုဝတ်ပြာက တမင်ကို ဇွတ်တိုးပြောချလိုက်၍ မိုးမမ မျက်နှာက ဣန္ဒြေမဆည်နိုင်အောင် ဖြစ်သွားရပါသည်။

"အရက်သမား မဟုတ်တော့ဘူး ဆိုရင်ကော ..."

"ကျွန်မအတွက် လုံးဝ ... ဘယ်တော့မှ ထည့်မတွက်ရတော့ဘူးလား၊ ကျွန်မရဲ့ ဘဝ အနေအထားကို မမက





ခြယ်လှယ်ဆုံးဖြတ်ခွင့် ရှိတယ်လို့ မမ ယူဆလား၊ မမ ပြောပိုင်ခွင့် ရှိသလောက်ဟာ ကောင်းနဲ့ သဘောမတူဘူး ဆိုတာလောက်ပဲ၊ ကျန်တာကို ကျွန်မ ဘဝအတွက် မမ ဘာမှ စိုးစဉ်နေရာချဖို့ မရှိပါဘူး ..."

"အဲသလိုလည်း ယတိပြတ် မဆုံးဖြတ်နဲ့ဦး မှုဝတ်ပြာ ...၊ အကောင်းအဆိုးကို မျှတွက်ကြည့်ဦး၊ နိုင်ရဲ လူကောင်းဖြစ်သွားတယ် ...၊ ဝင်ငွေ တည်ငြိမ်ပြီး ပြည့်စုံသွားတယ်ဆိုရင်ပဲ အများကြီး ပြောင်းလဲသွားမှာ ...၊ မင်း စိတ်ကို အလိုလိုက်ရင် သူနဲ့ ကွာလိုက်လို့လည်း မင်း ဘယ်တော့မှ အပျိုပြန်မဖြစ်ဘူးနော် ...။ တစ်ခုလပ်ပဲ ဖြစ်ရမှာ ..."

"မမကကော ... တစ်ခုလပ်ပဲ မဟုတ်လား ..."

မိုးမမက ဒေါသထွက်လာပါသည်။

"မင်း ... တို့ကို တစ်ခွန်းမကျန် ခွန်းတုံ့ပြန်နေမဲ့အစား ပြေလည်ရေးကို ရှေ့ရှုဖို့သင့်တယ် ...၊ အိမ်ထောင်တစ်ခုမှာ စိတ်လိုက်မာန်ပါလုပ်ဖို့က လွယ်ပါတယ် ...၊ ကိုယ့်ဘက်က လျှော့သင့်တာလေးကို လျှော့ပြီး အနစ်နာခံသင့်သလောက် ခံပြီး အပေးအယူမျှမျှနဲ့ အိမ်ထောင်သာယာအောင် လုပ်သင့်တယ် ..."

မှုဝတ်ပြာက ခေါင်းလေးအသာယမ်းကာ မျက်ရည်ပေါက်တွေ ပေါက်ခနဲ ပေါက်ခနဲ ကျလာတော့ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မမရဲ့ အိမ်ထောင်ရေးကိုရော သာယာလာအောင် မမ အနစ်နာခံခဲ့လို့လား ..."

မိုးမမက ... မဖြေနိုင်ဘဲ မှုံဝတ်ပြာကိုသာ စိုက်ကြည့်နေမိပါသည်။

"အနစ်နာခံဖို့ဆိုတာ သူများကိုပြောတော့ လွယ်ပါတယ်၊ ကိုယ်တိုင်ခံကြည့်ဖို့ကျမှ ခက်ခဲတတ်တာပါ ...၊ ကောင်းနဲ့ ကျွန်မ မနီးစပ်ရင်ပြီးရော ငွေကို ရေလိုသုံးပြီး မမ ကာကွယ်နိုင်တယ် ဆိုတာ သိပါတယ် ...၊ မမ ကိုယ်တိုင်ရဲ့ ငွေအား လူအား စိုက်ထုတ်ကူညီပေးနေတဲ့ အခြေအနေတစ်ရပ်ကိုလည်း ဘယ်တော့မှ မယှဉ်ပြိုင်နိုင်ဘူးဆိုတာ သိပါတယ် ...။ ကျွန်မ ရှုံးရမယ်ဆိုတာကို သိပါတယ် ...။ ဒါပေမဲ့ ကိုယ့်အပေါ် စိတ်ဒဏ်ရာတွေ အထပ်ထပ်ပေးခဲ့တဲ့ ယောကျ်ားတစ်ယောက်ကိုတော့ ပြန်ပေါင်းဖို့ ကျွန်မကို ဘယ်တော့မှ နားမချပါနဲ့ ..."

တုန်ခိုက်နေသော မှုံဝတ်ပြာ အသံကလေးကို မိုးမမ ကရုဏာ သက်မိပါသည်။





၁၁

"မေမေ ရန်ကုန် ရောက်နေတယ် ..."

မနေ့က ကောင်း ပြောတဲ့သတင်းကို နားထဲ ပြန်ကြားယောင် လာသည်။ ခုတလော ကောင်းနှင့် မိုးမမ စကားကို လိုအပ်မှ ပြောကာ ခပ်တန်းတန်း ဖြစ်နေခဲ့ပါသည်။ မိုးမဘက်က နိုင်ရဲကို အကူအညီတွေ ပံ့ပိုးပေးထားတာနှင့် ပတ်သက်ပြီး ကိုယ့်အလုပ်ကိုယ် မလုံမလဲဖြစ်ကာ သားကို ခပ်ရှောင်ရှောင်နေမိတာ အမှန်ပင်။

ကောင်း ဘက်ကတော့ ဘာကြောင့်ပါလိမ့် ...။ ကောင်းကို မပြောပါဘူးဆိုပြီး မှုံဝတ်ပြာဟာ သူသိထားတဲ့ အကြောင်းတစ်ရပ်ကို ကောင်းကိုများ ဖွင့်ပြောပြလိုက်လို့လား။ ကောင်းက မိုးမမကို ဘာမှ ဖွင့်လည်းမမေး ... ဘာမှလဲ မပြော



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဒါပေမဲ့ ကောင်း သဏ္ဌာန်ဟာ ခြေကုန်လက်ပန်းကျသလို မပျော်မရွှင် ရှိလှသည်။

မိုးမမသည် သူ့လုပ်ရပ်ကို သူ မတရားဘူးလို့ လုံးဝ မထင်။ သားနှင့် မှုံဝတ်ပြာကို သဘောမမျှနိုင်တာဟာလည်း အမေတစ်ယောက်အနေနှင့် တရားသည်ဟု ထင်သည်။ ဒီအတွက် သူတို့ ရှေ့တိုးမရအောင် မှုံဝတ်ပြာရဲ့ ကွာရှင်းချင်သောအမှုကို အတိုက်အခံ ကွာခွင့်မပေးရအောင် ကြိုးပမ်းကူညီနေမိတာကိုလည်း တရားတယ်သာ ထင်သည်။

နိုင်ရဲကို ကားနှင့်ပတ်သက်သော စက်ဆီအမျိုးမျိုးနှင့် ကားအလှဆင်ပစ္စည်း ရောင်းသော ဆိုင်တစ်ခု ချက်ချင်း ထူထောင်ကာ အမည်ခံ အယောင်ပြပေးထားသည်မှာလည်း ယုတ်မာတဲ့ လုပ်ရပ်တစ်ခုလို့ ဆိုနိုင်ကြသလား ...။ ခုတော့ အမည်ခံပေါ့။ သို့သော် ခိုင်လုံစွာ လုပ်ငန်းပြနိုင်အောင်တော့ စီစဉ်ထားသည်။

တကယ်လို့များ သူတို့လင်မယား ပြန်ပေါင်းထုပ်နိုင်သွားမည်ဆိုရင် ဤဆိုင်ကို တကယ်အပြီး လွှဲအပ်ပေးဖို့ စိတ်ဒုံးဒုံးချ စေတနာဖြတ်ပြီးသား။

ကောင်း ရှေ့မတိုးနိုင်တဲ့အတွက် ဝမ်းသာပျော်ရွှင်ကျေနပ်လို့လို့ပဲဆိုဆို မှုံဝတ်ပြာအတွက် နစ်နာကြေး သနားကြေးဆိုဆို ဘာပဲဖြစ်ဖြစ် သူတို့မိသားစု ပြေလည်သာယာကာ စီးပွားရေးကအစ အဆင်ပြေစေဖို့ စေတနာပေါက်ခဲ့တာ အမှန်ပင်။





နိုင်ရဲကိုလည်း သူ အကဲခတ် မမှားပါ။

နိုင်ရဲ လုံးလုံး အရက်မသောက်တော့တာကို ကြည့်လျှင် နိုင်ရဲဟာ ဤအိမ်ထောင်ကို ပစ်စလက်ခတ် သဘောမထားနိုင်တာ သေချာသည်။ ပြေလည်စွာ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သူ့ဘက်က ဆင်ခြင်ပေးလို့ရသည့်အရာကို ဆင်ခြင်ပေးဆပ်ခြင်းပင်။

ဤအတွက် လုပ်ပေးရကျိုး မျှော်လင့်ရကျိုး နပ်ပါသည်။ နိုင်ရဲဟာ မိုးမမကို အစ်မကြီးအရင်း တစ်ယောက်လို တလေးတစား ရှိလာသည်။ သူတို့နှစ်ဦးရဲ့ အမှုတွဲကိစ္စကတော့ လတွေချီကာပင် အချိန်ကုန်ခဲ့ပြီ ...။ မှုံဝတ်ပြာအတွက် ကောင်းက အကောင်းဆုံး ရှေ့နေငှားပေးသလို၊ နိုင်ရဲအတွက် မိုးမမက ပို၍ အကောင်းဆုံးဖြစ်သော ရှေ့နေကို ငှားပေးထားသည်။

ပြေလည်လာသော အခြေအနေတစ်ခုမှာ သူ့ကိုယ်သူ သိက္ခာရှိအောင် ကြိုးစားရပ်တည်နေတိုင်လာသော နိုင်ရဲဟာလည်း အရင်ကနှင့် များစွာ ခြားနားပြောင်းလဲနေပေပြီ။ မိုးမမထံ ဆက်သွယ်ကာ အခြေအနေတို့ကို အစီရင်ခံ သတင်းပို့တတ်သည်။

သူ့ထံက သတင်းစကားထဲမှာ သား ကျောင်းကို သွားကြိုတာ ...၊ သားအမိနှစ်ယောက်ထံ ဝင်လည်တာ ... စသည် အခန်းကဏ္ဍမျိုးတွေ ပါလာလျှင် မိုးမမသည် နားထောင်ရင်း နှင့် သိမ့်ကြည်နူးတတ်လျက်ရှိသည်။ ကောင်းနှင့် သဘောမတူနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကလွဲလျှင် မှ္ဝတ်ပြာ၏ ပျက်စီးရာပျက်စီးကြောင်းကို မိုးမမ မလိုလားပေ ...။ ကောင်းရာကောင်းကျိုးကိုသာ လိုလားပါသည်။

နိုင်ရဲ့ အသွင်ပြောင်းကာ တည်ငြိမ်သိက္ခာရှိလာတဲ့ အခါ ကိုယ့်လုပ်ရပ် မမှားယွင်းနိုင်ကြောင်း ကိုယ့်ကိုယ်ကိုယ် အားပေးစိတ်ချနိုင်တဲ့အတွက် မိုးမမ ဝမ်းသာမိပါသည်။ သားလေးနှင့်တော့ ဤကိစ္စကို ပွင့်ပွင့်လင်းလင်းကို မပြောဆိုဖြစ်။ နိုင်ရဲ့ ဘက်က သူ ကူပံ့နေတာကို သား သိမသိလည်း မိုးမမ မသိပေ။

သားရဲ့ ခပ်တန်းတန်း ဖြစ်မှုကို မိုးမမက လောလော ဆယ်တော့ ကျေတောင် ကျေနပ်ပါသေးသည်။ ကိုယ့်ရဲ့ရှောင်ဖယ် ဖယ် နေချင်မှုကို ဖုံးဖိကာကွယ်နေဖို့ မလိုဘူးပေါ့။ မနေ့ကတော့ ညနေစာ ထမင်းပွဲမှာ ကောင်းက သူ့အဖေ ရန်ကုန်ရောက်နေ ကြောင်း ပြောလာပါသည်။

နှစ်ပေါင်းများစွာ ပြန်မလာဘဲ နေခဲ့သူက ဘာကြောင့် များ ပြန်လာနေရသေးသလဲ။ ဟိုမှာပဲ အေးအေးနေနေတော့တာ မဟုတ်ဘူးရယ်လို့ သူ့ဟာသူ ပြန်လာသူကို ငြူစူနေမိပါသေးသည်။

"တူတူ ... တူတူ ..."

ဖုန်းမြည်လာ၍ မိုးမမက အတွေးတွေ ဝေနေရာမှ ဖုန်းကို ဖွင့်လိုက်သည်။ ဖုန်းပေါ်မှာ 'ဦးနေရောင်' ဆိုသည့် အမည်က ပေါ်နေပါသည်။

"ဦးနေရောင် ..."





"အင်း ...၊ မ, ဆိုင်မှာလား ..."

"ဟုတ်တယ် ဦးနေရောင် ..."

"ဘယ်လိုလဲ ... ဦးထက်အောင် ရောက်နေတယ်ဆို ..."

"ဟုတ်တယ် ...၊ ဦးနေရောင်ကို ဘယ်သူ ပြောလဲဟင် ..."

"ကောင်း ပြောတယ် ...။ ကိုယ် မနေ့က ဖုန်းဆက်သေးတယ်လေ ...၊ မ, ဖုန်းမဖွင့်သေးဘူး၊ ဒါနဲ့ အိမ်ကို ဆက်လိုက်တာ ...၊ ဒီညဦး (---)ဟိုတယ်မှာ ဂျပန်စန္ဒရားပညာရှင်တစ်ယောက် ဖျော်ဖြေပွဲရှိတာ လက်မှတ်လည်း ရထားလို့ ... အဲဒါ ပြောဖို့ပါ ...၊ သားက မေမေ ဒီည မအားဘူးဆိုမှ ဘာဖြစ်လို့လဲ မေးတော့ ဦးထက်အောင် ရောက်နေတာ သိရတယ် ..."

မိုးမမ မျက်မှောင်ကုတ်သွားသည်။

"သူ ရောက်တာနဲ့ မ,က ဘာကြောင့် မအားရမှာလဲ"

"ဒင်နာဆို ..."

"ဟုတ်လား ... သိတောင်မသိဘူး၊ သားကလည်း မပြောသေးပါဘူး၊ သူတို့သားအဖချင်းပဲ ချိန်းထားတာ နေမှာပေါ့၊ မ,ကို ကြိုတင်လည်း မပြောဘူး၊ သားကလည်း တစ်မျိုးပါပဲ ဦးနေရောင်ရယ်၊ ခုတလော မ,ကို ရှောင်ဖယ်ဖယ်နဲ့ပါ၊ မ,ကလည်း သူ့ကို ရှောင်ဖယ်ဖယ် ဆိုတော့ သားအမိက စကားတောင် သေချာမပြောဖြစ်ကြဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့သားအဖချင်း ချိန်းထားပြီးသားနဲ့ တူပါတယ် ... ကိုယ့်လက်မှတ်က ဒီညရော နက်ဖြန်ညရော နှစ်ညလုံး ကြည့်လို့ရတယ် ... ဒီည ဒင်နာစီစဉ်ထားရင် မ, သွားလိုက်ပေါ့ ..."

"အင်းပေါ့လေ ... မေးကြည့်လိုက်ပါဦးမယ် ..."

"မှုဝတ်ပြာတို့ အမှုအခြေအနေ ဘယ်လိုလဲ ..."

"ဒီလကုန် ရုံးချိန်း ထပ်ချိန်းထားတယ်"

"ဟိုတစ်နေ့က မှုဝတ်ပြာနဲ့ မြို့ထဲမှာ တွေ့တယ် ..."

"ဟုတ်လား ...။ ဦးနေရောင်ကို သူ သိလို့လား ..."

"ကိုယ့်ကို သူ သိတာမသိတာတော့ ကိုယ်လည်း မသိဘူး၊ ကိုယ်ကတော့ သူ့ကို သိနေတယ် မဟုတ်လား ...၊ အဲဒီနေ့က ကိုယ်က ကားပေါ်ကအဆင်း ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ တူမလေးက လှမ်းတွေ့ပြီး နှုတ်ဆက်ရပ်စကားပြောနေကြတာ၊ အဲဒီတုန်း အနားက မှုဝတ်ပြာ ဖြတ်လျှောက်သွားတော့ မိတ်ဆွေရဲ့ တူမလေးက လှမ်းနှုတ်ဆက်တယ်၊ သူတို့ချင်း သူငယ်ချင်းတွေပေါ့ ...၊ မျက်လည်းတကင်း နှုတ်ဆက်နေကြတာနဲ့ ကိုယ်လည်း ကားနားရပ်ပြီး ကြည့်နေမိတာ ..."

"ဘာထူးသေးလဲဟင် ..."

"မိတ်ဆွေတူမလေးက သူ့ကို မေးနေသံကြားတယ် ...၊





နင် နိုင်ငံခြား မသွားဖြစ်ဘူးလားတဲ့ ...၊ မှုဝတ်ပြာကလည်း မသွားဖြစ်သေးပါဘူးတဲ့ ပြန်ဖြေတယ် ...၊ ပုံစံက တစ်ချိန်ချိန်က နိုင်ငံခြားထွက်ဖို့ အစီအစဉ် ရှိခဲ့ပုံပဲ ..."

"ဘယ်တုန်းကလဲ မသိဘူးနော် ...၊ နိုင်ရဲတော့ တစ်ခါပြောဖူးတယ် ...၊ မှုဝတ်ပြာရဲ့ အမျိုးတွေ စင်ကာပူမှာ ရှိတယ်တဲ့ ... အခေါ်ရင်း ဆိုလားပဲ ...၊ ဟိုးအရင်တစ်ခါလည်း မှုဝတ်ပြာကို ခေါ်ဖူးတယ်တဲ့ ...၊ မှုဝတ်ပြာက မသွားဖြစ်ဘူး ...၊ ကြာပြီပေါ့ အဲဒါက ..."

"ခုဟာက အဲဒီလောက်တော့ ကြာသေးမဲ့ပုံ မရဘူး ...၊ သူတို့ နောက်ဆုံးတွေ့တာတွေ ဘာတွေ ပြောဆိုနေသံကြားတာထောက်ရင်တော့ မှုဝတ်ပြာဟာ အလွန်ဆုံးကြာလွန်ခဲ့တဲ့ တစ်နှစ်လောက် ဆယ်လလောက်တုန်းက နိုင်ငံခြားထွက်ဖို့ ပါ့စ်ပို့တ် လျှောက်ခဲ့ဖူးတဲ့သဘော ရှိတယ်"

"ဟိုမိန်းကလေးကို နောက်တော့ မေးကြည့်သေးလား ..."

"မမေးကြည့်လိုက်ဘူး၊ မေးချင်ရင်လည်း ဖုန်းဆက်လှမ်းမေးကြည့်လို့ ရပါတယ် ..."

"အဲဒီလို တကူးတကတော့လည်း မမေးချင်ပါဘူး၊ သာမန်လောက်ပဲ သိချင်တာပါ၊ မ,ကတော့ သူတို့လင်မယားနှစ်ယောက်ကို ပြေပြေလည်လည်လေး ဖြစ်စေချင်တာပါပဲ၊ နိုင်ရဲကလည်း ဘာပဲဖြစ်ဖြစ် ပြောင်းလဲနေပြီ မဟုတ်လား

စေတနာစာပေ

www.burmeseclassic.com



နိုင်ရဲက မဆိုးပါဘူး ... စကားတည်တာလည်း တွေ့ရတယ်၊ သူ ဆင်ခြင်ပြောင်းလဲလာတာကို ကြည့်ရင် သူ့အိမ်ထောင်ရေးလေးကို သူ ပြန်ပြီး တည်ဆောက်မှာလည်း သေချာတယ် မဟုတ်လား ...”

“ပြေလည်သွားနိုင်ပါတယ် ...၊ သူတို့ ရုံးချိန်းမှာ ရင်ဆိုင်လျှောက်လဲနေကြပေမဲ့ အပြင်မှာ ပြောဆိုဆက်ဆံနေတာက အေးအေးချမ်းချမ်းပဲဟာ ...”

မိုးမမကတော့ သူ့ကို မျက်ရည်ရစ်လည်၍ စိုက်ကြည့်သော မှဲ့ဝတ်ပြာ မျက်ဝန်းထဲက တိတ်ဆိတ်သော အဓိပ္ပာယ်၊ စကားလုံးတို့ကို ဝိုးတဝါး မရေမရာ ဖမ်းဆုပ်မိခဲ့တဲ့ အတွက် ခုထိ မလုံမလဲ ဖြစ်ဆဲ ...။

“ဒီလိုဆိုရင် ဒါပဲလေ မ, ...။ ကိုယ် နက်ဖြန်မှ ဖုန်းဆက်လိုက်မယ် ...”

“ဟုတ်ကဲ့ ဦးနေရောင် ...”

မိုးမမ ဖုန်းကို ပိတ်လိုက်သည်နှင့် နောက်ထပ်မြည်သံတစ်ခုက ချက်ချင်းပဲ ထပ်မံထွက်ပေါ်လာပါသည်။ ပေါ်နေတဲ့ နံပါတ်က မိုးမမ မသိဘဲ နံပါတ်တစ်ခုပင် ...။

“ဟယ်လို ...”

“ဝွတ်မောနင်း ... မိုး ...”

“ဩော် ...”





လောကမှာ သူ့ကို ‘မိုး’ လို့ခေါ်တာ တစ်ယောက်ပဲ ရှိခဲ့လေရာ ဘယ်သူဆိုတာ စဉ်းစား၍ သိရပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ‘မ’ လို့ပဲပြောနေကျ။ လူတကာကလည်း ကိုယ်ကြိုက်သလို ‘မ’ ပဲခေါ်ကြမြဲမှာ သူတစ်ယောက်ကပဲ စ,သိကတည်းက စ,ပြီး ‘မိုး’ ...။

“အင်း ... မောနင်း ...၊ ဘယ်လိုလဲ ... နေကောင်းတယ်နော်”

“နေကောင်းတာပေါ့ ...၊ မကောင်းမှုတွေလည်း ဘာမှ မသုံးဆောင် မမှီဝဲဘူး၊ ကျန်းမာရေးလည်း လိုက်စားတယ်၊ အသက်လေးဆယ်စွန်းတွေထဲမှာတော့ ကိုယ် နေအကောင်းဆုံးပဲ ...”

စကားကို အဲလို နည်းနည်းတော့ ကွန့်ပြောရမှ ... သူ ခုလို နေကောင်းနေမှာ ထင်သည်။ မိုးမမက နှုတ်ခမ်းကို မဲ့ကာ ခေါင်းဆတ်ရင်း ...

“ရှင် ... ဘာလာလုပ်လဲ ...”

“ပေါ့ပေါ့ပါးပါး ... အလည်ပါပဲ၊ သားကိုလည်း တွေ့ချင်တယ် ...၊ မင်းနဲ့ဆိုလည်း မမြင်ကြရတာ ကြာပြီလေ ...၊ သားကိုမှ ဓာတ်ပုံတွေ မှန်မှန်တွေ့နေရသေးတယ်၊ မင်း ပိန်သလား ... ဝ,သလား မေးမိသမျှ လူတိုင်းကတော့ အရင်အတိုင်းပဲလို့ ပြောကြတယ် ...၊ သားကလည်း



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရင့်မလာဘူး ... အသက်ငယ်ငယ်လေးလိုပဲ လှနေတုန်းပဲတဲ့ ...”

“ဟိုမှာ အလုပ်အဆင်ပြေတယ် မဟုတ်လား ...”

“ပြေတယ် ...၊ အောင်မြင်တယ် ...၊ ကိုယ် အတော်ချမ်းသာနေပြီ မိုးရဲ့ ...”

“ကောင်းတာပေါ့ ...၊ မိန်းမလေး ဘာလေး ယူဦးလေ ...။ တော်ကြာ ချမ်းသာနေသမျှ ပေးကမ်းခဲ့စရာ အနွယ်အမွှား မရှိဘဲ နေဦးမယ်”

“သားတစ်ယောက်လုံး ရှိပြီးသားပဲ”

“အို ... သားက ကျွန်မ ပေးခဲ့မှာ၊ ရှင် ပေးဖို့ မလိုတော့ဘူး”

“ဟင် ...၊ ပေးမှာကိုတောင် မပေးရဘူးရယ်လို့ပဲ ...၊ ကိုယ့်ပါပေးတော့ရော ဘာဖြစ်သေးတုန်း ...၊ မိန်းမယူဖို့ကတော့ စဉ်းစားနေပါတယ် ...”

“ရှင် ဒီမှာ ကြာဦးမှာလား ...”

“တစ်လလောက်တော့ အေးအေးဆေးဆေး နားဦးမယ်၊ အလုပ်တွေ ဖြတ်ခဲ့တယ်၊ လွှဲစရာတွေ လွှဲခဲ့တယ်၊ ခေါင်းထဲက ထုတ်ထားတယ် ...”

“ရှင်က နားနိုင်ပေမဲ့ ကျွန်မ မနားနိုင်သေးဘူး၊ စိန်ဆာထုပ် စစ်ရဦးမယ် ... ဒါပဲလေ ...”





“ဟာ ... နေပါဦး၊ လိုရင်းကိုတောင် မပြောရသေးဘူး ...”

“ကဲ ... ဘာလဲ ... ပြော”

“ညနေ ... ဆိုဒီးနားဘူးဖေး သွားစားမယ်လို့ သားက ပြောထားတယ် ...၊ ဖေဖေ မေမေ့ကို ဖုန်းဆက်ဖိတ်ကြားထားဦးတဲ့ ...၊ သား ပြောပြီးပြီလား ...”

“ဟင့်အင်း ...”

“အဲဒါဆိုရင် ညနေ စစ်စ်သာတီလောက်ပေါ့ ...၊ ဖြစ်တယ် မဟုတ်လား”

“အင်းလေ ... ဖြစ်ရတာပေါ့၊ ရှင့် အစီအစဉ်လား ... သား အစီအစဉ်လား ...”

“သား အစီအစဉ်ပါ ...၊ ဒါပေမဲ့ ကိုယ့် အစီအစဉ်လည်း လာဦးမှာ ...”

“ဒီနေ့ အစီအစဉ်ပြီးရင် တော်ပြီပေါ့၊ သိပ်လုပ်မနေနဲ့ ...၊ လူက သိပ်အားတာ မဟုတ်ဘူး”

“ကိုယ် ... ဖေဖေတို့ဆီပဲ နေတယ် ... ဟိုတယ်မှာ မဟုတ်ဘူး၊ အကြောင်းရှိရင် ဒီအိမ်ကိုပဲ ဆက်သွယ်ပေါ့”

“အမယ်လေး ... ဘာအကြောင်းမှ မရှိနိုင်တာ ရှင် သိသားနဲ့ ...”

“ဟဲ ဟဲ ... ကဲလေ ... ညနေမှ တွေ့တာပေါ့ ... မိုး ဘယ်လောက်နုတုန်းလည်းဆိုတာ တွေ့ရဦးမှာပေါ့လေ ...။ သိပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း နအောင် လုပ်မလာနဲ့၊ လူတွေက ကိုယ့်ကို ကလေးနှစ်ယောက်အဖေ ထင်နေဦးမယ်”

“ကဲ … ကဲ … ဒါပဲ …”

မိုးမမက မျက်မှောင်ကိုကုတ်ကာ ဖုန်းကို ပိတ်ပစ်လိုက်ပါသည်။

## (၁၄)

သူလည်းပဲ မရင့်ရော်လှပေ။ ဆံပင်နောက်လှန်ဖြီး ပုံစံပြောင်းသွားတာမို့ ရင့်ကျက်တဲ့ လူကြီးရုပ်တော့ ထွက်နေသည်။ သို့သော် အသားအရေ ကျန်းမာလတ်ဆတ်စိုပြည်၍ ကြည့်ကောင်းပါသည်။ သူ့ရုပ်က အစကတည်းက ခပ်မိမိ …။ အဲသလို ကြည့်ကောင်းကောင်း ခပ်မိမိ ထိကပါး ရိုကပါး ဘုကန့်လန့် အရွဲ့တိုက်ပြောတာတွေကို အမှားကြီးမှားလို့ စွဲခဲ့ဖူးတာ။

သူ့ကိုယ်သူ သူ သေချာရင် သေချာ၊ မသေချာရင်နေ …။ ကိုယ့်ကိုယ်ကိုယ် သေချာတာက ကိုယ်ဟာ သူ့ကို ချစ်ခဲ့တာ မဟုတ် … ရူးမိုက်စွဲလမ်းခဲ့တာသာ …။ အရူးအမိုက် စိတ်တွေကို လွင့်သွားစေတာကတော့ ကိုယ့်မိဘဆွေမျိုးအပေါ် သူ မေတ္တာစေတနာ မရှိဘူးဆိုတဲ့ အချက်ကြောင့်ပင်။





သူ့စိတ်ထားက သေးသိမ်သည်လို့ မိုးမမ သတ်မှတ်သည်။ စိတ်ထားသေးသိမ်တဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ့်အပေါ် ကောင်းနေစေဦး မကိုးကွယ်လိုပေ။ ခုတော့ ကိုယ့်အပေါ်လည်း ခနဲ့ရိသဲ့ မနာလိုနေခဲ့တာ။ ခုတော့ သူက အောင်မြင်ကြွယ်ဝ ခမ်းနားမြင့်မားလာတော့ မနာလိုမှုလျော့ကျကာ အရင်ကထက် အထေ့အငေါ့ အရိအသဲ့ နည်းလာပါသည်။

“သား ရည်းစားဆိုတာကောကွ … ဖိတ်ခဲ့တာ မဟုတ်ဘူး”

စားသောက်နေကြရင်း ဦးထက်အောင် စ,လိုက်တဲ့ စကားကြောင့် မိုးမမက သားကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ သူ့အဖေကို ဘယ်တုန်းကများ ပြောဖူးထားပါလိမ့်။ သားနှင့်အဖေဟာ ဖုန်းတော့ မကြာခဏ ပြောကြတာ မိုးမမ သိပါသည်။

“ဖိတ်ခိုင်းနေတာ … ရှင်က သူ့ရည်းစားကို သိလို့လား …”

“သားတော့ ပြောဖူးတာပဲလေ …”

“ပြောတဲ့ထဲမှာ ကလေးတစ်ယောက်အမေ တစ်ခုလပ်ဆိုတာ ပါလား …”

ဘုမသိ ဘမသိ ဖိတ်ခိုင်းနေရကောင်းလား ဟု ဦးထက်အောင်ကို မကျေနပ်သည့် လေသံနှင့် မေးသည်ကို ကောင်းက စိုက်ခနဲ အေးစက်စက် လှမ်းကြည့်လာပါသည်။

“မင်းကလည်းကွာ … စွာလိုက်တာကွာ …၊ ယောကျ်ားလေး ရည်းစားထားတာပဲဟာ မဟုတ်လား …”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က သိပ်ဘိုဆန်မနေနဲ့ ...၊ ရည်းစားထားရုံ မဟုတ်ဘူး၊ ရှင့်သားက လက်ထပ်မယ် ရည်စွယ်နေလို့ ကျွန်မ ဘယ် လောက်ထိ ဘာတွေ လုပ်နေရတယ်ဆိုတာ ရှင် မသိပါဘူး၊ ရှင့်ဟာရှင် စင်ကာပူမှာ အေးချမ်းနေတာ၊ သား ဘယ်လို မိန်းမမျိုးနဲ့ ရရလည်း ရှင် ဒီလောက်စိတ်ဝင်စားမှာ မဟုတ် ပါဘူး၊ ကျွန်မအတွက်ကတော့ သားက ကျွန်မရဲ့ အသည်း အသက် ကျွန်မရဲ့ဘဝ ... ကျွန်မ ရင်ထဲမှာ ကျွန်မ ဦးနှောက် ထဲမှာ အမြဲ သားအကြောင်းပဲ အပြည့်ရှိတာ ..."

"အမှတ်တွေ ယူလိုက်တာကွာ ..."

"ဘာမှ အမှတ်ယူစရာမလိုဘူး ကိုထက်အောင်၊ ကိုယ့်သား ကိုယ်ချစ်တာ အမှတ်လိုချင်လို့လည်း မဟုတ်ဘူး၊ တစ်ခါ တစ်ခါကျ ရှင့်ကိုအမြင်ကကတ်တယ်၊ ဩော် ငါကျ သား အတွက် အိပ်မရ စားမရတောင် ဖြစ်နေရတုန်း သူက တော့ ဘာမှမသိ၊ ဘာမှစိတ်မဝင်စား ...၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ပေမဲ့ ရှင်နဲ့သား ဆိုင်သေးတယ်ရှင့်၊ သားအိမ် ထောင်ရေးကိစ္စတို့ ဘာတို့ အရွေးအချယ် မှန်ဖို့ ရှင်လည်း တာဝန်တစ်ခြမ်း ရှိသေးတယ်၊ သားနဲ့ တစ်ခုလပ်မိန်းကလေး ကြိုက်နေတယ် ရှင် သိရရင် ရှင့်ရင်ထဲ ဘယ်လိုမှ မခံစား ရဘူးလား ...၊ ရှင် ဘယ်လိုလူလဲ ...၊ သားကိစ္စ စိတ်မဝင် စားတာလား"





"ဟော့ ... မင်း ငါ့ကို သားနဲ့ ရန်တိုက်မနေစမ်းပါနဲ့ မိုး ရာ၊ သားကိစ္စကို သိပ်စိတ်ဝင်စားတာပေါ့၊ ခုလည်း ဒီကိစ္စ အတွက် ခေါင်းအေးအေး တွေးတောဆင်ခြင်ပြီးသား"

"ရှင် ဘာတွေ တွေးတော ဆင်ခြင်ထားလဲ ..."

ဦးထက်အောင်က လေးနက်သော အမူအရာနှင့် ...

"ယောက်ျားတစ်ယောက်ဟာ ကိုယ်က ဘယ်လိုလူဖြစ်နေပ စေ ကိုယ် လက်ထပ်မဲ့ မိန်းမကို စင်းလုံးချော ယင်ဖို မသမ်းတဲ့ အပျိုစင်ဆိုတာကို လိုချင်မက်မောကြတတ်တာ ယေဘုယျ သဘောအရ အားလုံးနားလည်ပြီးသားပဲ မိုးရယ်၊ အဲဒီ ယေဘုယျသဘောကို လွန်ဆန်ပြီးမှ ဒီလို မဟုတ်တဲ့ မိန်းမတစ်ယောက်ကို ယူဖို့ ဆုံးဖြတ်ပြီဆိုရင် အဲသလို ဆုံးဖြတ်ရလောက်အောင် သူ့စိတ်ထဲ ခိုင်လုံတဲ့ အရင်းအမြစ် တစ်ခု ရှိနေပြီ၊ တခြားအကျိုးအကြောင်းတွေ ဖယ်ထား လိုက်၊ သားက သိပ်မြတ်နိုးနေလို့ သားရဲ့ မေတ္တာတရားက သိပ်ဆန်းကျယ် ပြင်းထန်ကြီးမားနေလို့ ဆိုပါတော့ ...၊ ယောက်ျားချင်း ကိုယ်ကတော့ ဒါကို နားလည်စာနာ တယ်"

မိုးမမ ဆေါ်သတွက်မိပါသည်။

"ရှင်က အဝေးကနေ တခဏလေး ရောက်လာပြီး ရောက် တုန်းရောက်ခိုက် သားကို မြှောက်မပေးပါနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မြှောက်ပေးနေတာ မဟုတ်ပါဘူး၊ မိန်းမတစ်ယောက်ဆီမှာ ကိုယ် လက်မခံနိုင်တဲ့အချက် ရှိပေမဲ့လည်း ချစ်မိနိုင်တယ်ဆိုတာ ကိုယ်လည်း ကိုယ်တွေ့ပါ"

မိုးမမက ဦးထက်အောင်ကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ ဒီအရိပ်အယောင်တွေ သူ ပြချင်နေသလိုလို ရှိတာ မိုးမမ ရိပ်မိသည်။ သူ့ကို ပြောခွင့်ပေးနေလို့မဖြစ်။ မိုးမမက ကောင်းကို ညွတ်နူးစွာ လှည့်ကြည့်လိုက်ပါသည်။

"ဘယ်လိုလဲ သား ...၊ မင်းအဖေကို ဒါတွေ ကူပြောပေးဖို့ မင်း စစီကူများ လှမ်းခေါ်ထားတာလား ..."

"မေဖေ့ကို သား လှမ်းခေါ်တာ ဟုတ်တယ် မေမေ"

မိုးမမက စိတ်ရှုပ်သလို မျက်ခုံးကို တွန့်ကာ ကိုယ့်ရှေ့က ပန်းကန်ကို ငုံ့စားနေလိုက်ရင်း ...

"မင်းအဖေက မေမေ့ကို ဘာတွေ နားဝင်အောင် ပြောနိုင်မှာလဲ ...၊ မင်း ခေါ်တာ အပိုပေါ့ သား ..."

"ဖေဖေ့ကို သားကိစ္စအတွက် စစ်ကူခေါ်တာ မဟုတ်ဘူး မေမေ"

မိုးမမ ကောင်းကို မျက်မှောင်ကုတ်ကာ စိုက်ကြည့်နေမိသည်။

"သားနဲ့ မမမွှဝတ်ပြာ လက်ထပ်ဖြစ်ဖို့ မဖြစ်နိုင်သလောက် အလှမ်းဝေးသွားပါပြီ။ သူ သားကို ယတိပြတ် ငြင်းလိုက်





တယ်၊ အလုပ်တောင် ထွက်သွားလို့ သူ ဒုက္ခရောက်မှာစိုးလို့ သားသူငယ်ချင်း ကျော်ဇင်တို့ ကုမ္ပဏီမှာ ပြောပြီး အလုပ်တောင်းပေးလိုက်ရတယ်"

မိုးမမ မျက်နှာမှာ အံ့ဩကျေနပ်ခြင်းနှင့် ကြည်လင်လာတာကို မဖုံးဖိနိုင်။

"ပထမတော့ သူတို့ရုံးချိန်းကာလအတွင်း သားနဲ့သူ ကင်းကင်းရှင်းရှင်း နေပြချင်လို့လို့ ထင်တာ၊ သူ့ယောက်ျားဘက်က ထောက်စရာပြစ်ချက် မရှိအောင် ခဏရှောင်တယ် ထင်တာ၊ အခုတော့ အပြီးရှောင်တာငြင်းတာဆိုတာ သိလိုက်ရပြီးပါပြီ"

"မေမေ ဝမ်းသာတယ် သားရယ် ...၊ သားလေး ခံစားရတာတစ်ခုကလွဲရင် ဒါဟာ ဖြစ်သင့်တာ ဖြစ်သွားတာပါ ... နိုင်ငံရဲ့ရော ..."

"နိုင်ရဲ့ကိစ္စက မေမေနဲ့ မဆိုင်ပါဘူး"

ကောင်းအသံက အေးစက်တိုးတိတ်နေသည်။ ထိုလေသံကို မိုးမမက လျစ်လျူရှုလိုက်ပါသည်။ စိတ်အေးရပြီ ဆိုရင် ပြီးရောပေါ့။

"သူတို့ ရုံးချိန်းတွေ မပြတ်သေးပေမဲ့ မမက အခု သူ့ဘက်က လျှောက်ထားချက်ကို ရုပ်သိမ်းလိုက်တယ်"

"ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျာရင်းခွင့်ရဖို့ ဆက်မလျှောက်တော့ဘူး၊ ပြီးခဲ့သလောက်နဲ့ ဖြတ်ချလိုက်တယ် ... ၊ ကျာရင်းခွင့် ရလို့မှ လျှောက်ထားချက်ကို ရုပ်သိမ်းခွင့် ပြန်တင်ထားတယ် ... ၊ ဒီမတော့ သား ဖေဖေ့ကို စိတ်ကူးခေါ်နေစရာ မလိုပါဘူး"

"ဒါနဲ့ သားပြောတော့ ဖေဖေ့ကို သား လှမ်းခေါ်တာဆို၊ ဒီကိစ္စ မဟုတ်ရင် ဘာအတွက်လဲ ..."

"ဘာအတွက်လဲ ဆိုတော့ ..."

ကောင်းက မျက်နှာကို ငုံ့ချထားပြီးမှ ...

"အဖေရင်း အမေရင်းနဲ့ သားသမီးရင်းဟာ အစစ်မှန်ဆုံး မိသားစု အဖွဲ့အစည်းပဲ မဟုတ်လား မေမေ၊ အကြောင်းကြောင်းကြောင့် ကွဲကွာ ပြိုကွဲသွားပေမဲ့ 'သား' ဆိုတဲ့ မျက်နှာတစ်ခုကို ငဲ့ပြီး အဖေနဲ့အမေက မာနကို လျှော့ပြီး တတ်နိုင်သလောက် ကိုယ်စီ အနစ်နာခံလိုက်ကြရင် အိမ်ထောင်တစ်ခုဟာ မသာယာလာစရာ အကြောင်း မရှိဘူး မဟုတ်လား ... ၊ စိတ်လိုက်မာန်ပါ လုပ်ဖို့က လွယ်ပါတယ် ဆို မေမေ ၊ ဖေဖေရော မေမေရော တစ်ဖက်သား မကြိုက်တာ ကိုယ်စီလျှော့တာလျှော့ အနစ်နာခံသင့်တာ ခံပြီး အပေးအယူမျှမျှနဲ့ အိမ်ထောင်သာယာလာအောင် ပြန်တည်ဆောက်ကြိုးပမ်းသင့်တယ် မဟုတ်လား မေမေ ..."

"ကောင်း ..."





မိုးမမ မျက်နှာသည် နားထောင်ရင်း နားထောင်ရင်း နီမြန်းညိုမှောင်လာပါသည်။

"ဖေဖေနဲ့မေမေ့ကို ပြန်ပေါင်းစေချင်တယ်၊ အဲဒါကို မျက်နှာစုံညီ ပြောဖို့ ဖေဖေ့ကို ခေါ်တာပါ"

မိုးမမသည် ခွန်းခက်ရင်းကို ပန်းကန်ထဲ ဆောင့်ချလိုက်ပါသည်။

"ကောင်း ... နင် ဒါ ငါ့ကို သက်သက်မဲ့ တိုက်ခိုက်တာ၊ ငါ့စကားနဲ့ ငါ့ကို ပြန်ပိတ်တာ၊ သက်သက် မအေကို စိတ်ဒုက္ခရောက်ရုံ ချောင်ပိတ်တာ၊ အဲဒါ ဘာသဘောနဲ့ လုပ်တာလဲ ..."

ဦးထက်အောင်က မိုးမမကို စေ့စေ့ကြည့်ကာ ပြုံးသည်။

"ရှင်က ဘာပြုံးတာလဲ ..."

"ဟာ ... ပြုံးတာပဲကွာ ... ၊ သား စကားကို သဘောကျလို့ ပြုံးတာပေါ့"

"ဘာမှ သဘောကျစရာ မရှိဘူး၊ မအေကို နာနာနက်တာ၊ ဒီမှာ ထက်ကောင်းကင် ... မင်း ဘာသဘောနဲ့ ပြောတယ်ဆိုတာ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း ..."

"ဘာသဘောမှ မဟုတ်ပါဘူး မေမေ ... ၊ မေမေနဲ့ဖေဖေ့ကို ပြန်ပေါင်းစေချင်တယ် ... ဒါပါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ပြန်ပေါင်းရမှာလဲ ... ကွဲနေတာ ကြာလှပြီ"

"ဘယ်လောက်ပဲကြာကြာပါ၊ မေမေ့မှာရော မေစုမှာရော အိမ်ထောင်ရေးဖောက်ပြန်တဲ့ ပြစ်မှုလည်း ရှိခဲ့တာ မဟုတ်ဘူး၊ ညှိနှိုင်းနိုင်ရင် ပြန်လည်သင့်မြတ်နိုင်တဲ့ အိမ်ထောင်ရေးပါ ..."

မိုးမမ မျက်နှာက နီရဲတင်းပြန့်နေပါသည်။

"ဒါတွေ အားလုံး ငါ့ပါးစပ်က စကားတွေချည်းပဲ၊ မှုဝတ်ပြာက မင်းကို ပြန်ပြီး သံတော်ဦး တင်ထားတာကလွဲလို့ ဘာမှ မရှိဘူး၊ မင်းကို သိပ်ချစ်တဲ့ အဲမေတစ်ယောက်ကို ကိုယ့်စကားနဲ့ကိုယ် ပြန်ပိတ်မိပစေလို့ မင်း ထောင်ချောက် ဆင်ရက်တယ်ပေါ့၊ ငါ ဝမ်းနည်းလို့ မဆုံးဘူး၊ ပြောစမ်းပါ၊ မင်းကို ဒီမိန်းမနဲ့ ခွဲမိတဲ့အတွက် ငါ့ကို မင်းက သိပ်စိတ်နာတယ် ... ညှိုးမှတ်တယ်ပေါ့ ဟုတ်လား ..."

ထက်ကောင်းကင်က မိုးမမကို ငြိမ်သက်စွာ တွေတွေငေးငေး ကြည့်နေပါသည်။ မေမေ့ကို စိတ်နာတယ်လည်း မဟုတ်ပါ။ သူ့အပေါ် ဒီလောက်ချစ်မြတ်နိုး ဂရုစိုက်ပြုစုတဲ့ အမေမျိုး တခြားမှာလည်း မရှိနိုင်ပါ။ ဤအမေမျိုးကို စိတ်နာစရာ သူ မရှာကြံရက်ပါ။

သို့သော် သူ့ရင်၌ ဆို့နင့်နေပါသည်။ မေမေ ကိုယ်ချင်းမစာဘူးရယ်လို့ သူ သတ်မှတ်ပါသည်။ မှုဝတ်ပြာရဲ့ ရှေ့ရေးကို မှုဝတ်ပြာ ဘယ်လို ဆုံးဖြတ်စခန်းသွားမည်ဆိုတာကို





သူ မသိရပါ။ မှုဝတ်ပြာကို သနားကရုဏာသက်ခြင်းက သူ့နှလုံးသားကို ညှစ်ခြေနေသည်။

"ပြောလေ ... ငါ့အပေါ် စိတ်နာတယ် အငြိုးထားနေတယ်လို့"

"မေမေ့အပေါ် သား အငြိုးမထားပါဘူး"

"ဒါဖြင့် နင် ငါ့ကို ဘာကြောင့် ငါ ဒေါသဖြစ်မဲ့စကား ရွေးပြောရတာလဲ ..."

"မေမေ့ကို ဖေဖေနဲ့ ပြန်ပေါင်းစေချင်တဲ့ ဆန္ဒရှိတယ်ဆိုတာဟာ မေမေ့အတွက် ဒေါသဖြစ်စရာစကား ဖြစ်တယ်ပေါ့"

"မှုဝတ်ပြာကို နိုင်ရဲ့နဲ့ ပြန်ပေါင်းဖို့ နားချတိုက်တွန်းစကား ဆိုမိတဲ့အတွက် သူ ဒေါသဖြစ်တယ်ဆိုရင်လည်း ဒီစကားထဲမှာ စေတနာပါတယ်၊ သူတို့ရဲ့ ကွဲကွာချိန်ဟာ တိုတောင်းသေးတယ်၊ ဒါ့အပြင် မှုဝတ်ပြာဟာ မိုးမမလို ပြည့်စုံတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး၊ တစ်ခုလပ်ဆိုတဲ့ ဝမ်းနည်းစရာကောင်းတဲ့ အမည်သညာကြီးကို ပိုက်ပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်ရုန်းကန်ရခြင်း ဆင်းရဲမှာ သူဟာ မိုးမမထက် ပိုပင်ပန်းရမယ် ... မိုးမမထက် ပိုခြေကုန်လက်ပန်း ကျရမယ် ...

သူလိုချင်တဲ့ဟာကို ငါမပေးနိုင်တဲ့အတွက် သူ့အတွက် ကောင်းမယ်ထင်တဲ့ အခြေအနေကို ငါ ဖန်တီးပေး



www.burmeseclassic.com

www.burmeseclassic.com



တယ် ...၊ ဒါအစွမ်းကုန်ပဲ ကောင်း၊ ဒီအတွက် မင်း မေမေ့ကို စိတ်နာတယ် အငြိုးထားတယ် ဆိုရင် မေမေ စိတ်မကောင်းဖြစ်ရုံပဲ တတ်နိုင်တယ် ... ဒါပဲ ...”

မိုးမမသည် ရင်ထဲက တလှပ်လှပ် တုန်ယင်လာကာ ဆို့နင့်နာကျင်လာပါသည်။ သူ သိပ်ချစ်သော သား ...။ မပြော ရက် မဆိုရက် ...၊ ဒီအဖြစ်ကိုပင် နှုတ်က ထုတ်မတားရက်အောင် ရှိတဲ့သားက သူ့လုပ်ရပ်အတွက် သူ့ကို နာကြည်းသည် ထင်ပါ ရဲ့ ...။

မိုးမမကတော့ မိမိနှင့် မှုဝတ်ပြာဟာ ဘယ်လိုမှ အခြေအနေ မတူသော မိန်းမနှစ်ယောက်လို့ ယုံစားသည်။ ယောကျ်ားနှင့်ကွဲပေမဲ့ မိုးမမ ဘဝက ပြည့်စုံကြွယ်ဝ အလျှံပယ် သည်။ မှုဝတ်ပြာက အားကိုးရာရှိရမည့် မိန်းမဖြစ်သည်။ ဤ အမြင်ကို သဘောမတူတဲ့သူ ရှိလျှင်လည်း သူ ဘာမှ မတတ်နိုင် ပေ။

“ဒီလောကလည်း စိတ်မကောင်းတွေ ဖြစ်မနေပါနဲ့ ...။ ဟိုဘက်အမြင် ဒီဘက်အမြင်ဆိုတာ ဘယ်တူမလဲ ... သား မှာလည်း သူ့ခံစားချက်နဲ့သူ ရှိမှာပေါ့၊ အမေကို စိတ်နာ တယ်တော့ ဘယ်ဟုတ်မလဲ ...”

“ကျွန်မတို့သားအမိနှစ်ယောက် ပွဲလန့်နေတုန်း ရှင်ကလည်း ဖျာဝင်ခင်းဖို့ ကြံမနေနဲ့ ကိုထက်အောင်”





“ဖေဖေ ဖျာဝင်ခင်းတာ မဟုတ်ပါဘူး ...၊ ဖေဖေ့အတွက် ဖျာနေရာကို သား ဦးပေးထားတာပါ”

“ဘာပြောတယ် ... ကောင်း ...”

မိုးမမသည် ကောင်းကို အံ့သြဝမ်းနည်းစွာ ဒေါသ အပြည့်နှင့် ကြည့်မိသည်။

“ဖေဖေနဲ့သား မကြာမကြာ မုန်းပြောနေတာပဲ ...၊ ဖေဖေ ကတော့ မေမေ့ကို မုန်းနေတာမှ မဟုတ်တာ၊ ဖေဖေက လောကမှာ မိန်းမဆိုတာ မေမေတစ်ယောက်လောက်ပဲ ရှိတယ် ထင်နေတာ၊ ဘယ်မိန်းမကိုမှ အစားထိုးမရတာ နှစ်ပေါင်းများစွာပဲ၊ အဲဒီအပြင် အခုနောက်ပိုင်းမှာ သူ့အထင် တွေ ဆုံးဖြတ်ချက်တွေ လွဲခဲ့မှားခဲ့တယ်လို့ ဖေဖေ ထင်လာ တယ် ...၊ တစ်ယောက်ကိုတစ်ယောက် မချစ်ကြဘူးလို့ ဖေဖေရော မေမေရော ကြွေးကြော်ခဲ့ပေမဲ့ ဖေဖေက သူ မေမေ့ကို ချစ်ခဲ့တယ်လို့ တဖြည်းဖြည်း ယုံကြည်လာ တယ်”

“တော်စမ်း ကောင်း ...”

“သား ပြောပြတာပါ၊ အဲဒါကတော့ ဖေဖေ့ဘက်က ...။ သားဘက်က ကြည့်ရင်ကော ...။ သားဘဝမှာ မိဘနှစ် ယောက် ကွဲနေပေမဲ့ ဘာမှ လိုလေသေးမရှိ ပြီးပြည့်စုံပါ တယ်၊ မေမေ သားအပေါ် တာဝန်ကျေတာထက်ကောင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လွန်ကဲတယ် ဆိုတာလည်း သိပါတယ်၊ မေမေတို့ ကွဲဖြစ်တော့လည်း မေမေနဲ့ပဲ နေဖို့ သားဘာသား ဆုံးဖြတ်ခဲ့တာပဲ၊ သားမှာ လိုအပ်ချက် မရှိပါဘူး၊ အဲလို ပြည့်စုံနေပေမဲ့လည်း ဖေဖေရော မေမေရော နှစ်ယောက်လုံးနဲ့ ပြေလည်နေတဲ့ သာယာနေတဲ့ မိသားစုဘဝအဖြစ်နဲ့ နေရရင် မနေချင်ဘူးလားဆိုတော့ နေချင်တာပေါ့ ..."

မိုးမမ ဦးထက်အောင်ကို ဖျတ်ခနဲ ကြည့်သည်။ သူက ကိုယ့်ကို ချစ်သလိုလို လိုအပ်သလိုလို သူ့သားက ဖွင့်ချလိုက်၍ သူ့ဘက်က အောက်ကျနောက်ကျသဘော ရောက်ရမည်စိုးကာ ထုံးစံအတိုင်း ခနီးခနဲ့ မထိတထိ အပြုံးတစ်ခုနှင့် ငြိမ်စိုက်နေသော်လည်း သူ့မျက်လုံးများထဲတွင် စိတ်မကောင်းခြင်းနှင့် နောင်တလို့ထင်ရသော အရာတစ်ခုကို ခပ်ပါးပါး မသဲမကွဲနှင့်ပင် အသေအချာ တွေ့နေရပါသည်။

"မိသားစုသုံးယောက်ထဲမှာ နှစ်ယောက်က ပြန်လည်ပေါင်းစည်းဖြစ်ရင် ပျော်ရွှင်ကြည်နူးမယ်၊ အဲဒီ ပျော်ရွှင်ကြည်နူးစရာကို မေမေ နည်းနည်း အနစ်နာခံပေးမှ အားလုံးရကြမယ်၊ မေမေ အနစ်နာခံနိုင်ပါ့မလား ..."

"ငါက ဘာအမှားတွေ ကျူးလွန်ခဲ့တဲ့သူမို့ အနစ်နာခံရမှာလဲ"

မိုးမမက ဒေါသတကြီး မေးသည်။





"မေမေနဲ့ မမမွှေ့ဝတ်ပြာနဲ့ ဘဝချင်းက အတော်ကြီးဆင်တူတယ်၊ ချစ်သူသစ်တွေ ထပ်တွေ့ကြတာမှာလည်း အတူဆုံးပဲ၊ အန်ကယ်ဦးနေရောင်ကို သား ခင်ပါတယ်၊ ဒါပေမဲ့ မေမေ့ကို တိုက်တွန်းစကားစ;ပေးခဲ့တာဟာ မေမေ့တစ်ယောက်တည်း သက်သက်အတွက် ကြည့်ပေးခဲ့တာ၊ သားအတွက် ဖေဖေ့အတွက် ဘယ်သူ့အတွက်မှ ထည့်မတွက်ခဲ့ဘူး၊ မေမေ့ဘဝမှာ စိတ်ချမ်းသာကြည်နူးခွင့်လေး ရရှာပါစေဦးလို့ ကရုဏာထားမှုသက်သက်နဲ့ သား ကြည်ဖြူလိုက်တာပါ ..."

မိုးမမက ကောင်းကို ရင်နာနာနှင့် မျက်ရည်ဝဲဝဲစိုက်ကြည့်နေပါသည်။ သားဟာ စကားတွေကို လှည့်ပတ်ကွေ့ဝိုက်ပြီး မတတ်တတတ် မထောက်တခေါက်နဲ့ အမေကို ချည်နှောင်ချောင်ပိတ်ဖို့ ကြိုးစားနေတာပဲ။ သားပါးစပ်တောင် ဟစရာမလိုဘဲ အူဘယ်နှခွေဆိုတာ မွေးမိခင်အရင်းက ကြိုတင်သိနှင့်ပြီးသားပါ။

သားလည်း မိုးမမလိုပဲပေါ့။ အန်မတန်ချစ်တဲ့ အမေကို နာကြည်းစကားမျိုးလည်း မဆိုရက်။ ရင်ထဲမှာလည်း မကျေနပ်နိုင်။ သူ့ကိုယ်သူလည်း ဒီမိန်းမကို ချစ်မိတာ မမှားဘူးပဲ ထင်နေမှာဆိုတော့ ဤမကျေနပ်ခြင်း အစိုင်အခဲတွေကို ဘယ်နေရာကနေ ဘယ်နည်းဘယ်ပုံ ဖွင့်ထွက် လွှင့်ထွက်ရ ကောင်းမလဲလို့ ဆိုလိုအပေါက်ရှာချင်တဲ့စိတ် မသိလိုက်မသိဘာသာ ဖြစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနည်းဒီပုံနှင့် မအေကို ကသိကအောက် မပြုရလျှင် တခြားနည်း တခြားပုံစံနှင့် အကြောင်းရှာပြီး နောက်တစ်မျိုး ဆန့်ကျင်ဦးမှာပင်။ နောက်တစ်နည်းရမယ်ရှာ ကန့်လန့်ပြုဦးမှာပင်။ မင်း ငယ်ပါသေးတယ် သားရယ် ...။

မှုဝတ်ပြာနဲ့ သဘောမတူပါဘူး ဆိုတာကိုတောင် သားကို ချစ်လွန်းလို့ ခပ်ဘွင်းဘွင်း မပြောရက် ... ပြောမထွက်ခဲ့ သလို သားသည်လည်းပဲ မအေကို ချစ်ကလည်းချစ်၊ သူ့ခံစားချက် ကို ထည့်မတွက်ရကောင်းသလားလို့ စိတ်ကလည်းနာ၊ ဒါတွေကို ပွင့်ပွင့်လည်းပြောမထွက်၊ သူ့ရင်ထဲ မထွေးနိုင် မအန်နိုင် ပြဿနာ တက်နေပြီး ခုချိန်မှာ သူ့မသိစိတ်က မအေ စိတ်ကသိကအောက် ဖြစ်အောင် လုပ်လိုက်နိုင်ရင်ကိုပဲ နေသာထိုင်သာရှိတော့မည့် သဘောဖြစ်သည်။

တစ်သက်လုံး မတမ်းတခဲ့တဲ့ အဖေနဲ့ အတူတူပဲ ပြန်ပေါင်းစည်းချင်တော့မလိုလို ...။ သူကိုယ်တိုင် စကားမ, သဘောတူနေခဲ့တဲ့ ဦးနေရောင်နှင့် ဆက်ကြည်ဖြူပေးရလောက် အောင် မအေအပေါ် နားလည်စိတ် စေတနာ ဆက်လက် မထက် သန်ချင်တော့သလိုလို။

ဩော် ... သား ... သား ...။ သူ့ခမျာ ရင်ထဲ ဤသို့ ဖြစ်ပျက်ပြောင်းဆန် ရှုပ်ထွေးဇလောင်ဆူနေတာကိုပဲ မေမေ စိတ်မကောင်း ဖြစ်ရပါတယ် သားရယ်။





"ကောင်းပြီ ...၊ သား ဆိုလိုတာက မေမေ့ကိုကျတော့ သား နားလည်ပေးထားတယ်၊ မေမေကကျတော့ သားကို နားလည်မပေးဘူး၊ ခွင့်မပြုပေးဘူး၊ ဒီလိုသဘောပေါ့၊ အပေးအယူဆန်ဆန်ပေါ့ ..."

"အပေးအယူဆန်ဆန် မဟုတ်ပါဘူး ..."

နုနယ်သေးသော သားသည် ဒီလိုရင်ဆိုင်နေရတာကို လည်း အားနာနေပုံရပါသည်။

"ဒါဖြင့် ဘယ်လိုလဲ ..."

"သားက မေမေ ဖြစ်စေချင်တာကို ပေးပြီးသားပါ"

"မေမေ ဖြစ်စေချင်တာကို မင်းပေးတာ မဟုတ်ပါဘူး၊ မှုဝတ်ပြာက ပေးတာပါ ...၊ မှုဝတ်ပြာကသာ သဘောတူ ခေါင်းညိတ်ရင် မေမေ ဖြစ်စေချင်တာကို မင်း ဘယ်တော့မှ ပေးမှာ မဟုတ်ဘူး ကောင်း၊ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ရတယ် ...၊ မင်း မကြည်ဖြူတာ တစ်ခုကို မေမေ မလုပ်ဘူးသား ...၊ မင်း လိုချင်တာကို ငါ အမြဲပေးခဲ့သလို ခုလည်း ပေးပါတယ် ...

မေမေ့ဘဝမှာ မင်းအဖေကလည်း အမှန်တစ်စက်ပါ၊ ဦးနေရောင်ဟာလည်း အမှန်တစ်စက်ပါ သား။ မေမေ့ ဘဝမှာ ကျန်တဲ့ ဟင်းလင်းတစ်ပြင်လုံးဟာ သားချည်းပဲ၊ မင်း အဲဒါကို ခုထိ မသိသေးတဲ့အတွက် ခုကစပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေတော့ ...၊ မင်း မကြည်ဖြူချင်တဲ့ ဦးနေရောင်ဆို တာသည် မေမေ့ဘဝထဲမှာ အမှုန်တစ်စက် အဖြစ်ကနေ ဘယ်တော့မှ အပြန့်ကျယ်မလာရဘူး၊ ဘာနေရာမှ မရစေ ရတော့ဘူး"

ကောင်းက အနေခက် လှုပ်ရှားသွားသည်။

"သား အဲလို မဆိုလိုဘူး"

"မင်း မဆိုလိုပေမဲ့ မေမေ ဆိုလိုတယ်၊ ဒီအတွက်လည်း မေမေ တနုံ့နုံ့ စိတ်ထိခိုက်နေမယ် မထင်နဲ့၊ သားရင်ထဲမှာ ဘာဖြစ်နေလဲ သိလိုက်ရပြီ၊ ဒါကို လိုက်လျောနိုင်တာကိုပဲ ဝမ်းသာလှပြီ ...

ငယ်ငယ်တုန်းက သားက သိပ်အပူဆာနည်းတယ် ...၊ ဟိုအရုပ်လိုချင်တယ် ... ဒီအရုပ်လိုချင်တယ် ဆိုတာမျိုး မရှိသလောက်ပဲ၊ သားကို ချစ်လွန်းတော့ ဝယ်ပေးချင်လွန်း တော့ ကိုယ့်ဟာကိုယ် ကြိုက်တာဝယ်ပေးလိုက်ရတာ ... သား လိုချင်တာလေးကို ဝယ်ပေးချင်တာ။ 'မေမေ ... ဟောဒီကားရုပ်လေး ဝယ်ပေးပါ' ဆိုတာမျိုးများ မင်း ရှားရှားပါးပါး ပူဆာလိုက်ရင် စိတ်ထဲမှာ ဝမ်းသာလိုက် တာ ...

မေမေ ပေးချင်တာကို ပေးရတာနဲ့ သားလိုချင်တာကို ပေးရတာ ကြည်နူးမှုချင်း မတူပါဘူး ..."





ထိန်းထားသည့်ကြားက အသံက တုန်ကာ မျက်ရည် လည်လာ၍ မျက်တောင်ပုတ်ခတ်သိမ်းရသည်။ မိုးမမကို စိုက်ကြည့် နေကာ ကောင်း စိတ်ကောင်းပုံမရ။ မျက်လုံးတွေ ရဲလာလေသည်။ ဦးထက်အောင်က သက်ပြင်းတစ်ချက်ချရင်း ...

"မင်းတို့ သားအမိ ဇာတ်လမ်းထဲမှာ ကိုယ်က ဘယ် အခန်းကဏ္ဍကလဲ ..."

"ရှင်က ကောင်းရဲ့အဖေ၊ ကျွန်မရဲ့ မိတ်ဆွေ"

ဦးထက်အောင်က မချိတရိ ရယ်သည်။

"မိတ်ဆွေ !...၊ ဟင်းဟင်း ...၊ မိတ်ဆွေလောက်တောင် နေရာရရဲ့လားကွာ"

"ကျွန်မမိတ်ဆွေတွေထဲမှာ ပေါင်းနေရပေမဲ့ စိတ်ထား မပြည့်တဲ့သူတွေ ... ကလိမ်ကကျစ်တွေ စိတ်ပုပ်တဲ့သူတွေ တောင် ပါနေတာပဲ ...၊ ရှင်က ရှင့်တစ်ကိုယ်ရည် အရည် အသွေးအနေနဲ့ လူကောင်းလူတော်တစ်ယောက်ပါပဲ ... ပေါင်းသင့်တဲ့ မိတ်ဆွေပါ ကိုထက်အောင် ...။ ရှင်နဲ့ကျွန်မ ရန်သူတွေ မဟုတ်ပါဘူး၊ တကယ်ပါ၊ ရှင့်ကို မိတ်ဆွေရင်း အဖြစ် တရင်းတနှီး ချစ်ချင်ခင်ခင် တစ်သက်လုံး ပေါင်းပါ ရစေ ..."

မိုးမမက ဆက်စားလိုစိတ် မရှိတော့သော ပန်းကန်ကို လက်စသတ်လိုက်ပါသည်။ ကျန်တဲ့နှစ်ယောက်လည်း စားချင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မရတော့ပါ။ မိသားစုသုံးဦး ဆုံတွေ့ပွဲဟာ ခံစားချက်ကိုယ်စီနှင့် ကြေကွဲစရာလေး ခပ်ပါးပါးဖုံးလွှမ်းနေပါသည်။

"ကဲ ... ကျွန်မတို့ ဒင်နာဝိုင်းကို ပြီးဆုံးကြစို့လား ..."

ကိုယ်စီထိုင်ရာမှ တိတ်တိတ်ဆိတ်ဆိတ် ထ,လိုက်ကြပါသည်။ လာကတည်းက သားနှင့် မိုးမမကလည်း ကိုယ့်အလုပ်ခွင်က ကိုယ်လာတာမို့ ကားတစ်စီးစီ။ ဦးထက်အောင်ကလည်း သူ့အိမ်က သူလာတာမို့ ကားတစ်စီးသတ်သတ်။ ပြန်တော့လည်း ကားသုံးစီးပေါ် တစ်ယောက်တစ်စီး တက်သွားရသည့် မိသားစုသုံးယောက်အဖြစ်က စဉ်းစားကြည့်ရင် ခုစည်းနွေးထွေးမှုသဘော ပျက်ပျယ်ကာ ဝမ်းနည်းစရာ ကောင်းနေရပါသည်။

ကားတွေ ထွက်ခွာတဲ့အခါကျတော့ ဦးထက်အောင်က တစ်လမ်း။ သားနှင့် မိုးမမက ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့် တစ်လမ်း။ သူ အင်မတန်ချစ်ရတဲ့သား သူ့ရင်မှ ကွာသကဲ့သို့ မိုးမမ ခံစားရပါသည်။ ရှေ့ကားထဲမှာ ဖြစ်ပေမဲ့ အဝေးကြီး ဖြစ်သွားသလိုပါပဲ သားရယ်။

သားအရွယ်ရောက်လာတဲ့အခါမှာ သားရဲ့ အချစ်ရေးကိစ္စနဲ့ ပတ်သက်ပြီး မေမေနဲ့သား နှလုံးသားချင်း နည်းနည်းကလေး ဝေးကွာနားလည်မှု လွဲကြရမယ်လို့ မေမေ မထင်ခဲ့ဖူးပါဘူး သားရယ်။ မမျှော်လင့်ခဲ့မိပါဘူး။ မေမေ ဝမ်းနည်းစိတ်ထိခိုက်ရပါတယ်။





မိုးမမက ကားမောင်းလာရင်း ဖုန်းကို ကိုင်ကာ ဦးနေရောင် နာမည် ရှာဖွေပြီး ခေါ်လိုက်ပါသည်။

"ဟယ်လို ... မ,၊ ဘယ်က ဆက်နေလဲ ..."

"မ, လမ်းပေါ်က ..."

"ဒင်နာ လုပ်ဖြစ်လား ..."

"ပြီးသွားပါပြီ ...၊ ဦးနေရောင်ကို မ, တောင်းပန်စရာတစ်ခု ရှိလို့"

မိုးမမ အသံသည် တိမ်သွားကာ ချက်ချင်းပဲ မျက်ရည်တွေ ဝိုင်းပြည့်လာသည်။

"ဘာဖြစ်လို့လဲ မ, ..."

"နက်ဖြန် စန္ဒရားတီးတဲ့ဆီ မ, မလိုက်ဖြစ်တော့ဘူး"

"မ,သွားစရာ ရှိလို့လား ..."

"သွားစရာ မရှိပါဘူး ဦးနေရောင်"

ဦးနေရောင် အသံက အကြာကြီး တိတ်သွားပါသည်။ မိုးမမမှာလည်း ဖုန်းကို ဆက်ကိုင်ကာ ပါးမှာ အပ်ထားရင်းပင် မျက်ရည်ပေါက်တို့ စီးကျလာသည်။ ဦးနေရောင် အသံက စိုးထိတ်ခြင်း စွန်းထင်း၍ ပြန်ပေါ်လာသည်။

"မ, ... မ,တို့ မိသားစုတွေ ဘာတွေ ဘယ်လို ဆုံးဖြစ် လိုက်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မ,တို့မိသားစု ဆုံးဖြတ်တာ မဟုတ်ဘူး ဦးနေရောင်၊ မ, ဆုံးဖြတ်လိုက်တာ"

"ဦးထက်အောင်အတွက် အခွင့်အရေး ပြန်ပေးလိုက်တာလား မ, ..."

ဦးနေရောင် အသံက သနားစရာကောင်းနေပါသည်။

"ဟင့်အင်း၊ သူနဲ့ မ, မိတ်ဆွေတွေပါပဲ၊ ပြီးတော့ ဦးနေရောင်နဲ့လည်း မိတ်ဆွေတွေနော်၊ နော် ... ဦးနေရောင်၊ မ,တို့ မိတ်ဆွေတွေအဖြစ် ..."

မိုးမမ ဖုန်းကို ဖျတ်ခနဲ လိုင်းဖြတ်လိုက်ပါသည်။

ဦးနေရောင်ရယ် ...။ မ,ကလေ သားကို ပေးပဲ ပေးချင်တယ်၊ သားအမြင်မှာ မှုတချင်တယ်။ သားဆီက မရချင်ဘူး။ ဘာကိုမှ မမျှော်လင့်ဘူး။ မ,ဘဝမှာ သားသာလျှင် မိုးကောင်းကင်ကြီးဆိုတာ သား ယုံစေချင်တယ်။ သား အသည်းကွဲနေချိန်မှာ မ, အသည်းလည်း ကွဲနေမှ သားအပေါ် တရားမယ်လို့ ထင်တယ်။ သားကလွဲရင် အရာရာဟာ မ,အတွက် စွန့်လွှတ်နိုင်တဲ့ အရာချည်းပဲလို့ ... သား ယုံစေချင်တယ်။





အချိန်ကာလတွေဟာ မြစ်ကမ်းပါးကို ဒီရေ တိုက်စားသလို တဖြည်းဖြည်းချင်း တိုက်စား ဖွဲ့ခြွေခံရရင်း ... တစ်စစ ပျောက်ကွယ် ကုန်ဆုံးခြင်း လွန်မြောက်လာတဲ့အခါ ...။ နှစ်ကာလ အားဖြင့် ငါးနှစ် ခြောက်နှစ် ဆိုတာဟာလည်း သားကို ချစ်ခြင်း ... သားကို မြတ်နိုးခြင်း ... သားကို နားလည်ပေးဆပ်ခြင်းတွေနှင့်သာ ဘာမှ မကြာလိုက်သလိုပါ ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော နှစ်ကုန်ပိုင်း ဒီဇင်ဘာနောက်ဆုံးပတ်ထဲ တကတ်ပြီးတစ်ကတ် ရောက်ရှိလာသော နှစ်သစ်ကူး ဆုတောင်းကတ်တွေကို အတင့်က မိုးမမ စားပွဲပေါ် လုလုပပ စီ၍ တင်ပေးထားပါသည်။ ပထမဆုံး ရောက်လာခဲ့သော ကတ်ပြားဖြူပေါ် လက်ဆောင်ပုံးတစ်ပုံးပုံ ပန်းချီနှင့်။

"မိတ်ဆွေကြီး မိုး

သားအတွက် လက်ဖွဲ့တဲ့ ကားသစ်ကို ကိုယ့်မိတ်ဆွေဦးတင်မောင်လတ် စာရွက်စာတမ်းနဲ့တကွ လာပို့ပေးပါလိမ့်မယ်။ လက်ခံယူထားလိုက်ရုံပါပဲ။ ဒီမှာတော့ New Year အတွက် ပြင်ကြဆင်ကြ အလုပ်များကြနဲ့ လူတွေ ယောက်ယက် ခတ်နေတာပဲ ...။ မိုးတို့ဆီမှာတော့ New Year ဟာ ဒီလောက် စိုပြည်လေ့ မရှိဘူးပေါ့နော်။





အနားယူလိုရင်ပဲဖြစ်ဖြစ် ပျင်းရင်ပဲဖြစ်ဖြစ် မိတ်ဆွေရင်းချာ လှူခံရှိတဲ့ ဒီအရပ်ကို အလည်အပတ်ခရီး ထွက်ကြည့်ပါဦး။

Happy New Year ! မိုး ...။

မိတ်ဆွေကြီး

ထက်အောင်"

ဤကတ်ပြားကို ဖတ်ပြီး မိုးမမက ပြုံးရပါသည်။ နောက်တစ်ကတ်ကတော့ ...

"မ ...

နှစ်သစ်တွင် လိုရာဆန္ဒများ ပြည့်ဝစေရန် ဆုမွန်ကောင်း တောင်းပါသည်။

သင့်

နေရောင်"

ဒီကတ်ကတော့ ပြည်တွင်း မြို့တွင်းကပဲ ဤနေ့ရရကလေး ရောက်လာခဲ့တဲ့ကတ် ဖြစ်သည်။ ကတ်ပေါ်တွင် အရွက်ကြွေနေတဲ့ သစ်ပင်နီတစ်ပင်က ကြည့်ရတာ ခြောက်ခြောက်သွေ့သွေ့နိုင်လှပါရဲ့ ဦးနေရောင်ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကတ်ကတော့ ကြီးမားလှတဲ့ကတ်ပြား ဝါဝါကြီး။ ကတ်ပေါ်ကပုံတွင် အရုပ်တွေရော ဘောလုံးတွေရော ပန်းပွင့်တွေရောနှင့် စိုပြည်သိုက်မြိုက်လှသည်။

"မေမေ ...

သားနဲ့ စန္ဒီ လောလောဆယ် Californiaမှာ။ New Yearရက်ပေါ်မှာတော့ စန္ဒီအဖိုးရှိတဲ့ Washington DCကို ဆွေမျိုးတွေအားလုံး စုသွားပြီး ဟိုမှာ နှစ်သစ်ကူးကြမှာ။ အဲဒီကပြီးရင် သူ့ အမျိုးတွေရှိရာ မြို့တိုင်းလိုလို ဝင်နှုတ်ဆက်မှာဆိုတော့ Pennsylvania, New Jersey, Chicago, Cleveland,စုံအောင် တစ်မြို့ပြီးတစ်မြို့ သွားရမှာပဲ။ ချမ်းတာ တအားပဲ မေမေရ။ January လလယ်လောက်တော့ ပြန်လာမယ် စိတ်ကူးထားတယ်။ မေမေ့ကို တအားလွမ်းတယ်။ အန်တီတင့် ရှိတော့ မေမေ့ကို စိတ်ချပါတယ်။

ဒီကတ်နဲ့ပြိုင်တူပဲ မြန်မာပြည်ကို နောက်တစ်ကတ် ထည့်လိုက်သေးတယ်၊ အန်ကယ်ဦးနေရောင်ဆီကိုလေ ...။ အန်ကယ့်အတွက် Golf ရိုက်ဖို့ ဖိနပ်နဲ့လက်အိတ် ဝယ်ထားသေးတယ်။ မေမေ သားကို လွမ်းနေလား။ ပြန်လာတော့မှာပါ။

မေမေ့ကိုချစ်တဲ့

သား ..."





(သား Honey Moon သွားနေတော့ ဒီနှစ် မေမေ့အတွက် Happy New Year မဖြစ်ဘဲ Lonely Year ဖြစ်သွားတာ စိတ်မကောင်းပါဘူး ...)"

မိုးမမ ပြုံးမိသည်။ သားစာဟာ တက်ကြွရှန်သန်နေတာ စာရေးမှာ ပေါ်လွင်နေပါသည်။ ဒီဇင်ဘာလလယ်မှာ လက်ထပ်ပြီး ကောင်မလေးအမျိုးတွေရှိရာ အမေရိကားအနှံ့ကို ဟန်းနီးမွန်းထွက်သွားတဲ့ သားကို လွမ်းလှမှမဲ့ ပြန်လာတဲ့အခါ ခြံထဲက အိမ်သစ်မှာပဲ နေကြမှာဖြစ်တဲ့ သားနှင့်ချွေးမ အတွက် အိမ်ကို ပြင်ရဆင်ရ ခြယ်သရ လုပ်ကိုင်နေရတာကပဲ အလွမ်းပြေစေနေတာပါ။

မိုးမမက နောက်ဆုံးကတ်လေးကို ကိုင်လိုက်ပါသည်။ မမျှော်လင့်ဘဲ ဒီနှစ်မှာမှ ရောက်လာတဲ့ မှုံဝတ်ပြာထံက ကတ်လေးပါ။

•

"မမ

ကောင်းရဲ့ မင်္ဂလာသတင်းကို မြန်မာပြည်ကရတဲ့ သတင်းစာထဲ တွေ့လိုက်ရပါတယ်။ ဝမ်းသာကြည်နူးစိတ်နဲ့ မမကိုလည်း သတိရပြီး New Year ကတ် ပို့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူကို ရောက်တာ ငါးနှစ်ကျော် ခြောက်နှစ် ရှိခဲ့ပေမဲ့ လုံးလည်း ချာလည် ရုန်းကန်ရဆဲပါ မမ။ နည်းနည်းကလေးတော့ ရောက်စထက် တည်ငြိမ်လာပါတယ်။ သားစည်သူလည်း အထက်တန်းတက်နေပါပြီ။ မြန်မာတွေ စုဝေးမိတဲ့ ပွဲလမ်းသဘင်တချို့မှာ ကောင်းရဲ့ အဖေ ဦးထက်အောင်ကိုလည်း တွေ့မြင်ဖူးပြီး ခင်မင်ကြပါတယ်။ ဦးထက်အောင်ကတော့ ကောင်းနဲ့ ကျွန်မ အကြောင်း သိပြီးသားဖြစ်နေတဲ့အတွက် တူမတစ်ယောက်ကဲ့သို့ စောင့်ရှောက်ပါတယ်။

ကိုယ့်ဘဝနဲ့ကိုယ် ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်မို့ ဘယ်သူ့ကိုမှ မပြောမဆို မြန်မာပြည်က ထွက်ခွာသွားပေမဲ့ မမနဲ့ ကောင်း သားအမိနှစ်ယောက် အပေါ် ဘယ်တော့မှ မေတ္တာမပျက်ခဲ့ပါ။ စည်သူလည်း လူပျိုပေါက်ဖြစ်လာတော့ ထိန်းသိမ်းစောင့်ရှောက်ရပါတယ်။ ဒီမှာတော့ မြန်မာပြည်ထက် အနေအထိုင် လွတ်လပ်ရဲတင်းကြလို့ မြန်မာအမေပီပီ သားလူပျိုပေါက်ကို မျက်စိဒေါက်ထောက်ကြည့်ရပါတယ်။ သားကို အများကြီး မျှော်လင့်ချက်ထားထားတဲ့အတွက် သားကို အညွန့်ကျိုး လမ်းစပျောက်စေမဲ့ မိန်းကလေးမျိုးနဲ့ ကြုံဆုံသွားမှာ သိပ်ပူမိပါတယ်။





တွေးပူမိတာ စောလှချည်လားလို့ အများက ရယ်မောချင်မလား မသိပါဘူး။ ဖခင်ရဲ့ အနီးကပ်စောင့်ရှောက်မှု မပါဘဲ ကိုယ်တစ်ယောက်တည်း ပြုစုပျိုးထောင်စောင့်ရှောက်မှုနဲ့ တစ်ရက်ပြီးတစ်ရက် အရွယ်ရောက်လာတဲ့ ပန်းပင်ကလေးကို အရိပ်တကြည့်ကြည့် ဖြစ်မဝပါဘူး။ သားရဲ့ တောက်ပြောင် အောင်မြင်မှု တန်ဖိုးကြီးလေလေ ... ကိုယ့်အရည်အချင်း၊ ကိုယ့်အရေးပါမှု၊ ကိုယ့်ကဏ္ဍဟာ ပီပြင်လှေမို့ အတိမ်းအစောင်း မခံနိုင်ပါဘူး မမ။

မမကို အမြဲသတိရ အောက်မေ့မိပါတယ်။ လာမဲ့ နှစ်သစ်အတွက် ပထမဆုံးအကြိမ်အဖြစ် မမကို အဝေးကနေ ရည်မှန်းကန်တော့ပါတယ်။

မှုံဝတ်ပြာ။

မိုးမမ ပါးပြင်ပေါ် မျက်ရည်စက်လေး တစ်စက် လျှောခနဲ စီးကျလာပါသည်။ အစစအဆင်ပြေပါစေ မှုံဝတ်ပြာရယ်။ မင်းရဲ့သား လိမ္မာပါစေ၊ မင်းကျေးဇူးကို သိပါစေ။ မင်းအပေါ် အမြဲ နားလည်ချစ်ခင်ပါစေလို့ တုံ့ပြန်ဆုတောင်းပေးပါတယ်။ ကိုယ့်အပေါ်လည်း နားလည်ပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မှုံ့ဝတ်ပြာရဲ့ ကတ်ပြားပေါ်က မီးတောက်နေတဲ့ တစ်ဝက်တစ်ပျက် ဖယောင်းတိုင်ကလေးကို ကြည့်ရင်း မိုးမမ ကြေကွဲတစ်ဝက် ကြည်နူးတစ်ဝက် ဖိုလှိုက်ခံစားရပါသည်။ မီးညွန့် ကလေး တလွင့်လွင့်လူနေဖို့ ကိုယ့်ကိုယ်ကိုယ် အတိုက်စားခံ လုံးပါးပါးရတဲ့ အဖြစ်ကို မိခင်တိုင်း မခံစားရပါစေနဲ့လို့လည်း တိုးတိတ်စွာ တောင်းဆုပြုမိသည်။

**လမင်းမိုမို**





BURMESE CLASSIC

www.burmeseclassic.com